ပညာရှင် စာပေတိုက်

မောင်ပြည့်ဝ စီစဉ်သ

# မဟာမဏ္ဍိုင်

## မှုခင်းသည်းမိုဓာခဉ်(



မောင်ပြည့်ဝစီစဉ်၍ ဓနတ်ကိုကိုဇော်တည်းဖြတ်မွမ်းမံသော

## ဒို့တာဝန်အရေးသုံးပါး

◆ ပြည်ထောင်စုမပြိုကွဲရေး
◆ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး
◆ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး

## ပြည်သူ့သဘောထား

◆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
◆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
◆ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
◆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

◆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
◆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှု ခိုင်မာရေး။
◆ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
◆ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄)ရပ်

◆ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
◆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
◆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
◆ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄)ရပ်

◆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
◆ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
◆ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
◆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

မောင်ပြည့်ဝစီစဉ်သည်

■ ထုတ်ဝေသူ

ဒေါ်ခင်မာချို၊ မြဲ - ၀၃၇၃၈၊ (ပန်းဝေဝေစာပေ)

အမှတ်-၃၆၀၊ ဗိုလ်အောင်ကျော်လမ်း၊ ရန်ကုန်။

■ အတွင်းပုံနှိပ်

ဒေါ်စိန်စိန် (ရောင်စဉ်အော့ဖ်ဆက်)

■ ထုတ်ဝေခြင်း

ပထမအကြိမ်၊ ၂၀၁၂ခုနှစ်၊ နိုဝင်ဘာလ၊

အုပ်ရေ - ၅၀၀၊ တန်ဖိုး - ၁၅၀၀

မျက်နှာဖုံးဒီဇိုင်းနှင့် စာစီ - ပညာရှင်စာပေတိုက်

■ ဖြန့်ချိရေး

ပညာရှင် စာပေတိုက်မှ တစ်ပြည်လုံးသို့ ဖြန့်ချိပါသည်။

မောင်ပြည့်စ

စီစဉ်၍

ဓနုတ်ကိုကိုဇော်

တည်းဖြတ်မွမ်းမံသော

# မဟာမဏ္ဍိုင်

မှုခင်းသည်းပိုစာစဉ်အမှတ်(၄)

# မာတိကာ

## (ဆန်းကြယ်မှုခင်းမဏ္ဍိုင်)


(၁)မင်းကံသာ ကုက္ကိုဖြူပင် ၈

(၂)လွမ်းရာ အသည်းပုံအမှာ ၂၇


## (ဘာသာပြန်မှုခင်းမဏ္ဍိုင်)


(၃)ဘနင်း(မြန်မာပြန်) မိုးကောင်းကင်မှာခြေရာရှာ ၄၆


## (ပြစ်ရပ်မှန်မှုခင်းမဏ္ဍိုင်)


(၄)မောင်တည်တံ့(ယင်းတော်) မြေဇာပင်ပြဇာတ် ၇၄

(၅)မင်းတိုင်ပင်(မြရောင်မြေ) ကြံမိကြံရာ ၈၂


## (တောတွင်းမှုခင်းမဏ္ဍိုင်)


(၆)လွန်ကျော်ဦး ငြိုးဖွဲ့ကြမ္မာ ၉၉

(၇)မောင်မြင့်မား(ဗိုလ်ကလေး) ဟင်းစားကောင်နှင့် ပရိယာယ် ၁၁၇

(နှောင်းပြစ်မှုစင်းမကျော့ချိုင်)

(၈)ရွှေဒေါင်းလူ ကျွန်ုပ်နှင့်ထူးဆန်းသော
သွေးတစ်စက်မေတ္တာ ၁၃၆

(ထောင်တွင်းမှုစင်းမကျော့ချိုင်)


(၉)ခနတ်ကိုကိုဇော် အဆိပ်ကောင်ကမ္ဘည်း ၁၅၁

(ပြည်တွင်းပြစ်ရပ်စုံမှုစင်းမကျော့ချိုင်)

(၁၀)နန္ဒာမိုးကြယ် ဝေဒနာအမာရွတ် ၁၆၆
(၁၁)မြတ်နိုးရှင်း ပန်းကလေးတွေတောင်ရှက်နေပြီ ၁၈၁
(၁၂)မောင်ညီဦး(က.စ.လ) ပေါ်ပြူလာကျော်ကြီး ၁၉၄

(ဥပဒေမှုစင်းမကျော့ချိုင်)

(၁၃)မောင်သွင်မင်း(ဥပဒေ)
လောက်လေးဂွဖြင့်ပစ်ခတ်သဖြင့်ဒဏ်ရာရမှုနှင့်
ဥပဒေပြဋ္ဌာန်းချက်များယှဉ်တွဲလေ့လာတင်ပြခြင်း ၂၀၄


( ဆန်းကြယ်မှုခင်းမဂ္ဂဇင်း )
ကုက္ကိုဖြူပြင်
မင်းကံ့သာ

## ၁။ မင်းကံသာ

## ကုန္တက္ကိုပြုပြင်

တောင်ခြေဆေးရုက်ကြီးခင်းဘေးတွင်ဆောက်ထားသည့် တဲအတွင်းမှစကားသံများဆူညံစွာထွက်ပေါ်လာသည်။အချိန်ကာန် နက်(၇)နာရီလောက်ပဲရှိဦးမည်။သေချာစွာနားစွင့်ထောင်ကြည့်ပါက လင်မယားနှစ်ယောက်စကားများနေသည်ကိုသိနိုင်သည်။

"ကိုရွှေခိုင်...ရှင်ဒီလိုလက်ကြောမတင်းပုံနဲ့တော့ဒီဆောင်း ကုန်လည်း အကြွေးဆပ်နိုင်မှာမဟုတ်ဘူး။ ရှင်လုပ်ပုံကိုရှင်ပြန်ပြီး စဉ်းစားကြည့်ပါဦး"

"တယ် . . . ဒီမိန်းမ တယ်ပြီးစကားကြောရှည်ပါလား။ မိခင်သန်းမှု ငါစိတ်တိုအောင် လာမဆွနဲ့နော်။ကြွေးမဆပ်နိုင်လည်း မဆပ်နဲ့ပေါ့ကွာ"

"ရှင်ဒီလိုစကားကိုအရမ်းမပြောနဲ့၊သူများဆီကချေးထားပြီး မဆပ်လို့ရမလား။အတိုးကလည်းပင်းရောက်တော့မယ်"

"ရောက်ချင်သလောက်ရောက်ကွာ။မင်းယူထားတာမဟုတ်ဘူး။ငါယူထားတာ။ငှါကိုစွဲငါကြည့်ရှင်းမယ်။မင်းငှါကိုဘာမှလာမပြောနဲ့နားငြီးလွန်းတယ်"

"အိုး...မပြောဘဲနေလို့ရမလား။ကျွန်မကလည်းရှင့်ကိုလေကုန်ခံပြီးပြောမနေချင်ဘူး။ တစ်နေ့ကပဲကြွေးရှင်လာတောင်းလို့ပြောနေရတာ။အဲ့ဒါကော...ရှင်သိရဲ့လား"

"မင်းပြောလိုက်ပါလား။ ဆောင်းကုန်ရင်တတ်နိုင်သလောက်ဖဲ့ဆပ်မယ်လို့"

"ရှင်အခုလုပ်နေပုံနဲ့ ဆောင်းအကုန်မှာဖဲ့ဆပ်နိုင်မယ်ထင်သလား၊ဒီကြားထဲဆန်ကြွေး၊ဆီကြွေးတွေကရှိသေးတယ်"

"တော်ပြီကွာ။ငါထပ်ပြီးဘာမှမကြားချင်တော့ဘူး။မင်းပြန်မလား...မပြန်ဘူးလား။တစ်ခွန်းထဲပြောစမ်း"

ဤသို့စကားကို ခပ်မာမာပြောပြီးလက်ပါရန်ဟန်ပြင်လာသောလင်ဖြစ်သူကိုရွှေနိုင်ကြောင့် ဇနီးသည်ခင်သန်းမူလည်း ဝမ်းနည်းကာငိုကြွေးနေမိတော့သည်။

အိမ်ထောင်ကျခဲ့သည့်သုံးနှစ်အတွင်းရိုက်ဖို့ဝေးစွ၊စကားမာမာပင်မဆိုခဲ့သူ။ခင်ပွန်းဖြစ်သူ၏ဒေါသတကြီးအံကြိတ်ကာကြည့်နေသည့်အကြည့်ကြောင့် ဝမ်းနည်းစွာ ငိုရှိုက်နေရင်းမှပင် မျက်နှာကိုလက်ဝါးနှင့်အုပ်ကာ တဲအပြင်သို့ထွက်လာခဲ့လေသည်။

ဇနီးဖြစ်သူရွာထဲသို့ ပြန်မည်ကိုသိထားသည့် ရွှေနိုင်ကလည်းကြည့်နေလိုက်သည်။ ဇနီးသည်ပြန်သွား၍အတော်ကြာမှပင်

ရွှေခိုင်သည်စိတ်ပြေလာပြီးစဉ်းစားနေမိသည်။ ဇနီးဖြစ်သူတွင် မိမိ၏ ရင်သွေးကိုလွယ်ထားရပြီး ကိုယ်ဝန်ပင် ရှစ်လခန့်ရှိလေပြီ။ အိမ်ထောင်သက်သုံးနှစ်အတွင်း သားသမီးတစ်ဦးမှ မထွန်းကားခဲ့ပေ။ အိမ်ထောင်စကျကတည်းက ထွန်ယက်စိုက်ပျိုးလုပ်ကိုင်လာခဲ့သည့် သည်ဆေးခင်းကလည်း ယခုထက်ထိ မအောင်မြင်သေး။လင်မယား နှစ်ယောက်တည်းနှင့်အကြွေးပတ်လည်ဝိုင်းနေသည်မှာ မိမိညံ့ဖျင်းမှုကြောင့်ဖြစ်မှန်းယခုမှပင် ရွှေခိုင်တစ်ယောက် စဉ်းစားမိတော့သည်။

သူတို့ရွာကား "ရခိုင်ပြည်နယ်" ရန်းဗြဲမြို့နယ်တွင် ပါဝင်၍ အိမ်ခြေ(၇၀၀)ခန့်ရှိသည်။ များသောအားဖြင့် ဆေးရွက်ကြီး စိုက်ပျိုးကြသည်။ဒေသအခေါ်အဝေါ်အားဖြင့် "ဆေးခင်း" ခေါ်သည်။ ရာသီကဆောင်းဦးပေါက်ကာလပဲဖြစ်သည်။ ဆေးခင်းကား ခင်သန်းမှုပြောသလိုပင်။ ဒီနှစ်လည်းဖြစ်ထွန်းမှာ မဟုတ်သည်က သေချာလှသည်။ မိမိ၏လိုအပ်ချက်များကိုပြုပြင်၍အလုပ်ကိုကြိုးစားလုပ်တော့မည်ဟု လည်း စိတ်ထဲတွင်ကြိတ်ပြီး ဆုံးဖြတ်ထားလိုက်သည်။ မကြာမီ မိမိတို့ နှစ်ဦးတွင် ရင်သွေးရတနာ ရချေတော့မည်။ ဆေးခင်းကို အောင်မြင်ဖြစ်ထွန်းအောင်လုပ်ရမည့်အချိန်ကလည်းမီသေးသည်။နေ့လည် ထမင်းစားပြန်လျှင် ခင်သန်းမှုဝမ်းသာအောင် ပြောပြရမည်ဟုစဉ်းစား နေရင်းကပင် ရွှေခိုင်၏ရင်ထဲတွင် အပျော်များစီးဝင်ကာ ကြည်နူးနေမိပါတော့သည်။

ﾉﾉ ﾉﾉ ﾉﾉ ﾉﾉ ﾉﾉ ﾉﾉ

ရွှေခိုင်တစ်ယောက်အမြင်မှန်ရကာ ဆေးခင်းတွင်ပေါင်း

သင်မြက်နှုတ်အလုပ်များကို အားကြိုးမာန်တက်လုပ်နေလေသည်။ ဆောင်းလေကလည်းပူပြင်းလှသည်။နင်းကွဲသည့်အချိန်မှစ၍အပူချိန်ကတစ်စတစ်စမြင့်တက်၍ပူလာခြင်းပင်။သို့သော်ရွှေခိုင်ကားမမှုတော့လေပြီ။ နေအပူဒဏ်ကိုအံ့တုရင်းလုပ်နေသည်မှာ နေထန်းတစ်ဖျားပင်ကျော်ခဲ့လေပြီ။ သည်တော့မှပင်လုပ်လက်စလုပ်ငန်းများကိုလက်စသတ်လိုက်ပြီး ထမင်းစားပြန်ရန် သတိရလိုက်သည်။ရွှေခိုင်ကားတစ်မနက်အတွင်းမှာပင် အပြောင်းလဲကြီးပြောင်းလဲသွားခဲ့လေပြီ။ဇနီးသည်ကိုချစ်မြတ်နိုးသည့်စိတ်၊မကြာမီမြင်တွေ့ရတော့မည့်ရင်သွေးအပေါ်ထားသည့် ဖခင်တစ်ဦး၏ မေတ္တာစိတ်များကြောင့်သူ့အမှားကိုသိမြင်ကာ အလုပ်ကိုကြိုးစားလုပ်နေခြင်းပဲဖြစ်သည်။ ရွှေခိုင်လည်းတောင်ခြေဆေးခင်းမှ ရွာဆီသို့ ပေါ့ပါးသွက်လက်သည့်ခြေလှမ်းများဖြင့်ပြန်လာခဲ့သည်။

ဆေးခင်းနှင့်ရွာကားဘာမှမဝေးလှ။ တစ်ခေါ်သာသာလောက်ပဲရှိသည်။ ရွာနှင့်ဆေးခင်းကြားတွင် သစ်ပင်ကြီးများကဟိုနားတစ်ပင်၊ဒီနားတစ်ပင်နှင့် ခပ်ကြဲကြဲပေါက်နေကြသည်။တမာ၊ကုက္ကို၊သပြေ၊မန်ကျည်းစသည့်အပင်များသာဖြစ်သည်။သည်အပင်အားလုံးထဲတွင် တဲနှင့်မလှမ်းမကမ်းရှိကုက္ကိုဖြူပင်ကြီးက အမြင့်မားဆုံးပဲဖြစ်သည်။

မကြာမီအချိန်အတွင်းမှာ ရွှေခိုင်ရွာထဲသို့ရောက်လာခဲ့သည်။အိမ်ရှေ့သို့ရောက်ခါနီးတွင် မျက်စောင်းထိုးတွင်နေသည့်ဦးကြီးသာထွန်းဖြူက အိမ်ထဲမှလှမ်းပြောသံကိုကြားလိုက်ရသည်။

"ဟော့...မောင်ရွှေခိုင်...ဒီနေ့အိမ်ပြန်တာနောက်ကျလှချည်လား။ ဒါနဲ့နေစမ်းပါဦး...မင်းမိန်းမရော ဘယ်မှာကျန်ခဲ့လဲ"

ဦးကြီးသာထွန်းဖြူ၏အမေးကြောင့် ရွှေခိုင်လည်း အံ့အားသင့်သွားကာ အထိတ်တလန့်ဖြင့်ပြန်မေးလိုက်မိသည်။ နှုတ်မှလည်း အာမေဍိတ်သံက အလိုလိုထွက်သွားလေသည်။

"ဗျာ...ဦးကြီး...ခင်သန်းမှုမနက်ကတည်းက အိမ်ပြန်လာတယ်လေ။ ဦးကြီးသတိမထားမိလို့ဖြစ်မှာပါ"

သည်တစ်ခါအံ့အားသင့်သူကတော့ ဦးသာထွန်းဖြူပဲဖြစ်သည်။

"မောင်ရွှေခိုင် ဘယ်လိုဘယ်လို ခင်သန်းမှုအိမ်ကိုပြန်လာတယ်ဟုတ်လား။ ငါတော့မတွေ့မိပါဘူးကွာ။ တစ်မနက်လုံးအိမ်ရှေ့ကွပ်ပျစ်ပေါ်မှာ နီးထိုင်ဖျာနေတာကွ။ မင်းမိန်းမ ပြန်လာတာမှန်ရင်ငါတွေ့ရမှာပေါ့။ ပြီးတော့ တောင်ခြေကပြန်လာတိုင်းငါ့ကိုနှုတ်ဆက်နေကျဆိုတော့ တကယ်ပြန်လာရင်ငါသိမှာအမှန်ပဲ မောင်ရွှေခိုင်။ မင်းမိန်းမရွာကိုဒီနေ့ပြန်မလာတာ အမှန်ပါပဲကွာ"

ရွှေခိုင်နှင့်ဦးကြီးသာထွန်းဖြူတို့ ဤသို့အပြန်အလှန်ပြောဆိုသံများကို ကြားနေရသည့်အရီးလေးဒေါ်အောင်သူလည်း မနေနိုင်တော့ဘဲ အိမ်ထဲမှထွက်လာကာ ဝင်ပြောပါတော့သည်။

"ဟုတ်တယ်ကွယ့်မောင်ရွှေခိုင်၊ မင်းမိန်းမဒီမနက်ပြန်မလာတာကြိမ်းသေပဲ။ မင်းမိန်းမကအရီးလေးရဲ့တူမဆိုတော့ ပြန်လာနေကျအချိန်ပြန်မရောက်တာနဲ့ အရီးလေးလည်းစိတ်ပူတာနဲ့ ခုနကပဲမင်းတို့

အိမ်ကိုသွားကြည့်သေးတယ်။အမှန်ကသွားကြည့်စရာတောင်မလိုပါဘူး။ ဒီကလှမ်းကြည့်ရင်တောင် မြင်ရတာပဲဥစ္စာ။ဟိုမှာတံခါးကိုသစ်သားမင်းတုန်းနဲ့အပြင်ကနေ ပိတ်ထားတယ်လေ"

ရွှေနိုင်လည်းအရီးလေးပြောမှအိမ်သို့လှမ်းကြည့်မိလိုက်ရာ ပြောသည့်အတိုင်းမှန်နေသည့်အတွက် ဇနီးသည်ကိုစိတ်ပူလာတော့သည်။ဦးကြီးနှင့် အရီးကလည်း "မောင်ရွှေနိုင်မင်းမိန်းမပြန်လာတာအမှန်ပဲလား"ဟုမေးလာသဖြင့် မနက်ကအကြောင်းကို ပြန်ပြောပြလိုက်ရသည်။ ဤသို့ဖြင့်မကြာမီ ခင်သန်းမူပျောက်သည့်အကြောင်းတစ်ရွာလုံးသိသွားခဲ့ကြသည်။ ရွာလူကြီးများ၏တာဝန်ပေးမှုကြောင့် ရွာထဲရှိလူငယ်လူရွယ်များလည်း လိုက်လံရှာဖွေစုံစမ်းခဲ့ကြသည်။ သို့သော်ခင်သန်းမူသတင်းကိုကားအစအနပင်စုံစမ်း၍မရခဲ့ပေ။အနီးအနားကျေးရွာများလည်း နှံ့နေချေပြီ။ ရွှေနိုင်ကား မည်သို့ပျောက်သွားမှန်းမသိရသည့်ဇနီးအတွက်အကြီးအကျယ်စိတ်သောကရောက်နေတော့သည်။ ဤသို့ဖြင့် ခင်သန်းမူပျောက်သွားသည်မှာ (၃)ရက်မြောက်ခဲ့ပြီဖြစ်ပါတော့သည်။

ϟ ϟ ϟ ϟ ϟ ϟ

ရွှေနိုင်လည်း ကိုယ်ဝန် အရင့်အမာကြီးနှင့် ဇနီးသည်အတွက်ကမ္ဘာပျက်မတတ် ခံစားနေရသည်။ သူ့ကြောင့်စိတ်ဆင်းရဲ၍ရေထဲခုန်ချသွားသည် ဆိုလျှင်လည်း (၃)ရက်မြောက်ပြီဖြစ်၍အလောင်းတော့ တွေ့ဖို့ကောင်းသည်။ကျားဆွဲသွားလျှင်လည်းသဲ

လွန်စတစ်ခုခုတော့ ကျန်ရစ်တန်ကောင်းသည်။ကျားဆွဲသွားခြင်း တော့မည်သို့မျှ မဖြစ်နိုင်မှန်းတစ်ရွာလုံးက တွက်ထားကြပြီးသား။ အဘယ်ကြောင့်ဆိုသော် သူတို့ရွာနှင့်အနီးတစ်ဝိုက်တွင် တောကောင် ကြီးကြီးမားမား လုံးဝမရှိသောကြောင့်ပင်ဖြစ်သည်။

သို့သော် ရပ်ရွာခလေ့ထုံးစံအရ ကန်တော့ပွဲတော့ပေးထား ကြသည်။ရွှေနိုင်လည်းအိမ်သို့လုံးဝမကပ်ဘဲ ဟိုသွားဒီသွားရှာဖွေနေ ရာမှမောမောနှင့် ပြန်ရောက်လာသည်။ အချိန်ကမွန်းလွဲပိုင်းသို့ပင် ရောက်ခဲ့သည်။ဦးကြီးသာထွန်းဖြူတို့အိမ်တွင် လူတွေစုဝေးနေကြပြီး ခင်သန်းမှုပျောက်ပုံဆန်းသည့်အကြောင်းကိုပြောဆိုနေကြစဉ်ရွှေနိုင် ရောက်လာခြင်းဖြစ်သည်။ဦးကြီးသာထွန်းဖြူက ရွှေနိုင်ကိုကြည့်ပြီး ပြောလာသည်။

"မောင်ရွှေနိုင်ရေ တရားနဲ့သာဖြေပေါ့ကွာ။သတ္တဝါတစ်ခု၊ ကံတစ်ခုလို့ဘုရားဟောထားတာလည်းရှိတာပဲမဟုတ်လား"

အရီးလေးကလည်း မျက်ရည်စမ်းစမ်းဖြင့် စကားဆိုလာ သည်။

"သားရယ် ဒီလောက်လည်းသောကမရောက်ပါနဲ့ကွယ်။ မသေရင်တော့ပြန်တွေ့ရမှာပါ။ဩော်...တူမလေး၊တူမလေး ဘယ်လို အဖြစ်တွေနဲ့များကြုံတွေ့ပြီး ပျောက်သွားတာလည်းကွယ်"

"ရှင်မရယ်မောင်ရွှေနိုင်ပိုပြီးစိတ်မကောင်းဖြစ်အောင်မပြော ပါနဲ့ကွယ်။ ဒီမှာမောင်ရွှေနိုင်"

"ပြောပါဦးကြီး"

"ဦးကြီးဒီလိုစဉ်းစားမိတယ်။ဒီနေ့နောက်ဆုံးအနေနဲ့မင်းတို့ဆေးခင်းကစပြီး နံ့နံ့စပ်စပ်ရှာကြည့်ဖို့ တိုင်ပင်ထားကြတယ်။မင်းကောဘယ်လိုသဘောရလဲ"

"ဦးကြီးတို့ကောင်းသလိုသာစီစဉ်ကြပါတော့ဗျာ။ကျွန်တော်....ကျွန်တော်တော့မထင်တော့ပါဘူး"

"အင်း . . . ဒီလို အပြတ်ပြောလို့တော့မရဘူး မောင်ရွှေခိုင်၊ဒီလောကမှာ ဦးကြီးတို့အသိဉာဏ်နဲ့လက်လှမ်းမမီတဲ့ဖြစ်ရပ်တွေ၊မသိသေးတဲ့အကြောင်းတွေဟာအများကြီးပါပဲကွာ"

"ကောင်းပါပြီဦးကြီးရယ်"

"အေး...ဒါဆိုရင်ငါတို့လူ(၁၀)ယောက်လောက်နဲ့ နံ့နံ့စပ်စပ်ရှာကြရအောင်။မောင်ရွှေခိုင်လည်းလိုက်ခဲ့လေ။ ကိုင်းအားလုံးပဲသွားကြမယ်ဟေ့"

ဦးကြီးသာထွန်းဖြူ၊ရွှေခိုင်နှင့်ရွာထဲမှလူငယ်(၁၀)ယောက်ခန့်ကလည်းဆေးခင်းရှိရာသို့ဦးတည်ပြီးလျှောက်လာခဲ့ကြသည်။ လျှောက်ရင်းကလည်းအရှေ့အနောက်၊တောင်မြောက်ဝဲယာသို့မျက်စိလျှင်လျှင်ထားကာကြည့်ရှုရှာဖွေလာခဲ့ကြသည်။ဤသို့ဖြင့်မကြာမီဆေးခင်းအနီးသို့ရောက်လာခဲ့ကြသည်။ ဆေးခင်းအနီးတဲနှင့်မလှမ်းမကမ်းတွင်ရှိသော ကုက္ကိုဖြူပင် အနီးသို့အရောက်တွင်ဦးကြီးသာထွန်းဖြူက အပေါ်သို့လက်ညှိုး ညွှန်ပြကာ အံ့သြတကြီးပြောပါလေတော့သည်။

"ရွှေခိုင်...ရွှေခိုင်ဟို...ဟိုအပင်ပေါ်ကိုမော့ကြည့်လိုက်စမ်း။

ခင်သန်းမူ၊ခင်သန်းမူထိုင်နေတယ်။အံ့ဩစရာပါလားကွယ်တို့"

ရွှေနိုင်လည်းဦးကြီးစကားကြောင့် ရင်ထဲတွင်ထိတ်ခနဲဖြစ်သွားပြီးအပေါ်သို့မော့ကြည့်မိသလို၊ကျန်လူများလည်းပြိုင်တူပင်မော့ကြည့်လိုက်ကြပါတော့သည်။ ပေ(၄၀)ခန့်မြင့်မားသည့်ကုက္ကိုဖြူပင်ကြီး၏သစ်ကိုင်းလေးပေါ်တွင်ထိုင်နေသည့်ဇနီးဖြစ်သူကိုမျက်ဝါးထင်ထင်မြင်လိုက်ရသည့်အတွက် ရွှေနိုင်လည်းဘာပြောရမှန်းမသိလောက်အောင် အံ့အားသင့်ဟာငေးငိုင်ပြီး ကြည့်နေမိတော့သည်။ ကျန်လူများလည်းဤအတိုင်းပင်ငေးမော၍ကြည့်နေမိကြလေသည်။ သူတို့အားလုံး အံ့ဩမည်ဆိုကလည်းအံ့ဩစရာပင်။ ဤမျှလောက်မြင့်မားသည့်အပင်ပေါ်သို့ ကိုယ်ဝန်အရင့်အမာကြီးနှင့် အမျိုးသမီးတစ်ယောက်သည် အဘယ်သို့လျှင်တက်နိုင်ပါမည်နည်း။ထို့အပြင်ထိုင်နေသည့် သစ်ကိုင်းကလည်းနစ်လက်မ ပိုက်လုံးလောက်ပဲရှိသည်။ ပြီးတော့ကုက္ကိုဖြူပင်၏ အသားကအရမ်းဆတ်သည်၊ လူတစ်ယောက်၏ အလေးချိန်ကိုမည် သည့်နည်းနှင့်မျှ မခံနိုင်ပေ။ ကျိန်းသေကျိုးကျမည်သာဖြစ်သည်။သို့ သော်ခင်သန်းမူထိုင်နေသည့်ပုံစံက ကိုယ့်အိမ်ကိုယ့်ရာမှာကုတင်သို့ မဟုတ်၊ ဆက်တီခုံပေါ်တွင် ထိုင်နေသကဲ့သို့ သက်သောင့်သက်သာရှိလွန်းလှသည်။အနီးအနားမှ သစ်ကိုင်းကိုလည်းလုံးဝကိုင်ထားခြင်းမရှိသလို ၊ထိုင်နေပုံကလည်းခြေဆင်း၍ထိုင်နေခြင်းဖြစ်သည်။

အောက်မှမော့ကြည့်နေကြသည့်သူများသည်လည်းအံ့ဩငေးမောနေရာမှ အမျိုးမျိုးစဉ်းစားတွေးတောနေမိကြသည်။စဉ်းစား

နေရာမှပထမဦးဆုံး ဦးကြီးသာထွန်းဖြူက သတိပြန်ဝင်လာသည်။ထို့ကြောင့်မင်းသက်မိကာ ငေးမောနေကြသူအားလုံးကိုအော်ပြောလိုက်လေသည်။

"ရွှေခိုင်...ရွှေခိုင် ပေ့ကောင်တွေ...ဒီအတိုင်းငေးကြည့်နေလို့မပြီးဘူးကွ။ အောက်ကိုဘယ်လိုပြန်သယ်ချမလဲဆိုတာ စဉ်းစားကြစမ်း"

ဒီတော့မှ အားလုံးအသိပြန်ဝင်လာကြပြီး ရွှေခိုင်က အရင်ဆုံးပြောလိုက်သည်။

"ဦးကြီး . . . ဦးကြီး အံ့သြစရာပါလားဗျာ။ သူဒီအပေါ်ကိုဘယ်လိုရောက်နေတာလဲဗျာ"

"ဟုတ်တယ် မောင်ရွှေခိုင်။တော်တော်ကြီးအံ့သြဖို့ကောင်းတယ်။ငါလည်းမပြောတတ်ဘူးကွာ။မင်းမိန်းမအောက်ရောက်လာမှပဲမေးကြည့်ကြတာပေါ့ကွာ"

ဤတွင်လူရွယ်တစ်ဦးက အကြံပေးလာသည်။

"ဦးကြီးနဲ့ ကိုရွှေခိုင် ကျွန်တော်အကြံတစ်ခုတော့ရတယ်"

"အေး... ဆိုစမ်းပါဦးကွ"

"ပြော သူငယ်ချင်းပြောစမ်းကွာ"

"ဒီလိုပါ စောင်ကိုပုခက်လုပ်ပြီးအောက်ကိုကြိုးနဲ့ချရင်ရမယ်လို့ထင်တယ်"

"ဟုတ်တယ်ဟေ့"

"မင်းအကြံသိပ်ကောင်းတာပဲ"

"ကိုင်း....ဒါဆိုရွာကိုတစ်ယောက်ပြန်ပြီး စောင်တစ်ထည်သွားယူကွာ"

"ဦးကြီးတဲမှာ စောင်ရှိတယ်"

ဤသို့ဖြင့် စောင်ကိုပုခက်လုပ်ကာ ရွှေနိုင်အပါအဝင်လူငယ်သုံးယောက် ကုက္ကိုဖြူပင်ပေါ်သို့တက်သွားကြသည်။ အပေါ်သို့ရောက်သည်နှင့် ဇနီးဖြစ်သူအားကြည့်လိုက်ရာ သစ်ကိုင်းပေါ်တွင်ထိုင်လျက်အိပ်ပျော်နေသည်ကို တွေ့ရလေသည်။ ရွှေနိုင်လည်းသတိထားကာ ဇနီးရှိရာ သစ်ကိုင်းနားသို့ကူးသွားပြီးဇနီးသည်ကိုပွေ့ချီလျက်ပုခက်ထဲသို့ထည့်လိုက်သည်။ခင်သန်းမူကား လုံးဝမနိုးသေးချေ။သို့နှင့်စောင်၏အစနစ်ဖက်ကို ကြိုးနှင့်ချည်လျက် တဖြည်းဖြည်း တစ်ဆင့်ချင်းအောက်သို့ချခဲ့ကြရာ နောက်ဆုံးတွင်အောင်မြင်စွာ မြေပေါ်သို့ရောက်ခဲ့လေတော့သည်။ မြေပြင်သို့ရောက်သည့်တိုင် ဇနီးဖြစ်သူ မနိုးသေးသဖြင့် ရွှေနိုင်လည်းအတင်းပင် လှုပ်နိုးနေမိသည်။ သည်အခါမှပင်မျက်လုံးများပွင့်လာပြီး နိုးလာတော့သည်။ မျက်လုံးဖွင့်လိုက်သည်နှင့်ခင်ပွန်းဖြစ်သူ ဦးကြီးသာထွန်းဖြူနှင့်တကွ ရွာသားများသူ့ကိုဝိုင်းအုံကြည့်နေသည်ကိုတွေ့ရသဖြင့် ထထိုင်ကာ ခင်ပွန်းသည်ကိုမေးလိုက်လေသည်။

"ဟင်ကိုရွှေနိုင် ... ကျွန်မဘာယ်လိုဖြစ်ပြီး သည်နေရာကိုရောက်နေတာလဲဟင်"

ဇနီး၏ အမေးကြောင့် ရွှေနိုင်လည်း အံ့အားသင့်ခဲ့ရပြန်သည်။သို့နှင့်ဖြစ်ပုံပျက်ပုံ အလုံးစုံကို ဇနီးသည်အားအသေးစိတ်ရှင်း

ပြလိုက်သည်။ဦးကြီးကလည်းလိုတာထောက်မေးသည်။ဤသို့ရှေ့နိုင်ရှင်းပြ၍ ဆုံးသည့်အခါတွင်မှ ဦးသာထွန်းဖြူလည်း အမိကသိချင်သည့်ကိစ္စကိုမေးလိုက်သည်။

"ကိုင်း...တူမကြီးကိုဦးကြီးကမေးရဦးမယ်။ ဒီအပင်ပေါ်တူမကြီးဘယ်လိုရောက်သွားတာလဲဆိုတာဦးကြီးတို့သိချင်တယ်"

"ကျွန်မ...ကျွန်မသွားတာဒီအပင်ပေါ်မဟုတ်ပါဘူး။အမေ့အိမ်ကိုလိုက်သွားတာပါ"

"ဟင် တူမကြီးအမေ မအောင်ဖြူကိုပြောတာလား"

"ဟုတ်ပါတယ်ဦးကြီး"

"ဟင်... အလို...တူမကြီးအမေ ဆုံးတာ(၁၀)နှစ်ကျော်ပြီပဲဟာ၊ သူကဘယ်လိုလာခေါ်သွားတာလည်း၊ အဲ့ဒါကို အသေးစိတ်ပြောပြစမ်းပါတူမကြီးရယ်"

ဦးကြီးသာထွန်းဖြူ၏ အမေးစကားဆုံးသည့်အခါတွင်ခင်သန်းမူလည်းထိုနေ့ကတွေ့ကြုံခဲ့ရသော ထူးခြားဆန်းကြယ်လွန်းသည့်ဖြစ်ရပ်ကို အောက်ပါအတိုင်း ပြန်လည်ပြောပြပါလေတော့သည်။

လင်ဖြစ်သူကြောင့်ငိုကြွေးနေရာမှ မျက်နှာကိုလက်ဝါးနှင့်အုပ်ကာရွာထဲသို့ပြန်လာခဲ့သောခင်သန်းမူလည်း ကုက္ကိုဖြူပင်အနားသို့အရောက်တွင် မိခင်ဖြစ်သူကိုမမျှော်လင့်ဘဲ ရုတ်တရက်တွေ့လိုက်ရလေသည်။လွန်ခဲ့သော(၁၀)နှစ်ကျော်ကသေခဲ့ပြီဖြစ်သောမိခင်ဖြစ်သူကိုသေရာမှပြန်ရှင်လာသူကဲ့သို့တွေ့လိုက်ရသဖြင့်ခင်သန်းမူလည်း



ပညာရှင်စာအုပ်တိုက်

အငိုပင်တိတ်သွားကာ ငေးပြီးကြည့်နေမိလေသည်။ မိခင်ဒေါ်အောင်ဖြူက သမီးနားကပ်လာပြီးပြောသည်။

"သမီးလေးအမေ့ကိုမမှတ်မိတော့ဘူးလား။ မေ့နေပြီလားကွယ်"

"မှတ်...မှတ်မိပါတယ်အမေ။ သမီး ...မမေ့...မမေ့ပါဘူး။ ဒါ..ဒါပေမယ့်"

"သမီးပြောမယ့်စကားအမေသိပါတယ်။ ဟုတ်တယ်သမီးနဲ့ အမေဟာ ဘဝခြားခဲ့ပြီဖြစ်ပေမယ့် အမေဟာသမီးရဲ့အမေအရင်းပါပဲကွယ်။ သမီးအမေ့ကိုအမေလို့မသတ်မှတ်နိုင်ဘူးလား"

"သတ်မှတ်ပါတယ်အမေရယ်။ ဒါနဲ့အမေက အခုဘယ်မှာနေတာလဲဟင်"

"ပြောမှာပါကွယ်။ ပြောရုံတင်မကဘူး။ အမေ့အိမ်ကိုသမီးကိုအလည်ခေါ်သွားမလို့လာတာပါ။ သမီးရွှေနိုင်နဲ့ စကားများလာတာလည်းအမေသိတယ်။ ငါ့သမီးလေးမပေါ့မပါးကြီးနဲ့ ငိုပြီးလာတာတွေ့တော့ဘဝဟောင်းကမိခင်မေတ္တာကြောင့်အမေကြည့်မနေရက်တော့ဘူးလေ။ ဒါ့ကြောင့်အခုလိုသမီးကိုလာတွေ့တာပါ။ သမီးကိုအမေဒုက္ခပေးမလို့လာတာမဟုတ်ပါဘူး။ သမီးလေးအမေပြောတာယုံရဲ့လားဟင်"

အမေ၏မျက်ဝန်းအစုံသည် ယခင်အတိုင်းပင် အကြင်နာ၊ မေတ္တာ၊ ကရုဏာရောင်ခြည်များဖြင့် ရွှန်းလဲ့နေသည်။ အမေ၏ အသံကလည်း ကြည်လင်အေးမြနေဆဲပင်ဖြစ်သည်။ ခင်သန်းမူလည်း

အမေ့ရင်ခွင်ထဲသို့ခေါင်းတိုးဝင်ကာ ဖက်ထားမိတော့သည်။အမေ၏ အသားအရည်က ယခင်ကထက်ပင် နူးညံ့နေသည်ကိုလည်း သတိပြု လိုက်မိသည်။မိခင်ဖြစ်သူကလည်း သမီး၏ဆံပင်ကိုညင်သာစွာကိုင် တွယ်နေရင်းက ပြန်ဖက်ထားလိုက်သည်။ အတန်ကြာမှ မိခင်ကဆို လာသည်။

"သမီးအမေ့အိမ်ကိုလိုက်မယ်မဟုတ်လား"

"အမေ့အိမ်ကဘယ်မှာလဲဟင်"

"ဒီကုဋ္ဌိဖြူပင်ပေါ်မှာပဲ။သမီးကဲသမီးမျက်လုံးခဏမှိတ် ထားလိုက်စမ်းကွယ်"

ခင်သန်းမူလည်း မိခင်ကို လုံးဝမကြောက်သည့်အပြင် အမေ့အိမ်ကိုပါရောက်ဖူးချင်သဖြင့် ပြောသည့်အတိုင်း မျက်လုံးမှိတ် ထားလိုက်ရာ အမေက ဆတ်ခနဲ ကောက်ယူပွေ့ချီ၍ရင်ခွင်ထဲတွင်ပွေ့ ပိုက်ထားလိုက်သည့်ခဏမှာပင် ခင်သန်းမူလည်းအိပ်ပျော်သလိုဖြစ် ကာသတိလစ်သွားသည်။သတိရ၍ မျက်လုံး ဖွင့်ကြည့်လိုက်သည့် အခါရွှေရောင်တဖိတ်ဖိတ်တောက်နေသည့်ဘုံဗိမာန်ထဲသို့ရောက်နေ သည်ကိုအံ့သြစွာတွေ့မြင်ရပါတော့သည်။ တိုင်တွေကလည်းရွှေသား စစ်စစ်ဖြစ်သည့်အပြင် ရတနာမျိုးစုံစီခြယ်ထားသည်ကိုတွေ့ရသည်။ အမေကသူမကို အခန်းတစ်ခုထဲသို့ ခေါ်သွားသည့် အခန်းထဲတွင် ရတနာမျိုးစုံ စီခြယ်ထားသည့်သလွန်(ခုတင်) တစ်လုံးကို တွေ့ ရသည်။ သည်အခန်းက ဗိမာန်တစ်ခုလုံးတွင် အခန်း နားဆုံးပဲ ဖြစ်မည်ထင်သည်။ထူးဆန်းသည်ကိုမကြာမီ တွေ့မြင်ရလေသည်။

အမေက သူမကို သလွန်ပေါ်တွင်လှဲလျောင်းနေစေသည်။သည်အထိမြင်ရသည်က အမေ့ရုပ်ရည်အတိုင်းပင်ဖြစ်သည်။အမေကပြုံးနေသည်။ပြုံးနေရင်းက သူမကိုအောက်ပါအတိုင်း ပြောပြလေသည်။

"သမီးကိုအမေက အမေ့နေရာဘုံဗိမာန်ကိုခေါ်လာခဲ့တယ်။ အမေဟာ ပြိတ္တာမဟုတ်ပါဘူးသမီးရယ်။ ပြိတ္တာဆိုတာကို သမီးသိလား"

"သိတော့သိသလိုပဲ အမေ။ဒါပေမယ့်သိပ်တော့မရှင်းဘူး။ အမေပြောပြပါလားဟင်"

"ပြိတ္တာကို လူ့လောကမှာခေါ်ကြတာတော့ တစ္ဆေ၊သရဲလို့ခေါ်ကြတယ်သမီးရဲ့"

"ဒါဆိုရင်တော့ သမီးသိပြီအမေ။ဒါဆိုအမေက ဘာလဲဟင်"

"သမီးတို့နဲ့နေခဲ့စဉ် လူ့ဘဝမှာတုန်းကပြုလုပ်ခဲ့တဲ့ကုသိုလ်ကောင်းမှုကြောင့် အမေသေတဲ့အခါ ကုက္ကိုဖြူပင်မှာ ဘုံဗိမာန်နဲ့ နေရတဲ့နတ်သမီးလေးဖြစ်ခဲ့တယ်။ ပြောရရင်အမေဟာ ရုက္ခစိုးနတ်သမီးပဲသမီး"

"သမီးကြားဖူးတယ်အမေ။အမေနဲ့ ငယ်ငယ်တုန်းက ရွာဦးကျောင်းမှာဥပုသ်စောင့်နေတုန်းက ဆရာတော်ကြီးဟောတဲ့တရားထဲမှာ ရုက္ခစိုးနတ်အကြောင်း ပါတယ်လေ"

"သမီးကမှတ်ဉာဏ်ကောင်းလိုက်တာ။အင်း...သမီးကိုအခုလိုဘုံဗိမာန်ထဲ ခေါ်လာနိုင်တာလည်း အမေနဲ့အတူတူဥပုသ်စောင့်ခဲ့လို့ခေါ်နိုင်တာပဲသမီး"

"အမေအမေကနတ်သမီးဆိုတော့ချောမှာပေါ့နော်"

သမီးဖြစ်သူ၏စကားကြောင့် ဒေါ်အောင်ဖြူနတ်သမီးကပြုံး နေသည်။

"အမေသမီးကိုအမေ့ရဲ့နတ်သမီးရုပ်ရည်ကိုပြပါလားဟင်။ သမီးမြင်ဖူးချင်လို့ပါ။

"အင်း...သမီးမှာ ကုသိုလ်ကံရှိနေလို့ဗိမာန်ထဲတောင်ခေါ် လာပြီပဲဟာ။သမီးမြင်ချင်ရင်အမေပြပ့ါမယ်။ကဲ...ဒီမှာကြည့်ပေတော့ သမီး"

ဤသို့ပြောပြီးသည့်ခဏမှာပင်အမေ့ရုပ်သွင်ကွယ်ပျောက် သွားကာ နတ်ဝတ်တန်ဆာဒွါဒရာတို့ကိုဆင်မြန်းထားသည့်ချောမော လှပလွန်းသော နတ်သမီးလေးကို ခင်သန်းမူမြင်တွေ့ရပါလေတော့ သည်။

"ချော . . . ချောလိုက်တဲ့နတ်သမီးလေးပါလား။နတ်သမီး လေးကအမေအမေပေါ့နော်"

နတ်သမီးလေးက ပြုံးပြုံးလေးကြည့်ကာ စကားဆိုလာ သည်။

"ဟုတ်ပါတယ်ကွယ်။အရင်ဘဝက သမီးရဲ့အမေပါပဲကွယ်"

အမေ နတ်သမီးလေးရဲ့အသံက ဆည်းလည်းသံထက်သာ ယာသလို၊ ပျားရည်ထက်လည်း အဆပေါင်းများစွာ ချိုသည်ဟု ခင်သန်းမူ ထင်မိသည်။ ဤသို့ ဘုံဗိမာန်ထဲတွင် နတ်သမီးလေးက ခင်သန်းမူအား နတ်သုဒ္ဓါများကို ကျွေးမွေးပြန်သည်။ ကျွေးပြီးသည်

နှင့်တစ်ရေးတစ်မောအိပ်စက်ခိုင်းသည်။ တစ်ရေးအိပ်ပြီးနိုးလာသည့် အခါပြန်ပို့ပေးမည်ဟုလည်း ပြောသည်။ အမေ၏ပြောစကားအရ ခင်သန်းမူကိုလိုက်ရှာနေသည်မှာ (၃)ရက်မြောက်ပြီဖြစ်၍ရွှေခိုင်နှင့် တကွ အားလုံးစိတ်သောကရောက်နေကြကြောင်း၊ ထို့အပြင်ရွှေခိုင် လည်းအသိတရားရလာပြီဖြစ်သည့်အကြောင်းအိပ်ပျော်နေစဉ်မှာပဲ သူတို့ ပြန်တွေ့အောင်စီမံထားကြောင်းတို့ကို နတ်သမီးလေးက ရှင်းပြပြန်သည်။ရှင်းပြပြီးသည့်အဆုံးတွင် ခင်သန်းမူလည်း အိပ်ချင် လာပြီးမျက်ခွံများလေးလံကာ သလွန်ပေါ်တွင်အိပ်ပျော်သွားပါတော့ သည်။

⁂ ⁂ ⁂ ⁂ ⁂ ⁂

ခင်သန်းမူပြောပြသည့်အဖြစ်အပျက်တို့ကိုကြားသိရသည့် ရွှေခိုင်၊ဦးကြီးသာထွန်းဖြူနှင့် ရွာသားလူရွယ်လူငယ်တို့သည်လည်း မယုံကြည်နိုင်လောက်အောင် ထူးခြားဆန်းကြယ်လွန်းလှသည့်အ ကြောင်းတို့ကိုကြားသိရသည့်အတွက် စိတ်ဝင်စားစွာ အံ့သြမှုပေါင်း များစွာနှင့် နားထောင်နေခဲ့ကြသည်။ စကားဆုံးသွားသည့်အခါတွင် သူတို့အားလုံး ကုက္ကိုဖြူပင်ကြီးကို မော့ကြည့်ကြတော့သည်။ဦးသာ ထွန်းဖြူက မရှင်းတာတွေကိုထပ်ပြီးမေးပြန်သည်။

"ဒါဆို တူမကြီးအမေနတ်သမီးနဲ့အတူ ဘုံဗိမာန်ထဲမှာ နေခဲ့ ရတာနာရီပိုင်းလောက်ပဲရှိမှာပေါ့နော်"

"ဟုတ်ပါတယ်ဦးကြီး"

"အင်း . . . ဘုံဗိမာန်ထဲကနာရီပိုင်းဟာ လူ့ပြည်က အချိန်နဲ့ တွက်တော့(၃)ရက်တောင်ကြာသွားပါလား"

"အမေနတ်သမီးလေးကလည်းဒီအတိုင်းပဲပြောတယ်ဦး

ကြီး"

"တူမကြီးပြောတာဦးလေးတို့အားလုံးယုံကြည်ပါတယ်။ဒါ ပေမယ့်အားလုံး ထင်ထင်ရှားရှားသိရအောင် ထူးခြားမှုလေးတစ်ခုခု ပြပါလို့တူမကြီးက ပြောပေးပါလား"

"ကျိန်းသေတော့အာမမခံနိုင်ဘူးဦးကြီး။အမေနတ်သမီး လေးကိုအားနာဖို့ကောင်းတယ်။ ဒါပေမယ့်ဦးကြီးတို့ သိချင်တယ်ဆို ရင်တော့ကျွန်မကြိုးစားကြည့်ပါ့မယ်"

ဤသို့ပြောဆိုပြီးနှင့် ခင်သန်းမှုလည်း ကုက္ကိုဖြူပင်ကြီးကို မော့ကြည့်ကာ အောက်ပါအတိုင်းပြောပါလေတော့သည်။

"အမေ...အမေနတ်သမီးလေး။အမေဒီအပင်မှာနေတယ် ဆိုတာ ဦးကြီးတို့က သိချင်လို့တဲ့။ အဲ့ဒါဖြစ်နိုင်ရင်အမေရှိမှန်းသိသာ အောင်တစ်ခုခုထင်ထင်ရှားရှားပြပါလို့သမီးတောင်းပန်ပါတယ်အမေ နတ်သမီးလေးရှင်"

ဤကဲ့သို့ခင်သန်းမှု၏မေတ္တာရပ်ခံတောင်းဆိုသံအဆုံးမှာ ပင်

"ကုက္ကိုဖြူပင်"ပေါ်မှ ဆည်းလည်းသံများ၊ နတ်စောင်းညင်း တူရိယာသံများကိုငါးမိနစ်ခန့်ကြာသည်အထိ အောက်မှလူအားလုံး ပီပီသသကြီးကြားလိုက်ရလေတော့သည်။

သောတ္ထိဓောမောတုသဗ္ဗဒါ

**မင်းကံသာ**

❒ ❒ ❒

# အသည်းပုံအမွှာ

## လွမ်းရာ



## ၂။ လွမ်းရာ
## အသဲပုံအမြား

"အမေကြီး...ဘယ်သူက ငါတို့သားလဲကွဟေ"

"အော်....ခက်ပြီ၊ ရှင်တောင်မှမခွဲနိုင်တဲ့ဟာ ကျွန်မကဘယ်လိုလုပ်"

"မဟုတ်ဘူးလေကွာ၊ မင်းကဝမ်းနဲ့လွယ်ပြီးမွေးခဲ့တာကိုး"

"မဟုတ်မှလွဲရော ကျွန်မတို့သား အငယ်ကောင် ရဲရင့်များဖြစ်မလားမသိဘူး"

"မဖြစ်နိုင်တာကွာ၊ ငါတို့သားက သေသွားပြီပဲဟာ"

"ရှင့်မျက်စိနဲ့တပ်အပ်မြင်လို့လား"

"အဲ့ဒါတော့ မမြင်ဘူးပေါ့။ ဒါပေမယ့် မသိတော့ဘူးကွာ"

အခုလို ဆူဆူညံညံ အသံများကြောင့် နေဇော်အိပ်ယာထဲမှ လန့်နိုးသွားပြီး သကြံ့န်တွင်းသောက်ထားသောအရက်၏အရှိန်

ကြောင့်ရင်ထဲမှာ ပူထူနေပြီး ခေါင်းထဲမှာလည်းရီရီဝေဝေဖြစ်နေသဖြင့် ဆူညံနေသော မာမီနှင့်ဒယ်ဒီကိုဒေါသထွက်သွားရလေသည်။သို့ သော်မျက်လုံးကိုသေချာပွတ်ကြည့်လိုက်တော့ သူ့ဘေးတွင်အိပ်ပျော် နေသော မိမိနှင့်ခွဲမရအောင်တူနေသော ကောင်လေးတစ်ယောက်ကို တွေ့လိုက်ရသဖြင့် ကြက်သီးမွေးညှင်းထလာပြီး အရက်ရှိန်များပါပြေ သွားကာ အခန်းထဲမှ ပြေးထွက်ခဲ့လေတော့သည်။

အခန်းအပြင်ဘက်ကိုရောက်တော့...

ထိုင်ခုံပေါ်တွင်ထိုင်၍နေဇော်ကိုကြောင်တောင်တောင်မျက် လုံးများနှင့်ကြည့်နေသော မာမီနှင့် ဒယ်ဒီကိုနေဇော် အလန့်တကြား မေးလိုက်၏။

"အခန်းထဲက ကောင်လေးက ဘယ်သူလဲဟင်"

"မင်းကရောဘယ်သူလဲ"

ဒယ်ဒီ၏အမေးစကားကြောင့် နေဇော်ပို၍ပင် အံ့သြသွားပြီး

"ကျွန်တော့်ကိုမေးတာလား"

"အေးလေ....မင်းကိုမေးတာပေါ့"

"ဟာ...ဒုက္ခပါပဲဗျာ...ကျွန်တော်က ဟော့ဒီကမာမီတို့ဒယ်ဒီ တို့ရဲ့တစ်ဦးတည်းသောသား နေဇော်ပါခင်ဗျ"

"ဒါဆို....မင်းက ငါတို့သားပေါ့၊အခန်းထဲကကောင်လေးက ဘယ်သူဖြစ်မလဲ"

"သားလည်း ဒယ်ဒီနဲ့ မာမီကို အဲ့ဒါမေးမလို့"

နေဇော် နှင့် တကွ သူ ၏အဖေနှင့် အမေဖြစ်ကြသော

ဦးလှငြိမ်းနှင့်ဒေါ်တင်ရီတို့အခန်းထဲတွင် အိပ်နေသောကောင်လေးမှာ ဘယ်သူများဖြစ်မလဲ။ဘာ့ကြောင့်နေဇော်နှင့်တကွ အတူရှိနေပြီးဘာကြောင့်နေဇော်ကပါမသိရသလဲဟူ၍အခန်းထဲမှကောင်လေးနိုးလာမည့်အချိန်ကို စောင့်မျှော်လျက် ပဟေဠိပေါင်း သောင်းခြောက်ထောင်ကိုဦးနှောက်အခြောက်ခံပြီး ရင်မောကာ တွေးတောနေရလေသည်။

နေဇော်၏အခန်းထဲတွင်အိပ်ပျော်နေသောကောင်လေး၏အမည်မှာ စိုင်းနန္ဒဖြစ်ပြီး ရှမ်းပြည်နယ်၊မဆယ်မြို့ပန်းကွဲရွာမှ မန္တလေးသို့ကျောင်းလာတက်နေသူတစ်ဦးဖြစ်သည်။ယနေ့မှာ မန္တလေးမြို့၏နှစ်ငါးဆယ်ပြည့်သင်္ကြန်ဖြစ်သလို၊သင်္ကြန်နောက်ဆုံးရက်လည်းဖြစ်သောကြောင့် စိုင်းနန္ဒ အပျော်လွန်သလို၊ အမူးလည်းလွန်ပြီး သူအလည်ထွက်လာသော သင်္ကြန်ကားနှင့်မှားကာ နေဇော်၏ကားပေါ်သို့မှား၍တက်လာခဲ့မိခြင်းဖြစ်သည်။

စိုင်းနန္ဒအိပ်ယာထက်က နိုးလာတော့ သူပထမဦးဆုံးသတိထားမိသည်ကသူအိပ်နေသော ခုတင်ပင်။သူငှားထားသောအဆောင်မှခုတင်က ရိုးရိုးအိပ်ယာခင်းအကြမ်းကိုသာ ခင်းထားခြင်းဖြစ်ပြီး ယခုသူအိပ်နေသော ခုတင်ကတော့ မွေ့ယာနှင့်ဖြစ်နေသောကြောင့်ပင်...။

အခန်း၏ပတ်ပတ်လည် နံရံများ၌လည်း စိုင်းနန္ဒသူမရိုက်ထားဖူးသော သူ၏ဓါတ်ပုံများကို တွေ့ရသဖြင့် အံ့ဩခြင်းများစွာဖြစ်သွားရသလို၊တစ်ညအိပ်လိုက်ရုံနှင့်ပြောင်းလဲခြင်းများစွာ ဖြစ်သွားသ

ဖြင့်အိပ်ယာမှ ကမန်းကတန်းထပြီးအခန်းတံခါးကိုဖွင့်ကာ အပြင်ကို ထွက်လိုက်တော့ စိုင်းနန္ဒ၏ပါးစပ်ဖျားမှ အလန့်တကြားပင် ယောင်၍ ထွက်သွား၏။

"ဗုဒ္ဓေါ"

အကြောင်းမှာ သူနှင့်တူသော လုံးဝခွဲမရအောင်တူသောဆို လျှင်ပို၍ မှန်ကန်လောက်သော ကောင်လေးတစ်ယောက်နှင့်တကွ ဦးလေးကြီးတစ်ယောက်၊ အဒေါ်ကြီးတစ်ယောက်တို့မှာ စိုင်းနန္ဒကို မျက်လုံးအပိုင်းသားနှင့် စေ့စေ့ကြည့်နေသောကြောင့်ပင်။

စိုင်းနန္ဒနှင့် နေဇော်တို့နှစ်ဦးသား တစ်ယောက်ကိုတစ် ယောက်ခြေဆုံးခေါင်းသိမ်း ကြည့်လိုက်ကြပြီး ထိတ်လန့်သည့်ပုံစံ မျိုးဖြင့် စိုင်းနန္ဒက နေဇော့်ကို မေးလိုက်၏။

"မင်းက ဘယ်သူလည်းဟင်"

"အဲ့ဒီစကားကို ငါကမေးရမှာကွ၊ အခုမင်းကငါ့အိမ်ပေါ်ကို ရောက်နေတာလေ"

"ဟုတ်လား . . . အဟီး ငါလည်းထင်တော့ထင်သားပဲ၊ငါ့ အဆောင်နဲ့ မတူပါဘူးလို့"

ထိုအခါ ကျမှ ဦးလှငြိမ်းနှင့်ဒေါ်တင်ရီတို့ သဘောပေါက်သ လောက်နီးပါးဖြစ်သွားကာ ခေါင်းတညိတ်ညိတ်နှင့် ဖြစ်သွားကြပြီး ဒေါ်တင်ရီက စိုင်းနန္ဒအား . . .

"သားကိုကြည့်ရတာ မနေ့ညကအမူးလွန်ပြီး ကားမှားပါလာ တာနဲ့တူတယ်။ဒါနဲ့သားနာမည်က ဘယ်သူလည်း။ဘယ်မှာနေလည်း

ဆိုတာပြောပြပါဦးကွယ်"

"ကျွန်တော့နာမည်ကစိုင်းနန္ဒပါခင်ဗျ။ အဖေ့နာမည်က ဦးခမ်းလုံပါ။ရွာမှာဆေးကုပါတယ်"

စသဖြင့် အစုံပလုံ စိုင်းနန္ဒ ပြောပြလိုက်တော့ ပါးစပ်အဟောင်းသားနှင့် ဖြစ်သွားရသည်က ဦးလှငြိမ်းနှင့်ဒေါ်တင်ရီတို့ပင်။ အဘယ့်ကြောင့်ဆိုသော်...

⸗ ⸗ ⸗ ⸗ ⸗ ⸗

လွန်ခဲ့သည့်အနှစ်နှစ်ဆယ်ခန့်က...

ဦးလှငြိမ်းနှင့်ဒေါ်တင်ရီတို့မှာ မီးသွေးဖုတ်သော အလုပ်ကို ရိုးမတောထဲတွင် လုပ်ကိုင်ကြပြီး ထိုရှမ်းရိုးမတောကြီးထဲ၌ပင် ရွက်ဖျင်တဲထိုးကာ နေထိုင်ကြလေသည်။

သူတို့နှစ်ဦးတွင် သုံးနှစ်သားအရွယ်အမွှာညီအစ်ကိုနှစ်ဦး ဖြစ်သော ရဲရင့်နှင့် နေဇော်ဆိုသည့် သားလေးနှစ်ယောက်လည်းထို တောနက်ကြီးထဲ၌ပင်အတူနေထိုင်ကြလေသည်။

ထိုအချိန်က ရှမ်းရိုးမတောကြီးထဲတွင်တောပုန်းများ(သူပုန်များ)ကလည်းရှိနေတတ်သဖြင့် သူတို့နှင့်တွေ့ပါကလည်းပြန်မပြောဘဲ သူတို့ခိုင်းသမျှကိုအလိုက်သင့်လုပ်ပေးရလေသည်။ သူတို့မျက်နှာပျက်ပါကမလွယ်၊ တောထဲမှာနေထိုင်ရသည်ဖြစ်သောကြောင့်လည်း ဦးလှငြိမ်းတို့မိသားစုမှာ အလုပ်တစ်ဖက်၊ ကလေးတစ်ဖက်နှင့် ကျိုးလန့်စာ စားနေရလေသည်။

တစ်နေ့တော့ သူပုန်များအချင်းချင်း ပစ်ခတ်ရာမှ သူတို့မိသားစုထွက်ပြေးရင်းရဲရင့်လေးမှာ တောထဲ၌ပျောက်ဆုံးသွားလေ၏။ ဦးလှငြိမ်းတို့မိသားစုလည်းရှမ်းရိုးမတောကြီးကို စွန့်ခွာပြီးပြေးခဲ့ရာမှ မန္တလေးမြို့ပေါ်၌ အခြေချခဲ့လေတော့သည်။မန္တလေး၌ အိမ်ရာနှင့်အခြေချပြီးသောအခါဦးလှငြိမ်း သူကိုယ်တိုင် ရှမ်းရိုးမနှင့် နီးရာရွာများတွင်သားလေးရဲရင့်ကို စုံစမ်းရှာဖွေသော်လည်းမတွေ့ရတော့သဖြင့် သေနတ်မှန်၍(သို့မဟုတ်) တိရိစ္ဆာန်တစ်ကောင်ကောင်ကများစသဖြင့်တွေးတောကာ အလျှော့ပေးပြီး သားငယ်ရဲရင့်ကို စွန့်လွှတ်ခဲ့ရတော့လေသည်။

ဦးလှငြိမ်း ဤအကြောင်းအရာများကို ပြန်လည်ဖွင့်ပြောပြပြီးရဲရင့်ရော၊နေဇော်ပါ နှစ်ဦးစလုံး၏ကျောတွင် အသဲပုံနှင့်တူသောအမှတ်များပါရှိကြောင်းကိုလည်း သတိရကာ မျက်ရည်များဝဲလာပြီး စိုင်းနန္ဒကို ပြောပြလိုက်တော့စိုင်းနန္ဒက…

"ဟုတ်ရဲ့လား ဦးလေးရယ်…မဖြစ်နိုင်ဘူးထင်တယ်နော်။ မနေ့ညက ကျွန်တော်အိပ်နေတုန်းများ ကျောကုန်းကို အင်္ကျီလှန်ကြည့်သေးလားဗျာ"

"ဒါ…ဒါဆိုမင်းမှာ အဲ့ဒီအမှတ်ပါတယ်ပေါ့"

စိုင်းနန္ဒလည်းအင်္ကျီကိုချွတ်ပြလိုက်သောအခါ အမှန်တကယ်ပင်အသဲပုံနှင့်တူသော အမှတ်ဝါးတားတားလေးကို စိုင်းနန္ဒ၏ကျောကုန်း၌ တွေ့ရသဖြင့် နေဇော်လည်းသူ့အင်္ကျီကို ချွတ်လိုက်ရာနေဇော်၏ကျောကုန်းမှ အသဲပုံ ပုံစံအမှတ်မှာလည်း တစ်ပုံစံတည်း

ဖြစ်နေသဖြင့် ညီအစ်ကိုနှစ်ယောက်အံ့သြသွားပြီး တစ်ယောက်ကို တစ်ယောက်ဖက်လှဲတကင်းပြုလိုက်ကြတော့၏။

ပြီးနောက် သူတို့အားလုံးတိုင်ပင်ကာ စိုင်းနန္ဒတို့၏ပန်းကွဲရွာသို့သွားရန် ဆုံးဖြတ်ချက်ချကာ ဦးလှငြိမ်းက သူ၏ဟန်းဖုန်းကိုနှိပ်လိုက်ပြီးသန်ဘက်ခါမင်္ဂလာဆောင်မည့်နေဇော်နှင့်နန္ဒာတို့၏မင်္ဂလာဆောင်ကိုရက်ရွှေ့လိုကြောင်း၊ မိသားစုကိစ္စလေးနည်းနည်းလောက်လုပ်စရာရှိလို့ဖြစ်ကြောင်း၊ နန္ဒာဆိုသောမိန်းကလေး၏မိဘများထံသို့ဖုန်းဆက်အကြောင်းကြားကာ တစ်ဘက်မိဘများမှခွင့်ပြုသဖြင့် ကိုယ်ပိုင်လိုက်ထရပ်ကားလေးဖြင့် စိုင်းနန္ဒ၏ရွာသို့ထွက်ခဲ့လေတော့သည်။

ပန်းကွဲရွာသို့ရောက်ပြီးဦးခမ်းလုံ၏အိမ်ရှေ့သို့ရောက်သောအခါနေဇော်မှာ အရင်ဆင်းလိုက်ပြီး လက်ဖက်ခူးနေသောရှမ်းမလေးများကို ကြည့်လိုက်ရာ ထိုလက်ဖက်ခူးနေသော ရှမ်းမလေးများထဲမှ လှကညာပျိုလေးတစ်ယောက် ပြေးထွက်လာပြီး နေဇော့်အားဖက်လိုက်ကာ....

"ကိုနန္ဒ ဒီနှစ်ရွာကိုပြန်မလာတော့ဘူးထင်နေတာ၊ အခုသိရိုကိုသတိရလို့ပြန်လာတာမလား"

"ဟိတ်...ဟိတ်...ရပ်လိုက်"

စိုင်းနန္ဒကမန်းကတမ်းတားလိုက်ပြီး ကားအနောက်ခန်းမှခုန်ဆင်းပြီးထွက်လာသောကြောင့် ရှမ်းမလေးစိုင်းနန္ဒကိုလှည့်ကြည့်လိုက်ပြီး နေဇော့်ကိုတစ်ချက်လှည့်ကြည့်လိုက်ကာ မူးမေ့လဲကျသွားသဖြင့် စိုင်းနန္ဒ ရှမ်းမလေးကို ဖက်ထားလိုက်ပြီး...

"အဘရေလုပ်ပါဦး... ဒီမှာသီရိလဲကျသွားလို့"

ခြေတံရှည်အိမ်ကလေးအပေါ်မှ ခေါင်းပေါင်းပေါင်းထား သောအဘိုးကြီးတစ်ဦး ဆင်းလာပြီး မအံ့သြသော ပုံစံမျိုးဖြင့်ပြော လိုက်မှ အားလုံးအံ့သြသွားရတော့သည်။

"မင်းတို့ညီအစ်ကိုနှစ်ယောက်က ခွဲလို့မရအောင် တူနေမှ တော့ကောင်မလေး ကြောက်ပြီးလဲကျသွားပြီပေါ့"

"အဘကကျွန်တော်တို့ညီအစ်ကိုဆိုတာဘယ်လိုသိ"

စကားပင်ဆုံးအောင်နေဇော်မပြောလိုက်ရဘဲဦးခမ်းလုံက

"လာ...လာ အိမ်ပေါ်တက်ကြ။ အိမ်ပေါ်ကြမှပြောကြတာ ပေါ့"

အိမ်ပေါ်ကိုရောက်မှ ဦးခမ်းလုံက ဖျာတစ်ချပ်ခင်းပေးပြီး ရေနွေးကရားအိုးလေးနှင့် လက်ဖက်သုပ်၊ရေနွေးပန်းကန်တို့ကိုလင် ဗန်းလေးတစ်ချပ်ထဲသို့ထည့်ကာ ချပေးလိုက်ပြီး...

"လာ...ထိုင်ကြ။ ရေနွေးလေးဘာလေးသုံးဆောင်ကြဦး"

ပြီးသော် ဦးခမ်းလုံက သူတို့နှင့်အတူဝိုင်းထိုင်လိုက်ပြီး...

"စိုင်းနန္ဒ...မင်းလည်းမင်းမိဘအရင်းတွေနဲ့တွေ့ပြီဆိုတော့ ပြန်လိုက်သွားပြီး နေပေါ့ဟုတ်ပြီလား။ အခု မင်းတို့သိချင်နေတဲ့ အကြောင်းကို ပြန်ပြောပြရမယ်ဆိုရင် လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ် လောက်က အဘရှမ်းရိုးမတောင်တန်းမှာဆေးပင်ဆေးဥတွေရှာရင်း ဒီစိုင်းနန္ဒဆိုတဲ့ကောင်လေးကို တွေ့ခဲ့တယ်ကွ။ သူ့ကိုကြည့်ရတာ တောင်ကမ်းပါးအပေါ်ကလိမ့်ကျလာပုံရတယ်။ဘာလို့လည်းဆိုတော့

တောင်ကမ်းပါးရဲ့အောက်မှာ သူကသတိမေ့နေတာကိုး။ ဒါပေမယ့်လို့ ဒီကောင်လေးမှာ အံ့ဩစရာကောင်းတာတစ်ခုက ဘာဒဏ်ရာမှမရှိတာပဲ။ အဘလည်း စိုင်းနန္ဒလေးကို မွေးစားမယ်လို့ ဆုံးဖြတ်ချက်ချလိုက်ပြီး ပွေ့ချီလိုက်တော့ "ဟူး" ဆိုတဲ့ နာမှုတ်သံကိုကြားလိုက်ရပြီး အဘရဲ့အနောက်က ဝါးရုံတောကြီး လှုပ်ရမ်းသွားတာကို အဘသတိထားလိုက်မိတယ်ကွယ့်"

ဦးခမ်းလုံ မောသွားသည်ထင့်။ ရေနွေးတစ်ခွက်ကိုသောက်လိုက်ပြီး ခဏလောက်နေမှ သူ့စကားစကိုပြန်ဆက်လေသည်။

"ဒီလိုအနေအထားများကို ကြည့်ခြင်းအားဖြင့် ဒီကောင်လေးမှာ အစောင့်အရှောက်တွေ ရှိပုံရတယ်လို့ အဘခန့်မှန်းမိသကွယ့်။ နောက်တော့ သူ့ကျောကုန်းမှာ တွေ့ရတဲ့ အမှတ်ကလေးကို ကြည့်ခြင်းအားဖြင့် ဒီကလေးဟာ သိုက်အဆက်က လာတာလို့အဘထင်တယ်။ ပြီးတော့ အမှတ်ကထင်ထင်ပေါ်ပေါ်မရှိရင်တောင်မြင်လို့ရလောက်ရှိရမှာ၊ အခုတော့ ... အမှတ်က သေသေချာချာကြည့်မှမြင်ရတာဆိုတော့ ... ဒီကလေးအပြင် နောက်တစ်ယောက်အမွှာရှိလိမ့်ဦးမယ်လို့ အဘအစောကြီးကတည်းက မှန်းဆမိထားတယ်လေ။ ထားပါ ... အခု သူတို့အမွှာနှစ်ယောက်ပြန်ဆုံကြပြီဆိုတော့ မင်းတို့အရင်နေတဲ့နေရာမှာသူတို့သိုက်အဆက်ကိုခွင့်ပန်ပြီးစိုင်းနန္ဒလေးကို မင်းတို့ဆီပြန်ခေါ်သွားပေ့ါဟုတ်ပလား"

"ဟုတ်ကဲ့ပါအဘ"

ဦးလှငြိမ်း ထောက်ခံပြီး ပြန်ဖြေလိုက်သော်လည်း တံခါး

ပေါက်ဝနားတွင် ထိုင်နေသော သီရိဆိုသော ကောင်မလေးမှာတော့ စိုင်းနန္ဒနှင့်ခွဲရတော့မည်ဆိုသည့်အသိကြောင့်မျက်ရည်များစီးကျလာပြီး အိမ်အောက်သို့ ဆင်းပြေးသွားတော့လေသည်။

ဒါကိုနေဇော်မြင်သွားတော့ သူ့ညီစိုင်းနန္ဒကို ခါးတို့၍ပြလိုက်ရာစိုင်းနန္ဒလူကြီးများကို ခွင့်ပန်ပြီး အောက်သို့ဆင်းသွားမှသာေဘာ ပေါက်သော လူကြီးများက ပြုံးစိစိနှင့် အိမ်ပေါ်တွင် ကျန်ခဲ့လေတော့သည်။

~~~~~~

ဦးခမ်းလုံ၏အိမ်တွင် ဦးလှငြိမ်းတို့ တစ်ညအိပ်ကြပြီးမနက်မိုးလင်းသောအခါဦးခမ်းလုံပြောခဲ့သည့်အတိုင်းအစီအစဉ်ကိုပြုလုပ်ရန်အတွက် ရှမ်းရိုးမတောင်တန်းကြီးပေါ်သို့ ဦးခမ်းလုံမှဦးဆောင်၍ ဦးလှငြိမ်း၊ဒေါ်တင်ရီနှင့် စိုင်းနန္ဒတို့အမြွှာညီအစ်ကိုနှစ်ဦးတို့ အတူတက်ခဲ့ကြလေသည်။

သူတို့တောင်ပေါ်ကိုစတက်တော့ နေရောင်ခြည်မြင်ရသော်လည်း တောင်ပေါ်ကိုရောက်လာတော့ သစ်ပင်ကြီးများအုံ့ဆိုင်းနေသဖြင့် နေရောင်ကိုကျိုးတို့ကျဲတဲသာ မြင်ရတော့သည်။ကျေးငှက်သာရကာ၏အသံများ၊ပုဇဉ်းရင်ကွဲအသံများကလည်း ဆူညံနေလေသည်။

တစ်တောင်ဆင်း၊တစ်တောင်တက်နှင့် ဟိုချိုးတိုး၊ဒီချိုးတိုး လျှောက်လာခဲ့ကြပြီး တောင်ကမ်းပါးတစ်ခု၏ အောက်သို့ရောက်သောအခါဦးခမ်းလုံက အားလုံးကို ခဏနားခိုင်းလိုက်ပြီး...
~~~~~~

"အဘ…စိုင်းနန္ဒကိုစတွေ့ခဲ့တာဒီနေရာပေါ့ကွယ်။ပြီးတော့ ဟိုမှာကြည့်စမ်း"

ဦးခမ်းလုံလက်ညှိုးထိုးပြသည့်နေရာအား သူတို့အားလုံး လှည့်ကြည့်လိုက်၏။ သို့သော်ဘာမှမတွေ့ဘဲ ဝါးရုံတောကြီးကိုသာ တွေ့ရသဖြင့် နေဇော်ကဦးခမ်းလုံအား…

"အဘ ဝါးရုံတောကလွဲပြီး ဘာမှမတွေ့ဘူး"

"အေးလေ အဘပြတာလည်း ဒီဝါးရုံတောကိုပဲကွယ့်၊ဘာလို့လဲဆိုတော့ အဘပြောတဲ့နာမှတ်သံကြားတယ်ဆိုတဲ့နေရာကအဲ့ဒီနေ ရာပဲလေ"

"ဒါဆို ကျုပ်တို့က ဒီဝါးရုံတောကြီးကို တိုင်တည်ရမှာလား"

ဦးလှငြိမ်းပြောလိုက်ခြင်းဖြစ်သည်။ ထိုအခါဦးခမ်းလုံက…

"ဒီလိုတော့ ဘယ်ဟုတ်မလဲကွယ့်။သူတို့ရဲ့ သိုက်နေရာကို အရင်ရှာရဦးမှာပေါ့။အင်း…လောလောဆယ်တော့ ဒီမှာအပန်းဖြေ ရင်းဗိုက်အရင်ဖြည့်ကြတာပေါ့။ဘာလဲမင်းတို့က မဆာဘူးလား"

ဦးခမ်းလုံပြောလိုက်မှပင် သူတို့အားလုံး ဗိုက်မှအသံမြည် လာသည်ကို သတိထားမိလိုက်ကြ၏။ တကယ်ဆိုလျှင် သူတို့တောင် ပေါ်သို့မနက်ခြောက်နာရီကျော်ကျော်လောက်ကတည်းက တက်လာ ခြင်းဖြစ်ပြီး ယခုဆိုလျှင် ဆယ့်နှစ်နာရီတောင်ခွဲနေလေပြီ။

ထို့ကြောင့် မနေ့ညက သီရိလာ၍ ချက်ပြုတ်ပေးထားသော အစားအသောက်များကို ထုတ်၍ စားသောက်လိုက်ကြသည်။စား သောက်ပြီးသွားသောအခါ ဝါးရုံတောထဲသို့ ဆက်လက်၍ ဝင်ခဲ့ကြ

လေသည်။

သူတို့လှည့်ပတ်ရှာ၍ သုံးနာရီလောက်ကြာသွားပြီးနေရာ တစ်နေရာသို့ရောက်သောအခါဦးခမ်းလုံက သူတို့အားလုံးကိုလက် ကာပြလိုက်ပြီး…

"ဟိုဝါးရုံပင်ကြီး အောက်ကိုကြည့်စမ်း"

ဦးခမ်းလုံလက်ညှိုးထိုးပြသောနေရာတွင် လူအယောက်နှစ် ဆယ်ဖက်စာလောက်ရှိသော ဝါးရုံကြီးတစ်ရုံကိုတွေ့ရပြီး ထိုဝါးရုံကြီး အောက်၌ မြေကြီးအောက်သို့တစောင်းထိုးဆင်းသွားသော တွင်းကြီး တစ်တွင်းကိုပါထူးဆန်းစွာ တွေ့ရလေသည်။

ထို့နောက်…

ဦးခမ်းလုံမှ ထိုတွင်းနားသို့သွားကာ တွင်းထဲသို့ ခေါင်းငုံ့ လိုက်ပြီး ယခုလိုအော်လိုက်၏။

"နင်တို့ရဲ့ကလေးနှစ်ယောက်လုံးကို ငါခေါ်လာပြီ။ကတိအ တိုင်းငါလိုချင်တဲ့ဟာကိုယူလာခဲ့တော့"

ဟူ၍သုံးခါတိတိ အော်ခေါ်လိုက်ရာ မြေကြီးများ သိမ့်သိမ့် တုန်လာပြီး မြွေအရေခွံကြီးကိုခြုံထားသော လူတစ်ယောက်ဝါးရုံပင် ကြီးနောက်ကွယ်မှ ထူးဆန်းစွာထွက်ပေါ်လာလေသည်။

ထိုမြွေအရေခွံခြုံထားသောလူက ဦးခမ်းလုံအား…

"ဆရာကြီး . . . ခင်ဗျား ဘာတွေ အကောက်ကြံထားလို့ လည်း"

ထိုစကားကိုဦးခမ်းလုံက အရင်တုန်းက "သူ"မဟုတ်တော့

သည့်ပုံစံမျိုးဖြင့် မဲ့ပြုံးတစ်ချက်ပြုံးလိုက်ပြီး သဘောကျစွာရယ်မောလိုက်၏။

"ဟား...ဟား...ဟား...ဟား..."

ဦးလှငြိမ်းတို့အားလုံး ကြောင်ပြီးကြည့်နေမိသော်လည်း ခဏအကြာ ဦးခမ်းလုံ၏ရယ်သံအဆုံးမှာပင် ဦးလှငြိမ်း၊ဒေါ်တင်ရီ၊ စိုင်းနန္ဒ၊ နေဇော်တို့အားလုံး ဦးနှောက်သွေးကြောပြတ်မတတ်ခေါင်းများကိုက်ခဲလာကာ အလူးအလဲခံစားရင်း မြေပြင်ပေါ်သို့ လဲကျသွားကာ လူးလိုမ့်နေကြတော့လေသည်။

မြွေအရေခွံခြုံထားသောလူက...

"ဆရာကြီးခင်ဗျား၊ ကျုပ်ကလေးနှစ်ယောက်ကို ဘာလုပ်ထားတာလဲ"

"သိရမှာပေါ့ဟ။သူတို့စားတဲ့အစားအစာတွေထဲကိုအဆိပ်ခတ်ထည့်ထားတာလေ။ သူတို့တွေနေဝင်သွားတဲ့အထိ အလူးအလဲခံစားရင်းညသန်းခေါင်ယံလောက်ရောက်တာနဲ့အကြောတွေအကုန်ပြတ်ပြီးသေကုန်ကြမှာလေ။ငါ့ရဲ့ဖြေဆေးမသောက်ရင်ပေါ့ဟဲဟဲ"

စိုင်းနန္ဒမြေပြင်ပေါ်မှ ကုန်းရုန်း၍အားယူပြီး မတ်တပ်ရပ်လိုက်သဖြင့် ပါးစပ်မှသွေးအလိမ်းလိမ်းနှင့်ပွက်ပွက်ထကာအံကျလာသော်လည်း ဆက်လက်၍ အားယူပြီးဦးခမ်းလုံအား...

"အဘဘာတွေ ဘယ်လိုဖြစ်ကုန်တာလဲဗျ"

"ဟဲဟဲ မင်းမဆိုးဘူး။ မွေးရကျိုးနပ်တယ်။ သိချင်ရင်ပြောပြရမှာပေါ့ဟ။ ဒီမြွေရေခွံခြုံထားတဲ့လူက မင်းတို့အမြွှာနှစ်ယောက်ရဲ့အ

စောင့်အရောက်လေ။အေး...ငါလိုချင်တာက "အာယုဒီဃလက်စွပ်" ဒီတော့ဒီလက်စွပ်ကိုရဖို့အတွက် ဒီဇာတ်လမ်းကိုငါကိုယ်တိုင်ဖန်တီးခဲ့တာလေ။အခုငါကိုယ်တိုင်က ဖြေဆေးကြိုသောက်ထားပြီးလို့ဘာမှမဖြစ်တာပေါ့ကွ ဟား...ဟား...ဟား"

မြွေရေခြုံထားသောလူကြီးမှာ နေဇော်တို့နှစ်ဦးခံစားနေရသည့်ပုံစံကိုမရှုစိမ့်နိုင်တော့သဖြင့် ခါးကြားထဲမှ ဓါးတိုတစ်ချောင်းကို ထုတ်ကာ သူ၏ဖိုက်တည့်တည့်သို့ချိန်ရွယ်လိုက်ပြီး ...

"ခင်ဗျား ... ကလေးတွေကို ဖြေဆေးပေးလိုက်၊ခင်ဗျားလိုချင်တဲ့အာယုဒီဃအသက်ရှည်လက်စွပ်ကိုကျုပ်အသက်အသေခံပြီး ပေးပါ့မယ်၊ကလေးတွေကိုဆေးတိုက်လိုက်ပါနော်"

ထို့နောက် သူ၏ဖိုက်တည့်တည့်သို့ ဓါးကိုထိုးမည်အပြု...

"ရပ်လိုက်"

ဒီအသံပိုင်ရှင်ကတော့ စိုင်းနန္ဒပင်။စိုင်းနန္ဒ သူ့လည်ပင်းမှဆွဲထားသော လော့ကတ်သီးလေးကိုဖွင့်ပြီး လက်ဖဝါးပေါ်သို့မှောက်လိုက်ရာဆေးလုံးလေးတစ်လုံးထွက်လာပြီးထိုဆေးလုံးကိုနေဇော့်ပါးစပ်ထဲသို့ ထည့်လိုက်၍အော်လိုက်ခြင်းဖြစ်သည်။

ထို့နောက်...

စိုင်းနန္ဒကနေဇော့်အား....

"အစ်ကို ဒီလူကို ဆုံးမလိုက်ပါ။ကျွန်တော်သေရလည်း မိသားစုစုံစုံလင်လင်နဲ့တွေ့ပြီးမှသေရလို့ပျော်ပါတယ်အစ်ကို၊အ... အ ... ဝေါ့၊အဘိုးကြီးခင်ဗျား မှတ်မိသေးလား ။သားလိုချင်ရင်သုံးရ

အောင်လို့ဒီအဆိပ်စုံဖြေဆေးလေးကိုဆောင်ထားပါဆိုတာလေ။အခု လိုရာကိုသုံးလိုက်ပြီအဝေ့ါ"

စိုင်းနန္ဒဒူးထောက်ကာ ခွေ၍လဲကျသွားလေတော့သည်။

နေဇော်တဖြည်းဖြည်းနှင့်ခံစားနေရသော ဝေဒနာများသက်သာလာသဖြင့် ညီဖြစ်သူနှင့် အဖေ၊အမေတို့ကိုကြည့်ကာ ဦးခမ်းလုံအားဒေါသထွက်လာကာ မထိန်းနိုင်တော့ဘဲ ထိုးကြိတ်ရာမြွေအရေခွံခြုံထားသောလူက...

"ကလေးရယ်တော်ပါတော့။ သူ့အကုသိုလ်နဲ့သူသွားပါလိမ့်မယ်။သူလိုချင်တဲ့လက်စွပ်ကို ပေးလိုက်ရင်ပြီးတာပဲမဟုတ်လား"

"စွပ်"

ဓါးဖြင့်ဗိုက်ကိုစိုက်၍ ခွဲလိုက်ကာ လက်စွပ်ကိုထုတ်ပြီး နေဇော့်ကိုပေးကာ ထိုမြွေအရေခွံခြုံထားသောလူကြီးလဲကျသွားတော့လေသည်။

သို့တိုင်...နေဇော်ကတော့ဦးခမ်းလုံကိုအထိုးအကြိတ်မရပ်သေး။အောက်မှ သွေးအလိမ်းလိမ်းနှင့် အထိုးခံနေရသောဦးခမ်းလုံက...

"အဲ့ဒီလက်စွပ်ကို ငါမယူတော့ပါဘူးကွာ ။ဘာလို့လည်းဆိုတော့...ငါ့မှာဖြေဆေးမှမရှိပဲ၊ အဲ့ဒီလက်စွပ်မှာပါတဲ့ ကျောက်နစ်လုံးက ပြိုင်တူရောသောက်ရင် မသေနိုင်တော့ဘူး။ ပြီးတော့ . . . အဲ့ဒီကျောက်နစ်လုံးက တစ်လုံးစီမှာ ဘာအဆိပ်မဆိုဖြေနိုင်တဲ့စွမ်းအင်ရှိတယ်။အဲ့ဒါငါ့စကားအကုန်ပါပဲ"

မြွေအရေခွံခြုံထားသောလူ၏ လက်ထဲမှဓါးကိုယူကာ ဦးခမ်းလုံသူဗိုက်ကိုသူထိုးစိုက်လိုက်တော့လေသည်။

နေဇော်က စိုင်းနန္ဒအားလက်စွပ်ထဲမှ ကျောက်နစ်လုံးကို ထုတ်၍ ပေးလိုက်သောအခါ စိုင်းနန္ဒ သူမသောက်ဘဲ ဦးလှငြိမ်းနှင့် ဒေါ်တင်ရီတို့၏ပါးစပ်ထဲသို့ပြုံးရွှင်သောမျက်နှာဖြင့် ထည့်လိုက်တော့လေသည်။

*ϰ ϰ ϰ ϰ ϰ ϰ*

သေလုဆဲဆဲဖြစ်နေသော ဦးခမ်းလုံက ...

"ငါတစ်ခုလောက်ဝန်ခံခဲ့ပါရစေ။တကယ်တော့ဒီလက်စွပ်ကိုလိုချင်လွန်းလို့နစ်ပေါင်းများစွာသီးခံပြီး ငါစောင့်လာခဲ့တာပါ။ မောင်လှငြိမ်းတို့လင်မယားထွက်ပြေးကတည်းက စိုင်းနန္ဒလေးကိုမေ့ဆေးတိုက်ပြီး ငါခိုးသွားခဲ့တာပါ။ ပြီးတော့မင်းတို့ကားပေါ်ကို စိုင်းနန္ဒပါသွားအောင်ငါလုပ်ပြီးဒီလိုဇာတ်လမ်းဖြစ်လာရင်လက်စွပ်ရပြီဆိုတဲ့အကြံနဲ့ လုပ်ခဲ့မိတဲ့အတွက် ငါတောင်းပန်ပါတယ်။ဒါပေမယ့်ငါ့ကိုခွင့်မလွှတ်ပါနဲ့။ငါ့အပြစ်ကိုငါနောက်ဘဝမှာပြန်ဆပ်မှာပါ...အ"

ဦးခမ်းလုံမျက်ဖြူလန်သွားကာ တဖြည်းဖြည်းငြိမ်သက်သွားပြီးဇီဝိန်ချုပ်သွားလေတော့သည်။

တဖြည်းဖြည်းနှင့်နေလုံးကြီးက သူတို့၏ကြေကွဲဖွယ်ဖြစ်ရပ်ကို မကြည့်ရက်တော့ဘဲ တောင်တန်းများ၏အနောက်သို့ ဝင်ရောက်ပုန်းကွယ်သွားကာ လမင်းကြီးလည်း မျက်နှာမကောင်းစွာနှင့်ပင်

အလင်း ရောင်ပြန်လည်ဖြန့်ချိပေး၍ သူတို့ပြန်နိုင်ရန်အတွက် မီးထွန်းပေးသယောင်...ယောင်။

ဦးလှငြိမ်း၊ဒေါ်တင်ရီနှင့် နေဇော်တို့အသက်ရှင်ကြသော်လည်းမိမိတို့မိသားစုအတွက်အသက်ပေးသွားသောယခုမှမိသားစုနှင့်ဆုံမယ်မှမကြုံသေးလူ့လောကကိုစွန့်ခွာသွားခဲ့သောစိုင်းနန္ဒခေါ်ရဲရင့်လေးအတွက်မိမိကိုယ်ကိုယ်မိမိတို့အပြစ်တင်မဆုံးနိုင်အောင်ဖြစ်ရတော့လေသည်။

"ကျွန်တော်သွားတော့မယ်နော်"

နေဇော့်အသံလား(မဟုတ်ပေ)။ဒါဆို...စိုင်းနန္ဒအသံလား။ စိုင်းနန္ဒလို့ပြောလျှင် ဖြစ်နိုင်သည်။ သို့သော် . . . စိုင်းနန္ဒမှာတော့ အလောင်းကိုပင်မတွေ့ရတော့ဘဲပျောက်ချင်းမလှပျောက်သွားခဲ့ပါတော့သည်။

သူတို့မိသားစုအိမ်အပြန်လမ်းမှာတော့တိတ်ဆိတ်ခြင်းက ကြီးစိုးနေပြီးဟာတာတာဖြစ်နေ၏။

သူတို့တင်မဟုတ် ။ရွာထဲတွင် ကျန်ခဲ့သော သီရိဆိုသော မိန်းကလေးမှာ ပျောက်ခြင်းမလှ ပျောက်သွားခဲ့သော စိုင်းနန္ဒကို ရွာထိပ်လမ်းဝတွင်အမြဲတမ်းမျှော်နေတတ်လေသည်။

မန္တလေးသို့ပြန်ရောက်ပြီး နောက်ပိုင်းတွင်နေဇော်မှာ နန္ဒာဆိုသည့်သူနှင့်စေ့စပ်ထားသော မိန်းကလေးနှင့်လက်ထပ်သွားပြီး ဦးလှငြိမ်းနှင့်ဒေါ်တင်ရီတို့မှာလည်းစစ်ကိုင်းတောင်၌တရားစခန်းဝင်သွားခဲ့၏။

သူတို့စိတ်ထဲမှာတော့ တစ်နေ့နေ့စိုင်းနန္ဒနှင့်ပြန်တွေ့ရလိမ့်မည်ဟု...။

တစ်နှစ်ခန့်ကြာသောအခါ...

နေဇော်၏ဇနီးနန္ဒာမှာ သားလေးတစ်ယောက်မွေးဖွားခဲ့ပြီး ထိုကလေးလေးမှာ ထူးဆန်းစွာပင် ကျောကုန်း၌အသဲပုံနှင့်တူသော အမှတ်ကြီးတစ်ခုကိုတွေ့ရှိရလေတော့သည်။

◈ ◈ ◈

လွှမ်းရာ



# ဘာသာပြန်မှုခင်းမဏ္ဍိုင်

# မိုးကောင်းကင်မှာ ခြေရာရှာ

ဘာနှင်း(မြန်မာပြန်)

## ၃။ဘနှင်း(မြန်မာပြန်)
## မိုးကောင်းကင်မှာခြေရာရှာ
## The Footprint in The Sky by John Dickson Carr

ဒေါ်ရှိသီအိပ်မက်မှ လန့်နိုးလာသည်။ အိပ်ရာပေါ်တွင်ထိုင်ရင်းအဖြူရောင်မျက်နှာကြက်ကိုအတန်ကြာအောင် စိုက်ကြည့်နေမိသည်။

ဟုတ်သည်။သူမအိပ်မက်ဆိုးမှ လန့်နိုးလာခြင်းဖြစ်သည်။ ဖွင့်ထားသောပြတင်းပေါက်မှနေရောင်ဝင်နေသည်။လေတိုက်သဖြင့် ကန့်လန့်ကာ လှုပ်နေသည်။ပြတင်းပေါက်ဘောင်ပေါ်တွင် ဆီးနှင်းများ ခပ်ပါးပါး တင်နေသည်။ သူမသက်ပြင်းချလိုက်သည်။

အားလုံးမူလအတိုင်းရှိနေတာပဲ။ သူမရေရွတ်လိုက်သည်။ သူမတို့သားအဖနှင့် အစ်ကိုဝမ်းကွဲဟာရီတို့သည် စကိတ်စီးရန်တောင်ပိုင်းအိမ်သို့ လာခဲ့ကြသည်။

နွေးထွေးသော အိပ်ရာပေါ်တွင်ရှိပြီး အနွေးထည်ဝတ်ထားသည့်တိုင်အောင် တစ်ကိုယ်လုံး တုန်နေသည်။အိပ်မက်ဆိုးသည်သူမ

ကိုခြောက်လှန့်ဆဲဖြစ်သည်။ စားပွဲပေါ်မှနာရီမှာ ကိုးနာရီမိနစ်နှစ်ဆယ် ထိုးနေလေပြီ။ သူမအအိပ်လွန်သွားသည်။နံနက်စာစားရန်ဒယ်ဒီနှင့် ဟာရီတို့အောက်ထပ်တွင် စောင့်နေကြလိမ့်မည်။ အိပ်ရာပေါ်မှာထိုင် ရင်းအိပ်ခန်းကိုဝေ့ကြည့်ပြန်သည်။အခန်းထဲရှိပစ္စည်းအားလုံးမူလအ တိုင်းရှိနေသည်။ "အားလုံးမူလအတိုင်းရှိနေတယ်" သူမရေရွတ်မိပြန် သည်။သူမအိပ်ရာမှ ကောင်းကောင်းနိုးလေပြီ။ တွေတွေဝေဝေဖြစ်မ နေတော့။ထိုအရာသည် အိပ်မက်သာဖြစ်ကြောင်း သိလိုက်သည်။ မနေ့ကဖြစ်ပျက်ခဲ့သော စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်ရပ်များပြန်လာမည် မဟုတ်တော့။ နေရစ်ခဲ့တော့ အတိတ်ဟောင်း။တစ်ဘက်အိမ်တွင် မုဆိုးမမစ္စက်တော့ဟာန်နေသည်။ ထိုမိန်းမကြီးသည် အော်ကြီးဟစ် ကျယ်ပြောတတ်သည်။ နိုးလည်းနိုးတတ်သည်။

ပြီးခဲ့တဲ့ရက်သတ္တပတ်အတွင်းက သူမတို့ပျော်ရွှင်စွာစကိတ် စီးခဲ့ကြသည်။ရင်တလှပ်လှပ်ခံစားရသော အရသာပြန်အတွေ့တွင် မြင်ရသောစကိပ်စွပ်ကြောင်းများ၊ပြာမှိုင်းသောကောင်းကင်အောက် မှစိမ်းမှောင်သော သစ်ပင်များ၊ ထိုအရာအားလုံးကို ကြည့်ရှုခံစားရ သည်မှာ ပျော်စရာကောင်းလှသည်။ အမှုအရာကောင်းသလောက် စိတ်ထားပုပ်သော မစ္စက်တော့ဟာန်သည် သူမ၏ ပျော်ရွှင်မှုကိုဖျက် ဆီးနေသည်။အိုသူမအကြောင်းကို မတွေးတာကောင်းပါတယ်။မေ့ ထားလိုက်။ မတွေးတော့နဲ့။

ခုတင်ပေါ်မှဆင်းပြီးအပေါ်အင်္ကျီရှည်ဝတ်သည်။ကွင်းထိုးဖိ နပ်စွပ်သည်။ကုလားထိုင်ကျောမှီတွင်ဖြန့်ထားသော သားမွေးကုတ်

အကျီမှာ စိုထိုင်းနေသည်။သားရည်ပျော့ကွင်းထိုးဖိနပ်အောက်ပိုင်းမှာ စိုနေသည်။ထိုအရာများကိုကြည့်ပြီး သူမကြောက်စိတ်ဝင်လာသည်။

ပြတင်းပေါက်ပိတ်ပြီး ရေချိုးခန်းသို့ လာခဲ့သည်။အောက်ထပ်မှစကားသံများကို မသဲမကွဲကြားရသည်။ခပ်သွက်သွက်ခပ်မြန်မြန်ပြောသူမှာ ဟာရီဖြစ်သည်။ ဖခင်၏လေးလေးဖြည်းဖြည်းစကားသံကိုတော့ မှတ်မိသည်။ နောက်ထပ်အသံကို သူမမသိ၊ထိုအသံမှာအသံသြသြဖြစ်သည်။

အောက်မှာ ဘယ်သူရောက်နေသလဲ။ဘာတွေဖြစ်လို့လဲ။သူမတွေးနေသည်။ခပ်မြန်မြန်ရေချိုးပြီး အဝတ်အစားလဲလိုက်သည်။ အောက်မှကော်ဖီနံ့ကို ရှူရှိုက်ရသဖြင့် နံနက်စာစားကြပြီဖြစ်ကြောင်း သိလိုက်သည်။

ဆံပင်ကိုဘီးဖြင့် တစ်ချက်နှစ်ချက်ဖီးလိုက်သည်။ မှန်နံ့သာ မခြယ်သဘဲ အောက်ထပ်သို့ ခပ်သွက်သွက်ဆင်းခဲ့သည်။ စည့်ခန်းတံခါးဝတွင်ရပ်ပြီး အခန်းတွင်းကိုလှမ်းကြည့်လိုက်သည်။ဆက်တီစားပွဲတွင်သူမဒယ်ဒီ၊ ဟာရီနှင့်နယ်မြေတာဝန်ခံရဲအရာရှိတို့ ထိုင်နေကြသည်။

နေရောင်ခြည်သည် ဖွင့်ထားသော ပြတင်းပေါက်မှဝင်လာပြီးအခင်းကော်ဇောပေါ်တွင်ထိုးကျနေသည်။ ပြတင်းပေါက်မှကျော်ကြည့်သောအခါ ဆီးနှင်းပါးပါးဖုံးနေသော မြက်ခင်းပြင်ထိုနေရာမှကိုက်နှစ်ဆယ်ခန့်အကွာတွင် ပုဏ္ဏရိတ်စည်းရိုးကိုမြင်ရသည်။စည်းရိုး၏တစ်ဘက်တွင် မစ္စက်တော့ဟာန်၏နေအိမ်ရှိသည်။

သူမအခန်းထဲသို့ လျှောက်ဝင်သွားသောအခါ ပြောလက်စ များရပ်သွားပြီး မျက်နှာပျက်နေကြသဖြင့် သူမအံ့ဩသွားသည်။

"ဂွတ်(ဒ်)မောနင်းမစ္စ" ရဲအရာရှိမေဆင်က လှမ်းနှုတ်ဆက်သည်။

သူမအစ်ကိုဝမ်းကွဲဟာရီဗင်နော်မှာ တုန်လှုပ်ချောက်ချားနေသည်။ နဂိုကနီသောမျက်နှာမှာ ပိုနီနေသည်။ သူသည်ကျစ်လစ်တောင့်တင်းသော ကိုယ်လုံးပိုင်ရှင်ဖြစ်သည်။

"ဘာစကားမှမပြောနဲ့တော့ ဒေါ်လီ" သူကလှမ်းတားသည်။

"စကားကိုအရမ်းမပြောနဲ့ သမီး" သူမဒယ်ဒီကလည်းဝင်ပြောပြန်သည်။

ရဲအရာရှိမေဆင်က ချောင်းဟန့်၍လည်ချောင်းရှင်းပြီးပြောသည်။ "ဒီလိုပါမစ္စဝတ္တရားအရ ခင်ဗျားကိုမေးရမြန်းရဖို့ရှိနေပါတယ်။ ဒီအတွက် ကျွန်တော်စိတ်မကောင်းပါဘူး။ရှေ့နေနဲ့တိုင်ပင်ပြီး ဖြေချင်တယ်ဆိုရင်လဲရပါတယ်"

"ရှေ့နေ....ကျွန်မဘာကြောင့် ရှေ့နေလိုရမှာလဲ"

ရဲအရာရှိက သူမဒယ်ဒီနှင့် ဟာရီကိုလှမ်းကြည့်သည်။

"မစ္စက်တော့ဟာန်ရဲ့ကိစ္စပါ"

"အို"

"ဘာ့ကြောင့်အံ့ဩတာလဲ"

"ကျေးဇူးပြုပြီးထပ်ပြောပါ။ ဘာတွေဖြစ်လို့လဲ"

"ခင်ဗျားနဲ့ မစ္စက်တော့ဟာန်တို့ မနေ့က စကားများတဲ့အ

ကြောင်းကိုကျွန်တော်သိပြီးပါပြီ။ ရန်ဖြစ်တယ်ဆိုပါတော့"

"ဟုတ်ပါတယ်။ရန်ဖြစ်သလိုပါပဲ"

"ဖြစ်ရတဲ့အကြောင်းကို ပြောပြပါလား"

"အို ဒါကို မပြောပါရစေနဲ့ "ဒေါ်ရှိသီက နာကျည်းစွာပြော လိုက်သည်။

"ဒါကိုပြောရင်သူများအကြောင်းပုတ်ခတ်ပြောတယ်လို့ ဒယ်ဒီကပြောလိမ့်မယ်။ ကဲထားပါတော့ရှင်။ အဲ့ဒီမိန်းမကြီးက ရှင့်ကို ဘာတွေပြောလို့လဲ"

"ဘယ်လိုမစ္စ "ရဲအရာရှိက ရေရွတ်လိုက်သည်။ ထို့နောက်ခဲ တံဖြင့် မေးဖျားကိုထောက်ရင်း စဉ်းစားနေသည်။ အတန်ကြာမှ "မစ္စက် တော့ဟန် ဘာမှမပြောနိုင်တော့ပါဘူး။ အခုဂါး(လ်)ဖို့(ဒ်)ဆေးရုံမှာ သတိမေ့နေပါတယ်။ ခေါင်းမှာအပြင်းအထန်ဒဏ်ရာရသွားတယ်။ သတိပြန်ရမယ်မရဘူးဆိုတာ မသေချာဘူး"

ဒေါ်ရှိသီသည်ပထမတော့ သူမရင်ခုန်နေမှန်းမသိပေ။ ထို့ နောက်အပြင်းအထန် ရင်ခုန်နေကြောင်း သိလာသည်။ ရဲအရာရှိက သူမကိုအကဲခတ်နေသည်။ သူမကအားတင်းမေးလိုက်သည်။

"မတော်တဆထိခိုက်မှုဖြစ်တာလားရှင်"

"တိတိကျကျမပြောနိုင်ဘူးမစ္စ၊ ဒေါက်တာကတော့စာရွက်ဖိ တဲ့ဖန်လုံးနဲ့ သုံးလေးကြိမ်အရိုက်ခံရတယ်လို့ ပြောတာပဲ၊ အဲ့ဒီဖန်လုံး ကိုမနေ့ကမစ္စက်တော့ဟန်ရဲ့စားပွဲပေါ်မှာ မနေ့ကခင်ဗျားမြင်ခဲ့ပါတယ် နော်"

"တစ်ယောက်ယောက်က သူမကိုရိုက်တယ်လို့ ရှင်ဆိုလိုတာလား။ ဒီလိုဘယ်သူလုပ်မှာတဲ့လဲ"

ရဲအရာရှိက သူမကိုတည်ကြည်စွာကြည့်နေသည်။ ထို့နောက်အေးစက်စွာ တစ်လုံးချင်းပြောတော့သည်။

"ကျွန်တော်တို့တွေ့ရတဲ့အထောက်အထားတွေက ခင်ဗျားလက်ချက်လို့ဖော်ပြနေတယ်ဗျာ"

မဖြစ်နိုင်ဘူး။ ဒီလိုမဖြစ်နိုင်ဘူး။ စိတ်ထဲမှပြောနေသည်။ အခန်းတွင်းရှိလူများကိုစိုက်ကြည့်နေမိသည်။ နေရောင်ထိုးနေသောဟာရီ၏မျက်လုံးများ၊ ဇစ်တစ်ဝက်ဆွဲတင်ထားသော သားရေဂျက်ကက်အင်္ကျီ၊ ဟာရီမှာ ကျန်းမာသန်စွမ်းသော်လည်း လူတော်မဟုတ်ပေ။ အနည်းငယ်မိုက်မဲသည်။ သူမဒယ်ဒီမှာ အလွန်စိတ်ဓါတ်ကျနေပုံပေါ်နေသည်။

သူမရင်ထဲမှ အသံကိုပြန်ကြားနေရသည်။

"ဒါဟာမဖြစ်နိုင်တဲ့ကိစ္စပဲ"

"ကျွန်ုပ်တို့လဲ အဲဒီလိုဖြစ်ပါစေလို့ မျှော်လင့်ပါတယ်။ တကယ် ပြောတာပါ။ ကဲပြောပါဦး။ မနေ့ညက ခင်ဗျားအိမ်ပြင်ကိုထွက်ခဲ့သေးလား"

"ဘယ်အချိန်လဲ"

"ဘယ်အချိန်ပဲဖြစ်ဖြစ်ပေါ့ဗျာ"

"ဟုတ်ကဲ့... ဟင့်အင်း ကျွန်မမသိဘူး။ အင်းကျွန်မထွက်ခဲ့တယ်လို့ထင်ပါတယ်"

"ဘာမှမပြောနဲ့ဒေါ်ရီ"သူမဒယ်ဒီက တားပြန်သည်။ "ရှေ့နေမလာမချင်း ဘာမှမပြောနဲ့။မြို့ကိုတယ်လီဖုန်းဆက်ပြီး ခေါ်ထားတယ်။ ငါမင်းကြောက်မှာစိုးလို့အိပ်ရာကတောင်မနိူးခဲ့ဘူး။ဒီပြဿနာကိုဖြေရှင်းနိုင်မှာပါ။ကြိမ်းသေဖြေရှင်းနိုင်ရမယ်ဟာ"

ဒယ်ဒီမျက်နှာပေါ်တွင် စိတ်ထိခိုက်မှုများ အထင်အရှားပေါ်နေသည်။သူသည် ကိုယ်ခန္ဓာထွားကြိုင်းသော်လည်းစိတ်နုလှသည်။ ငယ်ထိပ်တစ်ဝက်ပြောင်နေသော ထိုလူကြီးသည် သူ့လုပ်ငန်းအတွက်သာမက အရာရာအတွက် စိတ်ပူပန်တတ်လေသည်။ သူ့ဘယ်လက်မောင်းမှာ ကျိူးဖူးသဖြင့် မသန်စွမ်းတော့ပေ။

"ငါသွားကြည့်ခဲ့တယ်"ဂျွန် ဘရန့်ကပြောသည်။ "တော်တော်ဆိုးပါတယ်။စစ်အတွင်းတုန်းကပဲ ဒါမျိုးမြင်ဖူးတယ်"စကားရပ်ပြီး စစ်အတွင်းက ကျည်ဆန်မှန်သော သူ့ဘယ်လက်မောင်းကိုစမ်းကြည့်သည်။ "ဒါပေမယ့် ဒီဆိုးဝါးတဲ့ အလုပ်ကို မင်းမလုပ်ဖူးဆိုတာ ငါပြောရဲတယ်"

သူ့အသံမှာ ယူကြုံးမရဖြစ်ခြင်း၊ဝမ်းနည်းကြေကွဲခြင်းများ ရောစပ်နေသည်။

"ခဏ...ခဏနေပါဦးခင်ဗျာ"ရဲအရာရှိမေဆင်က ဝင်ပြောသည်။ "ဒီမှာ မနေ့ညက အပြင်ထွက်တယ်လို့ ခင်ဗျားပြောခဲ့တယ်နော်"

"ဟုတ်ပါတယ်"

"ဘယ်အချိန်လဲ"

"မမှတ်မိတော့ဘူး"

"နှင်းကျနေသလား"

"အင်း...ကျနေတယ်"

"ကျွန်တော်ကိုပြောပြပါမစ္စ၊ ခင်ဗျားရဲ့ဖိနပ်နံပါတ်ဘယ်လောက်လဲ"

"နံပါတ်လေးပါ"

"ဖိနပ်ဆိုက်အတော်သေးတာပဲဟုတ်တယ်နော်" သူမခေါင်းညိတ်ပြလိုက်သည်။ မေဆင်က မှတ်စုစာအုပ်ကိုပိတ်ပြီး "ကဲကျွန်တော်နဲ့ ခဏလိုက်ခဲ့ပါ"

ဧည့်ခန်းတွင်ဘေးတံခါးရှိသည်။ မေဆင်သည်တံခါးလက်ကိုင်ဘုကိုလုံးဝမထိဘဲလက်တံကိုလှည့်၍တံခါးဖွင့်လိုက်သည်။သူတို့အပြင်ထွက်ကြသည်။ ယခုတိုင်နှင်းများကျနေဆဲဖြစ်သည်။ခြံစည်းရိုးတစ်ဘက်တွင် တံခါးပိတ်ထားသော အိမ်ကိုမြင်နေရသည်။နှင်းပြင်ပေါ်တွင် ခြေရာနှစ်စုံမြင်ကြရသည်။ မည်သူ့ခြေရာများဖြစ်သည်ကိုသူမသိလိုက်သည်။ခြေရာတစ်စုံသည် ခြံစည်းရိုးတွင်ပျောက်ကွယ်သွားပြီးနောက်ပြန်ပေါ်လာပြီး မစ္စက်ပောတန်၏အိမ်ဘေးတံခါးဆီသို့ ရေးရှသွားသည်။အခြားခြေရာတစ်စုံမှာ မစ္စက်ပောတန်အိမ်မှအပြန်လမ်းကြောင်းဖြစ်သည်။ခြေလှမ်းမှာကျယ်သဖြင့်ပြေးလာသည်ဟုယူဆနိုင်သည်။

ဒေါ်ရိုသီပြန်သတိရလာသည်။ အိပ်မက်မဟုတ်ပါ။ သူမတကယ်လုပ်ခဲ့ခြင်းဖြစ်သည်။ သူမ၏ အတွင်းစိတ်တွင် ထိုအဖြစ်

အပျက်သည် အမြဲကိန်းအောင်းနေခဲ့သည်။ အခြားအကြောင်းအရာများကိုလည်းသူမသတိရနေသည်။ ညဝတ်အင်္ကျီပေါ်မှ သားမွေးကုတ်အင်္ကျီထပ်ဝတ်ပုံ။ နင်းပေါ်တွင် သားရေကွင်းထိုးဖိနပ်ဖြင့်လျှောက်ခဲ့ပုံ။ မှောင်ထဲသို့ အတင်းဝင်သွားပုံစသည်များဖြစ်သည်။

"ခင်ဗျား ခြေရာတွေလားမစ္စ" မေဆင်ကမေးသည်။

"ဟုတ်ကဲ့...ကျွန်မခြေရာတွေပါ"

"စိတ်အေးအေးထားပါမစ္စ" ရဲအရာရှိက နစ်သိမ့်သည်။ "ခင်ဗျားကြည့်ရတာ ဖြူပတ်ဖြူရော်ဖြစ်နေတယ်။ကဲအထဲကိုပြန်ဝင်ကြမယ်။ ခင်ဗျားကို ဘာမှမလုပ်ပါဘူး" ပြောရင်းသူ့လေသံမာလာသည်။ သူမ၏ရိုးသားသော စကားများသည် သူ့ကိုတစ်နည်းတစ်လမ်းအားဖြင့် စော်ကားသလို ဖြစ်နေသည်။ "ဘာကြောင့်ဒီလိုလုပ်တာလဲမစ္စ၊ အခု သိရတဲ့အတိုင်းဆိုရင် မစ္စက်ပောတ်တန်ရဲ့စားပွဲကိုဖွင့်ပြီး အဖိုးမတန်တဲ့လက်ဝတ်လက်စားတွေကိုယူသွားတယ်။ အဲ့ဒါတွေအားလုံးပေါင်းမှ ဆယ်ပေါင်မတန်ဘူး။ပြီးတော့ ခြေရာတွေကိုလဲပြန်မဖျက်ခဲ့ဘူး" ချောင်းတစ်ချက်ဟန့်ပြီး သူ့စကားများကို ပြန်သုံးသပ်လိုက်သည်။

ဂျွန်ဘရန့် က ခပ်ထန်ထန်ဝင်ပြောသည်။ "ပဏာမအနေနဲ့ ဒီလောက်မေးရရင် ကျေနပ်သင့်ပါပြီမိတ်ဆွေ။ ကျုပ်သမီးရှုံးနေတယ်လို့ ခင်ဗျားထောက်ခံချက် မပေးနိုင်ဘူးလား"

"ဦးသမီးမရှုံးပါဘူး။ ဒါနဲ့အဲ့ဒီပစ္စည်းတွေဟာ သူမမိခင်ရဲ့ လက်ဝတ်လက်စားတွေဖြစ်တယ်လို့ကျွန်တော်ကြားထားတယ်ဟုတ်

ပါသလား"

"ခင်ဗျားကိုဘယ်သူပြောသလဲ။ မင်းပြောသလားဟာရီ"

ဟာရီက လေကာဂျာကင်အင်္ကျီဇစ်ကို ဆွဲစေ့လိုက်သည်။ စကားပြောရန်အားယူလိုက်ခြင်းဖြစ်သည်။ သူ့ပုံစံမှာ လူတိုင်းအတွက် စိတ်ဆင်းရဲနေရသူအသွင်ဆောင်နေလေသည်။

"ဒီမှာ မိတ်ဆွေ ၊ကျွန်တော် ဖွင့်ပြောတော့မယ်။ အဖြစ်အပျက်မှန်ကိုဖုံးကွယ်ထားတာဟာ မကောင်းဘူး။ အဖြစ်အပျက်တွေကို သိပြီးကတည်းက"

"အဖြစ်အပျက်တွေဟုတ်လား"

"ဟုတ်တယ်။ ဒီလိုပဲပြောကြပါစို့။ နောက်မှပေါ်လာရင်အဖြစ်မှန်ထက်ပိုကြီးချဲ့ပြောတတ်ကြလို့ပါ" စကားရပ်ပြီးအတန်ကြာအောင်စဉ်းစားနေသေးသည်။ "ကျွန်တော်ပြောပြမယ်၊ ခင်ဗျားကတစ်လွဲထင်နေတယ်။ အဲ့ဒီလက်ဝတ်လက်စားတွေအတွက် ဒေါ်လီနဲ့မစ္စက်တော့ဟန်တို့ စကားများတယ်လို့ထင်တယ်မဟုတ်လား။ ထားပါတော့ သူမဟာညက အဲဒီကိုသွားတယ်လို့၊ ခြေရာတွေဟာလဲ သူမခြေရာမှန်တယ်ဆိုပါစို့၊ ဒါလောက်နဲ့ဒေါ်လီဟာ အပြစ်ကျူးလွန်တယ်လို့ ပြောလို့ရမလား။ ဒီပြင်လူတစ်ယောက်က ဖောက်ထွင်းဝင်ပြီးအဲဒီလိုမလုပ်နိုင်ဘူးလား"

ရဲအရာရှိက ခေါင်းရမ်းနေသည်။

"အဲဒီလိုမဖြစ်နိုင်ဘူး"

"ဘာ့ကြောင့်လဲရှင်းပြပါဦး"

"ဒီလိုလေ၊မနေ့ညက ဆယ့်တစ်နာရီကျော်မှ နင်းစကျတာကိုခင်ဗျားသတိထားမိလိမ့်မယ်"

"ကျွန်တော်သတိမထားမိဘူး။အဲ့ဒီအချိန်မှာ အိပ်ရာထဲရောက်နေပြီ"

"ထားပါတော့။ကျွန်တော်ပြောတာကိုလက်ခံပါ"မေဆင်ကရှင်းပြသည်။"မနေ့ညက ကျွန်တော်ဟာရဲစခန်းမှာညဝက်အထိရှိနေခဲ့တယ်။ဒါကြောင့်သိတာပါ။ညသန်းကောင်ကျော်ပြီးမှ နင်းကျတာရပ်သွားတယ်။ကျွန်တော်ပြောတာကိုသေသေချာချာမှတ်ထားပါ။ညကမစ္စက်တော့ဟန်ဟာ ရဲစခန်းကို တယ်လီဖုန်းဆက်တယ်။ သူမအိမ်ပတ်ဝန်းကျင်မှာ ဖောက်ထွင်းသမားတွေ ရောက်နေတယ်ထင်တဲ့အကြောင်းပြောပါတယ်။ဒီအဘွားကြီးဟာ တစ်လမှာ သုံးကြိမ်လောက်ဒီလိုပြောလေ့ရှိတယ်"မေဆင်က ပြောရင်းပြုံးလိုက်သည်။"ကျွန်တော်ဆိုလိုတာကမနေ့ညက (၁၂:၀၀)နာရီမှာ သူမတယ်လီဖုန်းဆက်တဲ့အကြောင်းပဲ။အဲ့ဒီအချိန်မှာ နင်းကျရပ်သွားတာ ဆယ်မိနစ်ရှိပြီ။ အဲဒီအချိန်အထိ သူမဘာမှမဖြစ်သေးဘူး"

ရဲအရာရှိက တည်ကြည်လေးနက်စွာဆက်ပြောသည်။

"မစ္စဘာရန့်ဝန်မခံရင်လဲ ဒီခြေရာတွေဟာ ဘယ်သူ့ခြေရာဆိုတာကို ကျွန်တော်ပြောနိုင်ပါတယ်။ မစ္စတာဗင်တာရဲ့ဖိနပ်နံပါတ်က(၁၀)ဖြစ်ပါတယ်။မစ္စတာဘာရန့်ရဲ့ဖိနပ်နံပါတ်က(၉)ဖြစ်ပါတယ်။နင်းပေါ်ကဖိနပ်နံပါတ်က (၄)ဖြစ်တယ်။တစ်ယောက်ယောက်ဟာအိမ်ထဲကိုသော့ဖွင့်ဝင်တယ်။အဘွားကြီးကိုသေလုနီးပါးရိုက်တယ်။အံ့ဆွဲထဲ

ကလက်ဝတ်လက်စားတွေကိုယူပြီးပြန်ထွက်သွားတယ်။နင်းပေါ်မှာ ဒီပြင်ခြေရာမရှိဘူး။ဒီကိစ္စကိုဒီပြင်ဘယ်သူလုပ်မှာလဲ"

ဒေါ်ရှိသီသည်မစ္စက်တော့ဟန်၏စားပွဲပေါ်တွင်ထားသော ဖန်လုံးကိုပြန်မြင်ယောင်နေမိသည်။ အလွန်သေးငယ်ပြီးဖန်သားထဲ တွင် ရှုမျှော်ခင်းပုံတစ်ပုံရှိသည်။ ထိုဖန်လုံးကိုလှုပ်လျှင်အထဲတွင် နင်း မှုန်တိုင်းတစ်ခုဖြစ်ပေါ်လာသည်။ ထိုဖန်လုံးပေါ်တွင်သူမလက်ဗွေရာရှိ မရှိကို သေချာစွာမပြောနိုင်ပေ။ မစ္စက်တော့ဟန်သည် သူမမိခင်၏ အရင်းနှီးဆုံးမိတ်ဆွေဖြစ်သည်။ သူမကတော့မစ္စက်တော့ဟန်ကို မနှစ်သက်ပေ။

"ကျွန်မ အဲ့ဒီမိန်းမကြီးကိုမုန်းတယ်"

သူမပါးစပ်မှ လွှတ်ခနဲအသံထွက်သွားသည်။ထို့နောက်ငို လေတော့သည်။

ᴎ ᴎ ᴎ ᴎ ᴎ ᴎ

မောရစ်ဖရန့်(စ်)ဝို(သ်)နှင့်ဂျိန်းဆင်ရှေ့နေလုပ်ငန်းအ ဆောက်အဦးမှာ လင်ကွန်းအင်းဖီ(လ်)တွင်ရှိလေသည်။ဒင်းနစ်ဂျိန်း ဆင်သည် ဘရိ(ဖ်)ကေ့(စ်)ကို ပိတ်လိုက်သည်။ဦးထုပ်ဆောင်းပြီး ကုတ်အင်္ကျီဝတ်နေချိန်တွင် ရုံးခန်းထဲသို့ ဘီလီဖရန့်ဝို(သ်)ဝင်လာ လေသည်။

"ဟယ်လို"ဖရန့်(စ်)ဝို(သ်)က နှုတ်ဆက်လေသည်။ "ဘရန် ကိစ္စအတွက် ခင်ဗျားဆာရေးကိုသွားမလို့လား"

"ဟုတ်ကဲ့"

"ဒီအမှုဟာ ထူးဆန်းတယ်လို့ မထင်ဘူးလား"

"မထင်ပါဘူး"

"ဒါဟာမိန်းကလေးရဲ့ မိုက်မဲမှုပဲကိုယ့်လူ၊ဒါကိုသိထားသင့်တယ်"

"အမှုသည်အတွက် အကောင်းဆုံးဆောင်ရွက်ပေးရမှာ ကျွန်တော်တို့တာဝန်ပဲလေ" ဂျိန်းဆင်က ပြောသည်။

ဖရန့်(စ်)ဝဲ(လ်)က သူ့ကိုကြည့်ပြီး ပြုံးနေသည်။ "ကိုယ့်လူ သိပ်စိတ်အားထက်သန်နေပါလား၊လူငယ်တွေဟာဒုက္ခရောက်နေတဲ့ မိန်းမချောကလေးတွေအတွက် ဘာမဆိုလုပ်ပေးချင်တတ်ကြတယ်"

"ကျွန်တော် သူမကိုနှစ်ခါပဲ တွေ့ဖူးပါတယ်" ဂျိန်းဆင်က ပြောပြသည်။ "ဒီအမှုကို သေသေချာချာစုံစမ်းရမယ်။ မဟုတ်မမှန်ဘဲ သူမတရားစွဲခံရမှာကို ကျွန်တော်မလိုလားဘူး"

"စေတနာပိုလှချည်လား ကိုယ့်လူရယ်"

"စဉ်းစားကြည့်ပါ။ ဒီအမှုကို သူမကျူးလွန်တယ်လို့ ဘာကြောင့် ပြောတာလဲ၊ မစ္စက်တော့ဟန်ဟာ စာရွက်ဖိတဲ့ဖန်လုံးနဲ့ အချက်ပေါင်း များစွာအရိုက်ခံရတယ်။ ဖန်လုံးပေါ်မှာ လက်ဗွေရာ မတွေ့ရဘူး။ သုတ်ထားတဲ့လက္ခဏာတွေ့ရတယ်။ ဒေါ်ရိုသီဟာ ဖန်လုံး ပေါ်ကလက်ဗွေရာ ကို သုတ်ခဲ့ပေမယ့် ထင်ထင်ရှားရှားမြင်နိုင်တဲ့ ခြေရာတွေကိုတော့ ဒီအတိုင်းထားခဲ့တယ်။ ဒါဟာစဉ်းစားစရာပဲ"

ဖရန့်(စ်)ဝဲ(လ်)ကိုယ်တိုင် ထိုအချက်ကို ဘဝင်ကျပုံမရပေ။

"ဒီလိုလုပ်ရမှန်းမသိလို့၊ ဒါမှမဟုတ်မေ့သွားလို့ မလုပ်တာလို့ ယူဆရမှာပဲ" ဖရန့်(စ်)ဝဲ(လ်)က တွေးတွေးဆဆပြောသည်။ "လူ

တွေရဲ့စိတ္တဗေဒအကြောင်းကို မမေ့ပါနဲ့၊ မျက်စိနဲ့မြင်နိုင်တာဟာ ရုပ်ဝတ္ထုအချက်အလက်တွေပဲဖြစ်တယ်။ မုဆိုးမတော့ဟန်တစ်ယောက်ထဲအိမ်မှာနေတာဟာ ထူးဆန်းတယ်။အစေခံတွေဟာ နေ့ခင်းမှာပဲလာတယ်။ပြီးတော့ လူတစ်ယောက်ထဲရဲ့ခြေရာပဲတွေ့ရတယ်။မိန်းကလေးကလဲ သူ့မခြေရာတွေပါလို့ဝန်ခံတယ်။ ဘယ်သူမဆိုအိမ်ကိုဝင်နိုင်တာပဲ။ ခင်ဗျားဘာကိုစပြီး စုံစမ်းမှာလဲ"

"မသိသေးဘူး" ဂျိန်းဆင်က မရေမရာဖြေသည်။ အရင်ဆုံး အမျိုးသမီးပြောတာကိုပဲ နားထောင်မယ်။ ဒီပြင်လူတွေကို မပြောခဲ့ဖူးတဲ့၊ထူးဆန်းတဲ့အကြောင်းတွေဖြစ်လိမ့်မယ်လို့ မျှော်လင့်တယ်။သူမကိုယ်သူမအပြစ်ရှိတယ်လို့ထင်မထင်ကိုလဲသိရမယ်"

ᴎ ᴎ ᴎ ᴎ ᴎ ᴎ

ညနေစောင်းတွင် သူမနှင့်တွေ့ဆုံချိန်တွင် ဂျိန်းဆင်အတော်စိတ်ပျက်အားလျော့မိလေသည်။

ညနေဆည်းဆာအောက်တွင် အိမ်ဝင်းထဲသို့ သူကားကိုကွေ့ဝင်ခဲ့သည်။အပေါက်ဝတွင် ခဏရပ်ပြီး အိမ်နှစ်အိမ်ကိုခြားထားသည့် ပုဏ္ဏရိတ်စည်းရိုးကို ကြည့်နေသည်။စည်းရိုးမှာ ခပ်ပါးပါးဖြစ်ပြီး ခြောက်ပေခန့် မြင့်လေသည်။ အိမ်ဝင်ပေါက်နေရာတွင် အပေါက်ဖောက်ထားသည်။အိမ်ပေါက်ဝတွင် မိုးကာအင်္ကျီဝတ်ပြီး ဦးထုပ်ဆောင်းထားသော လူတစ်ယောက်ကိုတွေ့လိုက်သည်။ ထိုလူမှာခန္ဓာကိုယ်ထွားကျိုင်းပြီး ထိုလူကို သူမြင်ဖူးသည်ဟု ထင်ခဲ့သည်။ သူ့ဘေးတွင်ဒေသခံတာဝန်ခံရဲအရာရှိရပ်နေလေသည်။ ထိုအရာရှိသည်ကင်မရာကို မြှောက်၍မီးတဝင်းဝင်းဖြင့် ကောင်းကင်ကိုရိုက်နေသည်။လူ

ထွားကြီး၏ဝါးလုံးကွဲရယ်မောသံကို သူကြားရလေသည်။

ဟာရီဗင်တန်နှင့်တံခါးဝတွင် ဆုံမိကြသည်။ ဟာရီကရှေ့ခန်းကိုညွှန်ပြရင်း "ဒေါ်ရှိသီအဲဒီအခန်းထဲမှာရှိတယ်" ဟု ပြောလေသည်။ ဟာရီမှာ ထင်ရှားသော အားကစားသမားဖြစ်ကြောင်း သူသိခဲ့သည်။ ဟာရီကတစ်ဆက်တည်း "သိပ်စိတ်ညစ်အောင်မလုပ်ကြပါနဲ့ဗျာ၊နေပါဦး၊ဟိုလူတွေခြံစည်းရိုးကို ဘာလုပ်နေကြတာလဲ"

ဟာရီဗင်တန်ခြံဝကိုစိုက်ကြည့်နေသည်။

"ကျွန်တော်အကူအညီပေးဖို့လာတာပါ။ ခင်ဗျားနဲ့မစ္စဘရန့်တို့က ကျွန်တော့်ကိုကူညီပါ။ မစ္စဘရန့်ဟာ ပုံမှန်စိတ်နဲ့ ဒီပြစ်မှုကို ကျူးလွန်တယ်လို့ခင်ဗျားထင်ပါသလား"

"ပုံမှန်စိတ်" ဟာရီကရေရွတ်လိုက်သည်။ ထို့နောက်ဘာမှမပြောဘဲ အိမ်ထဲမှ ထွက်သွားလေသည်။

သူနှင့်တွေ့ချိန်တွင် ဒေါ်ရှိသီမှာ ပုံမှန်စိတ်အတိုင်းရှိနေလေသည်။ သူမ၏ရိုးသားမှုကို သူအလွန်သဘောကျနေသည်။ မီးဖိုနံဘေးတွင် သူတို့ထိုင်ကြသည်။ နံရံကပ်ဗီရိုပေါ်တွင် ဟာရီအားကစားပြိုင်ပွဲတွင်ဆုရသော ငွေဖလားများ၊ ဒိုင်းများနှင့် ဂျွန်ဘရန်ငယ်စဉ်စိန့်မိုရက်ကျောင်းသားဘဝက ဆုရသောဒိုင်းများတင်ထား၏။ ဒေါ်ရှိသီမှာလည်းအားကစားထူးချွန်သော မိန်းကလေးဖြစ်လေသည်။

"ကျွန်မကို အကြံပေးဖို့လာတယ်ဟုတ်လား" သူမကမေးသည်။ "ကျွန်မကိုဖမ်းတဲ့အချိန်မှာ ဘယ်လိုပြောရမယ်ဆိုတာကိုရှင်ကသင်ပေးမယ်ပေါ့"

"ခင်ဗျားကိုဘယ်သူမှမဖမ်းပါဘူးမစ္စ"

သူမကသူ့ကိုပြုံးပြသည်။ "ရှင်အဲ့ဒြနေတယ်ဆိုတာကျွန်မ

သိပါတယ်။ ကျွန်မအခြေအနေဆိုးမှန်းလဲသိပါတယ်။သူတို့အ ထောက်အထားရှာနေကြတာပါ။လူတစ်ယောက်ထပ်ရောက်နေပြန်ပြီ သူ့နာမည်က မတ်(ချ်) စကော့တလန်သာဒ်ကလွှတ်လိုက်တာလို့ ပြောတယ်။ကျွန်မစိတ်ခါတ်သိပ်ကျတာပဲ"

ဂျိန်းဆင်သတိရသွား၏။

"ကာနယ်မတ်(ချ်)မဟုတ်လား"

"ဟုတ်တယ် လူကောင်းတစ်ယောက်ပါ" ဒေါ်ရိုသီကမျက်စိ ကိုလက်ဖြင့်ကာရင်းဖြေသည်။စကားပြောသံကိုနားထောင်ရုံဖြင့်သူမ စိတ်သည်ပုံမှန်အတိုင်းဖြစ်ကြောင်း သူသိလိုက်သည်။သူမကဆက် ပြောပြန်သည်။"ကျွန်မအခန်းကိုနောက်တစ်ကြိမ်ရှာကြပြန်တယ်။သူ တို့လိုချင်တဲ့နာရီ၊ရင်ထိုးနဲ့လက်စွပ်တွေမတွေ့ပါဘူး။ကျွန်မဟာအဲ့ဒီ ပစ္စည်းတွေကို အန်တီရီနီတော့ဟန်ဆီက ခိုးယူလာတယ်လို့ သူတို့ ထင်နေတယ်"

"ကျွန်တော်အဲ့ဒီကိစ္စကိုသိတယ်။ သူတို့ဘာလိုချင်တာလဲ၊ နာရီတစ်လုံး၊ရင်ထိုးတစ်ခု၊လက်စွပ်နှစ်ကွင်းလား၊အဲ့ဒီပစ္စည်းတွေကို ဒီပြင်လူတွေဆီက ယူလဲရတာပဲ၊ဘာ့ကြောင့်မစ္စက်တော့ဟန်ဆီက ခိုး တယ်လို့တပ်အပ်ပြောနိုင်တာလဲ"

"အဲဒါတွေဟာသူမရဲ့ပစ္စည်းမဟုတ်ပါဘူး" ဒေါ်ရိုသီကချက် ချင်းပြန်ပြောသည်။မျက်နှာမှာ သွေးဆုတ်သလိုဖြူရော်နေသည်။ "ကျွန်မအမေရဲ့ပစ္စည်းတွေပါ"

"အသေးစိပ်ပြောပြပါလား"

"ကျွန်မအမေကသေပြီ" ဒေါ်ရိုသီကပြောပြသည်။"တကယ် တော့ဒီပစ္စည်းတွေဟာ အဓိကမဟုတ်ဘူးလို့ ကျွန်မထင်တာပဲ။အ

ကြောင်းပြချက်ပဲဖြစ်လိမ့်မယ်။ ကျွန်မအမေဟာ မစ္စက်တော့ဟန်နဲ့ သိပ်ရင်းနှီးတယ်။မေမေဟာ မစ္စက်တော့ဟန်ကိုအတော်အလိုလိုက်တယ်။မေမေကကျွန်မကိုဝယ်ပေးတဲ့ပစ္စည်းအားလုံးကိုလဲ သူမပဲသိမ်းထားတယ်။ သူမဘာကြောင့်ဒီလိုလုပ်တယ်ဆိုတာကိုကျွန်မမသိဘူး"

"အဲဒီအမျိုးသမီးမျိုးကိုရှင်တွေ့ဖူးသလား၊ ရုပ်ရည်သန့်ပြန့်ပြီးအထက်တန်းစားဆန်ပါတယ်။ဒါပေမယ့်အခွင့်အရေးကိုရနိုင်သမျှယူတဲ့အပြင် နောက်လဲထပ်လိုချင်သေးတာပဲ။ သူမမှာပိုက်ဆံအများကြီးရှိတယ်။ ဒီငွေတွေကိုဘာလုပ်သလဲဆိုတာတော့ ကျွန်မမသိဘူး။မြို့မှာနေရင် ငွေအကုန်အကျများမှာစိုးလို့ ဒီမှာလာနေတာဖြစ်မယ်။ကျွန်မအမေသေဆုံးတဲ့နောက်ပိုင်းမှာ ကျွန်မဟာသူမနဲ့ခပ်တန်းတန်းပဲ နေခဲ့တယ်။ အဲ့ဒီမှာသူမ မကျေမနပ်ဖြစ်သွားတယ်။ကျွန်မတို့အကြောင်းမကောင်းသတင်းတွေ လိုက်ပြောတယ်။ ဟာရီမှာကြွေးတွေရှိတဲ့အကြောင်း၊ ကျွန်မဖခင်ရဲ့စီးပွားရေးလုပ်ငန်းမကောင်းတဲ့အကြောင်း၊ကျွန်မအကြောင်း"

ဒေါ်ရှီသီက စကားရပ်ပြီးသူမစကားများကို ပြန်စဉ်းစားနေသည်။ရှေ့နေကိုလှပစွာပြုံးပြပြီး၊ "ဒီအကြောင်းတွေကိုကြားရလို့ရှင်ငြီးငွေ့နေပြီထင်ပါရဲ့"

"မငြီးငွေ့ပါဘူးခင်ဗျာ"

"ရယ်စရာတော့ကောင်းတယ်မဟုတ်လား"

"ဒီလိုလဲမထင်ပါဘူးခင်ဗျာ" ရှေ့နေကပြောသည်။ "ဒါဆိုခင်ဗျားနဲ့သူသိပ်အဆင်မပြေဘူးလို့ထင်ပါတယ်"

"ဟုတ်တယ်။သိပ်အဆင်မပြေဖြစ်ခဲ့တယ်။တော်တော်ဆိုးဆိုးဝါးဝါးပါပဲ"

"ဘယ်တုန်းကဖြစ်ခဲ့တာလဲ"

"မနေ့ကပါ၊အဘွားကြီးဟာ ကျွန်မမိခင်ရဲ့လက်ပတ်နာရီကို ပတ်ပြီးပမာမခန့်လုပ်နေတယ်လေ"

မီးဖိုကိုစိုက်ကြည့်ရင်း သူမပြောသည်။မီးရောင်ကြောင့်နံရံ ကပ်စင်ပေါ်မှ ဆုဖလားများမှာ အရောင်တောက်နေသည်။

"ကျွန်မမလိုတာတွေပြောမိပြီထင်ပါရဲ့"သူမကဆက်ပြော သည်။"ဒါပေမယ့် ဖေဖေရော ဟာရီကပါ ကျွန်မကို ဂရုမစိုက်ကြဘူး။ ဖေဖေကတော့ သူ့အလုပ်ကိစ္စအတွက် အမြဲစိတ်ဆင်းရဲနေလို့အပြစ် မတင်သင့်ပါဘူး။ဟာရီလဲ ဒီမိန်းမကြီးကို သဘောမကျပါဘူး။ ဒါပေ မယ့်အဘွားကြီးက သူ့ကိုသဘောကျနေတယ်။ ဒီအတွက်ဟာရီဟာ စိတ်ကြီးဝင်နေတယ်လေ။သူကလဲ အန်တီရိုနီဘက်ကပဲ၊ သူ့မှာ အလုပ်မရှိတဲ့အတွက်အန်တီရိုနီကိုမှီခိုနေရတယ်။ကျွန်မမှာ သူတို့အ လယ်မှာ တွယ်ရာမဲ့ဖြစ်နေတယ်။ ဒေါ်လီဒါလုပ်လိုက်၊ ဒေါ်လီဟိုဟာ လုပ်ဦး။ညီမလေးဒေါ်လီဒါလုပ်လေ။ သူတို့ခိုင်းတာကို လုပ်နေရတယ်။ မနေ့ကတော့ ကျွန်မအမေရဲ့လက်ပတ်နာရီကိုပတ်ပြီး အိမ်ပေါက်ဝမှာ ရပ်နေတယ်။ ကျွန်မတို့မှာ အိမ်ဖော်တစ်ယောက်တောင် မထားနိုင်တဲ့ အတွက် သနားတယ်လို့လဲ ပါးစပ်ကပေါင်ဖွာ ပေါင်ဖွာနဲ့ပြောနေ တယ်။ တစ်ခုခုလုပ်သင့်ပြီလို့ ကျွန်မစိတ်ထဲမှာ ဆုံးဖြတ်လိုက်တယ်။ ဟုတ်တယ် တစ်ခုခုလုပ်မိတယ်လို့လဲ ကျွန်မထင်တယ်"

ဂျိန်းဆင်က သူမလက်ကို လှမ်းကိုင်သည် "ဟုတ်ပြီအဲ့ဒီ တော့ ခင်ဗျားဘာလုပ်ခဲ့သလဲ"

"ကျွန်မတကယ်မသိပါဘူး။ အဲဒါခက်နေတာပေါ့"

"သေချာရဲ့လား"

"မသေချာဘူး။အိပ်မက်မက်ပြီး လမ်းလျှောက်သွားနေချိန်မှာ ဘာမှတိတိကျကျမမှတ်မိနိုင်ဘူး"

"ဒါဟာရယ်စရာမကောင်းဘူးလား" သူမက ပြောပြီးအတန်ကြာအောင်ရယ်နေပြန်သည်။ "ကျွန်မအဖို့တော့ရယ်စရာမကောင်းပါဘူး။ကျွန်မကလေးဘဝကတည်းက စန္ဒာကိုယ်သိပ်ပင်ပန်းတဲ့အခါ စိတ်သိပ်ပင်ပန်းတဲ့အချိန်မှာ ဒီလိုဖြစ်တတ်တယ်။ တစ်ခါက ကျွန်မဟာအိပ်မက်မက်ပြီး အောက်ထပ်ကို ဆင်းလာတယ်။ ထမင်းစားခန်းထဲမှာ မီးဖိုတယ်။ ထမင်းစားပွဲမှာ စားစရာတွေပြင်ခဲ့တယ်။ ခဏခဏတော့မဖြစ်ပါဘူး။ အခုလောက်ဆိုးဝါးတဲ့ အဖြစ်မျိုးတစ်ခါမှမဖြစ်ခဲ့ပါဘူး"

သူမက ခြောက်ကပ်စွာရယ်နေပြန်သည်။ "ကျွန်မဖေဖေနဲ့ဟာရီကပါဒါကိုကျွန်မလုပ်တယ်လို့ထင်နေတယ်။အဲ့ဒီအတွက်ကျွန်မစိတ်ထိခိုက်မိတယ်။ ကျွန်မကိုယ်တိုင် ဘာလုပ်မိတယ်ဆိုတာကိုတောင်တကယ်မသိပါဘူး"

ထိုကိစ္စမှာဆိုးလှသည်။

သူဘာမှမပြောဘဲ အခန်းထဲမှာ လျှောက်ကြည့်နေလေသည်။သူမ၏အညိုရောင်မျက်လုံးများက သူ့ကိုလိုက်ကြည့်နေသည်။ သူမ၏မျက်နှာမှာ တင်းမာနေသည်။

"ဒါဟာ အဓိပ္ပာယ်မရှိဘူး"

"ဒီလိုလဲမပြောပါနဲ့ရှင်။ အဲ့ဒီအချိန်က ကျွန်မဟာ ပုံမှန်စိတ်မရှိနေခဲ့ဘူးဆိုတာ မမေ့ပါနဲ့"

"မင်းကိုယ်မင်း အဲ့ဒီ အမျိုးသမီးဆီကို သွားတယ်လို့ထင်တယ်။ဘာမှလဲသေသေချာချာမပြောနိုင်ဘူး"

"ကျွန်မဟာ အိပ်မက်မက်ပြီး မီးဖိုတာကိုပဲ မှတ်မိခဲ့တယ်"

"ဒါကိုမေးတာမဟုတ်ဘူး။ မင်းအဲ့ဒီကိစ္စကို လုပ်မိတယ်လို့ ထင်သလား"

"မထင်ပါဘူး"

သူ့ကိုသူမ ယုံကြည်မှုကြောင့် သူမအသံက ဖော်ပြနေသည်။ သူတို့နှစ်ယောက်အကြားတွင် နားလည်မှုနှင့် သနားကြင်နာမှုများအပြန်အလှန်ရှိနေသည်။ တစ်ယောက်ကိုတစ်ယောက် သံယောဇဉ်ရှိကြောင်း ဖုံးကွယ်မရအောင်ပေါ်နေသည်။

"ကျွန်မ သေသေချာချာ စဉ်းစားပါတယ်။ မဖြစ်နိုင်ဘူး။ဒါကို ကျွန်မမလုပ်ခဲ့ဘူး။ ကျွန်မအိပ်ရာထပြီး လမ်းလျှောက်တာတော့ ဖြစ်နိုင်တယ်။ ကျွန်မကိုယ်ပေါ်မှာ သွေးတစ်စက်တောင်မရှိဘူး။ ကျွန်မဒီအမှုကို ကျူးလွန်တယ်လို့ရှင်ဘယ်လိုသက်သေပြမှာလဲ"

ခဏအကြာတွင် သူမပြောပြပြန်သည်။

"ကျွန်မ အဲ့ဒီကိုသွားခဲ့လိမ့်မယ်။ ဒါဟာမငြင်းနိုင်တဲ့အချက်ပဲ။ အိပ်တစ်ဝက် နိုးတစ်ဝက်နဲ့ ပြန်လာတာကို မှတ်မိတယ်။ မြက်ခင်းပေါ် မှာ ရပ်နေခဲ့တယ်။ အဲ့ဒီအချိန်မှာ နှင်းတွေကျနေတယ်။ ညဝတ်အင်္ကျီပေါ်မှာ သားမွေးကုတ်ထပ်ဝတ်ထားတယ်။မျက်နှာကို နှင်းငွေ့တွေလာဟပ်ပြီး ဖိနပ်မှာလဲနှင်းတွေစိုနေတယ်။ ကျွန်မ တစ်ကိုယ်လုံးတုန်နေတယ်။ အဲ့ဒီနောက် ပြန်ပြေးလာတာကို မှတ်မိတယ်။ ဒါလောက်ပဲ ကျွန်မ မလုပ်ရင်ဒီ့ပြင်ဘယ်သူလုပ်မှာလဲ"

"ခွင့်ပြုပါခင်ဗျာ" အသံတစ်သံက လေးစားစွာပြောလာသည်။ "မီးဖွင့်မယ်နော် စိတ်မရှိပါနဲ့"

မီးခလုတ်ဖွင့်သံကြားရပြီးနောက် အခန်းထဲတွင် မီးလင်းလာ

သည်။ပြုံးရွှင်သော မျက်နှာဖြင့် ကာနယ်မတ်(ချ်)ဝင်လာသည်။သူ့ကိုယ်တွင် ပတ်ထားသော မိုးကာအင်္ကျီမှာ တဲတစ်လုံးထိုးလို့ရအောင်ကြီးလှသည်။ ဆောင်းထားသော သက္ကလပ်ဦးထုပ်မှာလည်း အလွန်ကြီးသည်။မှဲ့ပြောက်များရှိသော သူ့မျက်နှာမှာ အေးဆေးတည်ငြိမ်နေသည်။ ဆေးတံကို အသံထွက်အောင် ရှိုက်နေသည်။ ဆေးတံမီးသည် သူ့သဲညိုရောင် နှုတ်ခမ်းမွှေးကို မီးကူးတော့မလိုဖြစ်နေသည်။

"ဩော် ဂျိန်းဆင်ပါလား" သူကနှုတ်ဆက်သည်။ ထို့နောက် ဆေးတံကိုပါးစပ်မှ ချွတ်ပြီးခါနေလေသည်။ "အိမ်ထဲဝင်သွားတာ ခင်ဗျားလို့ ကျွန်တော် ထင်လိုက်မိတယ်။ ဒါပေမယ့် ဝင်လာဖို့ မသင့်ဘူးလေ၊ အခုလာတာ မစ္စဘာရန့်ကို အချက်နှစ်ချက် ပြောချင်လို့ပါ"

ဒေါ်ရိုသီက လှည့်ကြည့်သည်။

"ပထမအချက်" ကာနယ်ကပြောပြသည်။ "မစ္စက်တော့ဟန် မသေပါဘူး။ စကားပြောနိုင်လိမ့်မယ်။ ဒုတိယအချက်က မြက်ခင်းပေါ်မှာ ထူးခြားတဲ့ ပစ္စည်းတွေ တွေ့ရတယ်"

ဂျိန်းဆင်လေချွန်လိုက်သည်။ "မင်းသူနဲ့တွေ့ပြီးပြီလား" ဒေါ်ရိုသီကို မေးလိုက်သည်။ "သူဟာ ထူးခြားမှုခင်းဌာနရဲ့အကြီးအကဲပဲ၊ ဒီအမှုဟာ ထူးခြားတဲ့အတွက် သူ့ကိုခေါ်တာဖြစ်လိမ့်မယ်။ သူဟာခက်ခဲတဲ့အမှုတွေကို ဖော်ထုတ်ဖြေရှင်းနိုင်ခဲ့တယ်။ ကိုယ်သိသလောက် ပြောရရင် လျှို့ဝှက်တဲ့အခန်း၊လမ်းပျောက်နေတဲ့ အလောင်း၊ ဝှက်ထားတဲ့ ပရိဘောဂများစတဲ့အမှုတွေကိုဖော်ထုတ်ဖြေရှင်းနိုင်ခဲ့တယ်။ သူစိတ်ဝင်စားလာပြီဆိုရင် အဲ့ဒီအမှုဟာ ထူးခြားပြီသာ မှတ်ပေတော့၊ မင်းမငိုပါနဲ့တော့"

ကာနယ်မတ်(ချ်)က လေးနက်တည်ကြည်စွာ ခေါင်းညိတ်

နေသည်။ "ဟုတ်တယ်…ဒါကြောင့် ကျုပ်ဒီကိုလာခဲ့တာပဲ။ အဲ့ဒီခြေရာကို ကျုပ်စိတ်ဝင်စားမယ်လို့ သူတို့ထင်နေကြတယ်လေ"

"ခြေရာ" ဒေါ်ရှီသီက ရေရွတ်လိုက်သည်။ "ရှင်ဘာကိုဆိုလိုတာလဲကာနယ်"

"မဟုတ်ဘူး။ မဟုတ်ဘူး။ ခင်ဗျားခြေရာကိုပြောတာမဟုတ်ဘူး မစ္စဘာရန့်။ နောက်ခြေရာတစ်ခု ကျုပ်ရှင်းပြပါရစေ။ ကဲခင်ဗျားတို့ နှစ်ယောက် ပြတင်းပေါက်ကို ထသွားပြီး အပြင်ကိုလှမ်းကြည့်ကြပါ။ အိမ်နှစ်အိမ်ကြားမှာရှိတဲ့ ပုဏ္ဏရိပ်စည်းရိုးကိုကြည့်ပါ။ နည်းနည်းတော့ မှောင်နေပြီ။ သေသေချာချာကြည့်ပါ"

ဂျိန်းဆင်က ပြတင်းပေါက်မှရပ်ပြီး အပြင်ကိုကြည့်လေသည်။

"ခြုံစည်းရိုးက ဘယ်လိုထူးခြားနေလို့လဲ" သူကမေးသည်။

"ခြုံစည်းရိုးက မထူးခြားပါဘူး။ ကဲခင်ဗျားကို ကျွန်တော်မေးပါရစေ၊ လူတစ်ယောက်ဟာ အဲ့ဒီအပေါ်က တက်လျှောက်လို့ရမလား"

"မရနိုင်ဘူး"

"ဘာဖြစ်လို့လဲ"

"ခင်ဗျားဘာဆိုလိုတယ်ဆိုတာကို ကျွန်တော်မသိဘူး"

ဂျိန်းဆင်က ဝင်ပြောသည်။ "သဘာဝကျကျပြောပြမယ်။ ခြုံစည်းရိုးဟာ နှစ်လက်မလောက်ပဲထူတယ်။ ကြောင်တစ်ကောင်တောင် တက်လျှောက်လို့မရနိုင်ဘူး။ အဲ့ဒီအပေါ်ကို ခင်ဗျားတက်ရင် ပြုတ်ကျမှာပဲ"

"ဟုတ်တာပေါ့၊ ဒါဆိုရင် ကိုယ်အလေးချိန်တစ်ဆယ့်နှစ်စတုန်ရှိတဲ့ လူတစ်ယောက်ဟာ အဲ့ဒီအပေါ်ကိုတက်ခဲ့တယ်လို့ ခင်ဗျား

ကိုပြောရင်ယုံမလား"

မည်သူမှမဖြေကြပေ။ ထိုကိစ္စမှာ လုံးဝမဖြစ်နိုင်သဖြင့် မဖြေခြင်းဖြစ်သည်။

ဒေါ်ရိုသီဘရန်နှင့် ဒင်းနစ်ဂျိမ်းဆင်တို့ တစ်ယောက်ကိုတစ်ယောက်လှမ်းကြည့်နေကြသည်။

"တစ်ယောက်ယောက်ဟာ ဒီအပေါ်ကိုတက်ဖို့ကြိုးစားခဲ့ပုံရတယ်။ ကာနယ်မတ်(ချ်)ကပြောပြသည်။ "ခြံစည်းရိုးကိုထပ်ကြည့်ပါဦး တစ်နေရာမှာပေါက်နေတာ တွေ့လိမ့်မယ်။ ပြီးတော့ ခြံစည်းရိုးဘေးကနင်းပြင်ပေါ်မှာ ခြေရာတွေ့ရတယ်။ သိပ်တော့မထင်ရှားဘူး။ ဒါပေမယ့် ခြေဖနောင့်ရာကိုကြည့်ရုံနဲ့ အလွန်ကြီးကြောင်း ခန့်မှန်းလို့ရတယ်။"

ဒေါ်ရိုသီ၏ဖခင်အခန်းထဲသို့ ခပ်မြန်မြန်တက်လာပြီး စကားပြောရန် ဟန်ပြင်ပြီးမှ ကာနယ်မတ်(ချ်)ကိုမြင်သဖြင့် မပြောပဲနေလိုက်သည်။ ဒေါ်ရိုသီဘေးတွင် ဝင်ထိုင်သည်။

"ဒါဆိုရင်တစ်ယောက်ယောက်ဟာ ခြံစည်းရိုးပေါ်ကိုတက်ခဲ့တယ်လို့ယူဆရမယ်" ဂျိမ်းဆင်ကပြောပြန်သည်။

"ဒါကို ကျုပ်အံ့သြနေတာပဲ" ကာနယ်မတ်(ချ်)ကပြောသည်။ "ဒီအပေါ်ကို သူဘယ်လိုတက်နိုင်မှာတဲ့လဲ"

ဂျိမ်းဆင်က "ခြံစည်းရိုးဟာ အိမ်နှစ်အိမ်ရဲ့အကြားမှာရှိတယ်။ အရေးကြီးတာက လူတစ်ယောက်ဟာ ဒီနေရာကနေပြီး ဟိုအိမ်ကို ဘယ်လိုသွားသလဲဆိုတာပဲ။ ပေခြောက်ဆယ်အကွာအဝေးကို ပျော့နေတဲ့မြေပြင်ပေါ်မှာ ခြေရာမထင်ဘဲ သွားရမယ်။ မစ္စဘရန်မှာ အပြစ်မရှိဘူးဆိုတာ ခင်ဗျားသိပါတယ်"

"မစ္စတာဘရန်မှာ အပြစ်မရှိပါဘူး။ ကျုပ်ယုံပါတယ်"

"ဒေါ်လီဟာ ဒီအလုပ်ကို လုပ်မှာမဟုတ်ဘူးလို့ ကျွန်တော် ပြောပါတယ်။ ဒါပေမယ့် သူတို့က" ကာနယ်မတ်(ချ်)က ဆက်မပြော ရန်လက်ကာပြသဖြင့် မစ္စတာဘရန့်စကားရပ်သွားသည်။

ကာနယ်မတ်(ချ်)က ရှင်းပြပြန်သည်။ "သူခိုးဟာခင်ဗျားအ မေရဲ့လက်ဝတ်လက်စားတွေကို လိုချင်တာမဟုတ်ဘူး။မစ္စဘရန့်၊ သူလို ချင်တာဟာ စားပွဲထဲမှာရှိတဲ့ ပေါင်တစ်ထောင်ငါးရာနဲ့ ရွှေဒင်္ဂါးတွေပါ။ မစ္စက်ပောဟတန်ဟာ ငွေနဲ့အဖိုးတန်ပစ္စည်းတွေကို အမြင်မလှတဲ့စားပွဲဟောင်းအံဆွဲထဲမှာပဲထားတယ်။ မစ္စက်ပောဟတန် ရဲ့ အိမ်ကို ဖောက်ထွင်းသူတစ်ယောက်ဟာ ဒီစားပွဲဟောင်းကို နောက်ဆုံးမှရှာလိမ့်မယ်။ ဘယ်ဖောက်ထွင်းသူမဆို ဒီအတိုင်း လုပ်မှာပဲ။ဒါပေမယ့်တစ်ယောက်ကတော့ ချွင်းချက်ဖြစ်တယ်"

မစ္စတာဂရန့် မျက်လုံးပြူးသွားသည်။ဂျိမ်းမေဆင်မှာ ပါးစပ် ဟပြီးအံ့အားသင့်နေသည်။

"တကယ်တော့ မစ္စဘရန့်ဟာ လူတစ်ယောက်ရဲ့အပြစ်ပုံချ တာကို ခံရတာပါ။မုန်းတီးလို့လုပ်တာတော့ မဟုတ်ပါဘူး။သူ့အပြစ် သူလွတ်အောင် လုပ်တာပါ"

အားလုံးပင် ကာနယ်မတ်(ချ်)ကိုစိုက်ကြည့်နေကြသည်။သူ ဆက်ပြောမည့်စကားကိုစိတ်ဝင်စားနေကြသည်။

"အခု ခင်ဗျားဘာလုပ်ခဲ့တယ်ဆိုတာကို ပြောပြမယ်။မစ္စဘ ရန့်"ကာနယ်က ပြောပြန်သည်။ သူ့မျက်နှာမှာ တည်ကြည်လေးနက် နေသည်။ "မနေ့ညက ခင်ဗျားအပြင်ကိုထွက်ခဲ့တယ်။ ဒါပေမယ့်မစ္စက် တောဟာန်ရဲ့အိမ်ကိုမရောက်ခဲ့ဘူး။အခုတွေ့တဲ့ခြေရာတွေဟာလဲခင် ဗျားခြေရာမဟုတ်ဘူး။ ခင်ဗျားဟာညက အိပ်မက်မက်ပြီး အပြင်ကို

ထွက်လျှောက်ခဲ့တယ်။ ဒါပေမယ့် မိုးဖွားတွေကျနေလို့ မိုးမတိတ်ခင် အိမ်ထဲပြန်ဝင်ခဲ့တယ်၊ ခင်ဗျားခြေရာတွေက မိုးရေကြောင့်ပျောက်သွားတယ်"

"အဲဒီအချိန်မှာ လူတစ်ယောက်ဟာ အိပ်ရာက နိုးနေတယ်။ သူဟာ ခင်ဗျားထွက်သွားတာကို သိတယ်။ ပြန်ဝင်လာတာကိုလဲသိတယ်။ အဲဒါဟာသူ့အတွက် အခွင့်အရေးဆိုတာသိလိုက်တယ်။ သူဟာ ခင်ဗျားအခန်းထဲကိုလာပြီး ဖိနပ်ကိုယူတယ်၊ မိုးတိတ်သွားချိန်မှာ မစွက်တော့ဟန်ရဲ့ အိမ်ကိုသွားတယ်။ အစကတော့ အန္တရာယ်ပေးဖို့ မရည်ရွယ်ပါဘူး။ သူရောက်သွားချိန်မှာ မစွက်တော့ဟန်အိပ်ရာက နိုးလာပြီး အော်မယ်လုပ်တာကြောင့် ရိုက်ခဲ့တာပါ။ အဲဒီလူဟာ ဟာရီဗင်တာပဲ"

"ဟာရီ" ဒေါ်ရှိသီအံ့အားသင့်စွာ ရေရွတ်လိုက်သည်။ သက်ပြင်းချပြီး သူမဖခင်ကို လှမ်းကြည့်နေသည်။

မစ္စတာဘရန့်မှာ ရှေ့သို့ စူးစိုက်ကြည့်နေသည်။ မျက်နှာပေါ်တွင် စိုးရိမ်စိတ်များရှိနေဆဲဖြစ်သည်။ သူက ကာနယ်ကိုကြည့်ပြီးပြောသည်။

"ခင်ဗျားပြောတာမဖြစ်နိုင်ဘူး"

"ဘာဖြစ်လို့လဲ"

"မြေပြင်ပေါ်မှာ တွေ့တဲ့အသွားအပြန်ခြေရာတွေဟာနံပါတ်လေးဖိနပ်ရာဖြစ်နေတယ်။ ဟာရီဟာ အဲဒီဖိနပ်ကို မစီးနိုင်ဘူး။ သူ့ခြေထောက်ဟာ ကျွန်တော်ခြေထောက်ထက်ကြီးတယ်။ ဟာရီဟာနံပါတ်(၁၀)ဖိနပ်စီးရတယ်။ ကျွန်တော့်သမီးစီးတဲ့ဖိနပ်ကို သူဘယ်လိုမှ မစီးနိုင်ဘူး"

"ဟုတ်တယ်။သူခြေထောက်တွေနဲ့မစီးနိုင်ပေမယ့်သူ့လက်တွေ သွင်းလို့တော့ရတယ်"

အခန်းထဲတွင် တိတ်ဆိတ်သွားသည်။ ဤတွင်ကာနယ်မတ်(ချ်)က ရှင်းပြသည်။

"ဟာရီဗင်တန်ဟာ သူ့လက်နှစ်ဘက်ကို ဖိနပ်မှာစွပ်ပြီးတစ်ဘက်အိမ်ကို လက်ထောက်ပြီးသွားခဲ့တယ်။ သူ့လိုဘားဂျမ်းသမားတစ်ယောက်အတွက် ဒီအလုပ်ဟာ ဘာမှမခက်ဘူး။ ခြံစည်းရိုးနံဘေးမှာ စက္ကူမတ်တပ်ရပ်တယ်။ လက်ညောင်းလို့ခဏနားတဲ့သဘောပဲ။ ကြိုတင်ပြီး သော့တုလုပ်ထားတဲ့အတွက် အိမ်ထဲကိုအလွယ်တကူဝင်လို့ရတယ်။ အဲ့ဒီခြေရာကိုတွေ့လို့ကျုပ်ဒီအမှုကိုဖော်နိုင်တာ သူ့ခြေရာဟာ ကောင်းကင်မှာပဲထင်လိမ့်မယ်"

ထိုအခိုက် ဧည့်ခန်းထဲသို့ရဲအရာရှိမေဆင်ဝင်လာသည်။သူကကာနယ်မတ်(ချ်)ကိုပြောလေသည်။

"ဟာရီဗင်တန်ကိုဂိုင်း(လ်)ဖို့(ဒ်)မှာ ဖမ်းမိထားပြီ။ ခြေရာကို ကျွန်တော်တို့ခါတ်ပုံရိုက်တာမြင်ကတည်းက သူ့မှားသွားပြီဆိုတာသိလို့လစ်ထွက်ပြေးတာပဲ၊ သူ့အပြစ်ကျူးလွန်ကြောင်းလဲဝန်ခံပါတယ်"

ဒေါ်ရှိသီဘရန်က ကာနယ်မတ်(ချ်)ကျေးဇူးတင်စွာ ကြည့်နေသည်။

"ကျွန်တော်အခုမှပဲ စိတ်အေးသွားတယ်" ဒင်းနစ်ဂျိန်းဆင်ဝင်ပြောသည်။ "တရားခံဟာ မစ္စတာဘရန်ဖြစ်မယ်လို့ကျွန်တော်တွေးပြီး စိုးရိမ်နေခဲ့တာ"

"ကျွန်မလဲဒယ်ဒီအတွက် စိုးရိမ်နေခဲ့တယ်။အခုတော့ စိတ်အေးသွားပြီ" ဒေါ်ရှိသီက သူ့မဖခင်လက်ကို ဆုပ်ထားပြီးပြောသည်။

ကာနယ်က အေးဆေးတည်ငြိမ်စွာ ရှင်းပြပြန်သည်။

"ကျွန်တော်တို့ ဌာနဟာ ထူးထူးဆန်းဆန်းအမှုတွေကို စစ်ဆေးရပါတယ်။ ခင်ဗျားနဲ့ အထပ်ခိုးမှာ သရဲရှိတယ်လို့ထင်ရင်ဒါမှမဟုတ် ခြံစည်းရိုးပေါ်ခြေရာတွေ့ရင် ကျွန်တော်တို့ဆီကို တယ်လီဖုန်းဆက်ပြီးပြောပါ။ ကျွန်တော်တို့ဟာ ထူးခြားတဲ့အချက်တွေကိုပဲ ရှာကြပါတယ်။ ဒီအမှုကို လက်ထောက်ပြီးလမ်းလျှောက်နိုင်တဲ့ လူတစ်ယောက်က ကျူးလွန်တယ်ဆိုတာကို သိပါတယ်။ ဒါပေမယ့် လက်မသန်စွမ်းတဲ့ လူတစ်ယောက်ဟာ လက်ထောက်ပြီးလမ်းလျှောက်နိုင်မယ်လို့လဲ မထင်ပါဘူး"

ဘနွှင်း(မြန်မာပြန်)

□ □ □


ဖြစ်ရပ်မှန်မှုခင်းမဏ္ဍိုင်
မြှောကပင်ပြုကောက်
မောင်တည်တုံ့(ယင်းတော်)

## ၄။ မောင်တည်တံ့(ယင်းတော်)
## မြေဇာပင်ပြဇာတ်
## (နိဒါန်း)

မြေကြီးလက်ခတ်မလွဲသော သဘောတရားအရ ကလေး နှစ်ယောက်၏ အနာဂတ်တို့မှာ နတ်ဆိုးလေးတစ်ကောင်၏ ကိုက်ခဲခြင်းကိုခံလိုက်ရလေပြီဆိုတာပင်။

လိင်အမျိုးအစားမတူသူနှစ်ဦးတို့မှာ ချစ်ခြင်းတရားကိုအကြောင်းပြုကာ လက်ထပ်ပေါင်းသင်းကြသည်။ ထို့အတွက်မည်သူတစ်ဦးတစ်ယောက်၏တိုက်တွန်းအားပေးချက်ကိုမှ လက်ခံစရာမလိုခဲ့ကြပါ။

သို့ပေမယ့် ... ရင်ဘတ်အတွင်းမှ နှလုံးသား၏လှုံ့ဆော်မှုတွေကြောင့်ဟု ထပ်ဆင့်ကာအကြောင်းပြကြပြန်သေးသည်။

ချစ်သည်။အရမ်းကိုချစ်သည်။

တစ်ကယ်တော့၊ အချစ်သည် အချစ်သာဖြစ်၍အချစ်နှင့်တဏှာရာဂကို တိတိပပ ခွဲခြမ်းစိတ်ဖြာနိုင်ခြင်း ဦးနှောက်များယွင်းလေသောအခါ...။

တူနစ်ကိုယ်တဲ့အိုပျက်မှာ ထမင်းရည်ပဲလျှက်ရပါစေဆိုသောစကားသည် လူ့အဖြစ်ကို ရထားပါလျှက် ခွေးဝဲစားသဏ္ဍာန်အသွင်ကိုဖန်ဆင်းပစ်လိုက်လေသလား။

ချစ်ခြင်းတရားသည်ယောက်ျားတော်တော်များများ၏နှလုံးသား၌ တသမတ်တည်း ရှိမနေခြင်းကို ကမ္ဘာ့တွေးခေါ် ပညာရှင်များတိတိကျကျရှင်းတမ်းမထုတ်သေးပါ...။

လောကသည် လောကသာဖြစ်သည်။ ကံကြမ္မာသည်ကံကြမ္မာသာဖြစ်သည်။ သို့ပေမယ့်ကံကြမ္မာနတ်ဆိုးသည်ဒုက္ခတရားတွေကို ကျူးလွန်သူထံ နောက်ပါမိုလ်အခြံအရံများနှင့် အချိန်မလပ်စောင့်ဆိုင်းလျှက်ရှိသည်။

တစ်ဦးကိုတစ်ဦး ချစ်မြတ်နိုးခဲ့မင်ကြပြီးနောက် ကမ္ဘာ့မြေပြင်ပေါ်တွင် အသိုက်တစ်ခုတည်ဆောက်ကာ ချစ်မြတ်နိုးခြင်းအတွက်သက်သေထူလိုက်ကြလေပြီ။

နနတင်ဆိုသော သူမ...။သူမ သန်းမြင့်ကိုတစ်သက်မှာတစ်ခါသာဆိုသော အချစ်မျိုးနှင့် ချစ်မက်ခဲ့တာကြောင့် ဘဝတစ်ခုလုံးကိုပုံအပ်ပစ်ခဲ့လိုက်သည်။ သူမသည်တစ်ကောင်ကြွက်မလေးဖြစ်သည်။ ထို့ကြောင့်...သန်းမြင့်မျက်နှာကိုတစ်ရွာထင်ခဲ့သည်။ အိမ်ထောင်ကျခါစကတော့ သန်းမြင့်က သူမကိုဂရုတစိုက်ရှိသည်။

သို့ပေမယ့်. . . အလုပ်ကိုတော့ လက်ကြောတင်းအောင်မလုပ်။ ကြော့ကြော့မော့မော့လေးနေသည်။ ထို့အတွက် ကိစ္စမရှိ။ သူမအဖို့က ဆေးမှင်ရည်စုတ်ထိုးခဲ့မိလေပြီမဟုတ်လား...

ထိုသို့ဖြင့် အကြီးကောင်ခြောက်နှစ်၊ အငယ်မသုံးနှစ်အရွယ်သို့တိုင်လာခဲ့သည်။ ထိုအချိန်အထိ သန်းမြင့်အလုပ်မလုပ်ပါ။ အိမ်၏စားရိပ်မှန်သမျှကို သူမကသာ ခန္ဓာကိုယ်မှ ချွေးစက်တွေနှင့်ရင်းကာဖြည့်ဆည်းခဲ့သည်။

သူမအဖို့က တစ်လင်မှနစ်လင်သို့ မပြောင်းလိုတော့ပြီ။ ထို့ကြောင့် . . . အိမ်ထောင်ဦးစီးဟု အများကသမုဒ်ထားသော လင်ယောကျ်ား သန်းမြင့်ကိုရစ်တွယ်ထားခဲ့သော သံယောဇဉ်တို့ လွှမ်းခြုံကာ တစ်နေ့နေ့တော့သာယာခြင်းများဖြစ်လာမှာပါဆိုသည့် မျှော်လင့်ချက်ဖြင့် မနက်ဖြန်တွေကိုစတေးခဲ့သည်။

သို့ပေမယ့်...

လင်ယောကျ်ားတစ်ယောက်၊ အိမ်ထောင်ဦးစီးတစ်ယောက်ဆိုသည့်ဂုဏ်ဒြပ်ကိုပိုင်ဆိုင်ထားပါလျက် သားကျွေးမှု၊ မယားကျွေးမှုမရှိခြင်းကို သူမအတတ်နိုင်ဆုံး ခွင့်လွှတ်ပေးခဲ့သည်။

သူမ၏ခွင့်လွှတ်ပေးမှုများနှင့် သားသမီးတို့၏မျက်နှာကိုလုံးဝမငဲ့ညှာရက်သော ခင်ပွန်းသည် သန်းမြင့်...။

အရပ်ကတိုးတိုးတိတ်တိတ် ပြောလာကြသည့် စကားလုံးတွေ သူမနားစည်ထဲတိုးဝင်လာတော့ သံရည်ပူတွေနှင့် လောင်းလိုက်သည့်အလား...။

သို့ပေမယ့်...ကလေးနှစ်ယောက်၏မနက်ဖြန်တွေကိုငဲ့ညှာကာသူမဖြောင့်ဖျပြောဆိုခဲ့သည်။

သန်းမြင့်ကတော့ငြင်းဆန်မြဲ။ဘူးကွယ်မြဲ...

သူမကြိတ်ပြီး ပြုံးမိခဲ့သေးသည်။ ကိုယ်နှင့်စုနစ်နစ်နီးပါး ပေါင်းလာသည့်ယောက်ျားပဲ။ အလုံးစုံမဟုတ်တောင် တစ်ချို့တစ်ဝက်တော့သိတာပေါ့...။

စိတ်ကိုလျှော့ထားပါနနုတင်...

စိတ်ကို အတတ်နိုင်ဆုံး လျှော့ထားပါနနုတင်...

မနက်ခင်းအစော လေးနာရီလောက်မှာ အိပ်ယာကထရသည်။ ထို့နောက်ကပျာကယာမျက်နှာသစ်ကိုယ်လက်သန့်စင်ကာ ရွာအနောက်ပိုင်းမှ အမဲသတ်ရုံသို့ သွားရသည်။ အမဲသတ်ရုံမှ ကိုယ်ရောင်းလိုသည့် အသားများကိုယူပြီး အိမ်သို့ခေတ္တပြန်လာရသည်။ အိမ်ရောက်သည်နှင့် ထမင်းနှင့်ဟင်းကို အမြန်ချက်ကာ သားအဖသုံးယောက်အတွက် ထားခဲ့ရသည်။ သူမအတွက်လည်းပလတ်စတစ်ဘူးလေးနှင့် ထည့်သွားရသည်။ နောက်တော့...အိပ်ပျော်နေဆဲသားနှင့် သမီးတို့၏ မျက်နှာလေးတွေကို တစ်ဝနမ်းရှိုက်ကာ တစ်ဘက်ရွာသို့ သွားရောက်ပြီး ရွာရိုးကိုးပေါက်လည်ရောင်းရသည်။

ထိုသို့ဖြင့် နေ့လည်နှစ်နာရီထိုးတော့ အိမ်ကိုပြန်ရောက်။ အိမ်မှုကိစ္စဝိစ္စတွေလုပ်နှင့် တစ်နေကုန်ခဲ့ရသည်။

သူမအဖို့ နားချိန်ဆိုသည်မှာ အိပ်ပျော်သွားသော အချိန်လေးမျှသာ။ ဒါတောင်...အိပ်မက်ထဲမှာ သူမ၏သားသမီးနှစ်ယောက် အနာဂတ်အတွက် ပူလောင်မှုတွေက ဝင်ရောက်နေရာယူသေးသည်။

အခုလည်း ထုံးစံအတိုင်း နံနက်လေးနာရီတုံးမောင်းခေါက်သံမဆုံးခင် အိပ်ယာမှလူးလဲထလိုက်သည်။

ဘေးမှာခင်ပွန်းသည် သန်းမြင့်မရှိ...။

ရင်ထဲမှာ ထူပူသွားသည်။သွေးသားတို့ ဆူဝေသွားသည်။ ခေါင်းအုံးဘေးတွင်ထားသော လက်နှိပ်ဓါတ်မီးကို ယူလိုက်ပြီးကလေး နှစ်ယောက်၏မျက်နှာတွေကို ထိုးကြည့်မိလိုက်သေးသည်။

ဆူဝေလာသည့်ဒေါသတွေကို ချုပ်တည်းလိုက်ကာ၊ထိုင်ရာ မှထပြီး ထုံးစံအတိုင်း မျက်နှာသစ်ကိုယ်လက်သန့်စင်လိုက်သည်။

စိတ်ထဲမှာကတော့...

ဘယ်အချိန်က ထပြီးပျောက်သွားမှန်းမသိရသော ခင်ပွန်း သည်၏အပိုးမကျိုးသည့်မျက်နှာကိုမြင်ယောင်နေမိသည်။ဒင်းကအာ ခုလို လုပ်နေတာဆယ်ကြိမ်မကတော့။ အကြိမ်နှစ်ဆယ်လည်းမက တော့။ဒင်းကြောင့် ဈေးရောင်းမထွက်ရသည့်နေ့တွေ ရှိလာခဲ့သည်၊ အကြွေးတွေ တင်လာခဲ့ပြီ...။

"တော်တော်ရက်စက်တဲ့ကောင်ပဲ"

ထုံးစံအတိုင်း ပလတ်စတစ်ဆွဲခြင်းလေးကို ဆွဲပြီး ထွက်လာ ခဲ့ရပေမယ့် စိတ်တွေက လင်ယောကျ်ားဖြစ်သူကို လုံးဝမကျေနပ်။ခွင့် လွှတ်ဖို့ကြိုးစားရပေမယ့်လည်း ခန္ဓာကိုယ်ထဲမှာ သွေးတွေက ဆူဝေ နေသည်။

တစိမ့်စိမ့်တွေးလေ ခံစားရလေ...တွေးလေတွေးလေဒေါသ ထွက်လေ။

"တောက်...လုပ်ရက်လိုက်တာသန်းမြင့်ရာ...ဖောက်ပြန် စရာရှားလို့။နှစ်လင်ကွာထားတဲ့လေးဆယ်ကျော်နှစ်ခုလပ်အမြဲမကြီး နဲ့မှရယ်လို့ ။ဟင်း...ငါက အဲဒီဟာမကြီးလောက်တောင် တန်ဖိုးမရှိ တော့ဘူးပေါ့လေ...။တွေ့ကြသေးတာပေါ့..."

မဟူရာတွေမရုပ်သိမ်းသေးသည့်ဝေလီဝေလင်းရွာလမ်းမပေါ်မှာ နနတင်၏ခြေလှမ်းတွေက ခပ်ဆောင့်ဆောင့်…။

လင်းကြက်တွေကလည်းအပြိုင်တွန်နေကြသည့်အလား။

နနတင်၏ခြေလှမ်းတွေက ခါတိုင်းနေ့တွေလို ရွာအနောက်ပိုင်းမှာ သားသတ်ရုံဆီသို့မဟုတ်ဘဲ ရွာမြောက်ပိုင်းဆီသို့…။

မည်သူက တွန်းပို့နေသလဲ…။မည်သူက စေခိုင်းနေသလဲ။

ခြံစည်းရိုးစုတ်လေးထဲမှ တစ်ဆင့်အိမ်အိုလေးထဲကို လှမ်းဝင်လိုက်သည်ဆိုလျှင်ပဲ လက်ထဲမှဓာတ်မီးကိုဝှေ့ပြီးကြည့်လိုက်ရာ…

သူမ ချစ်ခဲ့၊ အားကိုးခဲ့ပေမယ့်၊ ချစ်ခြင်းအပြည့်နှင့်အားကိုးရမှုတွေမပေးခဲ့သည့် လင်ယောကျ်ားက နှစ်လင်ကွာအမြုံဟာမကြီး၏ရင်ခွင်ထဲတွင် နိုင်အိပ်မောကျနေ၏။

နှစ်လင်ကွာ အမြုံမကြီးကလည်း ကျွတ်ထွက်သွားမှာစိုးသည့်အလားဖက်တွယ်ထားကာ ဟောက်ပင်ဟောက်နေသေးသည်။

"ဟွန်း…ဒင်းတို့က ခွေးဇာတ်လမ်းခင်းပြီး ခွေးမောမောနေကြပြီပေါ့လေ…"

သူမစိတ်ထဲက ရေရွတ်မိလိုက်သည်။ သွေးသားတွေကလည်းဗလောင်ဆူလာသည်။ ချက်ချင်းဆိုသလိုပင်…။

သူမ၏ညာဖက်လက်ဖဝါးက ပလတ်စတစ်ခြင်းထဲမှထက်မြနေသော သားလှီးဓါးဆီသို့…

မုန်ယိုခဲ့သည့်တဏှာရာဂတွေနှင့် ပျော်ပျော်ကြီးသွေးသားဖောက်ပြန်ပြီး တမေ့တမောအိပ်မောကျနေသော ခန္ဓာကိုယ်နှစ်ခု

၏ရင်ဘတ်ပေါ်သို့ သားလျှီးဓါးကို အားကုန်ရမ်းကာ ဆင့်ကဲဆင့်ကဲ ဆက်တိုက်စိုက်ချပစ်လိုက်လေသည်။

ခန္ဓာကိုယ်နှစ်ခုလုံးမှာ တဆတ်ဆတ်တုန်ရင်းညည်းနေရုံက လွဲ၍မည်သို့မျှမတတ်နိုင်တော့…။

သူမလက်ထဲမှာတော့…

လူအသွေးနှင့်အသားကို မထိဖူးသော ဓါးကဆတ်ဆတ်တုန်နေ၏ ။သူမမျက်နှာကတော့ ခက်ထန်နေဆဲ . . . ။နောက်တော့ သွေးသံတရဲရဲနှင့် ခန္ဓာနှစ်ခုမှာ အနည်းငယ်ငြိမ်ကျသွား သည်။ သူမသတိပြန်ဝင်လာသလိုခံစားလိုက်ရသည်။

နောက်တော့…

သူမ၏ခြေလှမ်းတွေက ကျေးရွာလူကြီးတစ်ဦး၏အိမ်ရှိရာ သို့။ ဝန်းကျင်တစ်ခုလုံးကတော့ မဟူရာအရောင်တွေမင်းမှုနေဆဲ။

**နိဂုံး**

မှောင်နေသည့် ဝန်းကျင်အောက်က အိမ်အိုလေးထဲတွင် အိပ်မောကျနေသော ကလေးငယ်နှစ်ယောက်၏အနာဂတ်တို့မှာ နတ်ဆိုးတစ်ကောင်၏စိတ်ကြိုက်ကိုက်ခဲခြင်းကို ခံလိုက်ရလေပြီ။

"ကလေးတို့ရယ်…"

မောင်တည်တံ့(ယင်းတော်)

❒ ❒ ❒



ဖြစ်ရပ်မှန်မှုခင်းမဏ္ဍိုင်

# ကြံ့မီကြံ့ရာ

မင်းတိုင်ပင်(မြရောင်မြေ)

# ၅။မင်းတိုင်ပင်(မြရောင်မြေ)
# ကြံ့မိကြံ့ရာ

ဘုရားကုန်းရွာ။

မြို့နှင့်ဆို (၅)မိုင်ခန့်ဝေး၏။ဝဝန်ရေကာတာကြီးပေါ်မှဆို လျှင် ဤမြို့လေးသို့စက်ဘီးဆိုက်ကားနှင့်တစ်နာရီခန့်စီးလျှင်ရောက် ပါ၏။ ရေလမ်းခရီးနှင့်တော့စက်လှေ၊လှေ၊သင်္ဘော၊ဖောက်တူတို့နှင့် ဥဒဟိုသွားနေကြပါ၏။ ရောဝတီသင်္ဘောကတစ်ပါတ်လျှင်နှစ်ကြိမ်ကျ တော့ဆိုက်ကပ်၍ကုန်နှင့်ခရီးသည်များတင်ဆောင်ကာ လိုရာခရီးသို့ ပို့စေပါ၏။ ဝန်မြစ်နှင့်အနောက်ရိုးမတောင်တန်းကြီးသည်ဒေသအတူ ရှင်မခွဲ နေကြသည့်အလား မိုးတွင်းအခါ ဝန်မြစ်၏ အနောက်ဖက် ခြမ်းတစ်ဟိုးလုံးရေပြည့်လို့၊ အနောက်ရိုးမကြီးပေါ်မှ စီးဆင်းသမျှ ချောင်းငယ်မြောင်းငယ်တို့က ဤမြစ်ကြီးထဲသို့ရောက်ခဲ့ပါသည်။ မိုးတွင်းရေဆိုရေကြီးရေမြုပ်ကွင်းကြီး။ တစ်ခါတစ်ရံဝန်တာကြီးက ရေလျှံရေကျော်မည့်ဘေးစိုးရိမ်ရသဖြင့် ရေကင်းစောင့်ကြပြီးတာ၏ အခြေအနေကိုစောင့်ကြည့်နေရသည်။ ထိုတစ်မိုးကုန်လျှင်တော့ရေ ကျသွားပေတော့၏။ ဤအချိန်ရောက်လျှင်တော့အနောက်တစ်ဟိုး

ကိုင်းလုပ်သူများ မိမိတို့ကိုင်းကွင်းအတွင်း ပဲမျိုးစုံ၊ ပြောင်းဖူး၊ ကန်စွန်းဥနှင့် နံနံ ပင်၊မုန်ညှင်းမုန်လာဥ၊ စားလို့ရတာ အကုန်စိုက်ကြရ တော့၏။ ရွာကလူတွေက ကိုင်းသမားလယ်သမား၊ တံငါရေလုပ်သား အပြင် ဝါးခုတ်၊ ထင်းခုတ်၊ သစ်ဆွဲတောခလေ့အတိုင်း နိစ္စဓူဝလုပ် ကိုင်နေကြရသည်။ ဝမ်းရေးရှာနေကြရ၏။

ဤရွာမှာ သွပ်မိုးအိမ်ကြီးကြီးနှင့် ကိုင်းဧက (၅၀)အထက် လုပ်နိုင်သူက လယ်သူမကြီး အမေမှုန်ရှိပါ၏။ အမေမှုန်က ဒီရွာ၏ သြဇာရှိသူ၊သီလသမာဓိရှိသူ၊ ဘုရားဒါယိကာမကြီး၊ ကျောင်းအစ်မ ကြီးဖြစ်ပါ၏။ သူ့တွင် သားကိုအောင် တစ်ဦးတည်းသာရှိရာ ယခု အချိန်တန် အရွယ်ရောက်တော့ တစ်ရွာထဲနေသူ မဝေနှင့် အိမ်ထောင် ချထားပေးလိုက်ပါ၏။ မဝေက သမီးအရင်းလို စောင့်ရှောက်ပါ၏။ ကိုအောင်နှင့် မဝေတို့မှာ သားတစ်ယောက်ပဲ မွေးပါသည်။ အဘွား ဒေါ်မှုန်၏အချစ်ဆုံးမြေးလေးမောင်မောင်ဟုအနွတ္တမှည့်ခေါ်ပါသည်။ ယခုဆိုမောင်မောင်နဝမတန်းသို့ရောက်ပြီ။ ရွာအလယ်တန်းကျောင်း မှမြို့အထက်တန်းကျောင်းသို့ နေ့စဉ်ကျောင်းတက်ခဲ့ကြ၏။ ကျောင်း သွားကျောင်းပြန်အတွက် အဖွားဒေါ် မှုန်က စက်ဘီး ဖရီးဇင့်တစ်စီး ဝယ်ပေးထား၏။ အဘွားဒေါ်မှုန်က သူ့မြေးကိုပညာတတ် ဘွဲ့ရကြီးဖြစ် စေချင်လွန်း၍ မြေးလေးကို မျက်ခြေမပြတ် စောင့်ကြည့်၏။ အလို မလိုက်မျက်နှာသာမပေး။ စာကိုကြိုးစားရန် တတွတ်တွတ် အမြဲပြော နေ၏။ ကိုအောင်ကလည်း မူလတန်းနှင့် ကျောင်းထွက်ခဲ့ရ၏။ ပညာ တစ်ပိုင်းတစ်စသာရှိ၏။ "ငါ့မြေးရယ် အဘွားတို့ နကန်းတစ်လုံးမှ

မတတ်ပေမယ့်ငါ့သားတို့မိသားစုထဲမှာ ပညာတတ်ဖြစ်ကိုဖြစ်ရမယ်။ စာကြိုးစားပါငါ့မြေးရယ်"

"ဟုတ်ကဲ့ပါအဘွား ကျွန်တော်ကြိုးစားပါ့မယ်"

"သာဓု...သာဓု...သာဓုပါကွယ်။ငါ့မြေးသက်တော်ရာကျော် ရှည်ပါစေကွယ်"

မောင်မောင်သည် အဘွားဒေါ်မှူန်အား အိပ်ခါနီးတွင် အမြဲ တမ်းကန်တော့အိပ်ခဲ့ပါသည်။

"မောင်မောင်ရေ...မောင်မောင်သွားကြမယ်ဟေ့"

"အေး...အေး၊မောင်နိုင်နဲ့ပေတိုးရေ...လာပြီကွ...လာပြီ"

"ကဲ ငါ့မြေး . . . အဘွားဖို့ နှလုံးငြိမ်ဆေးဝယ်ခဲ့ပေးပါ။ ရော့ ဒီမှာပိုက်ဆံ၊ငါ့မြေးမုန့်ဖိုးက ၂၀၀"

"ဟုတ်ကဲ့အဘွား...ဟုတ်ကဲ့"

"ဟဲ့မောင်နိုင် . . . မင်းအဖေ ကိုရိုးနဲ့မင်းအဘွားဒေါ်ရွှေမိ နေကောင်းကြလား"

"ကောင်းပါတယ်အဘွား"

"နော့ မင်းအဖေကိုရိုး ငါးရှာသေးလား။ မင်းအမေမရှိတော့ ဘယ်သူချက်ပြုတ်လုပ်တုံး"

"အဖေပဲ ငါးရှာပြီးပြန်လာမှချက်တာ အဘွားရဲ့၊အဘွားက မျက်စိမှုန်မမြင်တာပဲ"

"အိုလေ...ငါ့သားလေးကွယ်...မိတဆိုးလေးဖြစ်ရတယ်။ ဒုက္ခ...ဒုက္ခ...ဒုက္ခ"

"မောင်မောင် မင်းအဘွားက လေရှည်တယ်။ လာသွားစို့၊ တော်ကြာတရားနာရဦးမယ်"

"ဟဲ့ ... ပေတိုး ၊မင်းက ငါ့အဘွားကို မပြောပါနဲ့ကွာ ... ငရဲကြီးမယ်ကွ"

"ကဲ...ဟော့ကောင်တွေ သွားကြစို့၊ မင်းတို့တယ်စကားများတာပဲ"

မောင်မောင်နှင့် ပေတိုးတို့တစ်ယောက်တစ်ခွန်းစကားများကြ၏။ လမ်းတွင်မောင်မောင်ကို ပေတိုးက ရန်စလေတော့သည်။ မောင်နိုင်ကတော့ ဆင်းရဲရှာသူ။မောင်မောင်ကိုအားကိုးသူ။ပေတိုးကတော့ မိုက်ကျွတ်ကျွတ်၊မိုက်ကန်းကန်းကောင်။ သူ့အဖေက ဘဒင်တဲ့။ မြစ်ကမ်းနဖူးတွင် တဲဆောက်၍အရက်ရောင်းစားသူ၊ဝက်ပေါ်နွားပေါ် ရောင်းသူ။အမေကဒေါ်နက်တဲ့။ အသားက မဲမဲပိန်ကပ်ကပ်နှင့်အာကျယ်စွာကျယ်သူ။ သားစိမ်း၊ ငါးစိမ်းရောင်းတော့ ပါးစပ်ကြမ်းနှုတ်ကြမ်းပြီး အရက်အကြောက်ကင်းမဲ့ကာ ရရာအလုပ် လုပ်သည့်သူ။ ဘဒင်ကလည်း ဘာမဆို ဗိုလ်မထား တွေ့မရှောင်၊ အချုပ်နှင့်ထောင်ခြင်ထောင်နှင့်တည်းခိုခန်း မှတ်သည့်လူစား။သူ့သားကလည်း သူ့မိဘဗီဇအတိုင်း တစ်လေတည်း ထွက်လာတာပေါ့။ မောင်မောင်နဲ့ပေတိုးတို့စကားများရင် မောင်နိုင်က ဝင်ဖြေလေ့ရှိသည်။

ဒီလိုနှင့် လူသတ်ညောင်ပင်နားရောက်တော့ ပေတိုးက စကားစလိုက်တော့၏။

"ဟော့ကောင်တွေ ... တို့စာမေးပွဲဖြေခါနီး ခွင်တစ်ခုငါတွေ့

ထားတယ်ကွ"

"ဘာ...ဘာခွင်လည်းကွ ပေတိုးရ"

"ဟို...ပဲ့နင်းဘုရားပွဲမှာ နေ့ခင်းဘက်ဆိုရင် သားရေကွင်းတို့ စက်ဝိုင်းလှည့်တာတို့ရှိတယ်ကွ"

"မင်းနဲ့ဘာဆိုင်လို့လဲကွ"

"ဟကောင်ရ ဆိုင်သပေါ့ကွာ ...၊ငါက သားရေကွင်းနဲ့ စက်ဝိုင်းလှည့်မှာ ချန်ပီယံကွ"

"မင်းကကြွားပြီ ဟဲ...ဟဲ...ဟဲ"

"ဒီမှာ မောင်နိုင်။ ငါ့အဖေက ပေါဒီစားပွဲတွေမှာ ငါကိုသင် ပေးထားတာကွ"

"အေး...အေး...ဟုတ်မှာပေါ့"

"မောင်မောင် မင်းကတော့ အကျဉ်းကျနေသလိုပဲ။မင်း လွတ်လွတ်လပ်လပ်နေချင်တယ်မဟုတ်လား"

"မဟုတ်ပါဘူးကွာ။ ငါကမိဘရှိသေလို့ပါ"

"ဒီမှာ မောင်နိုင်တို့၊ မောင်မောင်တို့၊ ကျောင်းကဒီနေ့ဆရာ ခရီးလွန်နေတယ်လေ..."

"အေးဟုတ်တယ်ကွ...ဆရာတိုင်းရုံးသွားတယ်တဲ့"

"ဒီတော့ တို့စာမသင်ရဘူးလေ။ငါတို့ ဘုရားပွဲသွားကြည့်ရ အောင်"

"မလုပ်ပါနဲ့ကွာ။အဘွားသိလို့ငါအသတ်ခံနေရဦးမယ်"

"မောင်မောင်ရာ မင်းအဖေနဲ့ အမေလည်းကိုင်းထဲဆင်းနေ

တော့လွယ်ပါတယ်ကွာ"

"ဟော့ကောင်တွေငါမလိုက်ရဲဘူး"

"လာပါကွာ...တို့ညနေပြန်လာကြတာပေါ့"

ပေတိုးခေါ်ရာသို့မောင်မောင်နှင့်မောင်နိုင်တို့စက်ဘီးကိုယ်စီစီး၍ထွက်လာခဲ့ကြသည်။ နာရီဝက်ခန့်အကြာ ပုံနှင်းဘုရားပွဲတော်သို့ရောက်လာကြတော့သည်။ ဇာတ်ပွဲတစ်ည ကပြီးပြီဖြစ်၍ ပွဲတော်တွင်ဈေးဆိုင်တန်းနှင့် စားသောက်စရာ မျိုးစုံတွေ့ရသည်။ ပေတိုးကချောင်းကမ်းနဖူးဖက်သို့ ခေါ်လာတော့၏။ ထိုအခါ သားရေကွင်းပစ်၊ အရုပ်ပစ်၊ကြိမ်ကွင်းစွပ်၊မဲနှိုက်စသည့်လောင်းကစားများကိုတွေ့ရ၏။ ပေတိုးက ဟိုရှာဒီရှာကြည့်ရင်း ဂျင်ကစားနေသည်ကိုတွေ့၏။ ဒလိန့်တုံးဝိုင်းကလည်း နှစ်ဝိုင်းတွေ့သည်။ထိုအခါပေတိုးက စက်ဘီးရပ်၍ဝင်ကြည့်လိုက်၏။

"ဟေ့...မောင်နိုင်။တို့ကံစမ်းကြရအောင်"

"မင်းလုပ်တတ်လို့လား"

"ရပါတယ်...ငါကျွမ်းပါတယ်။ဒိုကေ"

"ဟော့ကောင်ပေတိုး မထိုးပါနဲ့ကွာ"

"မောင်မောင်အသာနေ...ငါ့မှာပိုက်ဆံရှိတယ်"

"ခက်ပြီကွာ၊ပြန်ချင်ပြီ"

ပေတိုး ဒလိန့်တုံးဝင်ထိုး၏။ ပထမလေးငါးလက်နိုင်လိုက်သည်။ ပိုက်ဆံ(၅၀၀၀) ကျော်ရလေ၏။ထို့နောက် သုံးကောင်ထပ်ပေါ်၍သုံးဆ ရပြန်သည်။(ငွေ၁၀၀၀၀)နီးပါး နိုင်သည်။ ညနေစောင်းခါနီး

ပေတိုးဖွဲကောင်းကောင်းနှင့်ထိုးသည်။ တစ်လက်ရှုံး၊ နှစ်လက်ရှုံးရာက တဖြည်းဖြည်းကုန်သွားသည်။ ထို့နောက် သူ၏စက်ဘီးကိုပေါင်သည်။ ပြန်လာ၍ထိုးသည်။ကုန်သွားပြန်သည်။

"မောင်မောင်....ငါ့အဒေါ်ဆီမှာ ပိုက်ဆံသွားယူမလို့မင်းစက်ဘီးခဏယူမယ်"

"ဟေ့ကောင် မိုးချုပ်တော့မယ်ပြန်ကြစို့ကွာ"

"ခဏလေးပါ....ငါချက်ခြင်းပြန်လာမယ်"

"ပေတိုးမင်းပြန်လာခဲ့နော်၊ နောက်ကျလို့မဖြစ်ဘူး"

"ကဲမင်းတို့နှစ်ယောက် ခဏနေနော်၊ခဏလေးရယ်"

ပေတိုး စက်ဘီးယူထွက်သွားလေ၏။ မောင်မောင်နှင့်မောင်နိုင်လည်တဆန့်ဆန့်နှင့် မျှော်နေရရှာသည်။ တော်တော်နှင့် ပေတိုးပြန်မလာတော့။ နေကလည်းစောင်းပြီ။အနောက်ရိုးမတောင်တန်းပေါ်သို့ နေမင်းကြီး၏ ဆည်းဆာရောင်သန်းနေသည်။ တိမ်စိုင်တိမ်လိပ်တို့ဟိုတစ်စုဒီတစ်စုနှင့် ပုဗ္ဗန်ဆီရောင်သန်းနေပြီ။ အိပ်တန်းပြန်ငှက်တို့လည်း သူတို့ဘာသာဘာဝ အော်ကြပျံကြလေပြီ။ နောက်တစ်နာရီလောက်တွင် မှောင်ရီပြိုးတော့မည်။ ဧကန် မိုးချုပ်တော့မည်။ ဖီးကွက်အော်သံကိုလည်းကြားရပြီ။မောင်မောင်ရင်ထဲ ဗလောင် ဆူလာ၏။ အပူမီးတွေလောင်လာ၏။ နေမထိထိုင်မသာဖြစ်ပါသည်။ မောင်နိုင်ကလည်းစိတ်ပူနေသည်။ ခဏအကြာ ပေတိုးပြန်လာသည်။ စက်ဘီးလည်းပါလာတာမတွေ့တော့။

"ဟေ့ကောင်ငါ့စက်ဘီးရော ဘယ်မှာလည်းကွ"

"ခဏပါကွာ၊ပြန်ရမှာပါ"

"ဟာ သွားပြီ ...အဘွားသိရင်ဆူခံရပြီ။ဟီး...ဟီး...ဟီး"

"မောင်မောင် မင်းဘာလို့ငိုတာလဲ ယောကျ်ားမဟုတ်ဘူးလား"

"မင်း...ခုဘယ်လိုရှာမလဲ။ပြန်ယူပေးဟီး...ဟီး...ဟီး"

"အဲ့ဒါလွယ်ပါတယ်ကွာ...ငါကြံပါ့မယ်"

"အေး...မင်းငါ့စက်ဘီးပြန်ရရင်ပြီးရော...ရှာပေး"

"လာ...လာတို့ဟိုရွာဘက်ကိုပြန်ကြမယ်"

သုံးယောက်သားမောင်နိုင့်စက်ဘီးတစ်စီးသာကျန်တော့သဖြင့်ခြေလျှင်လျှောက်လာကြ၏။မိုးချုပ်စပြုပြီ။လူပြတ်သောရိုးချောင်းတံတားနားသို့ရောက်ခဲ့ပြီ။ ထိုတံတားပေါ်ရှိ အုတ်ခုံပေါ်တွင် သုံးယောက်သားထိုင်ကြသည်။

"မင်းတို့ငါကပြေးဆိုရင်ပြေး၊ရပ်ဆိုရင်ရပ်...ခုခံရင်ပေါဒီကျောက်ခဲနဲ့ထု"

"ဟော့ကောင်ဘာလုပ်ရမှာလဲကွ"

"ငါပြောတာကိုမင်းတို့နှစ်ယောက်နားထောင်"

"ပေတိုးမဟုတ်တာတွေမလုပ်ပါနဲ့ကွာ"

"မင်းပဲစက်ဘီးအစားပြန်လိုချင်တယ်ဆို"

"အေး...ငါ့အဘွားက ငါ့ဆူမှာကွ ငါကြောက်တယ်"

"လိုချင်ရင်လုပ်ရမယ်။သတ္တိမွေးစမ်းပါကွာ"

"အေးပါကွာ...အေးပါ၊လုပ်...လုပ်ပါ့မယ်"

ပေတိုးတို့သုံးယောက်သား စက်ဘီးနင့်လာသူကို စောင့်ကြည့်နေကြ၏။ မှောင်လာပြီ။ မောင်မောင်ကြောက်စိတ်တွေမွန်၍ဒူးတွေတုန်နေပြီ။ ပင်ကိုယ်က ကြမ်းတမ်းသူမဟုတ်၊ ခုတော့ စက်ဘီးအစားရရင်ပြီးရောပဲ။ တစ်ပွဲတော့ လုပ်ရမည်။ အိမ်ပြန်ရင် အဘွားကဆူမှာအဖေကသတ်မှာကိုတွေးကြောက်နေကြ၏။ ကမ္ဘာမီးလောင်သားကောင် ချနင်းရတော့မည်။ ဘာလုပ်ရမှန်းလည်း သူမသိ၊ ပေတိုးနိုင်းသမျှသာလုပ်ရတော့မည်။ မောင်နိုင်ကမောင်မောင်ကိုလက်ကုတ်သည်။ ပြေးမယ်ဟု တိုးတိုးကပ်ပြောသေး၏။ ပေတိုးကသစ်ပင်ရိပ်တွင်ထိုင်စောင့်နေသည်။ ခဏအကြာ မဲမဲအရိပ်တစ်ခုကို တွေ့ရပြီ။ ပေတိုးတာပေါ်ထွက်ရပ်သည်။ စက်ဘီးကိုတွန်းလှဲလိုက်သည်။ "ဝုန်း၊ ဂျလောင်း" ဆိုသည့်အသံနှင့်အတူစက်ဘီးလဲကျသွားသည်။ ပေတိုးကလက်ထဲတွင်ကိုင်ထားသည့်ဂဝံကျောက်ခဲနှင့်လဲသွားသူ၏ထိပ်ကိုထုလိုက်သည်။

"အား...အား...အား"

"ဟော့ကောင်တွေ...စက်ဘီးယူ"

"ခွပ်...ခွပ်...ခွပ်"

"အား...အား...အား...အား"

"ရပြီလား...ဒီမှာလူသေပြီလားပဲ။ မောင်နိုင်လာ...ဒီလူကိုဝှက်ထားရမယ်။ မင်းကူပါဦးကွာ၊ ငါမနိုင်ဘူးကွ"

မောင်နိုင်ကပေတိုးနှင့်အတူလူသေကိုသယ်ပြီးမြွန်ပေါက်ထဲသို့သွင်းကာ မောင်မောင်ယူခဲ့သော စက်ဘီးကိုစီး၍ ရွာသို့သုံး

ယော်ကဲ့သား ပြန်ခဲ့ပါတော့သည်။ ည(၉:၀၀)နာရီလောက် ရွာသို့ ရောက်ခဲ့ကြ၏။

"ကလင်...ကလင်...ကလင်"

"အဘွား...အဘွား"

"ဟော့လူလေး ငါ့မြေးပြန်လာပြီ...မိုးချုပ်လိုက်တာကွယ်"

"ဟုတ်ကဲ့အဘွား"

"နောက်ကျလိုက်တာကွယ်။ ကျောင်းကစာတွေသင်နေလို့ လားကွယ့်"

"ဟုတ်တယ်အဘွားရေ...ဟုတ်တယ်"

"ကဲ...မောင်မောင် တို့ပြန်တော့မယ်ကွာ"

"အေး...အေးပြန်ကြတော့"

မောင်မောင် ရေချိုးပြီးထမင်းစားသည်။ ထမင်းစားမရ။ ငိုင် တိငိုင်တိုင်နှင့်ပင်ဖြစ်နေ၏။ ညအိပ်ယာဝင်သည့်အခါ ညတိုင်းအဘွား ကိုကန်တော့ရမှန်း မေ့နေ၏။ သို့သော် အိပ်၍မပျော်။တချွတ် ချွတ်နှင့် ကြောက်စိတ်များကဝင်လာသည်။ အိပ်မက်ဆိုးများမက်လေပြီလား။ အိပ်ယာထဲတွင် ကယောင်ကတမ်းတွေ အော်နေ၏။

"အမယ်လေး ကြောက်ပါပြီဗျာ၊ ကြောက်ပါပြီ"

"ဟဲ့ငါ့မြေးဘာလို့အော်နေတာလဲ...ရေသောက်လိုက်ရော့ ...ရော့ ဘုရားစာရွတ်အိပ်လေ"

"ဟုတ်ကဲ့အဘွားဟုတ်ကဲ့"

အဘွားဒေါ်မှုန်က သူ၏မြေးမောင်မောင်အား ရေတိုက်ပြီး

ဘုရားဂါထာများရွတ်နေ၍မောင်မောင်အိပ်ရေးမဝသလိုဖြစ်နေရာက ခဏချင်းအိပ်ပျော်သွားတော့သည်။

နောက်တစ်နေ့ မြို့ရဲစခန်းမှ ရဲသားတစ်ဦးပြန်မရောက်လာ၍ရဲတပ်ဖွဲ့ဝင်များ သတင်းစုံစမ်းကြသည်။ထိုအချင်းဖြစ်ညက ရဲတပ်သားမြို့နယ်မှူးရုံးမှ အမှုတွဲကိစ္စများဆောင်ရွက်ပြီး ပြန်သွားကြောင်း သိရသည်။ယခု သူတို့စခန်းရှိနေအိမ်သို့ပြန်မရောက်လာကြောင်း၊သူ၏ဇနီးက သတင်းပို့ထားပါ၏။ယခုမြို့နယ်ရဲစခန်းမှရဲတပ်သားပျောက်ဆုံးမှုနှင့်ပတ်သက်၍မသင်္ကာစရာနေရာများသို့တပ်ဖြန့်၍လိုက်လံစုံစမ်းကြ၏။ သက်ဆိုင်ရာ ကျေးရွာရပ်ကွက်များမှ လူကြီးများထံသို့လည်း သတင်းပို့ထားပါသည်။

အချင်းဖြစ်ညမှ(၇)ရက်မြောက်ညနေတွင် ထိုဇင်းပြတ်လမ်းရေပြွန်အနီးတွင် ရေထဲ၌ဖေွာရုံတစ်ခုရှိပါသည်။ ထိုဖေွာရုံ၌ စောင့်ဖူးသည်။ညီးသံလိုလိုကြားရ၏။ လိုက်၍ရှာကြည့်ရာ ဘာမှမတွေ့သူက တစ္ဆေခြောက်သည်ထင်၍ အိမ်သို့ တချိုးတည်း ပြန်သွားလေ၏။ ထိုညည်းသံသည် (၉)ရက်မြောက်နေ့၌ ကြားရသူ ဆိုက်ကားသမား တစ်ဦးကသေသေချာချာ ရှာကြည့်သည်။ ထိုသူကတံတားအောက်သို့ အပြန်ပြန်ရှာသည်မတွေ့ရ။ထို့နောက်ပြွန်ပေါက်ထဲသို့ငုံ့ကြည့်၏။ မဲမဲ အရာကြီးတစ်ခုကို သူမြင်ရ၏။ သို့သော် သူတွင်ဓါတ်မီးမပါသဖြင့် မမြင်နိုင်ခဲ့၊ အနီးရွာရှိ ရပ်ရွာလူကြီး အဖွဲ့ဝင်တစ်ဦးကို သူအကူအညီ တောင်း ၍ဓါတ်မီးဖွင့်လာကြည့်ရာ ယူနီဖောင်းဝတ်နှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်တစ်ဦးကိုတွေ့ရပါသည်။ ထို့နောက်မှာ အပြင်သို့ဆွဲထုတ်

တော့မှ အော်သံလိုလို ညည်းသံလိုလို ကြားရ၏။ ချက်ခြင်း နီးစပ်ရာ ရွာရှိတယ်လီဖုန်းနှင့်ဆက်ကာ စခန်းသို့ အကြောင်းကြားလိုက်တော့၏။ ထိုမလှမ်းမကမ်းတခေါ်၌ခြောက်နေသည့်သွေးကွက်များလည်းရှိ၏။ စခန်းမှ ပျောက်နေသည့်ရဲတပ်ဖွဲ့ဝင်အားကားနှင့်တင်၊တိုင်းဆေးရုံကြီးသို့ အမြန်ပို့၍ ကုသမှုခံယူရပါ တော့သည်။လူနာသည် အသက်မသေသေးသဖြင့် လိုအပ်သမျှ ဆေးမျိုးစုံတို့ဖြင့် ကုသရာတစ်လအကြာပြန်လည် ကောင်းမွန်လာပါတော့၏။သူလည်း သေကံမရောက်သက်မပြောက်ခဲ့။သူကားအာဂရဲတပ်သားတစ်ဦးပင်ဖြစ်နေပါတော့သည်။စက်ဘီးကိုတော့ ရှာမတွေ့ရသေး။

ထိုနေ့ ကိုအောင်ကိုင်းထဲမှ ရွာသို့ပြန်လာသည့်နေ့ ။သားမောင်မောင်၏စက်ဘီးအားနဂိုဘီးမဟုတ်ကြောင်းသိ၏။ ကမ်းစပ်ကပေတိုးလည်း စက်ဘီးပျောက်၍ သူ့အဖေရိုက်နေကြောင်းသူကြားထား၏။

"မောင်မောင် မင်းစက်ဘီးမဟုတ်ပါလား။ဘယ်သူ့စက်ဘီးလဲကွ"

"ဟို...ဟိုပေတိုးခဏလဲပေးထားတာပါ"

"အေး မင်းပေတိုးစက်ဘီးပျောက်တာ မင်းသိလား"

"ဟုတ်ကဲ့...ဟုတ်ကဲ့ပါ"

"ဒါဆို ဘယ်သူ့စက်ဘီးလဲပြောစမ်း၊ မင်းမဟုတ်တာလုပ်တယ်၊လဲဟာယ်ဖဲဟာယ်နဲ့"

"ဖျန်း...ဖျန်း...ဖျန်း"

"အဖေ ကျွန်တော်မလုပ်ပါဘူး။"

"ဟီး...ဟီး...ဟီး...ဟီး"

"မောင်အောင်...ကလေးကိုသိပ်မဆူနဲ့၊စာမေးပွဲနီးနေပြီဟဲ့၊ မရိုက်ရဘူးတယ်...နင်"

"ဟုတ်ကဲ့ပါအမေ၊ဟုတ်ကဲ့ပါခင်ဗျာ"

"မင်းကြပ်ကြပ်သတိထား"

နောက်တစ်နေ့ တာဝန်ရှိလူကြီးများနှင့် ရဲတပ်ဖွဲ့ဝင်များ ဒေါ်မှုန်အိမ်ရှေ့သို့ ရောက်လာကြ၏။စက်ဘီးကိုကြည့်ပြီး သက်သေခံအဖြစ်သိမ်းလိုက်သည်။ မောင်မောင်ကို စစ်ဆေးရာမောင်မောင်က သူဖြစ်ကြောင်းကုန်စဉ် အဖြစ်မှန်ပြောပြလိုက်၏။ ထို့နောက် ပေတိုး၊ မောင်နိုင်နှင့် မောင်မောင်တို့အား လက်ထိပ်ခတ်၍စခန်းခေါ်သွားကြ၏။

"ဟဲ့...ဟဲ့ငါ့မြေး...ငါ့မြေးမှာ ဘာအပြစ်ရှိလို့လဲကွယ့်၊မဖမ်းကြပါနဲ့ မြေး...မြေး"

"ဟုတ်တယ်အမေ၊ အမေ့မြေးနဲ့ ပေတိုးတို့ ရဲစက်ဘီးကိုလုပြီးရိုက်သတ်လို့တဲ့၊ ဟီး...ဟီး...ဟီး"

"အဘွားရေ....အဘွား....သားကိုမကယ်တော့ဘူးလား"

"ဟီး...ဟီး...ဟီး"

"ငါ့မြေးလေးဖြစ်မှဖြစ်ရလေကွယ်"

"ဟီး...ဟီး...ဟီး...ဟီး"

"သားမောင်မောင် ငါ့သားလေးရယ်၊ကိုအောင်ရှင့်သားကို

ကြည့်ပါဦး ဟီး...ဟီး...ဟီး...ဟီး"

မောင်မောင်၏အဘွား၊ မိဘတွေနှင့် ကိုရိုးတို့ သားအဖတွေ ဖက်ငိုကြသဖြင့် ပရိဒေဝမီးတောက်လောင်ကုန်ကြတော့သည်။ ကိုဘဒင်နှင့် မိနက်တို့ကတော့ သူ့သားကိုကြည့်ပြီး အားပေးရှာသည်။

"ဒီမှာငါ့သား....မင်းယောက်ျားပဲကွာ၊ လုပ်ရဲရင်ခံရဲရမှာပေါ့။ ကျလဲ၂နှစ်၃နှစ်ပေါ့ကွာ"

"သား...အမေထောင်ဝင်စာလာတွေ့မယ်...မငိုနဲ့ ဘာမှမဖြစ်ဘူး"

"ကဲ...သွားတော့ အဖေမကြာခင်လိုက်ခဲ့မယ်"

မောင်မောင်တို့သုံးယောက်အား ရဲတပ်ဖွဲ့ဝင်များက လက်ထိပ်ခတ်ကြိုးနှင့်တွဲ၍ မြို့ရဲစခန်းသို့ ခေါ်ယူကာ အမှုတည်ဆောက်၍ တရားစွဲပါတော့မည်။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မနှင့်အညီ တရားရုံးမှာထုချေရှင်းလင်းရပါတော့မည်။

ယခု မောင်မောင်နဝမတန်း စာမေးပွဲဖြေဆိုရန်လက်တစ်ကမ်းအလို သူငယ်ချင်းပေတိုးနှင့် ပေါင်းမိကြသဖြင့် လူပေါင်းမှားခဲ့ပြီ။ ထိုနည်းအတူ မောင်နိုင်သည်လည်း အမေမရှိ ဖခင်မုဆိုးဖိုကြီး ကိုရိုးနှင့် ဆင်းဆင်းရဲရဲကျောင်းတက်ခဲ့ရသည်။ ခုတော့ ကျောင်းသားဘဝက အချုပ်သားဘဝ ရာဇဝတ်သားတွေ ဖြစ်ခဲ့ကြပြီ။ သူတို့ကျူးလွန်သော ပြစ်မှုနှင့် ပြစ်ဒဏ်ကို လောကတရားရုံးက တရားသူကြီး၏ စာမျက်နှာတစ်ရွက်နှင့် အမိန့်ချမှတ်ခြင်းခံရမည်။ သူတို့ အသက်(၁၆)နှစ် ခန့်တွေဆိုတော့ အညွန့်တလူလူတက်နေသည့် အပင်ပျို

ကလေးများ သန်မာထွားကျိုင်းဖို့၊မြေဩဇာထည့် ပေါင်းသင် ရေလောင်းလျှင် အပင်ကြီးထွားအသီးအပွင့်ဝေဝေဆာဆာနှင့် ပင်ပျိုထွား၍တန်ဖိုးရှိအပင်မျိုး ဧကန်ဖြစ်ပါမည်။ မျိုးကောင်းမျိုးသန့် မျိုးဆက်သစ်နှင့် ရင်နာစရာ ကောင်းလိုက်ပါဘိ၊ သူတို့ဘဝ အဆိပ်မိတဲ့ သတ္တဝါလို သေချင်လည်း သေမည်။အသက်ရှင်လျှင် ရောဂါတစ်ခု တော့ကျန်ခဲ့မည်။ မသန်မစွမ်း ဆွံ့အနေမည်လား၊ အတိတ်မေ့နေမည် လားတော့ ဧကန်မပြောနိုင်ပါ။ဘဝတစ်ခုမှာ ဖြူစင်သန့်ရှင်းနေသည့် ပိတ်စပေါ်သို့အရောင်တစ်ခုစွန်းခဲ့သလို၊ဘဝအရောင်ပေါ်မှာ အမှောင် စွန်းခဲ့ပါပြီ။သနားစရာကောင်းလိုက်ပါဘိ။ နမြောလိုက်ပါဘိ။ရင်ထု မနာဖြစ်ခဲ့ရပါ၏။ သားသမီးချင်းကိုယ်ချင်းစာကြည့်မည်ဆိုပါက မတွေးရဲစရာပါပင်။အညွန့်သတ်ခဲ့သော ဉယျာဉ်မှူးပေလား။ ရေပုံရေ အေးမှားသော ဉယျာဉ်မှူးလား။ မောင်မောင်၏အဖြစ်ကြောင့်အဘွား ဒေါ်မှုန်မစားနိုင် မအိပ်နိုင် နလုံးရောဂါသည်ကြီး ယခုတော့ မြေးချစ် သောစိတ်နှင့် အိပ်ယာထဲ ဘုန်းဘုန်းလဲရာက တမလွန်ဘဝသို့ကျော နိုင်းကာ မြေးကိုပစ်ခဲ့ရတော့၏။ သူတို့လိုနုနယ်သောဘဝလေးတွေ လောင်းကစားသမား လောင်းကစားကြေးနဲ့ရိုက်ခတ်တိုက်ပွဲဝင်လိုက် တော့ သူတို့လက်မြှောက် အမိခံလိုက်ရပြီ။ လောကဓံလှိုင်းဂယက်က ရိုက်ချက် အပြင်းစားပါလား။ဒီကလေးတွေ . . . မကြံကောင်းကြံ ကောင်းအတွေးတိမ်တိမ်နှင့် ကြံလိုက်ကြတာနော်။ရဲတပ်ဖွဲ့ဝင်သာ သေသွားရင် လူသတ်မှု၊လုယက်မှုကြီး ဧကန်ဖြစ်တော့မည်။ နောက် နောင်လူငယ်လေးများ အတွေးမတိမ် ဆုံးဖြတ်ချက်မလောကြပါရန်

တိုက်တွန်းရင်းကြံမိကြံရာမလုပ်ကြပါနဲ့လို့အတန်တန်တားလိုက်ချင်ပါတော့သည်။

ဥပဒေဘောင်အတွင်းရှိ လုံနိုင်ကြပါစေ

**မင်းတိုင်ပင်(မြရောင်မြေ)**

◆ ◆ ◆



တောတွင်းမှုခင်းမဏ္ဍိုင်
ငြိုးဖွဲ့ကြမ္မာ
ဇလွန်ကျော်ဦး
၉၉

## ၆။ ဇလွန်ကျော်ဦး
## ငြိုးဖွဲ့ ကြမ္မာ

ညို့ညို့မှိုင်းမှိုင်းနှင့် အုပ်ဆိုင်းနေသော တောအုပ်ညို့ညို့ကို လှမ်းမျှော်ကြည့်မိရင်း ဖိုးချိမ်လုံ့သွားကို အားရပါးရသွေးလိုက်မိသည်။ ဖိုးချိပ်လုံ့သွားမသွေးလို့မဖြစ်။ သူ့လက်စွဲတော် လုံ့သွားက သားကောင်သွေးနှံ့ကင်းခဲ့သည်က တစ်လတင်းတင်းပင် ရှိခဲ့ချေပြီမဟုတ်ပါလား။

ခုလည်းဖိုးချိပ် လုံ့သွေးနေသည်ကို တွေ့၍ခွေးများက တစ်ကောင်နှင့်တစ်ကောင် တိုးဝှေ့ခုန်ပေါက်ပြေးလွှားနေသည်။ ဖိုးချိပ်ခွေးများကိုကြည့်ပြီး အလိုလိုပြုံးလိုက်မိသည်။ ကြည့်လေ... သခင်အရိပ်အခြေကို သိနေသည့်ခွေးများ။ သည်ခွေးတွေက နယ်နယ်ရရခွေးများမဟုတ်။ သားကောင်အနံ့ခံကောင်းသလို၊ တောလိုက်ရာတွင် ကျွမ်းကျင်လျင်မြန်သည့် ခွေးတွေဖြစ်သည်။ အမှန်တော့ ဖိုးချိပ်က တောလိုက်မုဆိုးဟု ခေါ်သော်လည်းပင်ပင်ပန်းပန်းတောလိုက်စရာမလို။ ခွေးတွေက ဖိုးချိပ်ကို သားကောင်ရှာဖွေပေးခြင်းပင် ဖြစ်သည်။

တကယ်တော့ ဖိုးချိပ်ဘဝက အထီးကျန်ဟု ဆိုရလိမ့်မည်။

ကြည့်လေ...မဟူရာကွင်းထဲတွင် တဲဆောက်ပြီးတစ်ကိုယ်တည်းနေ လာခဲ့သည်က နှစ်ပေါင်းအတန်ကြာခဲ့ပြီ။ ခင်တွယ်ရာဇနီးသားသမီးမရှိ၊ ရှိသည်က ဖိုးချိပ်မုဆိုးအလုပ်အတွက် အသုံးဝင်သောခွေးများပင် ဖြစ်သည်။

ဖိုးချိပ်အသက်က ငါးဆယ်ကျော်ခြောက်ဆယ်။ ဗလ ကောင်းအရပ်ထောင်ထောင်မောင်းမောင်းနှင့် ဥပမိရုပ်က ခံ့ခံ့ညား ညား၊အမြဲတမ်းချောင်ထုံးပြီး ပဝါဖြင့်ပတ်ထားသည်။ ထူးခြားသည် ကဖိုးချိပ်ပင်။ ဖိုးချိပ်က သည်အရပ်သားမဟုတ်။ ဘယ်ကလာသည်ဟု မည်သူမျှမသိ။ ရွာသားများက ဖိုးချိပ်ကို မစပ်စုရဲ၊မမေးရဲ။ ဖိုးချိပ်က လည်းသူ့အကြောင်းကိုတစ်ခွန်းတစ်ပါဒမှမပြော။ကြာတော့သည်ကွင်း ထဲတွင်အနေမြဲလာ၍လားမသိ။သည်အရပ်သားလိုဖြစ်နေသည်။ပို၍ ထူးခြားသည်က ဖိုးချိပ်ပင်။လယ်အလုပ်၊ ခြံအလုပ်ကိုမလုပ်ကိုင်ဘဲ အသက်မွေးဝမ်းကျောင်းသည်က ခွေးများမွေးပြီး တောလိုက်ခြင်း အလုပ်ကိုခုံမင်စွာ လုပ်နေခြင်းဖြစ်သည်။

ခုလည်းကြည့်လေ . . . ။ဖိုးချိပ်လှံသွေးပြီး လှံသွားထက်မ ထက်ကိုစမ်းလိုက်သည်။ပြီး...စိတ်ချလက်ချဖြစ်ပြီးမှ လှံကိုထမ်းပြီး ဖိုးချိပ်တောအုပ်ဘက်ဆီသို့ခြေလှမ်းဦးတည်လိုက်သည်။ ခွေးများက ဖိုးချိပ်ကို ကြည့်ပြီး တစ်ကောင်နှင့်တစ်ကောင် အလုအယက်ဦး အောင်တောအုပ်ဘက်ဆီသို့ဦးတည်ပြေးလွှားနေသည်။

ဖိုးချိပ်တောအုပ်ထဲသို့ ခြေလှမ်းဝင်မိသည်နှင့် စုတ်သပ် လိုက်သည်။ဖိုးချိပ်စုတ်မသပ်လို့မဖြစ်။ တောမလိုက်ရသည်မှာကြာပြီ

ဖြစ်သောချွေးများက သားကောင်အနံ့ကိုခံရင်း ပြေးလွှားဆုညံနေရာမှ ဖိုးချိပ်စုတ်သံကြားမှ အလိုလိုငြိမ်သွားကြသည်။ ပြီးတိတ်ဆိတ်သော တောအုပ်ထဲသို့ ခြေသံလုံလုံဖြင့် ခွေးများဝင်သွားကာ ပျောက်ကွယ်သွားလေသည်။ သည်တော့မှ ဖိုးချိပ်သစ်ပင်ပေါ်သို့တက်၍ သားကောင်အခြေအနေကိုစူးစမ်းကြည့်လိုက်မိသည်။

တောတစ်ခုလုံး တိတ်ဆိတ်ခြင်းက မင်းမူနေဆဲဖြစ်သည်။ တစ်ခါတစ်ရံတိုးဝှေ့လာသော လေကြမ်းနှင့်အတူ ယိမ်းနွဲ့လှုပ်ရှားနေသောသစ်ရွက်သစ်ကိုင်းချင်း ပွတ်ကြိတ်သံက ပေါ်လာသည်။ အမှန်တော့ သည်တောအုပ်က သားကောင်ကြီးကြီးမားမား ခိုအောင်းနေသည့်တောမဟုတ်။ မြေပြန့်လွင်ပြင်နှင့် နီးစပ်သော တောင်စွယ်တောအုပ်မျှသာဖြစ်သည်။

သမင်၊ဒရယ်၊ချေ(ဂျီ)၊ဆတ်စသော သားကောင်ငယ်များ အများဆုံးမွေ့လျော်ရာ တောအုပ်သာဖြစ်သည်။ တစ်ခါတစ်ရံသားကောင်ကြီးများမျက်စိလည်ပြီးရောက်လာသော်လည်းခဏနေသည် ကလွဲလို့ အန္တရာယ်သိပ်မရှိသည့် တောအုပ်တစ်ခုပင်။ ခုတော့ ထိုသားကောင်များ၏ လှုပ်ရှားသံ လုံးဝမကြားရ၊ မတွေ့ရချေ။ ယခင်ကဆိုတောအုပ်ထဲသို့ဝင်လျှင်သားကောင်များတွေ့ရစမြဲသာ။ ခုတော့ ဖိုးချိပ်တောမလိုက်နိုင်သည်က ကြာမြင့်ခဲ့ ၍လားမသိ။ သားကောင်များ အစာရှားပါး၍ တောပြောင်းသွားကြပြီလား။ ဒါမှမဟုတ်။ ဖိုးချိပ်တောမလိုက်ရသည်မှာ ကြာမြင့်ခဲ့၍တောစိမ်း သွားပြီလား။ ဖိုးချိပ်တွေးမိရင်းမျက်စိနှင့်နားကိုအလိုလိုဖွင့်ထားလိုက်မိသည်။

ထိုစဉ်ဖိုးချိပ်မမျှော်လင့်ဘဲ တွေ့လိုက်ရသော မြင်ကွင်းကြောင့်စိတ်လှုပ်ရှားသွားမိသည်။ သားကောင်လတ်လတ်ဆတ်ဆတ်စားထားသော စားကြွင်းစားကျန်များနှင့် ခြေရာကိုတွေ့ရသော်လည်း သားကောင်လှုပ်ရှားသံကို လုံးဝမကြားရ။ သည်တောက ရိုးမတောကြီးလိုမဟုတ်။ မြေပြန့်လွင်ပြင်နှင့်နီးစပ်သည့်တော။ မိုးလင်းကတည်းကဖိုးချိပ် သားကောင်လိုက်ခဲ့ရသည်က နေပင်မွန်းတိမ်းစပြုနေပြီ။ ခုတိုင်သားကောင်၏အရိပ်အခြည်ကိုအကဲခတ်လို့မရခဲ့။ ဖိုးချိပ်စိတ်မရှည်ချင်သလိုဖြစ်လာမိသည်။

တောအုပ်အတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားသည့်ခွေးများ၏လှုပ်ရှားသံ၊ အစ်သံကိုပင်မကြားရတော့ချေ။ တောအုပ်ကပကတိ တိတ်ဆိတ်နေဆဲပင်။ ဖိုးချိပ်မည်မျှ စဉ်းစားနေမိသည်မသိ၊ တောအုပ်တောင်ဘက်ဆီမှ ခွေးဟောင်သံသဲ့သဲ့ကို အမှတ်မထင်ကြားလိုက်ရမှ စိတ်လှုပ်ရှားသွားမိသည်။ကြည့်လေ . . . ဖိုးချိပ်စိတ်မရှည်လို့လည်းမရ။သားကောင်မရ၍အိမ်သို့လက်ချည်းပြန်ရိုးထုံးစံမရှိခဲ့။ဖိုးချိပ်တောလိုက်အပြန် အသားဝယ်မည့်သူက အဆင်သင့်ရှိသည်။ ခုလည်းဖိုးချိပ်တောမလိုက်ခဲ့သည်က ကြာမြင့်ခဲ့၍အသားပြတ်သူတွေကဖိုးချိပ်တောလိုက်အပြန်ကိုမျှော်နေမည်မှာကျိန်းသေ။

ဖိုးချိပ် ခွေးဟောင်သံသဲ့သဲ့ကြားရာ တောင်ဘက်တောအုပ်အတွင်းသို့ စူးစမ်းကြည့်လိုက်မိသည်။ဖိုးချိပ်မွေးထားသည့်ခွေးကငါးကောင်၊ခွေးဟောင်သံများပျောက်ပြီး မကြာမီခွေးအစ်သံများကြားလိုက်ရသည်။ သည်တော့မှ ဖိုးချိပ်လက်တွင် အသင့်ပြင်ထားသည့်လုံ

ကိုကျစ်ကျစ်ပါအောင် ဆုပ်ကိုင်လိုက်သည်။ ဖိုးချိပ်ခွေးတွေက အလွန်လိမ္မာသည်။ သားကောင်တွေ့လျှင် အမြဲတမ်းဒခစ်သံပေးသည်။ပြီး .. ခွေးများက သားကောင်လာမည့်ပြေးလမ်းကိုပိတ်ပြီး သခင်ရှိရာဘက်ဆီသို့ ပြေးလမ်းဖွင့်ထားလိုက်ပြီမဟုတ်ပါလား။

ရုတ်တရက်လှုပ်ရှားယိမ်းထိုးသွားသော ချုံပုတ်နှင့်အတူ ဖိုးချိပ်ဘက်ဆီသို့ပြေးလာသော ဒရယ်လေးတစ်ကောင်ကိုတွေ့လိုက်ရ၍ဖိုးချိပ်ငြိမ်သက်နေလိုက်မိသည်။ ဒရယ်လေးကနောက်မှတောတိုး၍လျှင်မြန်စွာ လိုက်လာသော ခွေးများရန်ကို ကြောက်ရွံ့၍လားမသိ။ ခန္ဓာကိုယ်က တဆတ်ဆတ်တုန်ယင်နေရှာသည်။ ဖိုးချိပ်လှံကိုလက်ဖြင့်ချိန်ဆပြီး ဒရယ်လေးပြေးလာမည့်ဘက်ဆီသို့ ချိန်လိုက်သည်။

ဒရယ်လေးသည် အားသွန်ပြေးနေရာမှ ဖိုးချိပ်ကိုရုတ်တရက်မြင်လိုက်ရ၍ ဆက်မပြေးတော့ဘဲ ခြေစုံရပ်ပြီး မှင်သက်မိနေသည်။ဖိုးချိပ်လှံက ဘယ်သားကောင်တွေ့တွေ့အလွတ်ပေးသည့်ထုံးစံမရှိခဲ့။ ဖိုးချိပ်ကြာကြာဆိုင်းမနေနိုင်တော့။ သတ်ကွင်းအတွင်းသို့ ဝင်တိုးကာ တည်ငြိမ်စွာ ရပ်နေသည့် ဒရယ်လေးကို လှံဖြင့်ရုတ်တရက်ပစ်ထိုးလိုက်သည်။

"ဒုတ်"

ဒရယ်လေး၏ နာကျင်စူးရှသည့်အော်သံအစား "ဒုတ်" ဟူသောအသံနှင့်အတူလှံသည်ဒရယ်လေးဘေးမှအရှိန်ပြင်းစွာဖြင့် မြေကြီးထဲသို့စူးနစ်ဝင်သွားလေသည်။ ဒရယ်လေးသည် ရုတ်တရက်ရပ်နေရာမှ သတိရပြီး တောထဲသို့ အားသွန်ပြေးကာ ပျောက်ကွယ်သွား

လေသည်။ဒရယ်လေးအဖြစ်ကို ဖိုးချိပ်ကြည့်ပြီး အလွန်အံ့ဩသွားမိသည်။ကြည့်လေ...တောထဲတွင် ဖိုးချိပ်မှဆိုးလုပ်လာခဲ့သည်က နစ်မနည်းတော့။ သူ့ရှေ့တွင် ဘယ်လိုသားကောင်တွေ့တွေ့သူ့လှံချက်အောက်တွင် အသက်ပျောက်ခဲ့ရသည်ချည်းပင်။

ဖိုးချိပ်မြေတွင်စိုက်ဝင်နေသော လှံတံကို ပြေးနှုတ်လိုက်သည်။ပစ်အားအရှိန်က မည်မျှပြင်းထန်သည်မသိ။ မြေကြီးထဲတွင်စိုက်ဝင်နစ်နေသော လှံတံကိုအားစိုက်ဆွဲနှုတ်မရဖြစ်နေသည်။ ဖိုးချိပ်လှံတံကို အားစိုက်ဆွဲနှုတ်ပြီး ဒရယ်လေးပြေးရာနောက်သို့ ကြည့်လိုက်မိသည်။ဒရယ်လေးသည် ပြေးလမ်းပိတ်နေ၍တောအုပ်အစပ်ဆီမှ တစ်ဆင့်လယ်ကွင်းဆီသို့တစ်ရှိန်ထိုး ပြေးနေသည်ကိုတွေ့လိုက်ရ၍ဖိုးချိပ်ရင်ထဲ မချင့်မရဲဖြစ်သွားမိသည်။

ကြည့်လေ...လှံပစ်ရာတွင်ပစ်မှတ်လွဲခဲ့သော ဖိုးချိပ်လှံချက်က အနီးကပ်လက်တစ်လှမ်းတွင် တည်ငြိမ်စွာတွေ့ရသောဒရယ်လေးကိုမထိုးမိခဲ့။ သို့သော် ဖိုးချိပ်မမှု၊ သည်တောအုပ်ထဲတွင် ခိုအောင်းနေသည့် မည်သည့်သားကောင်မှ နယ်ကျွံ၍ကွင်းထဲရောက်ခဲ့လျှင်ဘယ်လိုပြေးပြေး မလွတ်နိုင်။ ဖိုးချိပ်ကြည့်လိုက်မိသည်။ အသက်လုပြေးနေသော ဒရယ်လေးနောက်သို့ သားကောင်အနံ့ကိုခံပြီး အားကုန်လိုက်နေသည့် ခွေးများကိုကြည့်၍ဖိုးချိပ်ပြုံးလိုက်မိသည်။

ထို့ကြောင့် ဖိုးချိပ်လှံတံကိုပုခုံးပေါ်ထမ်းပြီးအေးဆေးစွာပင်ကွင်းထဲဘက်သို့ထွက်လိုက်မိသည်။ ဒရယ်လေးသည်နောက်မှလိုက်လာသော ခွေးများရန်ကိုမနည်းလွတ်အောင်ရှောင်တိမ်းပြီး ပြေးလွှား

နေဆဲဖြစ်သည်။သို့တိုင်ဒရယ်လေးကိုခွေးများလိုက်မမီနိုင်အောင်ဖြစ်နေသည်။တကယ်တော့ ဖိုးချိုပ်မွေးထားသည့် ခွေးများကမည်သည့်သားကောင်တွေ့တွေ့လွတ်ရိုးမရှိခဲ့။ ခုတော့ ... ဖိုးချိုပ် ဒရယ်လေးကိုကြည့်ရင်း ရင်ထဲထိတ်သွားမိသည်။ ဒရယ်လေးသည် ကွင်းထဲမှတစ်ဆင့်ရွာနှင့်အတော်အလှမ်းဝေးသော သုသာန်ဘက်ဆီသို့ခြေဦးလှည့်၍အားသွန်ပြေးနေသည့်အဖြစ်က မယုံနိုင်စရာပင်။ သုသာန်အတွင်းအုပ်ဆိုင်းနေသော သစ်ပင်ကြီးငယ်များနှင့် ဖုံးလွှမ်းနေသော ချုံနွယ်ပိတ်ပေါင်းများက တောအုပ်တစ်ခုအလား တည်ရှိနေသည်။

ဖိုးချိုပ်ကွင်းထဲမှ သုသာန်ဘက်ဆီသို့ လျင်မြန်သောခြေလှမ်းဖြင့် အပြေးလှမ်းလိုက်မိသည်။သို့တိုင်ဒရယ်လေးက သုသာန်အတွင်းရှိတောအုပ်ထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားလေသည်။ သားကောင်ကိုအနံ့မပြတ်ခံကာရှာနေသည့်ခွေးများဟောင်သံက ဆူညံစွာပေါ်လာပြန်သည်။ဖိုးချိုပ် သုသာန်အတွင်းရှိဇရပ်ပျက်ကြီးပေါ်သို့တက်လာ၍ အမောဖြေပြီး ချုံနွယ်ပိတ်ပေါင်းများနှင့် ဖုံးလွှမ်းနေသောသုသာန်အတွင်းသို့စူးစမ်းပြီးကြည့်လိုက်မိသည်။

ဘယ်နေရာကြည့်ကြည့်၊ အုတ်ဂူပျက်များနှင့် လူတစ်ရပ်ကျော်ကျော်မိုးနေသော သစ်ပင်ချုံနွယ်များ။ဒရယ်လေးသည်သုသာန်အတွင်းဝင်ရောက်ပျောက်ကွယ်ခဲ့သည်ကို ဖိုးချိုပ်မျက်စိဖြင့် တပ်အပ်မြင်ခဲ့ရသည်က အမှန်။ ခုတော့ဒရယ်လေးအရိပ်အယောင်မပြောနှင့်တောတိုးလှုပ်ရှားသံပင်မကြားရဘဲ သုသာန်တစ်ခုလုံးတိတ်ဆိတ်ငြိမ်သက်သည့်အဖြေက အံ့သြစရာ။

ဖိုးချိပ်ခွေးများက သားကောင်ကိုအနံ့ခံရင်း သုသာန်တစ်ခုလုံး မွှေနှောက်ရှာဖွေသည့်တိုင် ဒရယ်လေးကို မတွေ့ရ၍ ဖိုးချိပ်ဒေါသဖြစ်မိပြန်သည်။ ထို့ကြောင့် ဒရယ်လေးကို မရရအောင် လိုက်မည်ဟု အားခဲရင်း ဇရပ်ပျက် ကြီးပေါ်တက်၍ မျက်စိနားဖွင့်ကာ ကြည့်နေမိသည်။ ထိုစဉ် လေတိုးသံပြင်းပြင်းနှင့်အတူ ယိမ်းနွဲ့လှုပ်ရှားသွားသော သစ်ပင်များကြောင့် ဖိုးချိပ်ကြည့်လိုက်မိသည်။ လှုပ်ရှားသံကို ဆက်တိုက်မကြားရဘဲ ငြိမ်သက်သွားပြန်သည်။ စိတ်ကထင်မိ၍လားဟု တွေးမိရင်း ဖိုးချိပ်ခွေးများအသံကို နားစွင့်မိသော်လည်း မကြားရ၍ စိုးရိမ်သွားမိသည်။ဖိုးချိပ်တောလိုက်ခဲ့သည်ကကြာပြီ။ တောအထာကိုကျွမ်းကျင်သည်။ သားကောင်လှုပ်ရှားမှုကို သိသည်။ သည်ဒရယ်လေးကျမှ ဘာဖြစ်မှန်းမသိ။ထိုစဉ်ရုတ်တရက်ကြားလိုက်ရသော ချုံတိုးသံသဲ့သဲ့ကြောင့် ဖိုးချိပ်နားစွင့်ရင်း လက်ထဲမှ လှံတံကို အသင့်ပြင်လိုက်မိသည်။

ဖိုးချိပ်လှံတံကို ချိန်ဆပြီးအနီးကပ်ရောက်လာသော ဒရယ်လေးမှန်းသိလိုက်ရ၍ရင်ထဲလှုပ်ရှားသွားမိသည်။ ထို့ကြောင့် မလွတ်စေရန် နားစွင့်မိစဉ် လှုပ်ရှားယိမ်းထိုးသွားသော ချုံပုတ်အတွင်းသို့မှန်းဆပြီးအားကုန်ပင်လှံတံကိုပစ်ထိုးလိုက်မိသည်။လှံသွားနှင့်ထိတွေ့ပြီး ထွက်ပေါ်လာသော ရှန်းကန်လှုပ်ရှားသံနှင့်အတူ ဖိုးချိပ်ဇရပ်ပျက်ကြီးပေါ်မှ အပြေးဆင်းလိုက်မိသည်။ ကြည့်လေ . . . ဖိုးချိပ် တွေ့လိုက်ရသည်က ဂူပျက်ကြီးဘေးရှိ ချုံပုတ်ထဲမှ ဒရယ်လေး။

ဖိုးချိပ်၏ ပြင်းထန်သောလှံချက်က ဒရယ်လေးဝမ်းဗိုက်ကို

ထုတ်ချင်းပေါက်ပြီး မြေကြီးထဲအထိ လှံဖျားစိုက်ဝင်နေသည့် အဖြစ်ပင်။ ဒရယ်လေး၏မချိမဆံ့ညည်းတွားနေသောအသံက မတိုးမကျယ်ပေါ်လာသည်။ဖိုးချိပ်လှံချက်မိနေသော ဒရယ်လေးကိုကြည့်လိုက်မိသည်။ ဒရယ်လေးသည် ပြင်းထန်သော လှံချက်မိထား၍ ခံစားနေရသည့်ဝေဒနာကြားမှ ဖိုးချိပ်ကိုအသနားခံကြည့်နေသည့်အကြည့်စူးစူးရှရှပင်ပေါ်လာသည်။

ဖိုးချိပ်ဒရယ်လေးကို ကြည့်ရင်းအလိုလိုတုန်လှုပ်သွားမိသည်။ဘာကြောင့်များပါလိမ့်ဟု တွေးမိရင်းငူငူကြီးရပ်နေမိသည်။ဖိုးချိပ်သားကောင်ပေါင်းမြောက်မြားစွာ ကြုံတွေ့ခဲ့ရသော်လည်း ခုလိုထိတ်လန့်တုန်လှုပ်ခြင်းမရှိခဲ့။ ထိုစဉ်ဖိုးချိပ်ခွေးများ အပြေးအလွှားရောက်လာပြီးဒရယ်လေးကိုကိုက်ခဲနေသည့်မြင်ကွင်းနှင့်အတူဒရယ်လေး၏ စူးရှနာကျင်စွာ ထွက်ပေါ်လာသောအသံက သုသာန်တစ်ခုလုံးဖုံးလွှမ်းသွားလေသည်။

"သားတို့ တော်ကြတော့...၊အနားသွားယူကြဦး"

ဖိုးချိပ်စကားသံကြောင့် ခွေးများက ဇရပ်ပျက်ကြီးပေါ်သို့ စုပြုံပြေးတက်သွားလေသည်။ဖိုးချိပ် အချိန်သိပ်ဆိုင်းမနေနိုင်တော့။ မကြာမီနေဝင်တော့မည်မဟုတ်ပါလား။ထို့ကြောင့် ဒရယ်လေးခန္ဓာကိုယ်မှစိုက်ဝင်နေသော လှံတံကိုနုတ်ပြီးဇရပ်ပျက်ပေါ်သို့ တင်လိုက်သည့်သက်မဲ့ခန္ဓာကိုယ်နှင့် ငြိမ်သက်နေသော ဒရယ်လေးကြည့်၍ ဖိုးချိပ်ရင်ထဲ လေးလံနေမိသလိုခံစားနေမိသည့် သို့တိုင် နေဝင်သွားမည်ကိုစိုးရိမ်၍ဖိုးချိပ်ဒရယ်လေးကိုလျင်မြန်စွာပင်အသားဖျက်လိုက်

စဉ်...အလွန်အံ့ဩသွားမိသည်။ ဖိုးချိပ်ဒရယ်သားကိုထမ်းပြီးရွာထဲသို့ ဝင်လိုက်ပြီးအော်လိုက်မိသည်။

"ဒရယ်သားတွေရမယ်...၊ဒရယ်သားတွေ"

"လိုက်ကွ...လိုက်...လိုက်၊ မလွှတ်စေနဲ့"

ညာသံပေး၍ အော်လိုက်သောအသံများက သုသာန်တစ ပြင်ဝယ်ဖုံးလွှမ်းသွားသည်။ ဖိုးချိပ်မှိန်းနေရာမှ ခေါင်းထောင်၍ကြည့် လိုက်မိသည်။ ရှေ့မှအားသွန်၍ပြေးနေသော ယုန်ကလေးနောက်သို့ သဲကြီးမဲကြီး ဝိုင်းလိုက်နေသည့် မြင်ကွင်း။ မကြာမီ ရှေ့နောက်ညပ်၍ ဝိုင်းဖမ်းနေသည့်ရွာသားများကြောင့် ယုန်ကလေးသည် မပြေးသာဘဲ ဝိုင်းဖမ်းသူ လက်ထဲသို့ ရောက်ရှိသွားလေသည်။ ကြောက်ရွံ့၍ ခန္ဓာ ကိုယ်တစ်ခုလုံး တဆတ်ဆတ် တုန်ယင်နေသော ယုန်ကလေးကို ဝိုင်းဖမ်းသည့် ရွာသားများ အမောဖြေရန် ဇရပ်ပျက်ကြီးပေါ်သို့ တက်လာစဉ် မှဆိုးကြီးဖိုးချိပ်ကို တွေ့လိုက်ရ၍ အံ့ဩသွားကြသည်။

"ဟာ...မုဆိုးကြီးပါလား၊ မုဆိုးကြီးတောမလိုက်တော့ဘူး လား"

ဖိုးချိပ်ကို တောလိုက်မုဆိုးမှန်းသိ၍ ရွာသားများက မေးရင်း ဖိုးချိပ်၏အိုးခွက်ပစ္စည်းများကိုတွေ့လိုက်ရသည်။ ကြည့်လေ...။ မုဆိုး ကြီးဖိုးချိပ်က တစ်ယောက်တည်း မကြောက်မရွံ့ဘဲ သုသာန်ဇရပ်ပျက် ကြီးပေါ်တွင် နေထိုင်သည့်အဖြစ်က မယုံနိုင်စရာပင် ဖြစ်နေသည်။

"ဦးလေး...၊ တောလိုက်အလုပ်ကို စွန့်လိုက်မိတာကြာပါပြီ။ ဒါပေမယ့် ဦးလေးသားတွေက တတ်နိုင်သမျှသားကောင်ရှာဖွေပေး

နေလို့ဦးလေးရောင်းပြီး…ပောာ…ပြောရင်းဆိုရင်းဦးလေးသားတွေ လာကြပြီ၊ လာကြပြီ"

ဖိုးချိပ်ညွှန်ပြရာသို့ ရွာသားများကြည့်လိုက်မိသည်။ ဖိုးချိပ်၏ တောလိုက်ခွေးများက သားကောင်ကိုကိုက်ချီပြီး ဇရပ်ပျက်သို့ ဆွဲယူလာသည်။ ဖိုးချိပ်ဇရပ်ပျက်ပေါ်မှ ဆင်းပြီး ခွေးများယူလာသော သားကောင်ကိုယူလိုက်သည်။ ဖိုးချိပ်တောမလိုက်သော်လည်း ခွေးတွေက မနေ။ သခင့်အပေါ် ကျေးဇူးတရားသိသည်။ တောလိုက်ရသမျှ သားကောင်ကို ဖိုးချိပ်ကိုပေးသည်။

ခုလည်းကြည့်…၊ ခွေးများကဖိုးချိပ်ကို သားကောင်ပေးပြီး ဇရပ်ပေါ်တွင် အနားယူအိပ်စက်နေကြသည်။ ဖိုးချိပ်ကို ရွာသားများက နှုတ်ဆက်ထွက်သွားသည့်တိုင် ရင်ထဲကမပြေ။ ကြည့်လေ…။ ရွာသားများလက်တွင် ကြောက်ရွံ့တုန်လှုပ်နေသည့် ယုန်ကလေးအဖြစ်နှင့်အတူ ဖိုးချိပ်လုံ့ချက်တွင် မရှုမလှခံစားနေရသော ဒရယ်လေးမြင်ကွင်း။ သည်ဒရယ်လေးက ဖိုးချိပ်နှလုံးသားတွင် အမှတ်ထင်ထင်ရှိနေဆဲပင် မဟုတ်ပါလား။

ဖိုးချိပ်အမှတ်မထင် ကြုံခဲ့ရသော ဒရယ်လေးနှင့်တွေ့ပြီးကတည်းက ဘာစိတ်ကူးပေါက်ခဲ့သည်မသိ။ မဟူရာကွင်းထဲမှ ဆောက်ထားသော တဲကိုဖျက်ပြီး သုသာန်ထဲရှိ ဇရပ်ပျက်ကြီးပေါ်တွင် နေထိုင်ခဲ့ခြင်းဖြစ်သည်။ ဖိုးချိပ်တောလိုက်ခဲ့သမျှ ဇီးနှင့်သားကောင်ကို ရောင်းခဲ့သည်။ ခုတော့ အမှတ်မထင် ဇီးရှိသောဒရယ်လေးကိုမှ လှံဖြင့်ထိုးခဲ့မိသည့်အဖြစ်က ဖိုးချိပ်ရင်ထဲမမေ့။

အလိုလိုနေရင်းဖိုးချိပ်မျက်စိထဲသို့တိုးဝင်လာသောဒရယ်လေး။သည်ဒရယ်လေးက ဝေဒနာကြားမှ အသနားခံအကြည့်နှင့် တောင်းပန်တိုးလျှိုးနေသည့်ဟန်က မပျောက်ပျက်ဘဲ တည်ရှိနေသည်က အံ့ဩစရာ။ကြည့်လေ...။ခုလည်းဖိုးချိပ်ကိုစူးစူးဝါးဝါးကြည့်၍ပြောနေသည့်စကားသံက လွှမ်းမိုးလာပြန်သည်။

"ကိုဖိုးချိပ်ရယ်၊ရှင်လောက်မိုက်လုံးကြီးတဲ့သူရှင်ပဲရှိတယ်။ ဘာဖြစ်လို့အကုသိုလ်တွေကို ခင်တွယ်နေရတာလဲ၊ရှင်မှုဆိုးအလုပ်က စွန့်မယ်ဆိုရင် ကျွန်မကိုလှံနဲ့ထိုးခဲ့တဲ့နေရာကိုတူးပြီးကြည့်ပါ..."

ဖိုးချိပ် မည်မျှအိပ်မောကျသွားမိသည်မသိ။နားဖြင့် ဆတ်ဆတ်ကြားလိုက်ရသောစကားနှင့်အတူ ဒရယ်လေးသည် ဖိုးချိပ်ကိုကြည့်ပြီးတောကြီးထဲသို့ ဝင်သွားသည့်မြင်ကွင်း။မိမိဒရယ်လေးကိုစိတ်စွဲစွဲလမ်းလမ်းရှိမှုကြောင့်လားဟု ဖြေသိပ်တွေးမိသော်လည်း ဖိုးချိပ်အိပ်မက်လိုလိုဖြင့် ကြုံခဲ့ရသောအဖြစ်က သုံးလေးကြိမ်ပင် မကတော့။

ကြည့်လေ ... ဖိုးချိပ်အိပ်မက်လိုလို ကြုံခဲ့သည့်အဖြစ်ကိုသိချင်လာသည်။ ထို့ကြောင့်ကြိုတင်ပြင်ဆင်လိုက်မိသည်။ ညအမှောင်ထုက တဖြည်းဖြည်း လွှမ်းခြုံလာသည်။ ညအမှောင်နှင့်အတူ တိတ်ဆိတ်ငြိမ်သက်သော သုသာန်တစ်ခုလုံးက ချောက်ချားရင်ဖိုစရာဖြစ်နေသည်။သို့သော်ထိုအဖြစ်ကိုမတွေးနိုင်ဘဲဒရယ်လေးကိုလှံဖြင့် ထိုးခဲ့သည့်အုတ်ဂူပျက်ဘေး ချုံပုတ်အောက်သို့တူးရန် ဖိုးချိပ်ပတ်ဝန်းကျင်ကိုမလုံမလဲကြည့်လိုက်မိသည်။

သို့တိုင် ဖိုးချိပ်ရင်ကို အမြဲတမ်းနှိုးဆော်နေသည့်အဖြစ်။ ဖိုးချိပ်ဆက်ပြီး မစဉ်းစားနိုင်တော့။ သံတူရွင်းဖြင့် မြေကြီးကိုတူးလိုက်မိသည်။ ဖိုးချိပ်၏မြေကြီးတူးသံ တဒုတ်ဒုတ်က သုသာန်ထဲတွင် အဆက်မပြတ်ပေါ်လာနေဆဲဖြစ်သည်။ ဖိုးချိပ်မြေကြီးကိုအားစိုက်တူးရင်း ချွေးစီးများပြန်လာမိသည်။ ဖိုးချိပ်ကျလာသော ချွေးစီးများကို သုတ်ပြီးမြေကြီးကို ဆက်တူးရင်း တွေ့လိုက်ရသည့်အဖြစ်။

"ဟာ...အိုးတစ်လုံးပါလား၊ ဟုတ်ပြီ...ဒါဆိုငါ့ကို အိပ်မက်ပေးတာမှန်ပြီ"

ဖိုးချိပ်တွင်းတူးရင်း တွေ့လိုက်ရသည့် စဉ့်အိုးငယ်ကို ပွေ့ပြီး ဇရပ်ပျက်ပေါ်သို့ ဝမ်းသာအားရ တက်လိုက်မိသည်။ ပြီး...မီးထွန်းကာ စဉ့်အိုးငယ်ကို ဖွင့်ကြည့်လိုက်မိသည်။ မီးရောင်ဖြင့် ပြိုးပြတောက်ပနေသည့်ရွှေများ။ ဖိုးချိပ်ကြည့်ရင်း အံ့သြသွားမိသည်။ ဖိုးချိပ်ရွှေများ ပျောက်ကွယ်သွားမည်ကို စိုးရိမ်စိတ်ဖြင့် ဇရပ်ပျက်ကြီးပေါ်မှ စီးမြင်ရသော သုသာန်ကိုကြည့်လိုက်မိသည်။

ထိုစဉ် ရုတ်တရက် တိုက်ခတ်လာသော လေပြင်းတစ်ချက်နှင့်အတူ တဝေါဝေါ ဖြင့် တောတိုးပြီး အပြေးလာနေသည့်အသံများ ဖိုးချိပ်ကြားလိုက်ရ၍ အံ့သြသွားသည်။ သည်သုသာန်ထဲရှိ ဇရပ်ပျက်ကြီးပေါ်တွင် ဖိုးချိပ်နေလာခဲ့သည်က ကြာပြီ။ သည်လိုထူးထူးခြားခြား အသံများကို မကြားဖူးခဲ့။ တောတိုးသံက ပို၍ပေါ်လာစဉ် ဒရယ်လေး၏ အော်သံက စူးစူးဝါးဝါးပေါ်လာသည်။ ဖိုးချိပ် စဉ့်အိုးကို ရင်ခွင်ထဲတွင် တင်းကျပ်စွာ ပိုက်ထားလိုက်သည်။

သို့တိုင် ရုတ်တရက်ဆွဲယူလိုက်သလိုခံစားရသောအသိနှင့် အတူဖိုးချိပ်စဉ့်အိုးကို မလွှတ်တမ်းပိုက်ကာ ကြည့်လိုက်မိသည်။ ဘာမျှမတွေ့ရ။ ဖိုးချိပ်ဇောချွေးများအလိုလိုပြန်လာပြီးကမန်းကတန်း ပင် ဇရပ်ပျက်ကြီးဘေးတွင် အမြန်ဆုံးကျင်းတူးပြီး စဉ့်အိုးကိုမြှုပ်ထား လိုက်မိသည်။ သည်တော့မှ တဝေါဝေါဖြင့်တောတိုးလာသည့်အသံနှင့် ဒရယ်လေး၏အော်သံက ပျောက်ကွယ်သွားလေသည်။

*ཥ ཥ ཥ ཥ ཥ ཥ*

"ကဲ...သားတို့အဖေနဲ့ရေစက်ဆုံလို့ကြုံခဲ့ရတာ အဖေမှဆိုး အလုပ်ကိုမလုပ်တော့ဘူး။ သားတို့လည်း အဖေ့ကိုရှာမကျွေးနဲ့တော့ သွားချင်ရာ သွားလို့ရပြီ။ ကဲ...သွားကြတော့"

ဖိုးချိပ်၏ ဆိုနှင့်စွာပေါ်လာသော စကားသံကို နားစွင့်ရင်းငြိမ် သက်နေသည့်ခွေးများ သခင်နှင့်နေလာခဲ့သည်က နှစ်ပင်မနည်း တော့။ ဘဝချင်းမတူသော်လည်း သံယောဇဉ်ကဖြတ်ဖို့မလွယ်.. ဖိုးချိပ် ဘယ်လိုပင် နှင်နှင် ခွေးတွေကဝေးဝေးမသွား။ ပေကပ်နေကြသည်။ ကြာတော့ ဖိုးချိပ် သည်းမခံနိုင်တော့။

"သွားကြလို့ပြောနေတာ...မသွားကြသေးဘူးလား၊ ကဲ... ကွာ၊ မသွားချင်ဦး"

ဖိုးချိပ်က အရှုးကြီးသဖွယ်ပါးစပ်က တတွတ်တွတ် ပြောဆို ရင်းတုတ်ဖြင့် ခွေးများကိုရိုက်နှင်သော်လည်းခွေးများက ပေခံနေကြ သည်။ ကြာတော့...ဖိုးချိပ်ကို တွေ့လျှင်ဇရပ်ပျက်ကြား၊ ချုံကြားများ

တွင်အပြေးအလွှားပုန်းနေကြသည့်အဖြစ်ပင်။ ဖိုးချိပ်ရက်ပေါင်းများစွာအစားပျက်၊ အအိပ်ပျက်၍လားမသိ။ လူကပိန်လာသလို၊ပါးစပ်ကလည်းတတွတ်တွတ်ဖြင့် တစ်ကိုယ်တည်းစကားပြောနေသည်ကိုမြင်ရသူရွာသားများကဖိုးချိပ်ကို ရူးသွားပြီဟု ထင်မြင်သည်။

တစ်ည သုသာန်တစ်ခုလုံး လေမိုးမတိုက်ဘဲ သစ်ပင်ကြီးငယ်များ လေတိုက်သကဲ့သို့ ယိမ်းနွဲ့လှုပ်ရှားနေသည်ကိုဖိုးချိပ်ကြည့်ရင်း ထိတ်လန့်တုန်လှုပ်သွားလေသည်။ ဖိုးချိပ်ပါးစပ်ကလည်း "ငါ... မှဆိုးမလုပ်တော့ဘူး၊ မလုပ်တော့ဘူး၊ ကြောက်တယ်...ငါ့ကိုမခေါ်နဲ့ သွားကြ...သွားကြ"

စူးစူးဝါးဝါးအော်ဟာစ်သံက ဇရပ်ပျက်ကြီးပေါ်တွင် ဟိန်းသွားလေသည်။

ဖိုးချိပ်သည် တစ်စုံတစ်ခုကို ကြောက်ရွံ့ထိတ်လန့်ဟန်ဖြင့် ဂဏှာမငြိမ်ဘဲဇရပ်ပျက်ကြီးသို့ရောက်လာသူတိုင်းမလာရန်တားမြစ်လေသည်။ ခုလည်းကြည့်၊ ဖိုးချိပ်တစ်ညလုံးမအိပ်ဘဲ ဇရပ်ပျက်ကြီးပေါ်တွင် ခေါက်တုံ့ခေါက်ပြန် ပြေးလွှားနေရသည်က တစ်ကိုယ်လုံးချွေးများပင်နစ်နေသည်။ ထို့အတူ ချွေးများအသံက တိတ်ဆိတ်နေသည်။ ဖိုးချိပ်ပြေးရင်း မျက်စိထဲတွင် ထူးထူးခြားခြားမြင်နေမိသည်က ဒရယ်လေး။ ဒရယ်လေးက သူ့နောက်သို့ အရိပ်သဖွယ်ပြေးလိုက်နေသည့်နယ်။ ဖိုးချိပ်အာရုံဖျောက်သော်လည်းမရ။ ထို့ကြောင့် ဖိုးချိပ်ကမန်းကတမ်းပင် ဇရပ်ပျက်ဘေးတွင်မြှုပ်ထားသောစဥ့်အိုးကိုတူးပြီးယူလိုက်စဥ် ရှည်လျားစွာ အူလိုက်သော ခွေးအူသံများက သုသာန်တစ်ခုလုံး

ဖုံးလွှမ်းသွားလေသည်။

ထိုညက သုသာန်ဘက်ဆီမှ မကြားစဖူးကြားရသော ခွေးအူသံများကြောင့် ရွာသားများ ထိတ်လန့်နေကြသည်။ မိုးလင်းမှ ရွာသားများ ဇရပ်ပျက်ဆီသို့ လာကြည့်စဉ် ဖိုးချိပ်၏တောလိုက်ခွေးများက ဇရပ်ပျက်ပေါ်သို့ အတက်မခံဘဲ ဝိုင်း၍ စူးစူးဝါးဝါး ထိုးဟောင်နေကြသည်ကို တွေ့လိုက်ရသည်။

နောက်ဆုံး ရွာသားများက လေးခွ၊ တုတ်၊ ဓားများဖြင့် ခွေးများကို ခြောက်လှန့်မောင်းထုတ်ပြီး ဇရပ်ပေါ်သို့ တက်ကြည့်သောအခါ ဇရပ်ပျက်ကြီးပေါ်တွင် ပြူးကျယ်သော မျက်လုံးအစုံဖြင့် အသက်ကင်းမဲ့နေသော တောလိုက်မုဆိုးဖိုးချိပ်ကို တွေ့လိုက်ရလေသည်။ ဖိုးချိပ်၏ဘေးတွင် စဥ့်အိုးကွဲတစ်လုံးနှင့်အတူ ဖိုးချိပ်ညာဘက်လက်ဖဝါးထဲတွင် တစ်စုံတစ်ခုကို တင်းကျပ်စွာ ဆုပ်ကိုင်ထားသည်ကို တွေ့လိုက်ရ၍ ရွာသားများ စိတ်ဝင်စားသွားကြလေသည်။ ထို့ကြောင့် ဖိုးချိပ်၏ညာဘက်လက်ကို ဖြေ၍ကြည့်လိုက်မိရာ မီးသွေးတုံးကြီးတစ်တုံးကိုသာ တွေ့လိုက်ရလေသည်။ ဖိုးချိပ်အဖြစ်ကိုကြည့်ပြီး ရွာသားများ အဖြေရှာမရနိုင်အောင် ဖြစ်သွားကြလေသည်။

"ဟောဒီစဥ့်အိုးကွဲမှာ တွေ့ရတဲ့မီးသွေးကို ဆုပ်ကိုင်ပြီး မုဆိုးကြီးသေတာကို တွေးရရင် မုဆိုးကြီးနဲ့ ပတ်သက်ခဲ့တာ တစ်ခုခုဖြစ်လိမ့်မယ်ဗျ"

"ဟုတ်တယ်...ကျုပ်မုဆိုးကြီးမသေခင် တစ်နေ့တွေ့ခဲ့သေးတယ်။ မုဆိုးကြီးက ဇရပ်နားကို ဘယ်သူလာလာ နှင်နှင်လွှတ်တာပဲ။

ကေန္တတော့ မုဆိုးကြီးက ပောဒိစဉ်အိုးထဲက မီးသွေးတွေကို ရွှေတွေ ထင်ပြီး ဥစ္စာရူးရူးပြီး သေသွားတယ်ထင်တယ်"

ရွာသားများက အမျိုးမျိုးထင်မြင်ချက်ပြောပြီး မုဆိုးကြီးဖိုးချိပ်ကိုကောင်းမွန်စွာသင်္ဂြိုဟ်လိုက်လေသည်။ ဘယ်အရပ်ဘယ်ဇာတိ မှန်းမသိသော်လည်း တောလိုက်မုဆိုးဘဝဖြင့် ဇာတ်မြှုပ်ခဲ့သည့်မုဆိုးကြီးဖိုးချိပ်။ မုဆိုးကြီးဖိုးချိပ်ဆုံးပြီးနောက်ပိုင်းညညများတွင် ဇရပ်ပျက်ကြီးပေါ်၌ မီးရောင်လှဲ့လှဲ့ကိုမြင်တွေ့ရသည်ဟု ရွာသားများပြောလာကြသည်။

မုဆိုးကြီးဖိုးချိပ် မွေးထားသော ခွေးများက တစ်ညလုံး အဆက်မပြတ်အူပြီး မိုးလင်းသောအခါ သူသာန်ရှိဇရပ်ပျက်ကြီးပေါ်တွင်လုံးဝ မတွေ့ရတော့ချေ။ ထို့အတူ မုဆိုးကြီးဖိုးချိပ် အမြဲတမ်း သားကောင်လိုက်ရာတွင်ပါသော သွေးစွန်းနေသည့်လုံတံသည် အုတ်ကျိုးပဲ့များ ပြန့်ကျဲနေသော အုတ်ဂူပျက်ဘေးရှိ တွင်းပျက်ကြီး ထဲတွင် စိုက်လျက်ရှိနေသည့်အဖြစ်က မုဆိုးကြီးဖိုးချိပ်တစ်ယောက် သာ သိခွင့်ရခဲ့ သည်မဟုတ်ပါလား။

ဇလွန်ကျော်ဦး

□ □ □



တောတွင်းမှုခင်းမှတ်တိုင်
ဟင်းဈားကောင်နှင့် ပရိယာယ်
မောင်မြင့်မား(ဖိုလ်ကလေး)

# ၇။ မောင်မြင့်မား(ဗိုလ်ကလေး) ဟင်းစားကောင်နှင့်ပရိယာယ်

ညို့မှိုင်းနေသော တောင်တန်းကြီးနှင့်စိမ်းစိုနေသော တောတန်းကြီးကိုအဝေးကပင်လှမ်းမြင်နေရသည်။

ကျော်စိုးနှင့်တင်ဝင်းတို့နှစ်ယောက် မကြီးချောင်းတံတားထိပ်သို့ ရောက်ချိန်တွင် နေအတော်စောင်းနေပြီဖြစ်သည်။တံတားထိပ်ကမျှော်ကြည့်လိုက်လျှင် ထန်းနှစ်ပင်ရွာကို ခပ်မှိုင်းမှိုင်းမြင်နေရသည်။

ကျော်စိုးက ပခုံးထက်မှ စစ်သုံးလွယ်အိတ်ကြီးကိုတစ်ဖက်ပခုံးထက်သို့ပြောင်းရင်း တံတားပေါ်က ဖြတ်လျှောက်လာသည်။

တင်ဝင်းက နှစ်လုံးပြူးသေနတ်ထည့်ထားသော ပတ္တူအိတ်ကို ခါးတွင်ပိုက်၍ အိပ်ရာလိပ်ကို လက်တစ်ဖက်ကဆွဲကာ အနောက်ဘက်ရှိညို့မှိုင်းနေသော တောင်တန်းကြီးကိုငေးမျှော်ကြည့်နေသည်။

ကျော်စိုးက တင်ဝင်းကို လှည့်ကြည့်လိုက်ရင်း...

"ဟေ့ကောင် ဘာလဲကွ၊ မျောက်ရှေးခါးဟင်းစားရတော့မှာ

မို့လို တွေးပြီးသွားရည်ကျနေပြီလား"

တင်ဝင်းကပြုံးလိုက်သည်။

"ဖထီးရှိရင်တော့ ဟင်းစားအတွက်မပူပါဘူးကွာ၊ တို့လာတဲ့ အပတ်နဲ့ ဖထီးတောဆင်းနေရင် တို့လာတဲ့ရက်တွေ အလကားဖြစ်နေမှာစိုးလို့ပါ"

"ဟ . . . တို့သေသေချာချာ လှကြဲနဲ့မှာထားတာပဲကွ။ ဖထီးကလဲတို့ကိုမျှော်နေတာပဲဟာ"

ကျော်စိုးနှင့်တင်ဝင်းတို့နှစ်ယောက်တောလမ်းအတိုင်းဖြတ်လျှောက်လာကြရင်း ချေ(ဂျီ) ဟောက်သံသဲ့သဲ့ကိုကြားနေရသည်။

ကျော်စိုးက တင်ဝင်းကိုလှည့်ကြည့်လိုက်သည်။

တင်ဝင်းကနှစ်လုံးပြူးထည့်ထားသော အိတ်ကိုကိုင်၍ လက်ကိုဆန့်လိုက်ကာ မျက်လုံးတစ်ဖက်ကိုမှိတ်၍ပြုံးပြလိုက်သည်။

ကျော်စိုးနှင့်တင်ဝင်းတို့နှစ်ယောက် ထန်းနှစ်ပင်ရွာကိုရထားတစ်တန်၊ ကားတစ်တန်၊ ကုန်းကြောင်းတစ်တန်နှင့် လာခဲ့ရခြင်းကား ထန်းနှစ်ပင်ရွာ အနောက်ဘက်တောတန်းတွင် အမဲပစ်ရန်ဖြစ်သည်။

ထန်းနှစ်ပင်ရွာတွင် မုဆိုးတစ်ပိုင်း ယာသမားတစ်ပိုင်းစောဂျိမ်းက ကျော်စိုးနှင့်တင်ဝင်းတို့၏ မုဆိုးဖေါ်ဖြစ်သည်မဟုတ်ပါလား။ စောဂျိမ်းက အသက်အားဖြင့် ငါးဆယ်ကျော်ခြောက်ဆယ်နီးပါးရှိ၍ ကျော်စိုးနှင့်တင်ဝင်းတို့၏ အဖေအရွယ်ဖြစ်သည်။

စောဂျိမ်းက လယ်ဇကနှစ်ဆယ်အပိုင်နှင့် လယ်နားချိန်တွင် ပြောင်း၊ နှမ်း၊ မြေပဲစိုက်၍ မိသားစုကိုချောင်ချောင်လည်လည်နှင့်ထား

နိုင်ကာ ထန်းနှစ်ပင်တစ်ရွာလုံးတွင် ကြီးမားသော ပျဉ်ထောင်သွပ်မိုး အိမ်ကြီးနှင့် နေထိုင်နိုင်သူဟူ၍ စောဂျိမ်းတစ်ယောက်သာရှိသည်။

"တင်ဝင်း…ခပ်သုတ်သုတ် လျှောက်ကွာ၊နေလုံးမပျောက်ခင်ရွာကိုရောက်ဖို့လိုတယ်"

"အေးပါ"

ထန်းနှစ်ပင်ရွာအနောက်ဘက် တောတန်းနှင့် တောင်တန်းနောက်တွင် နေလုံးကြီးက ငုပ်လျှိုးရန် တာစူလျှက် ရှိနေပေပြီ။

ညနေခင်း၏ လေပြည်အေးအေးက ထန်းနှစ်ပင်ရွာကို ဦးတည်ကာအသော့နှင်နေသည်။

〃 〃 〃 〃 〃 〃

စောဂျိမ်းက အောက်လင်းမီးအိမ်ကြီးကို မီးစာမြှင့်တင်လိုက်သည်။အိမ်ရှေ့ကွပ်ပျစ်ပေါ်သို့ မီးရောင်များဖြာကျလာသည်။

"စားကြကွာ၊ မင်းတို့သိပ်ကံကောင်းတယ်။ မင်းတို့လာမယ်ဆိုလို့ ငါလဲဒီနှစ်ရက်သုံးရက်တောမဆင်းဘဲ နားနေတာ၊ဒါကြောင့်မို့ ဝမ်းမစိုတာ နှစ်ရက်သုံးရက်ရှိပြီ။ ဒီနေ့မှ ကုန်းပေါ်ပိုင်းက ငါ့မိတ်ဆွေ စောထွေးက မျောက်ပစ်ပြီး ပြန်လာလို့ ငါ့ကိုမျောက်တစ်ကောင်ပေး သွားတာနဲ့ မင်းတို့အကြိုက် မျောက်ချေးခါးဟင်းပေ့ါကွာ။ ဟား…ဟား…ဟား"

"ဟုတ်တယ်ဖထီး၊ကျွန်တော်တောင်လမ်းမှာ တင်ဝင်းကို ပြောလာသေးတယ်။မျောက်ချေးခါးဟင်း မစားရတာကြာပြီလို့၊အခု

လိုဆိုတော့ အိုကေသွားတာပေါ့"

တင်ဝင်းက မျောက်ချေးဟင်းရည်တစ်ဇွန်းကို ခပ်သောက်လိုက်ရင်း...

"ဖထီးမနက်ဖြန်တောပစ်ထွက်မယ် မဟုတ်လား"

"အေး... ဒီညအစီအစဉ်တစ်ခု ရှိတယ်ကွ။ ဒါပေမယ့် မင်းတို့ရောက်လာလို့ အဲ့ဒီအစီအစဉ် ဖျက်ရရင်ကောင်းမလားလို့ စဉ်းစားနေတာ"

"ဘာဖြစ်လို့လဲ ဖထီးရ"

"ကုန်းပေါ်က နာနတ်တောမှာ တောကြက်သွားပစ်မလားလို့၊ အခု ဒီရက်က လမိုက်ရက်ဆိုတော့ အဆင်ပြေနေတယ်။ မင်းတို့လဲ ပင်ပန်းလာပါတယ်ကွာ၊ အနားယူကြပါတော့"

ကျော်စိုးက ထမင်းစားပြီးလက်ဆေးလက်သုတ်ရင်း ကွမ်းပျစ်ပေါ်သို့ ထိုက်ချလိုက်ကာ...

"ဟာ...ဒါဆိုရင် ကောင်းတာပေါ့ဖထီး၊ ကျွန်တော်တို့မပင်ပန်းပါဘူး။ ညကရထားပေါ်မှာ တစ်ညလုံးအိပ်လိုက်လာတာပဲ တောကြက်သားမစားရတာကြာပြီ ဖထီးရ"

တင်ဝင်းက...

"ဟုတ်တယ်ဖထီး၊ ကျွန်တော်တို့ကို အားမနာပါနဲ့၊ ကျွန်တော်တို့က လူငယ်တွေပါ။ ဒီညထွက်ရင်ထွက်ပါ။ ကျော်စိုးဆီမှာ ပွိုင့်တူးတူး တစ်လက်ပါတာပဲ"

"အေး...ဒါဆိုလဲကောင်းတာပေါ့ကွာ၊ ငါမနက်စောစောအိပ်

ရာထတာ နှစ်ရက်ရှိပြီ။ နာနတ်တောဘက်ဆီက ကြက်တွန်သံကြားရတယ်။ဒီလိုဆိုတော်ကြာသွားကြတာပေါ့။ ငါ့ဆီရောက်ရင်တော့ ဟင်းစားက မပူရပါဘူးကွာ"

စောဂျိမ်းက သူ့လက်စွဲတော်မှိန်းကြီးနှင့် လက်နှိပ်မီးကိုကိုင်ကာ လွယ်အိတ်ကိုလွယ်ထားသည်။ တင်ဝင်းက ကျော်စိုးထံမှ ပွိုင့်တူးတူးအပြင်လိုရမယ်ရ သူ့လက်စွဲတော် ဆယ့်နှစ်ဗိုနှစ်လုံးပြူးသေနတ်ကို ထမ်းလာခဲ့သည်။ ရွာထဲကထွက်၍ တောစပ်ကိုရောက်လာသည်နှင့်ဆောင်း၏အအေးဓါတ်က နည်းနည်းစိမ့်လာသလိုရှိသည်။

"ဟေ့...မင်းတို့နှစ်ယောက်ခြေသံတော့လုံပါစေနော်။နားလဲလျှင်လျှင်ထား၊ညဘက်ဆိုတော့ နေ့ဘက်လိုမြင်ကွင်းက မကောင်းဘူး"

"စိတ်ချပါဖထီး၊ကျွန်တော်တို့ နားလည်ပါတယ်"

"အေး...အေး...ဟုတ်ပြီ"

စောဂျိမ်းက လက်နှိပ်မီးကိုရှေ့ကကိုင်၍လမ်းပြကာလျှောက်လာကြသည်။ ကျော်စိုးနှင့် တင်ဝင်းတို့နှစ်ယောက် ညဘက်တောပစ်ထွက်ခြင်းကို တစ်ခါမျှမကြုံဖူးသေးသောကြောင့် စောဂျိမ်းမှာသည့်အတိုင်း တိတ်ဆိတ်စွာနှင့် နောက်က လျှောက်လာကြသည်။

"ဒီရက်က လဆုတ်ရက်ဆိုတော့ အေးအေးဆေးဆေးပဲကွ၊ ကြက်တွေက ဒီရက်ဆိုရင် အတောင်ကြားထဲခေါင်းထိုးပြီး စိတ်ချလက်ချအိပ်နေတတ်ကြတာ။အဲ...လဆန်းရက်ဆိုရင်တော့ လမထွက်မီကတည်းက အပင်အောက်ကို ရောက်ဖို့အရေးကြီးတယ်"

တောတွင်းမြေလမ်းကလေးအတိုင်း လျှောက်လာကြရင်း စောဂျိမ်း၏မီးရောင်အောက်တွင် မြေကြီးပေါ်၌ နီနီရဲရဲစာလုံးကလေးနှစ်လုံးကိုတွေ့လိုက်ရသည်။ နောက်မှကပ်လိုက်လာသော ကျော်စိုးက စောဂျိမ်းကိုလက်ကုတ်သည်။

"မြေဝပ်ငှက်တွေပါကွ၊ သူတို့လဲအထင်မသေးနဲ့နော်၊ လေးငါးကောင်ဆို တစ်ပိဿာပဲကွ၊ ဒါပေမယ့် မင်းပွိုင့်တူးတူးနဲ့ မဖြစ်သေးပါဘူးကွာ"

စောဂျိမ်းတို့အနားရောက်လာသည်နှင့် မြေဝပ်ငှက်က ဖလူးကနဲမြည်ကာ ထပြန်သွားသည်။ လမ်းတစ်လျှောက်မြေဝပ်ငှက်လေးငါးကောင်ကို တွေ့လိုက်ရသည်။ ကျော်စိုးက ပွိုင့်တူးတူးကို တပြင်ပြင်ဖြစ်နေသည်။

ခပ်လှမ်းလှမ်းဆီမှ ချေ(ဂျီ) ဟောက်သံသဲ့သဲ့နှင့်ရှဉ့်တုတ်သံများကိုကြားနေရသည်။ တောထဲသို့ တဖြည်းဖြည်းရောက်လာသည်နှင့်အမျှ တော၏တိတ်ဆိတ်ငြိမ်သက်မှုက ကြီးစိုးလာသည်။ စောဂျိမ်းကအသံမထွက်ရန် အချက်ပြလိုက်ကာ တောသရက်ပင်နှင့် ကညင်ပင်ကြီးများဆီသို့ လက်နှိပ်မီးကိုဝှေ့လိုက်သည်။

"ခြေသံလုံပါစေနော်၊သစ်ရွက်ခြောက်တွေ သတိထား"

စောဂျိမ်းက လေသံသဲ့သဲ့ဖြင့်ပြောလိုက်သည်။

တိတ်ဆိတ်နေသော ည၏ငြိမ်သက်မှုကြောင့် သစ်ရွက်ခြောက်များပေါ်သို့လမ်းလျှောက်ရင်းနင်းသွားသံကိုအထူးဂရုစိုက်ဖို့လိုသည်။သို့မှသာလျှင် နားပါးသောတောသတ္တဝါများကိုလှည့်စားနိုင်

မည်ဖြစ်သည်။

စောဂျိမ်းက ရှေ့တွင်လူနစ်ဖက်စာလောက်ရှိသော တောသရက်ပင်ကြီးဆီသို့ လက်နိပ်မီးကို ကိုင်းလက်များကြားမှ ဟိုသည်ရွှေ့လျှားလိုက်သည်။ တစ်နေရာအရောက်တွင် လက်နိပ်မီးကို ခပ်ကြာကြာထိုးထားရင်းနောက်ဘက်ဆီသို့လက်ယမ်းပြလိုက်သည်။ ကျော်စိုးနှင့် တင်ဝင်းက စောဂျိမ်းမီးထိုးရာဆီသို့ ကြည့်လိုက်သောအခါ အမြင့်ပေ (၅၀)ကျော်( ၆၀)ခန့်တွင် သစ်ကိုင်းများကြား၌ အိပ်နေသောတောကြက်တစ်ကောင်ဖြစ်သည်။

ကျော်စိုးက ပွိုင့်တူးတူးကိုကျိတ်၍မောင်းတင်လိုက်သည်။ မောင်းတင်ပြီးသည်နှင့်စောဂျိမ်းလက်နိပ်မီးအောက်တွင်ဝင်ရပ်လိုက်ကာ တောကြက်ကိုထိုးချိန်လိုက်သည်။

"ဖန်း" ခနဲမြည်သံနှင့်အတူ ကျော်စိုးသေနတ်ကိုင်ထားသော လက်ထဲတွင်စီးနင့်နေသော အရသာကို ခံစားလိုက်ရသည်။

ခဏအကြာတွင် သေနတ်သံကြောင့် တောပြုံသံနှင့်အတူ ကျေးငှက်သာရကာတို့၏အော်သံ၊ တောသတ္တဝါများလှုပ်ရှားသံ၊ပြေးလွှားသံများကိုကြားလိုက်ရကာ သစ်ရွက်သစ်ခက်များကြားမှ တိုးဝှေ့၍ပြုတ်ကျလာသော တောကြက်ကို "ဖုတ်" ခနဲ မြည်သံနှင့်အတူ မီးရောင်အောက်တွင်မြင်လိုက်ကြရသည်။

စောဂျိမ်းက တောကြက်ကိုကောက်ကိုင်လိုက်ကာ...

"ပွဲဦးထွက် ဟန်ကျပြီကွ၊ ဒီကောင်ဆို အနည်းဆုံးသုံးလေးဆယ်သားတော့ရှိမယ်"

ထိုညက ကံကောင်းသည်ဟု ဆိုရမည်။ တစ်နာရီခန့်အတွင်း နောက်ထပ်တောကြက်သုံးကောင်ရလိုက်သည်။ ထိုသုံးကောင်သည်လည်း အစိတ်သား၊ သုံးဆယ်သားအရွယ်အကောင်များ ဖြစ်သည်။ ညဥ့်ကနက်လာသည်နှင့်အမျှ ကျော်စိုးနှင့်တင်ဝင်းသည် နေ့လည်က ခရီးပန်းလာသောကြောင့် မျက်စိများလေးလာကြသည်။

စောဂျိမ်းကမူ ရှေ့ကနေလက်နှိပ်မီး တဝင်းဝင်းနှင့် အလုပ်များနေဆဲ။

သို့သော် တစ်နေရာအရောက်တွင် စောဂျိမ်း၏လက်နှိပ်မီး အရောင်တန့်သွားသည်။ စောဂျိမ်းက လက်နှိပ်မီးထိုးထားရာဆီသို့ တဖြည်းဖြည်းတိုးသွားကာငုံ့ကြည့်လိုက်သည်။ သတ္တဝါတစ်ကောင်၏ ချေးဟောင်းများနှင့် လတ်လတ်ဆတ်ဆတ်ချေးသစ်များဖြစ်သည်။

စောဂျိမ်းက လေသံတိုးတိုးဖြင့်...

"ဒါ... ဒေါင်းချေးတွေကွ၊ တို့တော့ပွတာပဲ၊ ဒေါင်းသားဟင်း စားရသေးတာပေါ့"

စောဂျိမ်းက လက်နှိပ်မီးကိုဒေါင်းချေးတွေ့သော သစ်ပင်အပေါ်တည့်တည့်သို့ ဖျပ်ခနဲထိုးချိန်လိုက်သည်။ မီးရောင်အောက်တွင် ကိုယ်လုံးတုတ်တုတ်ကြီးနှင့် စိမ်းစိမ်းအရောင်ကြီးကို တွေ့ရသည်။ အမြင့်ပေငါးဆယ်လောက်တွင်ဖြစ်သည်။

"ဒေါင်းဖိုကြီးကွ၊ နေဦး အောက်တည့်တည့်ကမပစ်နဲ့၊ ဟိုဘက်နည်းနည်းရွှေ့လိုက်"

ဒေါင်းကြီးနှင့်ဘေးတိုက်ခပ်ယွန်းယွန်းရောက်သည်နှင့်

စောဂျိမ်းက လက်နှိပ်မီးကိုတင်ဝင်းလက်ထဲသို့ထည့်၍သေနတ်ကိုယူကာမောင်းတင်လိုက်သည်။ ဒေါင်းကြီးက သစ်ကိုင်းတစ်ခုကြားတွင် ငိုက်မျဉ်းနေသည်။ဒေါင်းကြီး၏ ပစ်ကွင်းစိမ်းစိမ်းကြီးက လက်နှိပ်မီးရောင်နှင့်အပြိုင် ဝင်းလက်နေသည်။

စောဂျိမ်းက မီးရောင်အတိုင်း ပစ်ကွင်းကောင်းကို ထိုးချိန်ပြီး မောင်းကိုဆွဲညှစ်လိုက်သည်။

"ဖန်း"

ဒေါင်းကြီး၏ သစ်ရွက်သစ်ခက်များအကြားမှ ပြုတ်ကျလာသံသည် အားရစရာကောင်းလှသည်ဟု သုံးယောက်သားတွေးမိလိုက်ကြသည်။တောကောင်များ၏ အသားကိုမစားရသည်မှာ ကြာပြီဖြစ်သော ကျော်စိုးနှင့်တင်ဝင်းတို့နှစ်ယောက် မနက်ဖြန်တွင် တောကြက်သားနှင့်ဒေါင်းသားဟင်းကို စားရပေဦးတော့မည်။

ꟸ ꟸ ꟸ ꟸ ꟸ ꟸ

နေအတော်မြင့်မှ ကျော်စိုးနှင့်တင်ဝင်းနိုးလာသည်။

စောဂျိမ်းက ပြောင်းဖူးဖက်ဆေးလိပ်ကြီးကို ပါးစပ်တွင်တပ်ကာ ရေနွေးကြမ်းအိုးနာတွင် ထိုင်၍တစ်စုံတစ်ခုကို စဉ်းစားလျှက်ရှိသည်။

"ဖထီးနိုးတာကြာပလား"

"အေးကွ၊ငါက နေမြင့်အောင်မအိပ်တတ်ပါဘူးကွာ၊အစောကြီးကတည်းက နိုးနေတာပါ။ မင်းတို့လည်းမနေ့က တောကြက်သား

ဟင်းတွေ ဒေါင်းသားဟင်းတွေနဲ့ တော်တော်အဆီရစ်သွားတယ်ထင်တယ်။ ကဲကဲ မျက်နှာသစ်ကြဦး၊ဒီနေ့တော့ အစီအစဉ်ကလေးတစ်ခုတော့ရှိတယ်"

ကျော်စိုးနှင့် တင်ဝင်းက မျက်နှာသစ်ပြီးသည်နှင့် စောဂျိမ်းရှိရာရေနွေးကြမ်းဝိုင်းကိုရောက်လာသည်။

"ဘာ အစီအစဉ်လဲ ဖထီးရ"

စောဂျိမ်းကပြောင်းဖူးဖက်ဆေးလိပ်ကြီးကို ပါးစပ်မှဖြုတ်လိုက်ကာ...

"စောစောက ငါ့မိတ်ဆွေညောင်ကုန်းရွာက တောက်ထိန်တို့လာတယ်ကွ၊ သူတို့မြေပဲခင်းတွေထဲမှာ ပွေးတွေကိုက်လို့ အပင်တွေ တော်တော်သေကုန်တယ်ပြောတယ်။ အဲ့ဒါငါ့အားနေရင် ပွေးထိုးပေးဖို့လာပြောတာ"

"ပွေးကိုမြင်တော့ မြင်ဖူးတယ်၊စားတော့မစားဖူးဘူး၊ဘယ်လိုစားရတာလဲ"

"ဟ...ပွေးသားဟင်းသိပ်ကောင်းတာပေါ့ကျော်စိုးရ၊ပွေးဆိုတဲ့အကောင်က အခုလို မြေပဲခင်းပြောင်းခင်းတွေအောက်မှာ မြေတွင်းလိုဏ်ခေါင်းတွေ တူးပြီးနေတဲ့ အကောင်မျိုး။ စားတော့လဲ အဲဒီအပင်တွေရဲ့ သစ်မြစ်သစ်ဥတွေပဲစားတာ။ ပွေးကိုအရေခွံထုတ်၊ ရင်ခွဲတုံးတစ်ပြီး ဆီပြန်ချက်လိုက်ရရင် မဆလာတောင် ခတ်စရာမလိုဘူးဟေ့ ကောင်ရေမွှေးကြိုင်နေတာ"

"ဖထီးပြောတာနဲ့ သွားရည်တောင်ကျလာပြီ"

"ဒီလိုလုပ်လေ၊မင်းတို့လည်း ပွေးထိုးတာတစ်ခါမှမမြင်ဖူးတော့ လိုက်ခဲ့ကြပါလား။ ပွေးထိုးဖို့လက်နက်လဲ သိပ်မလိုပါဘူး၊ ခက်ရင်းတစ်ချောင်းရှိရင်ပြီးတာပဲ"

တကယ်စင်စစ်ပွေးထိုးခြင်း အလုပ်သည် ခက်ရင်းခွတစ်ချောင်းနှင့်ပြီးသည်ဟု ဆိုသော်လည်း လွယ်ကူသောအလုပ်မဟုတ်ပေ။ ပွေးဆိုသောသတ္တဝါသည်မြေပေါ်တွင်သာ မျက်စိအာရုံမကောင်းသောကြောင့် တရွေ့ရွေ့သွားတတ်ကြသော်လည်း မြေကြီးထဲမှကြွက်များကဲ့သို့ပင် အလွန်လျင်မြန်သော သတ္တဝါဖြစ်သည်။

ပွေးထိုးသောသူသည် ပွေးစုန့်၍ တွင်းဝသို့ပွေးရောက်လာသည်ကိုမြင်နေသည့်တိုင်ထိအောင် ထိုးနိုင်ဖို့ရန် မလွယ်ချေ။

အဘယ့်ကြောင့်ဆိုသော် ပွေးဆိုသောအကောင်သည် နောက်ပြန်သွားရာ၌အလွန်သွက်လက်သော အကောင်မျိုးဖြစ်သည်။

စောကျိမ်းသည် မိမိ၏လယ်လုပ်ငန်းယာလုပ်ငန်းနှင့်မအားရသည့်ကြားထဲတွင် ဝါသနာအရ အမဲလိုက်ခြင်းကိုလည်း လုပ်ကိုင်သေးသည်။ ယခုလည်း ပွေးထိုးမည်ဆိုသောအခါ ကျော်စိုးနှင့်တင်ဝင်းတို့အတွက် တောတွင်းဗဟုသုတအသစ်အဆန်းကလေးတစ်ခုနှင့် ဟင်းလျာကောင်းတစ်ခွက်တော့စားရတော့မည်ဟုတွေးကာပျော်နေကြသည်။

ၦ ၦ ၦ ၦ ၦ ၦ

စောကျိမ်းတို့ အဖွဲ့ညောင်းကုန်းရွာရှိတောက်ထိန်တို့ မြေပဲ

ခင်းသို့ ရောက်ချိန်တွင် နေအတော်မြင့်နေပြီဖြစ်သည်။စော်ဂျိမ်းက မြေပဲခင်းအစပ်ရှိဥသျှစ်ပင်အောက်တွင်ရပ်ကာ အခြေအနေကိုလေ့လာလိုက်သည်။ ကျော်စိုးနှင့်တင်ဝင်းတို့နှစ်ယောက်တွင်လည်း ပွေးထိုးခက်ရင်းခွများအသီးသီးကိုင်ထားကြသည်။

"ပွေးဆိုတဲ့အကောင်မျိုးက အသိဉာဏ်ရှိသလောက်မျက်စိကတော့သိပ်မဲ့တဲ့ အကောင်မျိုး၊ နားလဲသိပ်ပါးတယ်။ပွေးထိုးတော့မယ်ဆိုရင် မျက်စိလျှင်လျှင်နဲ့ ခြေသံလုံရမယ်"

စောဂျိမ်းက တစ်နေရာသို့မျက်စိရောက်သွားသည်နှင့်တိတ်ဆိတ်နေရန် အချက်ပြလိုက်သည်။

"ဟို ရေနွားက ဆီးပင်ရင်းက မြေကြီးကို သေသေချာချာ ကြည့်လိုက်စမ်း၊ပွေးစုန့်နေတာတွေ့လား"

ပွေးစုန့်သည်ဆိုခြင်းမှာ ပွေးသည်မြေတွင်း၌ လက်တို့သွားတို့ဖြင့်တူး၍ရသော မြေကြီးကျစ်စာများကို တွင်းဝသို့တွန်းပြီး ပို့ခြင်းဖြစ်သည်။

ထို့ကြောင့် ခပ်လှမ်းလှမ်းမှကြည့်လိုက်သည်နှင့်မြေတွင်းမှ မြေစာများမြေကြီးပေါ်သို့တရွေ့ရွေ့တက်လာနေခြင်းဖြစ်သည်။

"ကဲ...မင်းတို့နှစ်ယောက် ဟိုဘက်ကိုသွား၊ပွေးစုန့်နေတာကိုကြည့်ပြီး ထိုးပေါ့ကွာ၊ အေး...ခြေသံတော့ လုံပါစေ၊လက်လည်းမနေးစေနဲ့"

စောဂျိမ်းသည် ဆီးပင်ရင်းနားရှိပွေးစုန့်သောနေရာသို့တရွေ့ရွေ့သွား၍အနားရောက်သည်နှင့် မုဆိုးထိုင်ထိုင်ချလိုက်ကာ လက်မှ

ခက်ရင်းခွကို ချိန်လိုက်သည်။

ပွေးစုန့်ရာကို အကဲခတ်ကာ ပိုင်ပြီဟု တွက်လိုက်သည်နှင့် ခက်ရင်းခွကို ထိုးစိုက်လိုက်သည်။ဇကနဲမြည်သံနှင့်အတူ ခက်ရင်းခွကိုဖိထား၍မြေစာများကိုလက်နှင့်တွန်းဖယ်လိုက်သည်။ပြီးမှ ခက်ရင်းခွကို ဖိထား၍ ဆွဲမလိုက်သောအခါ နီကြင်ကြင်အရောင်နှင့် ပွေးတစ်ကောင်ပါလာသည်။

စောဂျိမ်းက ကျော်စိုးနှင့်တင်ဝင်းဆီသို့ လှမ်းကြည့်လိုက်သည်။ နေရောင်အောက်တွင် သူတို့နှစ်ယောက် ခက်ရင်းခွကိုယ်စီနှင့် ပွေးစုန့်ရာကိုအာရုံစိုက်နေကြသည်။

စောဂျိမ်းပွေးသုံးကောင်ရသည်အထိ သူတို့နှစ်ယောက်တစ်ကောင်မျှမရသေး။ စောဂျိမ်းသည် နောက်ဆုံးရသောပွေးတစ်ကောင်ကိုလက်ထဲတွင် ဆုပ်ကိုင်လိုက်ကာ...

"ကဲ...ဟေ့ဒီထဲမှာတော့ဒါလောက်ဆိုရင် တော်လောက်ပြီ။ ဒီနေ့တော့ ဒီကောင်တွေလန့်ကုန်ရောပေါ့၊ အပေါ်ဘက်မှာမဟုတ်တော့ဘူး။ စောထွေးတို့ပြောင်းခင်းဘက်သွားရအောင်"

"ဖထီးဒီကောင်တွေက သိပ်ပါးတယ်နော်၊ခက်ရင်းခွကိုင်ပြီး လူကလှည့်မယ်အရောင်ပြလိုက်တာနဲ့ ဝင်ကုန်ကြရော"

"အေးပေါ့...အဲ့ဒါကြောင့်ပြောတာ၊ဒီကောင်တွေက မျက်စိမွဲပေမယ့် သိပ်နားပါးတယ်။ မြေပေါ်က အသံကိုမြေကြီးထဲကနေကြားနေရတယ်"

ပွေးတို့သည် စုန့်နေရာမှ ရန်သူ(သို့မဟုတ်) တစ်စုံတစ်ခ

သောအနောင့်အယှက် မသက်ာစရာတွေ့လျှင် နောက်ဆုတ်၍မြေအောက် လှိုင်ခေါင်းထဲသို့တိုးဝင်သွားကြသည်။ အကယ်၍မြေကျင်းတူးပြီးရှာပါက သွားရာလမ်းကိုပတ်၍ရန်သူကိုလှည့်စားတတ်သည်။

စောထွေးတို့ပြောင်းခင်းကိုရောက်သောအခါ အချို့ပြောင်းပင်များသည်ပွေးကိုက်သည့်ဒဏ်ကြောင့် ခြောက်၍ညှိုးကျနေသည်။

"ဒီတစ်ခါတော့ ငါတစ်ယောက်တည်းပဲ ထိုးပွဲမယ်ကွာ၊မင်းတို့ကငါထိုးတာကိုကြည့်ပေါ့၊ တော်ကြာမင်းတို့ထိုးတာနဲ့ပွေးတွေလန့်ကုန်ပြီး တစ်ကောင်မှမရဘဲနေဦးမယ်"

တင်ဝင်းက...

"ဖထီးဒီကောင်တွေက အောက်ခြေကအမြစ်တွေကိုကိုက်တာလား"

"အေးလေ . . . ဒါကြောင့်မို့ ဟိုမှာကြည့်ပါလား၊ ပြောင်းပင်တွေညှိုးကျနေတာ၊ ဟိုးဘက်က အပင်တွေဆိုခြောက်တောင်နေပြီ၊ဒီကောင်တွေက မြေကြီးထဲကနေ သစ်ဥသစ်ဖုတွေကိုကိုက်စား‌ဖနေတဲ့အကောင်တွေပဲ၊ တို့လိုယာသမားတွေအတွက် ရန်သူပဲပေါ့"

စောဂျိမ်းက ခါးတောင်းကို မြှောင်အောင်ကျိုက်လိုက်ကာပြောင်းခင်းထဲသို့ လျှောက်လာသည်။ လက်ကလည်း ခက်ရင်းခွကိုကိုင်လျက် မျက်စိကိုလည်း အအားမပေးဘဲ နေရာအနှံ့လိုက်ကြည့်နေသည်။တစ်နေရာရောက်သည်နှင့် စောဂျိမ်းက တင်ဝင်းဘက်သို့လှည့်၍လေသံတိုးတိုးဖြင့် ပြောလိုက်သည်။

"ဟိုမှာ ပွေးစုန့်နေတယ်တွေ့လား၊အဲ့ဒီပွေးကပွေးမပဲ၊ ဘာ

ဖြစ်လို့လဲဆိုတော့ မြေပေါ်ကကျစ်စာပုံကို စုန့်တာတစ်ချက်တည်းစုန့်ပြီး မတင်ဘူး၊ သုံးချက်ဆင့်ပြီးတော့ တင်တယ်။ အဲ့ဒါဆိုပွေးမပဲ။ ပွေးထီးက တစ်ချက်တည်းတော့ပြီးတင်တယ်။ ဒါပေမယ့် ဒီကောင်တွေကနားပါးတော့ မင်းတို့ခြေသံတွေကြောင့် တွင်းထဲပြန်ဝင်ကုန်ပြီ"

သည်တစ်ခါတော့ ကျော်စိုးနှင့်တင်ဝင်းကို ပြောင်းခင်းအစပ်တွင် နေခိုင်းကာ စောဂျိမ်းတစ်ယောက်တည်း ပွေးထိုးတော့သည်။ ပွေးတွေက စောထွေးပြောင်းခင်းကို မည်မျှမွှေနေသည်တော့မသိ။ နာရီဝက်အတွင်း ခြောက်ကောင်ရသည်။ တစ်ကောင်က နှာရောင်ထိပ်ကျားကလေးနှင့် ပွေးပေါက်စလေးဖြစ်သည်။

ပွေးသတ္တဝါသည် တစ်ကြိမ်သားပေါက်လျှင် နှစ်ကောင်မှသုံးကောင်အထိ ပေါက်တတ်၍ ဆောင်းအကုန်နွေအကူးတွင် သားပေါက်တတ်သည်။ ပွေးသည် မြေပေါ်သို့တက်ခဲသော သတ္တဝါဖြစ်၍ မြေတွင်းမှာပင် သားပေါက်ကာ အသိုက်လုပ်၍ နေကြသည်။

စောဂျိမ်းတစ်ယောက်ပူပြင်းသော နေရောင်ကိုပင် ဂရုမစိုက်အားဘဲ ပြောင်းခင်းထဲတွင် ခါးတောင်းကျိုက်ကာ ချွေးတစ်လုံးဖြင့် အလုပ်များနေသည်။

ကျော်စိုးနှင့်တင်ဝင်းက အဝေးမှပင် စောဂျိမ်းလှုပ်ရှားနေပုံကိုလှေ့လာနေကြသည်။ သူတို့နှစ်ယောက်က ပွေးထိုးသည်ကို ယခုမှပင်မြင်ဖူးကြသည်မဟုတ်ပါလား။

ကျော်စိုးတို့ အမဲလိုက်ခြင်းအလုပ်သည် ဝါသနာကြီး၍ မျက်စိလျှင်နားပါးသော သားကောင်၏အလေ့အထကို ကျွမ်းကျင်မှ

ဟင်းစားကောင်ရနိုင်သလို၊ ပွေးထိုးခြင်းသည်လည်း လွယ်မယောင်နှင့်စိတ်ဝင်စားဖွယ်ကောင်းသော တောလိုက်လုပ်ငန်းတစ်ခုဖြစ်ကြောင်းမှတ်ယူလိုက်ကြသည်။

စောဂျိမ်းက တစ်နေရာအရောက်တွင် လက်ပြ၍ တစ်ယောက်ယောက်လာခဲ့ရန် လှမ်းခေါ်လိုက်သည်။ ကျော်စိုးကခက်ရင်းခွကို ဟန်ပါပါကိုင်၍စောဂျိမ်းရှိရာသို့လျှောက်သွားသည်။

"စောဂျိမ်းက...

"ဟောဟိုပြောင်းပင်ရင်းမှာ ပွေးစုန့်ထားတဲ့ကျစ်စာတွေတွေ့တယ်မဟုတ်လား၊အဲ့ဒီနားကို မင်းနဲ့ငါအတူတူလျှောက်သွားမယ်။ အဲ့ဒီနားရောက်တာနဲ့ ငါကနေခဲ့မယ်၊မင်းကဟိုဘက်ကိုဆက်လျှောက်သွား၊ ဟုတ်ပြီလား"

ကျော်စိုးကခေါင်းညိတ်လိုက်သည်၊ စောဂျိမ်းကတွင်းဝနားရောက်သည်နှင့် တုံ့ခနဲရပ်လိုက်ကာ ခက်ရင်းခွကို အသင့်ပြင်လိုက်သည်။ ကျော်စိုးက ရှေ့ကိုဆက်လျှောက်သွားသည်။ ခဏအကြာတွင်တွင်းဝသို့ကျစ်စာများက တရွေ့ရွေ့တက်လာသည်ကိုမြင်ရသည်။

"ရှပ်"

စောဂျိမ်းက ခက်ရင်းခွကိုကိုင်ပြီး ထိုးကော်တင်လိုက်သည်။ ခက်ရင်းခွထိပ်တွင် စူးဝင်လျက် လှုပ်လှုပ်လှုပ်လှုပ်နှင့် ပါလာသော ပွေးတစ်ကောင်။

"ဟား...ဟား...ဟား...ဘာရမလဲကွာ၊ ကျော်စိုးလာခဲ့တော့ကွ၊ဒီနေ့တော့ဒါလောက်နဲ့ပဲတော်လောက်ပြီ၊ဒီကောင်ကသိပ်

လျှင်တဲ့ကောင်ကွ၊ဒါကြောင့်တို့ဉာဏ်ကူရတာ"

ကျော်စိုးက စောဂျိမ်းမျက်နှာကိုစူးစမ်းသောအမူအယာနှင့် ကြည့်လိုက်သည်။

"ဒီလိုကွ ကျော်စိုးရ ဒီကောင်ကသိပ်ပါးတာ၊ စောစောက ငါ့အနားကိုခြေဖော့ပြီး လျှောက်လာတာနဲ့ ဒီကောင်ကပြန်ဝင်သွားတယ်။အဲ့ဒါနဲ့ မင်းကိုခေါ်ပြီး ဉာဏ်ကူရတာ၊ဘာဖြလို့လဲဆိုတော့ မင်းကတွင်းဝနားက ဖြတ်လျှောက်ပြီး ဆက်သွားတော့သူ့အတွက် အန္တရာယ်မရှိတော့ဘူးထင်ပြီး တက်လာတာ၊ဒါပေမယ့်ငါကျန်ခဲ့တာ ဒီကောင်မသိလိုက်ဘူး။ဟား...ဟား ...ဟား...ဟား...မင်းလောက် တော့နပါသေးတယ်ကွာ"

စောဂျိမ်းက ခက်ရင်းခွမှပွေးကို နှုတ်ကာပြောင်းခင်းထဲမှ ထွက်လာခဲ့သည်။ကျော်စိုးကတောလိုက်ကျွမ်းကျင်သောစောဂျိမ်း၏ ပွေးနှင့်ဉာဏ်ကစားပုံကိုအစုမှ သဘောပေါက်သွားသည်။

တင်ဝင်းက သစ်ပင်အောက်မှထိုင်ကြည့်နေရင်းအားရပါးရ ပြောလိုက်သည်။

"ဖထီး...ဒီတစ်ခါတော့ကျည်တစ်တောင့်မှမကုန်၊သေနတ် တစ်ချက်မပစ်လိုက်ရဘဲဟင်းစားတော့တစ်ဝကြီးရပြီ"


"အေးပေါ့ကွ၊အမဲလိုက်တယ်ဆိုတာသေနတ်ရှိမှလိုက်လို့ ရတာမဟုတ်ဘူး။ ဟောဒီမှာတွေ့လား၊ခက်ရင်းခွတစ်ချောင်းရှိလဲ ဟင်းစားတော့ရပါတယ်"

မည်သို့ပင်ဖြစ်စေ ကျော်စိုးနှင့်တင်ဝင်းတို့နှစ်ယောက်

စောကျိမ်းပြောသောပွေးကိုအရေခွံဆုတ်၊ရင်ခွဲ၍ခုတ်ထစ်ကာ ဆီပြန်ဟင်းချက်လိုက်ရလျှင် မဆလာခပ်စရာ မလိုဘဲ မွှေးကြိုင်လှသော ပွေးသားဆီပြန်ဟင်းကိုတွေးကာ ထန်းနှစ်ပင်ရှာသို့နေမစောင်းမီအသော့နှင်ခဲ့ကြလေတော့သည်။

မောင်မြင့်မား(ဗိုလ်ကလေး)

◆ ◆ ◆


နှောင်းပြစ်မှုခင်းမဂ္ဂိုင်
ကျွန်ုပ်နှင့်ထူးဆန်းသော
သွေးတစ်စက်မေတ္တာ
ရွှေဒေါင်းလှ

## ဂူရွှေဒေါင်းလူ
## ကျွန့်ပ်နှင့် . . .
## ထူးဆန်းသောသွေးတစ်စက်မေတ္တာ

ရက်သတ္တတစ်ပတ်မြောက် ညနေပိုင်းတွင် ကျွန်ုပ်တို့နှစ်ဦး အထူးတွေ့ချင်လှသော မုဆိုးကြီးဦးထော်ချီ နေထိုင်ရာ ဖလံကုန်းရွာလေးသို့ ရောက်ရှိသွားကြ၏။

ခရီးရောက်မဆိုက်ပင် ဖလံကုန်းရွာရှိ ကရင်တိုင်းရင်းသူလှပျိုဖြူလေးများ၏ အလုလိပ်ပြာပျံသန်းလှုပ်ရှား သွားလာမှုများကို စတင်မြင်တွေ့ခွင့်ရလေ၏။

ကျွန်ုပ်နှင့်အဖော်အဖြစ်လိုက်ပါလာခဲ့သော မောင်ဖုန်းသည် ကရင်တိုင်းရင်းသူ လှပျိုဖြူလေးများကိုကြည့်ရင်း မျက်စိကျနောက်ဆံတငင်ငင်ရှိနေတော့၏။

ကျွန်ုပ်နောက်ကနေ မကြာခဏဆိုသလို သတိလှမ်းလှမ်း ပေးမှပင်ရလေသည်။ ဒါတောင်မောင်ဖုန်း၏မျက်လုံးအာရုံများက ရှေ့ခရီးတွင်ဖြတ်ကျော်လျှောက်သွားကြသော ကရင်တိုင်းရင်းသူ လှပျို

ဖြူလေးများနောက်သို့ကောက်ကောက်ပါသွားကြရှာသည်။

"မင်း...တော်တော်ငမ်းလှချည်လား။မောင်ဖုန်းရဲ့၊နေမဝင်မီ မုဆိုးကြီးဦးထော်ချီအိမ်ကိုရောက်မှ ဘဆရာမှာလိုက်တဲ့ကိစ္စတွေပြီး ပြတ်မယ်ဆိုတာကိုမင်းခေါင်းထဲထည့်ထားဦး"

ကျွန်ုပ်ကစိတ်မရှည်ဟန်ဖြင့်နောက်ဆံတငင်ငင်ဖြစ်ကာတုံ့ နေးတုံ့နေးရှိနေသောမောင်ဖုန်းအားပြောလိုက်လေ၏။ ထိုအခါမောင် ဖုန်းက

"ဆရာဒေါင်းကလည်းဗျာ၊ ဒီရွာရောက်မှပဲ မုဆိုးကြီးဦး ထော်ချီနဲ့ မလွဲမသွေတွေ့ရတော့မှာပဲဥစ္စာ၊ ကရင်မလေးတွေက သိပ် ချောသဗျ။ အပြင်မှာ ကိုယ်တွေမြင်ရမှကြားဖူးတာထက် ပိုချောပိုလှ နေသလိုပဲနော်"

မောင်ဖုန်းက သွားရည်ယိုကျမတတ် ဆိုလာ၏။ ကျွန်ုပ်သည် စိတ်မရှည်တော့ဟန်ဖြင့်

"မင်းပြောလေကဲလေပဲ။ ဒီကိစ္စမင်းပြောမှလား၊ငါလည်းမြင် ရတာပဲ။ မင်းတော့နော် တော်တော်ခက်နေပြီ ဘဆရာသိရင်တော့ နောက်ဆို ဘယ်ခရီးမှ မင်းကိုထည့်မှာမဟုတ်ဘူး။ ဘဆရာက တို့အပေါ်မှာ ယုံကြည်အားကိုးပြီး ဒီကိစ္စကို ဆောင်ရွက်ခိုင်း လိုက်တာ၊တို့ဘက်က သတ်မှတ်တဲ့အချိန်အတွင်းရအောင်ကြိုးပမ်းရ မယ့်တာဝန်ရှိတယ်"

ဒီတော့မှမောင်ဖုန်းတစ်ယောက်ဘဆရာဆိုသည်ကိုခေါင်း ထဲထည့်သတိရကာ အနည်းငယ်စိုးရိမ်ထိတ်လန့်ဟန် ဖြစ်သွားလေ

၏။ မဖြစ်ရှိရိုးလား။ ဘဆရာအကြောင်းကိုလည်းနေလာတာကြာပြီဆို တော့ ကျွန်ုပ်ရော မောင်ဖုန်းပါပိုသိကြသည်။

ဘဆရာသည် နာမည်အလွန်ထင်ရှားသော ဆေးဆရာကြီး တစ်ဦး။ အချို့ကဆိုလျှင် ဘဆရာအား နတ်ဆေးဆရာဟု ဆေးအစွမ်း ထက်လွန်း၍ ကင်ပွန်းတပ်ကြသည်။

ဘဆရာသည် ဆေးဆရာကြီးဦးတည်ထက်မင်းဆိုသော နာမည်နှင့်လိုက်အောင်ပင် အင်မတန်မှတည်ကြည်ခံ့ညားသလို၊ စိတ် ဓာတ်ကလည်းထက်မြက်လှသည်။ ကျွန်ုပ်တို့နေထိုင်ရာနယ်တစ်ဝိုက် မှာတော့ ဆေးဆရာကြီး ဦးတည်ထက်မင်းဆိုလျှင် ကလေးလူကြီးမှ အစမသိသူ ခပ်ရှားရှား။ အားလုံးက အားကိုးယုံကြည်လေးစားကြ သလို။ ဩဇာလည်း လွန်စွာမှညောင်းလှလေသည်။

ထို့ကြောင့်လည်း ကျွန်ုပ်တို့ ဘဆရာစေခိုင်းသည့်ကိစ္စအား အထူးပင်ပိုဂရုစိုက်ရမည်ဖြစ်၏။ ဘဆရာသည် တည်ကြည်ဖြောင့် မတ်သလောက်၊ အလုပ်ကိစ္စတစ်စုံတစ်ခုအား စေခိုင်းလျှင်ခိုင်းသလို လုပ်တတ်မှကြိုက်သည့်သူ။ ၎င်းကိုယ်တိုင်လည်း အလုပ်တာဝန်တစ်ခု အပေါ်အလွန်အလေးအနက် ထားသူဖြစ်၏။ ယခုလည်း အလွန်တစ် ရာအရေးကြီးသော ဆေးတစ်ဖုံဖော်စပ်ရန်အတွက် မုဆိုးကြီးဦးထော် ဂျီ၏ အကူအညီတစ်ဆင့်ဖြင့် မျောက်သွေးစစ်စစ်ကို ရှာဖွေယူဆောင် ခဲ့ရန် ကျွန်ုပ်တို့နှစ်ဦးအား စေခိုင်းလွှတ်လိုက်ခြင်းဖြစ်၏။

မုဆိုးကြီးဦးထော်ဂျီ နေထိုင်ရာကရင်ပြည်နယ်အတွင်း တောင်ခြေအနီး၌ ဖလံကုန်းရွာလေးနှင့် ကျွန်ုပ်တို့နေထိုင်ရာအရပ်

ဒေသကားအင်မတန်မှမိုင်ပေါင်းများစွာဝေးကွာလှ၏။ ရက်သတ္တပတ်တစ်ပတ်ကြာ ခရီးပင်ရှိခဲ့သည်။ ဒါတောင် ကျွန်ုပ်တို့နှစ်ဦး ခရီးလမ်းတစ်လျှောက်လုံးမည်သည့်နေရာမျှကြာကြာမနေဘဲမိုးလင်းမှမိုးချုပ်အထိမရပ်မနားနှင်ခဲ့၍သာ။ နို့မဟုတ်လျှင် ရက်သတ္တတစ်ပတ်ထက်ကျော်လွန်သွားနိုင်ချေဖွယ်ရှိ၏။

"အခုကိစ္စကို ဘဆရာကိုတော့ သွားမပြောပါနဲ့ဆရာဒေါင်းရယ်နော်၊ ကျွန်တော်အားကိုးပါတယ်...ဟဲ...ဟဲ...ဟဲ"

မောင်ဖုန်းကကျွန်ုပ်အား မျက်နှာချိုသွေးကာ တောင်းပန်လာ၏။ ကျွန်ုပ်ကလည်းတမင်သက်သက် ၎င်းအားမှတ်လောက်သားလောက်ဖြစ်စေရန် ပညာပြချင်၍ပင်။

"မင်းအသိဝင်လာတာ လုံးဝနောက်ကျသွားပြီ မောင်ဖုန်း၊ ကိုယ်လုပ်ရဲရင် ခံရဲဖို့သတ္တိတော့ရှိရတယ်ကွသိလား"

"ဟို...ဟို...ဆရာဒေါင်းရယ်၊ ရှိကြီးခိုးပါရဲ့ဗျာ။ နောက်ကျွန်တော်ဒီလိုမျိုးမဖြစ်စေရဘူးလို့ကတိပေးပါတယ်"

"မင်းစကားတည်ပါစေနော်"

ထိုအခါ မောင်ဖုန်းက ပျာပျာသလဲ ခေါင်းညိတ်ကာ ကျွန်ုပ်အားထိုင်ရှိခိုးတော့မတတ် တောင်းပန်ရှာလေ၏။

"ကောင်းပြီလေ...ဒီတစ်ကြိမ်တော့ ငါခွင့်လွှတ်လိုက်မယ်ဟုတ်လား။ ဒီတစ်ခါမင်းကတိအတိုင်း မတည်လို့ကတော့၊ ဘဆရာရဲ့အပြစ်ပေးပုံကို မင်းသိပါတယ်နော်။ အစာခုနစ်ရက်မစားဘဲဆေးတိုက်မြေအောက်ခန်းထဲမှာ အလုံပိတ်ခံထားရမယ်ပြီးတော့ဘဆရာရဲ့ဆေးကြိမ်လုံးနဲ့ ခုနစ်ရက်တိတိ မိတ်ဆက်ခံရပြီး အဲဒီ

ခုနစ်ရက် မပြည့်မချင်း တစ်နေ့တစ်ကြိမ် ရေကန်ထဲမှာ နှစ်နာရီကြာ ရေကသိုဏ်းလည်းရှုရလိမ့်မယ်"

ကျွန်ုပ်စကားအဆုံးတွင် မောင်ဖုန်းတစ်ယောက်ကြက်ကြီး လည်လိမ်လိုက်သလို ဖြစ်သွားသောကြောင့် ကျွန်ုပ်ရယ်ချင်စိတ်ကို မနည်းအောင့်အည်းမြိုသိပ်လိုက်ရတော့သည်။

သို့ဖြင့် ကျွန်ုပ်တို့နှစ်ဦးသားရွာထဲသို့ရောက်ရှိခဲ့ပြီဖြစ်သော ကြောင့် ပထမဦးဆုံးမုဆိုးကြီးဦးထော်ချီ နေအိမ်အား ရှာဖွေတွေ့ရှိ ဖို့ပင်ဖြစ်၏။ ရှာတွေ့ရန်အတွက် လမ်းသွားလမ်းလာတစ်ဦးအားမေး မြန်းကြည့်မှဖြစ်ပေလိမ့်မည်။ နေကလည်းအတော်လေးစောင်းလာ လေပြီဖြစ်၏။

"ဦးလေး ကျေးဇူးပြုပြီး မုဆိုးကြီး ဦးထော်ချီနေအိမ်ကိုလမ်း ညွှန်လို့ရမလား"

အထမ်းအပိုးတစ်ခုနှင့် လာသောကရင်တိုင်းရင်းသားကြီး တစ်ဦးအား ကျွန်ုပ်က မေးမြန်းအကူအညီတောင်းလိုက်ခြင်းဖြစ် သည်။

"သြော်...ရတယ်ဝေ့၊ ရတယ်၊ ဟိုးရှေ့မှာမြင်နေရတဲ့အိမ်သုံး လုံးကျော်က ခပ်မြင့်မြင့်အိမ်က မုဆိုးကြီးဦးထော်ချီအိမ်ပဲဝေ့"

"ကျေးဇူးပဲ ဦးလေး၊ သွားခွင့်ပြုပါဦး"

ကရင်သံဝဲဝဲဖြင့် ပြောလာသောကရင်တိုင်းရင်းသားကြီး အားကျေးဇူးတင်ကြောင်းပြောပြီး နှစ်ဦးသားဆက်လျှောက်လိုက်လေ ၏။

**ᴎ ᴎ ᴎ ᴎ ᴎ ᴎ**

"ဆေးဆရာကြီး ဦးတည်ထက်မင်းဟာ ဖထီးရဲ့ငယ်ပေါင်းကြီးဖော်သူငယ်ချင်းပဲဝေ့။ သူတောင်းတဲ့အကူအညီကို ဖထီးလိုက်လိုက်လှဲလှဲ ကူညီပေးရမှာပေါ့။ ဒါပေမယ့်...ဖထီးမုဆိုးအလုပ်ကို နားလိုက်တာကြာပြီဆိုတော့ ဖထီးရဲ့တူတစ်ယောက်ကိုပဲ မောင်ရင်တို့ရဲ့အဖော်ထည့်ပေးပါ့မယ်ဝေ့"

ဘဆရာရေးပေးလိုက်သော စာအားဖတ်ပြီး မုဆိုးကြီးဦးထော်ချီတစ်ယောက် အထက်ပါအတိုင်း အဖြေပေးဆိုလာလေသည်။ ၎င်းပြောပုံအရဆိုလျှင် နောက်တစ်နေ့နံနက် တောထဲသို့ပျောက်သွေးစစ်စစ်ရှာဖွေရန် ၎င်း၏တူဖြစ်သူတစ်ဦးနှင့်ပင် သွားရပေလိမ့်မည်။

သို့သော်ကိစ္စမရှိ။ ဘဆရာစေခိုင်းသည့်အတိုင်း အောင်မြင်မည်ဆိုလျှင်ဖြင့် မည်သူနှင့်သွားသွားအကြောင်းမဟုတ်။ ကိစ္စအောင်မြင်ဖို့သာ အရေးကြီးသည်။

သို့ဖြင့် ကျွန်ုပ်တို့ နှစ်ဦးသား မုဆိုးကြီးဦးထော်ချီ တည်ခင်းဧည့်ခံကျွေးမွေးသော ညစာကိုယုန်သားဟင်းနှင့် ဆတ်သားခြောက်တို့ကိုမြိန်ရေယှက်ရေစားသောက်ပြီးနောက် အိပ်စက်အနားယူခဲ့ကြလေ၏။

မောင်ဖုန်းကတော့ ရက်သတ္တပတ်လုံး ခရီးပန်းလာ၍လားမသိ။ ကျွန်ုပ်ဘေး၌ တခွီးခွီးနှင့် ဟောက်သံပေးကာ နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်လျက်ရှိ၏။

သို့ရာတွင် ကျွန်ုပ်သာ အိပ်မပျော်ဘဲမျက်စိကြောင်နေခဲ့သလို၊ ခပ်လှမ်းလှမ်းတောအုပ်ဆီက ဂျေ(ချေ)ဟောက်သံဟုထင်ရသော

အသံတို့ကိုကြားနေရ၏။

တစ်ခါတစ်ရံ သားကောင်ကြီးများနှင့်ကျားဟိန်းသံတို့ကို လည်း ရောက်ချားဖွယ်ကြားရလျှက်ရှိ၏။ ကျားဟိန်းသံဟု ကျွန်ုပ် အတတ်သိခြင်းမှာ တစ်ခါက ဘဆရာနှင့် ရှားပါးဆေးမြစ်ရှာရန် ပြည်နယ်တစ်ခုထဲသို့ လိုက်ပါသွားရင်းတောထဲ၌ ဆယ့်ငါးရက်ခန့် ကြာကာ ကြုံခဲ၊ ကြားခဲ့ဖူး၍ သိရခြင်းသာ။

ယခုတစ်ကြိမ်ကတော့ ဘဆရာကိုယ်တိုင်မလိုက်နိုင်ခဲ့။ အသက် (၇၀)ဆယ်ပင်ကျော်လေပြီ။ သို့ကြောင့်လည်း အတွေ့အကြုံ အနည်းအကျဉ်းရှိသော တပည့်ဖြစ်သူ ကျွန်ုပ်နှင့် မောင်ဖုန်းအား ယခု ကဲ့သို့ ယုံယုံကြည်ကြည်စေခိုင်းခဲ့ခြင်းပင်။

ကျွန်ုပ်တွေရာလေးပါးလျှောက်တွေးရင်းညဦးအတော်နက် နက်ရောက်မှပင်အိပ်ပျော်သွားရလေတော့၏။

နောက်တစ်နေ့နံနက်စောစောတွင် ကျွန်ုပ်တို့နှစ်ဦးနှင့် အဖော်လမ်းပြအဖြစ် မုဆိုးကြီးဦးထော်ချီထည့်ပေးလိုက်သော ၎င်း၏တူ မုဆိုးလက်သစ်လေး ကိုထူးဘဝင်းတို့ ရွာ၏အရှေ့ဘက် တောနက်ထဲသို့ ခရီးထွက်ခဲ့ကြလေ၏။

ခရီးလမ်းတစ်လျှောက်လုံး မည်သည့်သားကောင်အရိပ် အယောင်သော်မျှ မတွေ့ရသောကြောင့် သုံးယောက်သားအားပျက် နွမ်းနယ်လျက်ရှိသည်။ ကျွန်ုပ်တို့နှင့်မျောက်ရှာဖွေရန် အဖော်လိုက်ပါ လာသူကိုထူးဘဝင်းဆိုသူမှာလည်း မုဆိုးပင်ဖြစ်သော်ငြား ကျွမ်းကျင် နိုင်နင်းသော မုဆိုးတစ်ဦးမဟုတ်သေးသည့်တစ်ကြောင်းကြောင့် ယခု

ကဲ့သို့မျောက်ရှာဖွေခြင်းကိစ္စအလှမ်းဝေးနေခြင်းဖြစ်ပေလိမ့်မည်။

"ကျွန်တော်တို့ရှေ့စမ်းချောင်းတစ်ခုကျော်ပြီးဟိုဘက်တော အုပ်ထဲပြောင်းရှာကြည့်ရင်ကောင်းလိမ့်မယ်ထင်တယ်။ ဒီဘက်တော မှာတော့ ကျွန်တော်ထင်ထားသလိုမျောက်အုပ်မပြောနဲ့တစ်ကောင် တစ်လေတောင်မတွေ့ရဘူး၊ ထူးဆန်းစရာပဲ"

ကိုထူးဘဝင်း၏ မှတ်ချက်နှင့် အကြံပြုချက်ကြောင့် မောင်ဖုန်းက ဘယ်လိုလဲဆိုသည့်သဘောဖြင့် ကျွန်ုပ်အားကြည့်လာ လေ၏။ အချိန်ကလည်း အတော်လင့်နေပြီ။ လာပြီးမှတော့ နောက် ကြောင်းပြန်လှည့်ဖို့ဆိုတာကလည်း ဘယ်နည်းနှင့်မျှမဖြစ်နိုင်၊ ရှေ့ဆက်ရှာဖွေဖို့လမ်းတစ်လမ်းပဲရွေးရလိမ့်မည်။

"ကိုထူးဘဝင်း ကောင်းသလိုပဲစီစဉ်ပါ။ ကိုထူးဘဝင်းက ဒီနယ်သားဆိုတော့ ဒီတောဒီတောင်နဲ့ဒီသားကောင်တွေအကြောင်း ကျွန်တော်တို့ထက်အများကြီးပိုသိတယ်မဟုတ်လား"

"ဒါဆို . . . ကျွန်တော်တို့ရှေ့က စမ်းချောင်းကိုဖြတ်ပြီး အဲ့ဒီ တောအုပ်ထဲမှာ ဆက်ရှာကြမယ်။ ကျွန်တော်စဉ်းစားနေတာက မျောက်တွေအင်မတန်ပေါတဲ့ဒီတောထဲမှာမျောက်တွေတစ်ကောင်မှ ရှာမတွေ့တာကိုပဲ"

ကိုထူးဘဝင်း၏ စကားအဆုံးတွင် ကျွန်ုပ်နှင့်မောင်ဖုန်း ဘာကြောင့်ရယ်မသိ။ ကျောစိမ့်ခေါင်းနပမ်းကြီးသွားကြလေသည်။ ကျွန်ုပ်ကြားဖူးနားဝမတော်လို့များ တောမှောက်ခံရတာများဖြစ်နေ လျှင် ကျွန်ုပ်ရှေ့ဆက်မတွေးရဲတော့။

"ကျွန်တော်ကြားဖူးသလို တောမှောက်ခံရတာများလား"

"လုံးဝမဖြစ်နိုင်ပါဘူးဗျာတောမှောက်ခံရတဲ့ကိစ္စကိုကိုယ်တွေ့အများကြီးကြုံခဲ့ဖူးတယ်။အခုဟာကအခြောက်တိုက် သားကောင်တွေခြေရာပျောက်ဆုံးနေတာ၊ တစ်ခုခုတော့ထူးခြားနေတာအမှန်ပဲ။ လာဗျာ ... ဟိုဘက်တောရောက်မှပဲ အဖြေတစ်ခုခုရလိမ့်မယ်လို့ထင်တယ်"

ကိုထူးဘဝင်းစကားအဆုံးတွင် ကျွန်ုပ်တို့နှစ်ဦးသားဒင်းအနောက်မှထပ်ကြပ်မကွာ လိုက်ခဲ့လေ၏။ အနည်းငယ်ကျယ်သယောင်ထင်ရသောစမ်းချောင်းတစ်ခုကိုဖြတ်သည်။ ခက်ခက်ခဲခဲဖြတ်ရသည်တော့မဟုတ်။ရေက ခါးမြှုပ်ရုံသာသာရှိသဖြင့် ဟိုဘက်ကမ်းသို့လွယ်ကူစွာကူးဖြတ်နိုင်ခဲ့ကြသည်။

သို့ဖြင့် ကျွန်ုပ်တို့ ကျော်ဖြတ်လာခဲ့သည့် တောနှင့်အနည်းငယ်ပိုနက်လာပုံရလေ၏။ တောထဲစဝင်လိုက်ကတည်းက အလင်းရောင်အားသိပ်မရှိခြင်းကြောင့်ဖြစ်သည်။

အတန်အတင့်ခရီးတွင်လာသောအခါ သားကောင်ငယ်များ၏အသံဗလံတို့ကို စတင်ကြားလာရ၏။

"ကျွန်တော် ထင်သလိုအတိုင်း မှန်နေပြီဗျ"

"ဘာဖြစ်လို့လဲ"

ကိုထူးဘဝင်း၏ ကောက်ကာငင်ကာစကားကို ကျွန်ုပ်က စိုးရိမ်ထိတ်လန့်စွာဖြင့် မေးလိုက်မိသည်။

"ဟိုဘက်တောထဲမှာ သားကောင်တွေတစ်ကောင်မှမတွေ့

တာဒီတောထဲကိုအကုန်ရောက်နေကြလို့ပဲ"

ဒီတော့မှ ကျွန်ုပ်ရင်ထဲက အလုံးကြီးလျှောကျသွားရ၏။ တောအတွေ့အကြုံတစ်ကြိမ်တစ်ခါသော်မျှမရှိဖူးသော မောင်ဖုန်းက တော့ ကျွန်ုပ်ထက်ပင် ကြောက်စိတ်ဝင်နေပုံရလေ၏။ ခပ်ကွာကွာ မလျှောက်ဘဲကျွန်ုပ်နှင့်ကပ်လိုက်နေခြင်းကြောင့်ဖြစ်၏။ တစ်ခါတစ်ရံ ၎င်းခြေထောက်နှင့်ကျွန်ုပ်ခြေထောက် မလွတ်ဘဲဝင်တိုက်မိကြ၏။

"ကွိစ်…ကွိစ်…ကွိစ်"

"ဟာ…ဟိုမှာ…မျောက်တစ်အုပ်တွေ့ပြီ"

ကိုထူးဘဝင်းကပြောပြီး၎င်းလက်ထဲမှဒူးလေးကိုအသင့်အနေအထားပြင်ဆင်လိုက်ကာ ကိုထူးဘဝင်းမှ မျောက်အုပ်ထဲက မျောက်တစ်ကောင်အား ဒူးလေးဖြင့် အသေအချာချိန်ရွယ်လိုက်သည်။

"သူငယ်လေးတို့"

"ဟင်"

"ဟာ"

"အို"

မမျှော်လင့်သောအပြောင်းအလဲတစ်ခုကိုကြုံတွေ့လိုက်ရခြင်းကြောင့်သုံးယောက်သားအံ့အားတသင့်ဖြစ်ကာ အာမေဋိတ်သံများပြိုင်တူထွက်သွားကြသည်။ ကျွန်ုပ်တို့သုံးယောက်သားမြင်တွေ့လိုက်ရသော အသံရှင်ကား အခြားသူမဟုတ်၊ ဝတ်ဖြူစင်ကြယ် သူတော်စင်ကြီးတစ်ပါးဖြစ်နေလေ၏။

"အဘ မေတ္တာရပ်ခံပါတယ်သူငယ်လေးတို့ရယ်။ သတ္တဝါတွေရဲ့အသက်ကို ချမ်းသာပေးကြပါ"

သူတော်စင်ကြီး၏စကားကြောင့် ကျွန်ုပ်တို့သုံးယောက်သားမည်သို့ပြော၍ မည်သို့လုပ်ရမှန်းမသိတော့အောင် ဖြစ်သွားကြချေသည်။

"ဘာကြောင့် ... သူတစ်ပါးရဲ့အသက်တစ်ချောင်းကို ဒုက္ခပေးချင်ကြတာလဲ သူငယ်လေးတို့ရယ်။ ကိုယ့်အတွက် အကျိုးမဲ့သူတစ်ပါးရဲ့အသက်ကို ဖျက်ဆီးသတ်ဖြတ်ခြင်းဟာ လက်ရှိမျက်မှောက်ဘဝမှာပါမက၊ နောင်သံသရာ အဆက်ဆက်ထိလဲကောင်းကျိုးချမ်းသာဆိုတာ မရနိုင်ဘူး။ သူငယ်လေးတို့ အခုပဲမျက်မြင်ကိုယ်တွေ့ကြုံတွေ့ခဲ့ပြီမဟုတ်လား။ သတ္တဝါလေးတွေဒီဘက်တောအုပ်ကို ပြောင်းရွှေ့လာခြင်းဟာ သူတို့ရဲ့ချမ်းသာရာဘုံလေးတစ်ခုပါပဲ။ အဲဒီဘုံလေးကို ဖျက်ဆီးချင်တယ်ဆိုရင်တော့အဘကိုသတ်ပြီးမှသာအလိုရှိရာကိုပြုကြပေတော့"

သူတော်စင်ကြီး၏ မေတ္တာရိပ်အမွှမ်းထုံးပြွမ်းသော စကားလုံးပေါင်းမြောက်များစွာကြောင့် ကျွန်ုပ်တို့အားလုံးတုန်လှုပ်အထိတ်တလန့်ဖြစ်သွားမိကြချေ၏။ အင်မတန်မှ မေတ္တာတရားထုထည်ကြီးမားသည့်သူတော်စင်ကြီးပါတကား။

ထိုတစ်ချိန်တည်းမှာပင် သူတော်စင်ကြီး၏အပါးသို့ စားဝန်းရံလာကြသောသားကောင်အပေါင်းတို့ကိုအံ့ဩထူးဆန်းဖွယ်ပင်တစ်သက်နှင့်တစ်ကိုယ် မကြုံဖူးသောအဖြစ်မျိုးကိုကျွန်ုပ်တို့ကြုံတွေ့

ရင်သပ်ရှုမောဖွယ်ဖြစ်ကြလေတော့သည်။

ကျွန်ုပ်က ဆေးဖော်စပ်ဖို့ရန်အတွက် မျောက်သွေးအလိုရှိခြင်းအကြောင်းစုံတို့ကို ပြောပြလိုက်သောအခါ သူတော်စင်ကြီးက

"အိမ်း ... ကောင်းလေပြီ သူငယ်လေးတို့၊ သူငယ်လေးတို့ပြောပုံအရဆိုရင် မျောက်သွေးစစ်စစ်ရမှ သတ္တဝါတွေရဲ့အသက်နဲ့ သတ္တဝါတွေရဲ့အသက်ကို ပြန်ကယ်လို့ရမယ့် သဘောပါပဲ၊ ဒီတော့ အဘနဲ့ခေတ္တလိုက်ခဲ့ကြပေတော့"

ဘာရယ်ဟု အတိအကျမသိရသော်လည်း ပဟေဠိဆန်သောနက်နဲမှုများဖြင့် ကျွန်ုပ်တို့သုံးယောက်သား သူတော်စင်ကြီးခေါ်ဆောင်ရာ ကျောက်လှိုဏ်ဂူကြီးတစ်ခုဆီသို့ လိုက်ပါသွားခဲ့ကြ၏။

ကျောက်လှိုဏ်ဂူကြီးသို့ရောက်လေလျှင် သူတော်စင်ကြီးသည်ကျွန်ုပ်တို့သုံးယောက်အား ခေတ္တဂူအပြင်ဘက်တွင် စောင့်နိုင်းကာ ဂူထဲသို့ဝင်ရောက်သွားလေ၏။

အတန်ကြာလျှင် ဂူထဲမှသူတော်စင်ကြီးသည် ပြန်ထွက်လာပြီး

"ကဲ ... သူငယ်လေးတို့ အလိုရှိတဲ့ မျောက်သွေးအတွက် ဒီအရုပ်လေးကိုသာ ယူဆောင်သွားကြပေတော့။ သူငယ်လေးတို့ရဲ့ဆေးဆရာကြီးထံ ရောက်သွားကြတဲ့အခါ ဒီအရုပ်ကလေးရဲ့ဦးခေါင်းကိုမဖြတ်ခင်အဓိဋ္ဌာန် တစ်ခုပြုပြီးဖြတ်လိုက်ပါ။ အဲ့ဒီအခါကျရင် သူငယ်လေးတို့ရဲ့ဆေးဆရာကြီးအလိုရှိတဲ့မျောက်သွေးစစ်စစ်ဖကန်ဖြစ်လာပါလိမ့်မယ်"

ပြောပြီးပေးလာသည့်သူတော်စင်ကြီး၏ လက်ထဲမှသစ်သားဖြင့် ပြုလုပ်ထားသော တစ်ပေသာသာရှိမျောက်ရုပ်ကလေးကို လှမ်းယူလိုက်ရင်း သုံးယောက်သားမည်သည့်စကားမျှမတုန့်ပြန်နိုင်ကြဘဲအံ့သြအထူးအဆန်းသဖွယ်ပင်ဖြစ်နေကြလေ၏။

အဖြစ်က လုံးဝမယုံကြည်နိုင်ဖွယ်ရှိသော်လည်းသူတော်စင်ကြီးအား တွေ့လိုက်ရစဉ်ကတည်းက အလွန်ကြည်ညိုမိလွန်းသောကြောင့်သူတော်ကောင်းတို့၏မေတ္တာအဟုန်ကိုလည်းနားလည်သက်ဝင်ကာ ယုံယုံကြည်ကြည်ပင်လက်ခံမိလိုက်လေသည်။

"ကျေးဇူးကြီးမားလှပါတယ်အဘ၊ ကျွန်တော်တို့ကိုပြန်ခွင့်ပြုပါဦး"

"အိမ်း...သာဓု...သာဓု...သာဓု၊ သူငယ်လေးတို့သွားလိုရာအရပ်ကို သွားနိုင်ကြပါပြီ"

ထို့နောက် ကျွန်ုပ်တို့သုံးယောက်သား သူတော်စင်ကြီးထံပါးမှ ပြန်လည်ထွက်ခွာခဲ့ကြလေတော့၏။ကျွန်ုပ်တို့ ဘဆရာထံသို့ရောက်ရှိပြီးနောက် သူတော်စင်ကြီးမိန့်မှာ လိုက်သည့်အတိုင်း "သတ္တဝါတို့၏အသက်ကိုကယ်တင်နိုင်ပါစေသား"ဟု ဘဆရာကိုယ်တိုင် အဓိဋ္ဌာန်ပြုကာ သစ်သားဖြင့်ထွင်းထုပြုလုပ်ထားသော မျောက်ရုပ်လေးအားဦးခေါင်းမှဖြတ်လိုက်သည့်အခါ အမှုန်တကယ်သွေးများထွက်လာလေ၏။

ထိုသွေးဖြင့် ဆေးဖော်ပြီးကုသသောအခါတွင်လည်းရောဂါရှင်အတော်များများ ထူးဆန်းအံ့သြဖွယ်ပင် ပျောက်ကင်းချမ်းသာရာ

ရကြလေ၏။

နောင်တစ်နှစ်ခန့်ကြာလွန်ပြီး ကျေးရူးကြီးမားလှစွာသော သူတော်စင်ကြီးထံပါးသို့ ကျွန်ုပ်တို့အဘဆရာနှင့်အတူ ဒုတိယ မြောက်ရောက်ရှိသွားကြသည့်အခါမှပင် အဖြစ်မှန်အကြောင်းစုံကို အံ့ဩဖွယ်ကြားသိလိုက်ရသည်မှာ။


သူတော်စင်ကြီးသည် သတ္တဝါတို့၏ အသက်အား ချမ်းသာရာ ရစေရန်အလို့ငှာ ၎င်း၏လက်မောင်းသွေးကိုဖောက်ပြီး မျောက်ရုပ်လေးဦးခေါင်းမှအပေါက်ဖောက်ကာမပုပ်၊ မသိုး၊ မခဲသော ဆေးများဖြင့် ၎င်း၏သွေးတို့ကိုရောစပ်ထည့်ပေးလိုက်သည်ဟူ၍ပင် ဖြစ်လေ၏။

ထိုအခါမှပင်မေတ္တာတရားအာနိသင်ကြောင့်သွေးသည်ပင် အလွန်တစ်ရာမှအစွမ်းထက်လှသောဆေးဖြစ်ခဲ့ရပါလားဟုရင်သပ် ရှုမောအံ့ဩခဲ့ကြရလေတော့သတည်း။

(အတ္တာပဟိ အတ္တနောနာထော)

ရွှေဒေါင်းလူ

❐ ❐ ❐


တောတွင်းမှုခင်းမဏ္ဍိုင်
အဆိပ်ကောင်ကမ္ပည်း
ဓနုတ်ကိုကိုဇော်

## ၉။ ခနွတ်ကိုကိုဇော် အဆိပ်ကောင်ကာမှုည်း

တစ်ညနေလုံး ရှာထားသောမိုးသည် ည(၁၁)နာရီကျော်သည့်တိုင် အေးမြနေဆဲရှိသည်။ တစ်ခါတစ်ရံ လေနှင့်အတူပါလာသော မိုးစက်မိုးမှုန်လေးများ၏အထိအတွေ့ကိုလည်း သူကောင်းစွာခံစားရ၏။

ပတ်ဝန်းကျင်၌ ဖားပုရစ်တို့၏ အသံမှလွဲ၍ အလွန်တိတ်ဆိတ်ငြိမ်သက်လျက်ရှိ၏။ တစ်ခါတစ်ရံအဝေးဆီမှ ဆွဲဆွဲငင်ငင်အူလိုက်သော သံရှည်ဆွဲခွေးအူသံတို့သည် စိတ်မခိုင်သူတို့အတွက် အလွန်ထိတ်လန့်ချောက်ချားဖွယ်ပင်ကောင်းစရာ။

သို့သော် . . . သူ့အဖို့ကတော့ တစ်ကြိမ်မက ညစဉ်နှင့်အမျှဆိုသလို ဒီလိုအချိန်၊ ဒီလိုညမျိုးအတွက် ထိတွေ့ရင်ခုန်နေကျဖြစ်သဖြင့် မဆန်းတော့ချေ။ သို့ရာတွင် (၁၀)နာရီတိတိ ဒီအချိန်၊ဒီနေရာ၌ ချိန်းထားပါလျက်နှင့် ယခုအချိန်အထိ အရိပ်အငွေ့မျှပင် မတွေ့ရသေး

သော မမနိုင်အား စိုးရိမ်စိတ်ပူနေမိ၏။

မမနိုင်သည် သူနှင့်တွေ့ဖို့အတွက် မည်သည့်အခက်အခဲများ ကြုံနေရပါသလဲ။ ယခင်ညတွေလိုပင် အမှုးသမားပထွေး၏ ဆူပူကြိမ်းမောင်းခြင်းနှင့် ၎င်း၏အလစ်ကို စောင့်နေခြင်းကြောင့်လော။ သို့တည်းမဟုတ် အကြောင်းတစ်စုံစုကြောင့် အခက်အခဲဖြစ်ပြီး ကြန့်ကြာနေသလော။

တွေးထင်စိတ်ပူမိပေါင်းများစွာတို့နှင့်အတူ သက်မဖွဖွ သူချလိုက်မိသည်။

သူနှင့် မမနိုင်သည် ချစ်သူဘဝသို့ ရောက်ရှိခဲ့သည်မှာ သိပ်မကြာသေးချေ။ ဆိုရလျှင် မမနိုင်သည် ဒီမြို့နယ်လေးကမဟုတ်။ ဧရာဝတီတိုင်း မြစ်ဝကျွန်းပေါ် ဘိုကလေးသူစစ်စစ်ဖြစ်သည်။ အိမ်ထောင်ပျက်ပြီး သူတို့ရှိရာမြို့လေးသို့ လွင့်ခဲ့သော တစ်နှစ်ကျော်ကျော်က ပြောင်းရွှေ့ရောက်ရှိခဲ့ခြင်းဖြစ်သည်။ တကယ်တမ်း စဉ်းစားကြည့်လျှင် မမနိုင်ဘဝက အလွန်သနားစရာကောင်း၏။

ငယ်စဉ်ကတည်းက ပထွေးနှင့်နေကာ ဘဝကိုပင်ပန်းဆင်းရဲစွာ ရုန်းကန်ခဲ့ရသလို၊ ပညာကိုလည်း ကောင်းစွာမသင်ကြားခဲ့ရချေ။ အရွယ်မရောက်ခင်အချိန်ကတည်းက ဈေးတောင်းခေါင်းပေါ်ရွက်၍ နှစ်ပေါင်းများစွာ ချွေးစက်များဖြင့် မိတ်ဖွဲ့ရင်းနှီးခဲ့ရပြီး အရွယ်ရောက်လာသော အချိန်မှာလည်း မမျှော်လင့်ဘဲ အိမ်ထောင်ကျသွားခဲ့ရ၏။

သို့ရာတွင် လူမှုရေးဖောက်ပြားပြီး သစ္စာမရှိသော ယောကျ်ားတစ်ဦး၏ လိမ်ညာလှည့်ဖျားမှုအောက်တွင် အကြိမ်ကြိမ်အရှက်တကွဲ

အကျိုးနည်းဖြစ်ကာ နောက်ဆုံးမိမိထက်သာသည်ဟုထင်ရသော မိန်းမတစ်ယောက်နှင့် ခိုးယူပေါင်းသင်းပြီး မိမိအားရက်စက်စွာ ကျော နိုင်းသွားခဲ့သည့်အချိန်မှပင်တရားဝင်ပြတ်စဲ၍မိသားစုလိုက် ဒီမြို့လေး သို့ပြောင်းရွှေ့ရောက်ရှိလာကြောင်း ဆိုခဲ့ခြင်းပင်ဖြစ်၏။

ရောက်ခါစက ၎င်းသည်မမနိုင်အား အပျိုဟုသာ ထင်ခဲ့၏။ အိမ်နီးချင်းမို့နောက်ပိုင်းရင်းနှီးမှု တစ်စတစ်စဖြစ်လာသောအချိန်မှ ပင်အပျိုမဟုတ်ဘဲ တစ်ခုလပ်၊တစ်လင်ကွာဖြစ်နေကြောင်းသိရ၏။

သို့သော်...အချစ်က အင်မတန်ဆန်းကြယ်သော ပဉ္စလက် ဆရာတစ်ဦးကဲ့သို့ ဆိုရမည်လားမသိချေ။ ၎င်းအဖို့မမနိုင်အားစတွေ့ စဉ်ကတည်းက စိတ်ဝင်စားခဲ့သလို၊အပျိုမဟုတ်ဟု သိလိုက်ရသော အချိန်မှာလည်းစိတ်ဝင်စားမှုက မလျော့ခဲ့ဘဲပို၍သာ သနားကရုဏာ ချစ်ဖြင့် ချစ်မိသွားခဲ့၏။

ဒီလိုနှင့် မကြာခင်အချိန်မှာ ၎င်းတို့နှစ်ဦးတစ်ယောက် အကြောင်းတစ်ယောက်သိ၍ ချစ်သူများအဖြစ်သို့ ရောက်ရှိသွားကြ သည်ဟုဆိုရပါမည်။ ထိုအချိန်ကတည်းကစ၍ မမနိုင်နှင့်သူမြို့လေး အပြင်ရှိ တိုက်ပျက်ကြီးဘေးတွင် ညစဉ်တွေ့ ဖြစ်ကြသလို တစ်ခါ တစ်ရံ အကြောင်းကိစ္စပေါ်လာသည့်အခါ တစ်ရက်ခြားနှစ်ရက်ခြား ဆိုသလိုမတွေ့ဖြစ်ခဲ့သောညတွေလည်းရှိသည်။

ယခုလည်း အကြောင်းကိစ္စတစ်စုံတစ်ရာရှိနေ၍ မမနိုင်အ လာနောက်ကျနေသလော။သို့တည်းမဟုတ် အချိန်မရ၍မလာတော့ ပြီလော။ ဘာပဲဖြစ်ဖြစ် ၎င်းကတော့ နောက်ထပ်တစ်နာရီကြာထပ်

စောင့်နေဖို့ဆုံးဖြတ်မိလိုက်လေသည်။

"မောင်...စောင့်နေတာကြာပြီလား"

အတွေးထဲမည်မျှနစ်မျောနေသည့်မသိချေ။ မမနိုင်ရောက်လာသည်ကိုပင်မသိလိုက်။ ပခုံးကိုညင်သာဖွဖွလာပုတ်ပြီးပြောလိုက်မှမမနိုင်ရောက်နေမှန်းသိလိုက်၏။

"အဲ ဟို သိပ်မကြာသေးပါဘူးမမနိုင်၊ နာရီဝက်သာသာလောက်ပဲရှိမယ်ထင်တယ်"

"ဟုတ်လား မောင်၊ မမနိုင်ဒီကိုထွက်လာဖို့ပြင်နေတာကကြာပါပြီ။ သိတဲ့အတိုင်းပဲလေ၊နေ့စဉ်မှူးပြီး တစ်ခုမဟုတ်တစ်ခုရန်ရှာတတ်တဲ့ပထွေးရဲ့အလစ်ကိုစောင့်နေရလို့လေ။ မှူးပြီးအိပ်သွားမှပဲစိတ်ချလက်ချနဲ့ လာဝံ့ရဲတာ"

စကားအဆုံးမှာ မမနိုင်အားအကြင်နာခြယ်သော မျက်ဝန်းဖြင့်မြတ်နိုးစွာကြည့်လိုက်မိသည်။

"နေ့စဉ်နဲ့အမျှမပြောင်းလဲနိုင်တဲ့မမနိုင်ရဲ့မိသားစုပြဿနာတွေကြားနေရလို့စိတ်ပျက်နေပြီလားမောင်၊ အစကတည်းက မောင့်ကိုပြောသားပဲ၊ မမနိုင်ကိုမချစ်ပါနဲ့လို့အခုတော့မောင်ပဲစိတ်ညစ်နေရပြီမဟုတ်လား"

မမနိုင်စကားအဆုံးမှာ မျက်ရည်အဝဲသားနှင့် ရှိနေသောမမနိုင်၏မျက်ဝန်းအစုံကို သတိထားမိလိုက်သည်။ ပြီးမှ မေးဖျားမှညင်သာဖွဖွဆွဲမလိုက်ပြီးပြော၏။

"မောင်က ဘာလို့စိတ်ပျက်စိတ်ညစ်ရမှာလဲမမနိုင်ရယ်၊မမ

နိုင်ကို ချစ်လို့မြတ်နိုးလို့ အဲ့ဒီစိတ်တွေနဲ့ပဲ အမြဲတမ်းမမနိုင်အပေါ် အကြင်နာပိုပြီး မျှဝေခံစားယူချင်သူ တစ်ယောက်ပါ။ မမနိုင်နဲ့ပတ်သက်ပြီး မောင်ဘယ်သောအခါမှ စိတ်ပျက်သွားမှာမဟုတ်သလို၊ ဒီစကားမျိုးတွေကိုလည်း နောင်ဘယ်တော့မှ မပြောပါနဲ့လားမမနိုင်ရယ်နော်"

သူကပြောပြီး မမနိုင်အားရင်ခွင်မှာ တယုတယထွေးပိုက်လိုက်သည်။

"မဟုတ်ဘူးမောင်၊ မောင့်ဘဝတက်လမ်းတွေက ရှေ့မှာအများကြီးရှိပါသေးတယ်၊ပြီးတော့မမနိုင်ဟာ အပျိုစင်မဟုတ်တော့တဲ့အတွက်မမနိုင်ကိုမောင်လက်ထပ်ရင်ပတ်ဝန်းကျင်ကြားမှာမောင်ဂုဏ်ငယ်ရမယ်၊ အထင်သေးခံရမယ်၊နောက်ပြီးမောင့်ကိုလည်း မမနိုင်ဘယ်တော့မှလက်ထပ်ဖြစ်မှာမဟုတ်ဘူးမောင်"

"ဟင် ဘာဖြစ်လို့လဲ"

သူရုတ်တရက်တအံ့တသြရေရွတ်မိလိုက်သည်။

"ဘာဖြစ်လို့လဲဆိုတော့ လူစိတ်မရှိတဲ့ပထွေးရဲ့လက်ထဲမှာမေမေ့ကိုတစ်သက်လုံးစိတ်မချနိုင်လို့ပဲ"

"ဒါကဘာခက်လို့လဲမမနိုင်ရာ၊မမနိုင်မေမေပါတစ်ပါတည်းခေါ်ခဲ့ပေါ့"

"အိပ်မက်ဆိုတာ စွဲလမ်းတတ်သူအတွက်ညတွေမကုန်ဆုံးနိုင်သလို၊တကယ်တမ်းလက်တွေ့ဘဝဆိုတာ ပါးစပ်ပြောသလောက်မလွယ်ကူဘူးမောင်"

မမနိုင်စကားအဆုံးမှာ သူကနေရာမှ ထရပ်လိုက်ရင်း

"ဘာလဲ...မမနိုင်က မောင့်အပေါ်ကိုပါ မယုံတော့လို့လား"

"အို...မောင့်ကိုဒီသဘောနဲ့အထင်သေးပြီး ပြောလိုက်တာ မဟုတ်ဘူးမောင်၊ မေမေကိုယ်တိုင် သူ့ယောကျ်ားအပေါ်မှာ သံယောဇဉ်မပြတ်နိုင်တာကို ရည်ညွှန်းပြီး ပြောလိုက်တာပါမောင်ရယ်၊ တလွဲမထင်ပါနဲ့"

ဒီတော့မှ သူမှားသွားကြောင်းသိလိုက်ရပြီး မမနိုင်အား တောင်းပန်အားနာမျက်ဝန်းဖြင့် ကြည့်လိုက်ရင်း...

"ဆောရီးပဲမမနိုင်၊ မောင်စကားပြောလောသွားလို့ပါ၊မမနိုင်အပေါ်မောင်ဘယ်လောက် တန်ဖိုးထားချစ်တယ်ဆိုတဲ့အရိပ်တွေက အမြဲတမ်းပြင်းထန်နေတယ်။ ပြီးတော့မမနိုင်နဲ့ပတ်သက်တဲ့ပြဿနာ အရာအားလုံးဟာလည်း မောင်နဲ့သက်ဆိုင်တယ်ဆိုတဲ့စိတ် အမြဲတမ်း ရှိနေလို့ပါ"

"မောင်နဲ့မမနိုင်ကြားမှာ ဒီလောက်ရှင်းပြတောင်းပန်နေစရာ လည်းမလိုပါဘူးမောင်ရယ်၊ တစ်ယောက်အကြောင်းတစ်ယောက် အမြဲတမ်းနားလည်ထားကြတဲ့ ချစ်သူတွေပဲလေ"

မမနိုင်စကားအဆုံး၌ ရင်ခွင်ထဲသို့ဆွဲသွင်းကာ နူးညံ့ဝင်းမွတ်နေသော မမနိုင်၏ပါးပြင်လေးအား ညင်သာမက်မက် နမ်းရှိုက်မိလိုက်လေတော့သည်။

*//////*

ထုံးစံအတိုင်း သူတို့အကြော်ဆိုင်လေးနောက်နေ့ထွက်နိုင်ရန်အတွက် လိုအပ်သည့်ပစ္စည်းလေးများ ဝယ်ယူရန် မြို့ထဲသို့ထွက်လာခဲ့သည်။

"မောင် မမနိုင်ကို ကူညီပါဦးမောင်"

မမျှော်လင့် မထင်မှတ်ဘဲအပြေးရောက်လာပြီး ပြောလိုက်သော မမနိုင်၏စကားတို့ကိုကြားရစဉ်အထိတ်တလန့်ဖြစ်လျှက် စိုးရိမ်သွားမိသည်။

"ဘာဖြစ်လို့လဲ မမနိုင်၊ဘာဖြစ်လို့လဲဟင်"

သူ့အမေးကို မမနိုင်က ရုတ်တရက်မဖြေနိုင်သေးပါ။ကြီးမားသောအကြောင်းတစ်ခုကြောင့် ဒရောသောပါး ပြေးလာပုံရသည်။ တစ်ကိုယ်လုံးမောဟိုက်ထိုးလျက် ပါးပြင်တစ်ပြင်လုံးလည်း မျက်ရည်များဖြင့် ပြည့်နက်လျက်ရှိ၏။

"ပြောပါမမနိုင်၊မမနိုင် ဘာပြဿနာနဲ့ကြုံခဲ့ရလို့လဲ"

"မမနိုင်မှားသွားပြီလား မသိဘူးမောင်ရယ်၊လူစိတ်မရှိတဲ့ ပထွေးကိုမမနိုင်ကိုယ်တိုင် ဓားနဲ့ထိုးသတ်ခဲ့တယ်"

"ဟင်"

မမနိုင်၏အဖြေကြောင့် သူမယုံကြည်နိုင်စွာ တအံ့တသြဖြစ်လျှက် စိတ်ပူစိုးရိမ်သွားရ၏။

"ဟုတ်ရဲ့လား မမနိုင်ရယ်၊ မောင့်ကိုများ မမနိုင်လာနောက်နေတာလား"

သူက အရာရာကို မယုံကြည်နိုင်သေးဘဲ မမနိုင်၏ပခုံးမှဆုပ်

ကိုင်ပြုရင်း မေးလိုက်မိခြင်းဖြစ်၏။

"မမနိုင်နောက်တာမဟုတ်ဘူးမောင်၊ တကယ်ကိုသတ်လာခဲ့တာပါ"

"ဟင် ... ဒါ ... ဒါဆိုမမနိုင်"

"ဟုတ်တယ်မောင်၊ မမနိုင်ဟာ လူသတ်တရားခံဖြစ်သွားပြီ။ အဲ့ဒီကိစ္စအတွက် မောင့်ဆီမှာ အကူအညီလာတောင်းတာပါ။ မမနိုင်မှားတယ်ဆိုတာကို မမနိုင်ကိုယ်တိုင်လည်းသိတယ်။ ဒါကြောင့် အဲ့ဒီအမှားအတွက် မမနိုင်ကိုယ်တိုင် ခံယူဖို့ဆုံးဖြတ်ခဲ့တယ်"

စကားအဆုံးမှာ သူ့ရင်တစ်ခုလုံး ဆောက်တည်ရာမရဖြစ်သွားမိသလို၊ အံ့ဩစရာကောင်းသော မမနိုင်၏အဖြစ်တို့ကိုလည်း ကြည့်ရင်းအိပ်မက်ဟုသာ ထင်နေမိ၏။

"ဘာဖြစ်လို့သတ်လိုက်ရတာလဲ မမနိုင်၊ မောင်ကတော့မယုံကြည်နိုင်လောက်အောင် ဖြစ်နေတယ်"

သူ့အမေးကိုမမနိုင်က စဉ်းစားစရာမလိုဘဲရှင်းပြလာသည်။

"ထုံးစံအတိုင်းပေါ့မောင်ရယ်၊ ဒီနေ့ညနေမှ မမနိုင်တို့ဘဝအတွက် ကံကြမ္မာက အပြောင်းအလဲဖန်တီးပေးလိုက်သလားလို့တောင် ဆိုရမလားပဲ။ အပြင်ကနေ အလုပ်ကိစ္စနဲ့ မမနိုင်ပြန်လာတော့ မေမေနဲ့ လူစိတ်မရှိတဲ့ ပထွေးတို့အကြီးအကျယ်စကားများ ရန်ဖြစ်နေကြတယ်။ ဘာအတွက်ကြောင့်ဖြစ်ရတယ်ဆိုတာတော့ မမနိုင်အတိအကျမသိပါဘူး။ ဒါပေမယ့် တခြားဘာဖြစ်စရာအကြောင်းရှိမှာလဲ။ ထုံးစံအတိုင်း အပြင်ကအရက်တွေသောက်လာပြီး တစ်ခုခုရန်ရှာတာပဲ

ဖြစ်မှာပေါ့။ ပထမတော့ မမနိုင်လူသတ်ဖို့လောက် အခြေအနေအထိ မရည်ရွယ်မိပါဘူး။ အခုတော့ လူစိတ်လုံးလုံးမရှိတဲ့ ပထွေးက မေမေ့ကို ကိုယ်ထိလက်ရောက် စော်ကားနေလိုက်တာ ကြည့်ရက်စရာ တောင်မရှိဘူး။ ဒါကြောင့်မမနိုင်လည်း လုံးဝစိတ်မထိန်းနိုင်တော့ဘဲ လူစိတ်မရှိတဲ့ပထွေးအရက်မူးလို့စောင်ခေါင်းမြီးခြုံပြီးအိပ်ပျော်နေတဲ့ အချိန်မှာ ဓားနဲ့ထိုးသတ်ပြီး ထွက်ပြေးလာခဲ့တာ ၊သေသလားရှင် သလားဆိုတာတော့ မမနိုင်လည်းမသိတော့ဘူး"

"ဖြစ်ရလေမမနိုင်ရယ်၊ဘာ့ကြောင့်များ ဒီအဖြစ်ဆိုးတွေနဲ့ မမနိုင် ကြုံတွေ့ရတာလဲ"

မမနိုင်၏ရှင်းပြအပြီးမှာ ကြေကွဲဆို့နင့်စွာဖြင့် သူပြောလိုက်မိခြင်းဖြစ်သည်။

"ဖြစ်ပြီးမှတော့ ဘာတတ်နိုင်မှာလဲမောင်၊ မမနိုင်လည်းလုပ်ရဲရင် ခံရဲတဲ့သတ္တိရှိပါတယ်။ အခု မမနိုင်ကိုရဲစခန်းလိုက်ပို့ပေးပါမောင်၊ အဖြစ်အမှန်အတိုင်းကို ဝန်ခံပြီး မမနိုင်အဖမ်းခံဖို့ ဆုံးဖြတ်ပြီးပြီ"

မမနိုင်၏ ဆုံးဖြတ်ချက်နှင့် စိတ်ဓာတ်ကို အံ့ဩချီးကျူးမိသော်လည်း မမနိုင်၏အနာဂတ်အတွက် အတော်လေးထိခိုက် စိတ်မကောင်းဖြစ်ရလေတော့သည်။

ﾅ ﾅ ﾅ ﾅ ﾅ ﾅ

"ဘာအကူအညီပေးရမလဲ...မိန်းကလေး၊ ထိုင်ပါ"

ရဲစခန်းသို့အရောက်မှာ ရဲအရာရှိကြီးတစ်ဦးမှ ထိုင်ရန်ညွှန်ပြ

ရင်းမေးလိုက်ခြင်းဖြစ်သည်။ ထိုရဲစခန်းထဲတွင် မမနိုင်၏မေမေကိုပါ မမျှော်လင့်ဘဲတွေ့လိုက်ရသည်။

မမနိုင်၏မေမေကတော့ ၎င်းတို့ရောက်ရှိလာသည့်အတွက် အံ့သြထူးခြားမှုဟန်မပြပါ။မျက်ရည်အဝဲသားနှင့် ရှိနေဆဲဖြစ်၏။ မဟုတ်မှလွဲရော မမနိုင်၏ ကိစ္စကိုသိ၍ ရဲစခန်းသို့ကြိုရောက်နှင့်နေခြင်းဖြစ်ပေလိမ့်မည်။

"မေမေဒီကိုရောက်နေပါလား"

"ရဲအရာရှိကြီးရှင့် ဒီကကျွန်မသမီးနဲ့သူချစ်သူကောင်လေးပါ"

ဒီတော့မှ ရဲအရာရှိကြီးက ၎င်းတို့ဘက်သို့လှည့်လာရင်း ...

"ကဲ သမီး၊ သမီးတို့မှာ ဘာအခက်အခဲပြဿနာတွေဖြစ်လာလို့လဲ၊ ဦးကို ကိုယ့်ဦးလေးသားချင်းတစ်ယောက်လို သဘောထားပြီး ပြောပြပါ"

ရဲအရာရှိကြီး စကားအဆုံးတွင် မမနိုင်က သူ့မမေမေအား တစ်ချက်ကြည့်လိုက်လေသည်။ ပြီးမှ သက်ပြင်းဖွဖွချလိုက်ရင်း...

"သမီး.... သမီး လူသတ်မှုနဲ့လာအဖမ်းခံတာပါ"

"ဘယ်သူ့ကို သတ်တာလဲ"

"သမီးရဲ့ပ...ပထွေးကိုပါ"

"ဘာ့ကြောင့် သတ်ရတာလဲ"

ရဲအရာရှိကြီး၏ဆက်တိုက်မေးခွန်းများကိုမမနိုင်ကစဉ်းစား စရာမလိုဘဲဖြေလေ၏။

"သမီးရဲ့မေမေကို လူမဆန်စွာ နှိပ်စက်စော်ကားလို့သတ်မိတာပါ"

"ဘယ်လိုသတ်တာလဲ"

"ညဘက်အရက်မူးပြီး အိပ်ပျော်နေတဲ့အချိန်မှာ ဓားနဲ့ထိုးသတ်ခဲ့တာပါ"

"သမီးဓားနဲ့ထိုးလိုက်တဲ့အချိန်မှာ ဘယ်သူမြင်သလဲ။ပြီးတော့ သမီးရဲ့ပထွေးကိုပထွေးမှန်း သေသေချာချာမြင်ရရဲ့လား"

ထိုအချက်ကိုတော့ မမနိုင် တစ်ချက်စဉ်းစားလိုက်သည်။ ပြီးမှ...

"ဘယ်သူမှ မမြင်ပါဘူး၊သမီးဓားနဲ့ထိုးတဲ့အချိန်မှာ ပထွေးကိုပထွေးမှန်းတော့ မသိပါဘူး၊ စောင်ခေါင်းမြီးခြုံထားပါတယ်။ဒါကြောင့်လည်း သမီးအလွယ်တကူ ဓားနဲ့ထိုးသတ်လို့ရခဲ့တာပါ"

"ဟုတ်ပြီသမီး၊ဒီတော့သမီးကို ဦးရှင်းပြမယ်၊သမီးလူသတ်တယ်ဆိုပေမယ့် သက်မဲ့လူကို သမီးသတ်လိုက်တဲ့အတွက် ပြစ်မှုအကျုံးမဝင်ပါဘူး"

"ရှင်"

ရဲအရာရှိကြီး၏ စကားကြောင့်ဎင်းတို့နှစ်ဦးစလုံး တအံ့တသြဖြစ်သွားကြရသည်။

"ဟုတ်တယ် သမီး၊ အဖြစ်အပျက်မှန်ကို သမီးမေမေကိုယ်တိုင်ရှင်းပြပေးလိမ့်မယ်"

ဒီတော့မှ မမနိုင်၏မေမေကိုဎင်းတို့နှစ်ဦးထူးဆန်းစွာကြည့်

လိုက်ကြသည်။

"ဟုတ်တယ်သမီး၊ သမီးလူသတ်တယ်ဆိုတာ သက်ရှိမဟုတ်တဲ့ သက်မဲ့လူကို သတ်လိုက်တာပါ။ မေမေနဲ့သမီးတို့ပထွေးရန်ဖြစ်စကားများရတဲ့အကြောင်းက...

မမနိုင်၏မေမေက ထိုနားရောက်မှ စကားကိုခေတ္တဖြတ်လိုက်သည်။ ပြီးမှ ဆက်ရှင်းပြလာ၏။

"ဒီလိုပါသမီး၊ သမီးရဲ့ပထွေးက နေ့စဉ်နဲ့အမျှ သမီးလေးအပေါ် မကောင်းတဲ့အကြံအစည်စိတ်တွေ ဝင်လာတယ်ဆိုတာ မေမေကြိုသိလိုက်တယ်။ အဲ့သလိုမေမေကြိုသိလိုက်လို့လည်း မေမေ့အပေါ် အခဲမကျေရန်ရှာပြီး အဲ့ဒီနေ့ကပြဿနာတက်ခဲ့ကြတာပဲလေ၊ မေမေ့အပေါ်ကိုယ်ထိလက်ရောက် စော်ကားနေတဲ့အချိန်မှာ သမီးလေးအပြင်ကနေပြန်ရောက်ပြီး သိသွားတယ်ဆိုတာကို မေမေမြင်လိုက်ရတယ်။ ဒါကြောင့် သမီးရဲ့စိတ်ဓာတ်ကို ကြိုသိထားတဲ့ မေမေဟာ လူစိတ်မရှိတဲ့ သမီးပထွေးစားမယ့်ထမင်းထဲမှာအဆိပ်ထည့်ခတ်ပြီး သတ်လိုက်တယ်။ ပြီးတော့သမီးအကြံအစည်ကို ခြေတစ်လှမ်းမြန်ကြိုမြင်ထားတော့ အဆိပ်မိပြီး သေဆုံးသွားတဲ့ သမီးရဲ့ပထွေးအစားခေါင်းအုံးတွေ၊စောင်တွေနဲ့ သက်မဲ့လူအဖြစ် ဖန်တီးခဲ့တယ်။ သမီးလေးကအဲဒါကို ပထွေးအစစ်ထင်ပြီး အတုပြုလုပ်ထားတဲ့သက်မဲ့လူကိုသတ်ခဲ့မိတာပါ။ ဒါကြောင့်သမီးဟာ လူသတ်တရားခံအစစ်မဟုတ်ပါဘူး။ မေမေသာ လူသတ်တရားခံအစစ်ဖြစ်တယ်။ ဒါကြောင့်သမီးတို့အရင် ရဲစခန်းကို ကြိုတင်လာပြီး အဖြစ်အမှန်အတိုင်းဝန်ခံ၊ ပြီးတော့

မေမေကျူးလွန်ထားတဲ့ အပြစ်တွေအတွက် ပြန်လည်ပေးဆပ်ဖို့ ဆုံးဖြတ်လိုက်တာပါပဲ"

"မေမေရယ်"

ရှင်းပြပြီးအဆုံးမှာမမနိုင်သည် စိတ်မထိန်းနိုင်ဘဲ "အင့်" ကနဲငို ရှိုက်ကာ သူမမေမေ၏ရင်ခွင်ထဲသို့ မျက်နှာအပ်လျက် တသိမ့်သိမ့်ငိုရှိုက်နေတော့သည်။

"မေမေ့အတွက် စိတ်မကောင်းမဖြစ်ပါနဲ့သမီးရယ်၊ ကံဇာတ်ဆရာက မေမေတို့ သားအမိကို ဒီလိုအခြေအနေ၊ဒီလိုအချိန်မျိုးရောက်အောင် ဖန်တီးပေးလိုက်တယ်လို့ပဲ သတ်မှတ်လိုက်ပါ"

"မေမေရယ်၊မေမေ ဘာကြောင့် လူသတ်တရားခံဖြစ်ရတာလဲ"

"ဒါကတော့ သမီးရယ်…လောကမှာရှိကြတဲ့ မိဘတိုင်းဟာ ဘယ်မိဘတိုင်းမဆို ကိုယ့်သားသမီး ဒုက္ခရောက်မှာကို ကြည့်ရက်ကြတာမဟုတ်ပါဘူး။ ဒုက္ခခံရင်းခံ မိဘတွေကသာ ဒုက္ခခံကြမှာပါ။ ဒါကြောင့်လည်း မေမေ့သမီးလေး မေမေ့ကြောင့် ဒုက္ခရောက်မှာကို မမြင်ရက်လို့ အခုလိုဆုံးဖြတ်လိုက်ရတာပဲသမီး။ မေမေမရှိတော့တဲ့နောက် ငါ့သမီးလေးကို မေမေမှာခဲ့ချင်တာကတော့ နောင်တစ်ချိန်မေမေတို့ နေရာကို သမီးလေးရောက်ရှိလာတဲ့အခါ မေမေ့လိုအဖြစ်မျိုးနဲ့ မကြုံအောင် ပထွေးဆိုတဲ့ အမွေဆိုးကို သားသမီးစာမျက်နှာပေါ်မှာ ထပ်ဆင့်ကမ္ပည်းမထိုးမိစေဖို့ပါပဲ"

"သမီး …သမီးဘယ်လိုဖြေရမလဲ မေမေရယ်"


မမနိုင်တို့ သားအမိ၏အဖြစ်ကိုကြည့်ရင်း ၎င်းကိုယ်တိုင် စိတ်မထိန်းနိုင်ဘဲ မျက်ရည်များကျလာမိသလို၊ လောကမှာရှိနေကြသောမိဘတိုင်း၏တုန့်ပြန်မှုမေတ္တာတို့ကိုပါနက်နက်ရှိုင်းရှိုင်းနားလည်ခံစားမိလိုက်တော့သည်။

လက်ရှိမမနိုင်တို့သားအမိ၏အဖြစ်ကပင်သက်သေခံလျက်ရှိသလို၊ပထွေးဆိုသောအဆိပ်ကောင်အားကမ္ဘည်းထိုးမှတ်တမ်းတင်ခဲ့ခြင်းကြောင့် ယခုလိုအဖြစ်သနစ်ဆိုးတွေနှင့်ကြုံရသည်ဟူ၍သာ။

ဝန်ခံချက်။ ။လောကမှာရှိသော ပထွေးတိုင်းမဟုတ်သလို၊ ပထွေးတိုင်းအပေါ်လည်း မယုံကြည်ကြရန် အဖြစ်အမှန်တစ်ခုအား ခံစားနားလည်နိုင်ရန် မေတ္တာဖြင့် ရေးဖွဲ့လိုက်ရပါကြောင်း။

ဧနုတ်ကိုကိုဇော်

□ □ □


ပြည်တွင်းဖြစ်ရုပ်စုံမှုခင်းမလ္လာဂိုင်
ဝေဒနာအမာရွတ်
နန္ဒာမိုးကြယ်

## ၁၀။ နန္ဒာမိုးကြယ်
## ဝေဒနာအမာရွတ်

လူတွင်ပါလို့နွားကျားကိုက်လေသလား။ဒါမှမဟုတ်...အလို လိုက်လို့အမိုက်စော်ကားလေသလား။ ဘာရယ်မဟုတ်လင့်ကစား မြည်ညိုတစ်ယောက် ငှါညီမလေးတော်လှတော်လှနှင့် ပော...နုတော့ ယောင်းမမြင်းစီးသွားခဲ့ပါပြီကော။

"မမွတာလို့ပဲ သဘောထားလိုက်စမ်းပါထွန်းမောင်ရာ။မင်း ညီမလေးမြည်ညိုလည်းအသက်ငယ်တော့တာမှမဟုတ်ပဲ။သူလည်းသီး ချိန်တန်သီး ပွင့်ချိန်တန်ပွင့်ချင်ရှာလိမ့်မပေါ့။စိတ်ကိုဖြေစမ်းပါ ထွန်း မောင်ရယ်..."

"ကျွန်တော်ကြိုးစားပြီးဖြေပါတယ် ကိုကြီးကောင်းရယ်။ ဒါပေမယ့် ဘယ်လိုဖြေဖြေ မပြေတာတော့အမှန်ပဲ။ကိုကြီးကောင်း စဉ်းစားကြည့်။ကျွန်တော်တို့မောင်နှမ ဥမမယ်စာမပြောက်ကတည်း ကမိဘနှစ်ပါးစလုံး ရှေ့ဆင့်နောက်ဆင့်ဆိုသလိုတိမ်းပါးသွားကြတော့ ကျွန်တော်တို့မှာ မျက်စိသူငယ်နားသူငယ်အဖြစ်မျိုးနဲ့ကျန်ရစ်ခဲ့တယ်"

"အဲ့ဒီမှာကျွန်တော်ဟာ ညီမလေးကိုသနားပြီး ငှါညီမလေး

ဘာမှ ဆင်းရဲဒုက္ခမဖြစ်စေရဆိုပြီး...စားဝတ်နေရေးအတွက်အလုပ်မှန်သမျှကို အရှယ်နဲ့မလိုက်အောင် ကျွန်တော်ရင်စည်းပြီး လုပ်ခဲ့ပါတယ်။"

"ဒါကို...တို့များတစ်ရွာလုံးက သိပါသော်ကောထွန်းမောင်ရာ..."

"အဲ့သည်လို ကြိုးစားပမ်းစားလုပ်ခဲ့လို့၊ လောင်းကစား၊ဖဲ၊အရက်၊ အပျော်အပါး...ဒါတွေကိုရှောင်ကြဉ်ပြီး စုစုဆောင်းဆောင်းလုပ်ခဲ့လို့ခုလိုမျိုးအိမ်ကြီးအိမ်ကောင်းနဲ့ဖြစ်လာတာကိုကိုကြီးကောင်းပြင်းမလား"

"ပြင်းစရာဘာလိုမှာတဲ့လဲထွန်းမောင်ရာ...မင်းအဲသည်လိုမျိုးကြိုးစားပမ်းစားနဲ့ရှာဖွေရသမျှ အလေအလွင့်မဖြစ်အောင် သိမ်းဆည်းထုပ်ပိုးတတ်တဲ့မြညိုကိုလည်းမေ့လို့မဖြစ်ဘူး။ တကယ်တော့မင်းဟာမင်းညီမလေးမြညိုကိုသိပ်ချစ်တဲ့အစ်ကိုတစ်ယောက်ပါ။ သိပ်ချစ်လွန်းတဲ့အတွက် အိမ်ထောင်ပြုသင့်တဲ့အရွယ်ရောက်လာတာတောင် မင်းဟာအိမ်ထောင်ရေးကို ထည့်မစဉ်းစားတော့ဘူး။ဒါကတော့မင်းရဲ့ခံယူချက်ပဲထွန်းမောင်။

အဲဒါပေမယ့်လို့ လူ့သဘာဝဆိုတာ တစ်ဦးနဲ့တစ်ဦးငါကဒါဖြစ်လို့၊သူကဒါဖြစ်ရမယ်ဆိုတာမျိုး မရှိဘူးကွ၊သူ့အကြောင်းတရားနဲ့သူ လာကြတာချည်းပဲ..."

"ကျွန်တော်ကတော့မြညိုခုလိုမျိုးထွန်းလူနဲ့လိုက်ပြေးသွားတာကို မကျေလည်းမကျေနပ်ဘူး။အသည်းလည်း နာတယ်ကိုကြီး

ကောင်း"

တကယ်လည်းထွန်းမောင်၏ရင်ထဲမှာ တနုံ့နုံ့ နေအောင် ခံစားနေရသည်။ ထွန်းလူအပေါ်တွင်လည်းစိစိညက်ညက်ချေလိုစိတ် တို့သည်တဖွားဖွား။သင်းသည် သားရေပေါ်အိပ်သားရေနားစားသော သူပါတည်း။ ရှာရိုးကိုးပေါက်ယောင်ခြောက်ဆယ်လုပ်၊ထန်းရည်က လေးတမြမြလုပ်လျက်အများတကာ၏အော့နလုံးနာမှုကိုခံယူအံ့ဆဲ ဆဲတွင်ထွန်းမောင်ကပဲစေတနာတွေရေစီးကမ်းပြိုလိုက်ကာသူ့လယ် ယာလုပ်ငန်းခွင်ထဲခေါ်ယူထားခဲ့သည်။ သူရင်းငှားလုပ်နိုင်းခဲ့သည်။ "ကြောင်သူတော်လက်သည်းဝှက်" ဆိုတာမျိုးလားမသိ။ ထွန်းမောင် ထံထွန်းလူရောက်တော့တကယ့်ကိုမခုတ်တတ်တဲ့ကြောင်ကလေး။ နိုင်းသမျှတာဝန်ကျေအောင်တော့လုပ်ရှာသည်။ သည်တော့လည်း ညီအစ်ကိုမောင်နှမစိတ်ဓာတ်ဖြင့် ထွန်းလူကို ကိုယ့်ညီရင်းတစ် ယောက်လိုအစစအရာရာ ဆုံးမပြီး လယ်ယာလုပ်ငန်းခွင်ပညာများကို သင်ကြားပေးခဲ့သည်။

ထွန်းလူ၏ပင်ကိုယ်ဇာတိရုပ်အားဖုံးကွယ်ထားသည့်မျက် နှာဖုံးစွပ်သည် ကြာကြာမခံခဲ့။ ထွန်းမောင်မြို့တက်၍ ပစ္စည်းပစ္စယ သွားရောက်ဝယ်ချိန်ဝယ် ကွာကျသွားခဲ့သည်။ မြို့မှပြန်ရောက်လာ တော့ထွန်းလူ၏သတင်းစကားတွေကိုလျှံအောင်ကြားရသည်။စံပ၏ ထန်းရည်တဲ၌ လူမှန်းမသိအောင် မူးရူးနေသည့်အကြောင်း၊ မူးရူးပြီး သကာလအနောက်ပိုင်းအသုဘဖဲဝိုင်းသို့ဝင်ပြီးဖဲကစားရာ စုဆောင်း ထားသော လုပ်ခမှန်သမျှတက်တက်ပြောင်သည့်အကြောင်း။

"မင်းကွာ...ငါ့အတန်တန်ဆုံးမထားပါလျက်နဲ့...တောက်" သည်လိုမျိုး ဂရုဏာဒေါသောဖြစ်ပြီး ဆူပူကြိမ်းဝါးတော့လည်း ထွန်းလူခမျာဘာမှပြန်မပြော၊စင်စစ်ပြန်မပြောခြင်းသည်နားမထောင်ခြင်းများဖြစ်လေသလား။

"အစရှိလျှင်အနှောင်နှောင်"ဆိုသောစကားကိုထွန်းမောင်ကြားဖူးသည်။သည်တော့အစရှိလာသောထွန်းလူအပေါ်သတိမထား၍မဖြစ်တော့။ကိုယ့်လက်ထဲရှိနေကာမှ တစ်ကြိမ်တစ်ခါ အမှားအတွက်ခွင့်လွှတ်သင့်သဖြင့်ခွင့်လွှတ်လိုက်ရသည်ဆိုသော်ငြား နောက်ပိုင်းကဏ္ဍတွေချဲ့မလာဟူ၍မဆိုသာ။ သည်တော့အရာရာကိုထွန်းလူနှင့်ပတ်သက်၍သတိထားရပါတော့သည်။သည်လိုသတိထားနေရင်းမှပင်ကြက်ကလေး၊ဘဲကလေးအစ ဟိုပစ္စည်းသည်ပစ္စည်းအပျောက်အရှကလေးတွေ ရှိလာခဲ့သည့်အတွက် ထွန်းလူ၏အနေအထားကိုလေ့လာတော့အမူအရာကမပျက်။ ငါ့လုပ်ရပ်ဟာ မရှိခိုးနိုး၊မလှစုန်းမျိုးများဖြစ်နေပြီလားရယ်လို့တွေးတောရင်းမေ့ပစ်ဖို့ကြိုးစားရသည်။

"ဟော့...ထွန်းမောင်...။မပြောမပြီး မတီးမမြည်ဆိုသလိုပြောရဦးမယ်ဟော့"

"ဘာများတုန်းဦးကြီးခရဲ့"

"ဘာဖြစ်ရမလဲကွာ၊ဟိုတစ်နေ့ကကျင်မောင်ရဲ့ကုန်စုံဆိုင်ကို မင်းကောင်ထွန်းလူမြေဆီခဲတွေလာရောင်းသွားတယ်"

"သေချာလို့လားဦးကြီးခရယ်"

"ဘာလဲငါက....ထွန်းလူအပေါ် ချောက်တွန်းနေတယ်

ထင်လို့လား။ဒါဆိုလည်း မင်းမကြိုက်ရင်အနေသာကြီးပါမောင်၊ ငါတို့က မင်းကိုချစ်လို့ မင်းအကျိုးစီးပွားပျက်စီးပြီး မြွေပွေးခါးပိုက် ပိုက်သလိုဖြစ်မှာစိုးလို့ သတိပေးတာပါ...''

''ဟုတ်တယ် မောင်ထွန်းမောင်ရဲ့၊ မင်းဦးကြီး ပြောတာအမှန်ပဲ။ဒီကောင်လေးထွန်းလူ...ဟိုးအရင်ကလိုမဟုတ်ဘူး၊ခြေလှမ်းတွေတော်တော်လေးကိုပျက်နေတယ်။တစ်မြန်နေ့ညက...မင်းတို့ခြံထဲကပဲဖြစ်မှာပါ။မန်ဒါလီကြီးတစ်ကောင်ယူချလာပြီး ဘိန်းစားငပွေးတို့အုပ်စုနဲ့ပျော်ပွဲစားနေကြတာကိုဒေါ်ကြီးစိန် သေသေချာချာကိုမြင်တယ်။ အဲဒါ...အစစအရာရာ သတိထားဖို့ရပ်ဆွေရပ်မျိုးစိတ်ဓာတ်နဲ့ မင်းကိုတို့များက သတိပေးရတာပါကွယ်''

''ဟုတ်ကဲ့ကျေးဇူးအများကြီးတင်ပါတယ်ဦးကြီးခနဲ့ဒေါ်ကြီးစိန် ကျွန်တော် သတိထားပါ့မယ်''

ကြားရသည့် သတင်းတွေအရဆိုလျှင် ရွှေသမင်သည် မင်းကြီးတာမှ ထွက်သည့်ကိန်းဆိုက်နေခဲ့ပေပြီ။ သို့သော်ပြောသံယောဇဉ်အသိက နွယ်ပင်အလား တွယ်ငင်ထားသည်မို့ဖြုန်းစားကြီး စိမ်းပစ်ဖို့ ဖြတ်တောက်ပစ်ဖို့ရာ မလွယ်သေး။ သို့ပြောယခင်လိုတော့ဖြင့် အစစအရာရာ ယုံကြည်လို့မဖြစ်နိုင်တော့။

〃〃〃〃〃〃

ပြေးကြည့်လိုက်ပါမှ ကိုယ့်မှာညီမလေးတစ်ယောက်သာရှိသည်။အစ်ကိုကြီးတော့အဖရာဆိုသည့်အတိုင်း ကိုယ်သည်ပင်ညီမ

လေး၏အစ်ကို၊ ညီမလေး၏ဖခင်ရယ်ပါတည်း။

အမေ့ထံမှအမွေတွေပြုစု၍ရခဲ့လေသလောမသိ။အရွယ်ကလေးရလာတော့ ညီမလေးမြညို၏ အလုသည်တစ်ရွာလုံးက ပြောစမှတ်ပြုရသည့်အဖြစ်။ သို့ပြား မိဘအစုံအလင်မရှိသည်မို့ ညီမလေးခမျာကွမ်းတောင်ပန်းတောင်ကိုင်မဖြစ်ရရှာ။ သည့်အတွက် ညီမလေးကိုသနားသည်။

ညီမလေးကလည်း လိမ္မာပါသည်။မိဘမဲ့မောင်နှမမို့သည် အစ်ကိုအပေါ် ဖခင်သဖွယ်တွယ်တာသည်။ အလေးအနက်ထားသည်။လျှော်ရေးဖွတ်ရေး၊အိမ်သန့်ရှင်းရေး၊ချက်ရေးပြုတ်ရေးတို့တွင် အစ်ကိုဖြစ်သူဘာမှခေါင်းမခဲစေရ။ ထောင့်ကိုစေ့နေစေရမည်။ သည်လိုမျိုးအိမ်တွင်းမှုလုပ် သိမ်းထုတ်သေချာသည့်အဖြစ်ကြောင့် သားရှင်တွေက မြညိုအား ချွေးမအဖြစ် ကမ်းလှမ်းကြသည်၊ ညီမလေးသဘောက ဘယ်လိုလဲဟု မေးခွန်းထုတ်သည့်အခါမျိုးဝယ် ညီမလေးသည် ခေါင်းကိုသွက်သွက်ခါအောင် ရမ်း၍ "ညီမလေးအစ်ကို့ကိုခွဲပြီး မသွားချင်ဘူး။သွားလည်းမသွားရက်ဘူး။ ညီမလေးကို သိပ်ချစ်တဲ့ အစ်ကို့ကိုမထားခဲ့နိုင်ဘူး။ နောက်ပြီးအိမ်ထောင်ပြုဖို့လည်းစိတ်မကူးဘူး။အစ်ကိုလည်း အိမ်ထောင်မပြုရဘူးဒါပဲ..."

အဲသည်တုန်းက မြညို၏အပြောကို သဘောကျလွန်း၍ ထွန်းမောင်အဖို့ အားရကျေနပ်ခြင်းကြီးစွာဖြင့် ရယ်မောခဲ့ရပါသေးသည်၊ သည်လိုမျိုးညီမလေးဘက်မှ လိမ္မာနေမှတော့ ကိုယ့်ဘက်ကဘာများမိုက်လုံးကြီးစရာရှိရမှာတဲ့နည်း။

"စိတ်ချပါ ညီမလေးမြညို့ရယ်၊ အစ်ကို့အဖို့ ဒီအရွယ်ထိ တောင်မှကြဲ့ကြဲ့ခံပြီးနေလာနိုင်ခဲ့တာ ညီမလေးဘက်က အပူမရှာသလို၊ အစ်ကို့ဘက်ကလည်း ဘယ်တော့မှ အပူရှာမှာမဟုတ်ပါဘူးကွယ် စိတ်ချ..."

"ဟေးဒါမှ တို့အစ်ကိုကွ"

ဤကဲ့သို့ ကလေးဆန်မှုလေးကိုပဲ အစ်ကိုတစ်ယောက်အနေဖြင့် ကြည်နူးမဆုံးဖြစ်ရသည်။ သို့ပြောခုတော့လည်း အရာရာသည် မျှော်လင့်သလိုဖြစ်မလာခဲ့။ ဘာတွေဘယ်လိုဖြစ်ကုန်ကြပါလိမ့်။

သူ့အရိပ်တကြည့်ကြည့်ဖြင့် ယုယုယယပျိုးထောင်လာခဲ့ရသော ညီမလေးသည် ဘယ်ကဘယ်လို ဗီဇအခြေခံဟန်ချက်မညီသော ထွန်းလူနောက် ကောက်ကောက်ပါအောင် လိုက်သွားရပါသနည်း။ ငါ့ညီမ တော်လှတော်လှ အစ်ကို့စကားကို နားထောင်လှနှင့် နောက်ဆုံးတော့ ဦးခေါင်းပေါ်မစင်စွန့်သွားသည့်ကိန်းမျိုး။

တစ်ရွာလုံး၏ နှုတ်ဖျားဝယ် အမိုက်မမြညို၏ သတင်းကပွနေသည်။ သည်ဒဏ်တွေခံစားရမှာစိုး၍သူသည်အိမ်တံခါးကိုသော့ပိတ်လျက် လယ်ကွင်းထဲရှိ တဲကလေးမှာပင်နေလိုက်တော့သည်။ မေ့ရမည်မေ့ပစ်ရမည် ။အချစ်ကြီး၍ အမျက်ကြီးသည်ပဲဆိုဆို ထင်မှတ် မထားပါဘဲနှင့် ရင်အစုံကို စုန်ကန်သွားသည့် အမိုက်မမြညို့နှင့်ပတ်သက်ပြီး အားလုံးကိုမြေမြှုပ်ပစ်ရမည်ဟု ထွန်းမောင်ဆုံးဖြတ်ချက်ချလိုက်သည်။

ရက်ကလေးတွေတဖြုတ်ဖြုတ်ကြွေသွားသည်။

"လ"ကလေးတွေလည်း တစ်လပြီးတစ်လ။ မကြာခင်တစ်နှစ်ဆိုသည့်ကာလကို ကူးပေရော့မည်။ပတ်ဝန်းကျင်မှာတော့ တီးတိုးတီးတိုးသဖန်းပိုးတွေ လျှလျှကလေးပါးသွားခဲ့ချေပြီ။ ချိုးမွမ်းခုနစ်ရက်ကဲ့ရဲ့ခုနစ်ရက်ဆိုသည်မှာ ဒါမျိုးပဲ ဖြစ်ချိမ့်မည်။

သည်လိုမျိုးဒဏ်ရာ ဒဏ်ချက်တွေကို ကြိတ်မှိတ်ကုစားလျက်သက်သာသည်ဟု မှတ်ယူမိသော တစ်နေ့မှာတော့ သူ့ထံ စကားအချို့က ရောက်လာသည်။

"ထွန်းမောင်ကြီးရေ ကျုံရှမှာ မြညိုတို့လင်မယားရှိနေကြတယ်"

"မကြားချင်ဘူးဗျာ။ ဘာတွေလာပြောနေကြတာလဲ"

"ငါတို့လည်းမပြောချင်ပေမယ့်ဝတ္တရားရှိလို့ပြောနေကြတာပါ။ကိုယ့်ထမင်းကိုယ်စားပြီးကြီးတော်နွားတော့အလကားမကျောင်းချင်ကြပါဘူး။ နားလည်ပါတယ်။"

"ဟုတ်တယ် ခုဟာကမပြောမဖြစ်လို့ပြောရတာထွန်းမောင်၊ မင်းဟာမင်းညီမလေးကို ဘယ်လောက်ချစ်တယ်ဆိုတာ တို့တစ်တွေအသိ။ ဒါကြောင့်မို့မင်းညီမလေးမဖြစ်သင့်တာ မဖြစ်ရအောင် ပြောရမယ့်ဝတ္တရားရှိလို့အစ်ကိုတစ်ယောက်ကို လာပြောတာပဲ"

သူတို့၏စကားသံတွေက သူ့ရင်ထဲကိုဒိန်းကနဲဒိန်းကနဲလာ၍ဆောင့်လေ၏။ ဘာတွေလဲ။ ညီမလေးဘာဖြစ်တာလဲ။

"မင်းညီမလေးမှာ မပေါ့မပါးနဲ့"

"ဗျာ"

"ဟုတ်တယ်...ကျန်းမာရေးကလည်း သိပ်မကောင်းရှာဘူး။ ပိန်ချုံးသွားလိုက်တာများ ရုပ်ကိုမနည်းဖမ်းရတယ်။ သူ့ယောက်ျား ထွန်းလူအကြောင်းလည်းသိသားနဲ့ ထန်းရည်လေးတမြမြတင်မ ဟုတ်တော့ဘူး။ခုဆိုအရက်ကိုတောင်စွဲနေပြီ။အလုပ်ကထော်လာဂျီ မောင်းတဲ့အလုပ်။ ရတာနဲ့သူဖြုန်းတာ မကာမိဘူးထင်ပါရဲ့။သူတို့ရဲ့ အနေအစားဆင်းရဲမှုကိုမြင်ရတော့ စိတ်မကောင်းလိုက်တာ။"

"ဟုတ်ပါတယ် ထွန်းမောင်ရယ်။သွေးမတော်သားမစပ်တို့ များတောင် အဲသည်လိုဖြစ်နေရင် အစ်ကိုနေရာ၊ မိဘနေရာမှာရှိတဲ့ မင်း သာမြင်ရရင် ဘယ်လိုနေမယ်မသိဘူး"

"ဒီတော့ ထွန်းမောင်ရယ်ပြီးခဲ့တာလဲပြီးပြီပဲ။" ပျက်အစဉ်ပြင် ခဏ" တဲ့ ။သည်လိုမျိုးကလေးတွေကို ပေယျာလကန်ပစ်ထားလို့က အထူးသဖြင့် မြည်ဖြိုလုံးပါးပါးလိမ့်မယ်။ ကိုယ်ကမေတ္တာစိတ်ထားပြီးလူ ကြီးမိဘပီသစွာပြန်ခေါ်ဖို့ကောင်းတယ်။ သူတို့လည်း နောင်တရသင့် သလောက်ရနေကြပါပြီ"

သူတို့စကားသံတွေကြားထဲမှာ ထွန်းမောင်မြင်ယောင်နေမိ သည်က သူမေ့၍ရနိုင်ပြီဟု မှတ်ယူခဲ့သော ညီမလေးမြည်ဖြိုပဲဖြစ်သည်။ စင်စစ်ညီမလေးကို သူမမေ့ပါ။ နာကြည်းစိတ်ကသာ သူ့ကိုအတင်းမေ့ နိုင်းနေခြင်းဖြစ်သည်။ခုညီမလေးမှာ ကိုယ်ဝန်နဲ့တဲ့၊ ကျန်းကျန်းမာမာ မရှိဘူးဆိုပဲ။အကယ်၍များ သင်းတို့ထိုက်နဲ့သင်းတို့ကံဖြစ်ချင်သလို ဖြစ်ကြစမ်းဟူ၍ ဥပေက္ခာပြုလိုက်ပြီပဲ ဆိုပါစို့။ညီမလေးများမဖြစ်သင့် တာ တစ်ခုခုဖြစ်သွားခဲ့ပါလျှင်...။

သူဆက်မတွေးရဲတော့။

မတွေးရဲသည့်စကားအဆုံးမှာတော့ သူဘာတွေပြောဖြစ်ခဲ့သည်မသိ။ ရက်မကြာခင်မှာ မြည်ိုတို့လင်မယားသည် ထွန်းမောင်သော့ပိတ်ထားခဲ့သော အိမ်ကြီးပေါ်သို့ ပြန်လည်ရောက်ရှိလာခဲ့လေတော့သတည်း။

ကျည်တောက်ဘယ်လိုစွပ်စွပ် ၊စွပ်တုန်းခဏသာ ဖြောင့်မည်။ ပြန်ဖြုတ်လိုက်တော့ ခွေးမြီးကောက်သည် ခွေးမြီးကောက် သာတည်း။

ကိုယ့်ဘက်က အကြီးပီပီ မေတ္တာတရားရှေ့ထားကာ လျှော့သင့်တာတွေ လျှော့ခဲ့သည်။ လိုက်လျောသင့်တာတွေလိုက်လျောခဲ့သည်။မြည်ိုက ကိုယ့်ညီမအရင်းဖြစ်လေတော့ ညီမနှင့်ပတ်သက်လာသောထွန်းလူသည်လည်း (တစ်ချိန်က ကိုယ့်အလုပ်သမားမဟုတ်တော့ဘဲ) ညီဖြစ်ခဲ့ရချေပြီ။ မကြာခင် သည်ညီနှင့် ညီမလေးတို့၏ရင်သွေးကို ကိုယ့်ဖက်မှ တူကလေးအဖြစ် ကြင်နာယုယပေဦးတော့မည်တကား။

ညီမလေး၏ကျန်းမာရေးအတွက် ဂရုစိုက်ရသည်။ ရောဂါကထွေထွေထူးထူးတော့မဟုတ်၊ အစာအာဟာရချို့တဲ့သည့်ရောဂါ။ သည်ရောက်မှတော့ သည်ရောဂါကပျောက်ပြီပေါ့။ ထွန်းလူကျွမ်းကျင်ပါသည်ဆိုသော လုပ်ငန်းအတွက် ထော်လာဂျီတစ်စီးဝယ်ပေးထားသည်။နာမည်ကိုလည်း ထွန်းလူအမည်နှင့် လွှဲလိုက်လေရာ . . . သကောင့်သားခမျာ အမြူးကြီးမြူးသွားရှာသည်။ ကိုယ့်ကိုကယ်တင်

စောင့်ရှောက်သူတွေရှိလာပြီ။ ဖေးမကူညီမှုတွေလည်း ရလာပြီဆို တော့ထွန်းလူပိုမိုတိုးတက်မှုတွေရှိလာအောင်ကြိုးပမ်းလေမလားဟု မှတ်ရသည်။

သို့ပြား…အထင်ကား၊ အထင်လက်တွေ့ကားလက်တွေ့၊ လက်တွေ့မှာတော့ထော်လာဂျီတစ်စီးဖြင့် ရှာရိုးကိုးပေါက်လှည့်ကာ ပုလင်းတူဘူးဆို့များဖြင့် တရုန်းရုန်းတဝုန်းဝုန်း။ဒါကိုထွန်းမောင်မသိ မဟုတ်။ သိသည်။

နေရာတိုင်းလည်းမပြောချင်။ကိုယ့်နှုတ်ကပြောသည်ထက် ကိုယ့်နမဖြစ်သည့် သူမယားပြောသည်က ပို၍ကောင်းအံ့ဟုယူဆ သည်။ သည့်အတွက် ညီမဖြစ်သူကိုအသိပေးရသည်။

"အို အစ်ကိုကလည်း၊အဲဒါ ကိုထွန်းလူ အပေါ် မနာလိုလို့ ချောက်တွန်းတဲ့စကားတွေပါ။ အစ်ကို့အနေနဲ့လည်း ဆင်ကောင်ကြီး အမြီးကျမှ တစ်မနေပါနဲ့တော့"

စကားအသွားအလာတွေကတော့သိပ်မကောင်း ။မြည့်ို သည်အစ်ကို့စကားကို နားဝင်ဟန်သိပ်မရှိတော့။သူမအတွက်သူ့ရဲ ကောင်းသည် သောက်သောက်စားစား လူမင်းသားလုပ်နေသော လင်တော်မောင်ထွန်းလူပဲ ဖြစ်နေသည်။ ဒါကို သူရိပ်စားမိပါချေ၏။ စားတာသောက်တာတောင်မှ အစ်ကို့ထက်လင်ကိုဦးစားပေးသည်။ အရိပ်အခြည်တွေက အထင်အရှား၊ သို့ပြားညီမလေးအပေါ်ချစ်သည့် စိတ်၊ သနားသည့်စိတ်ဖြင့် သူသင်ပုန်းချေနိုင်ခဲ့ပါသည်။

"အစ်ကိုအိမ်ထောင်ပြုရင် ညီမလေးတို့ကို ဒီအိမ်နဲ့ခြံပိုင်း

ပေးရမယ်နော်"

အဆက်အစပ်မရှိသည့်စကား။သူဘယ်တုန်းကများအိမ်ထောင်ပြုတော့မည့်စကား ဆိုခဲ့ပါသနည်း။ဘာစကားမှ ပြောဆိုခြင်းမရှိဘဲ ခုလိုမျိုးအမွှေစကားဆိုလိုက်ခြင်းသည် ကာယကံရှင်၏ရင်ထဲကလည်းဖြစ်ကောင်းဖြစ်မည်။ ဘေးပရောဂကြောင့်လည်းဖြစ်ကောင်းဖြစ်မည်။ဘယ်လိုများဒီစိတ်ဓာတ်တွေ သံကောက်စွဲသွားရလေသလဲ ညီမလေးရယ်။

တစ်ရက်။ပုဇွန်ချောင်းရွာမှ အလှူရှိ၍ ရွာထဲကထွန်းလူ၏ထော်လာဂျီကို လာငှားသည်။လမ်းကရိုးပြတ်တွေ ကန်သင်းတွေကိုဖြတ်ရမည့်လမ်း။သတိနှင့်ထိန်းမောင်းရမည့်လမ်း။အလှူသွားမည့်နေ့ကျတော့ ထွန်းလူတစ်ယောက်ယမကာလေး ခပ်ထွေထွေဖြင့်မြညီကို လိုက်ခဲ့ဖို့ခေါ်သည်။

"ဟဲ့...မြညီ ဘာဖြစ်လို့လိုက်သွားရမှာလဲ၊ကိုယ့်မှာက မပေါ့မပါးကြီးနဲ့ဥစ္စာ"

"ဟာအစ်ကိုကလည်းဗျာ...မြညီ အိမ်ထဲမှာပဲ ကုပ်နေလို့ဖြစ်မလားဗျ၊တစ်ခါတစ်လေလည်း အပြင်ထွက်ချင်မှာပေါ့"

"ဟကောင် ... ထွန်းလူ ငါကမင်းတို့သွားမယ့်လမ်းရဲ့အနေအထားကိုကြည့်ပြီးပြောဆိုတားမြစ်နေတာကွ"

"ဘာပဲဖြစ်ဖြစ် ကျွန်မလိုက်ခဲ့မယ်။ကိုထွန်းလူအစ်ကိုကအလကားနေ အပူအပင်ကြီးနေတော့တာပဲ"

ကိုယ့်စကားကိုယောက်ဖဖြစ်သူကလည်း နားမထောင်။နမ

ဖြစ်သူကလည်း နားမဝင်။ငှါလေ့ငါထိုး၊ ငှါမြင်းငှါစိုင်းသမားတွေဆို တော့ကိုယ်ကဆိုင်သာဆိုင်သည်။ပိုင်မှမပိုင်သည့်အတွက် "အေးလေ ပြောမရရင်လည်း သွားကြပေါ့ကွယ်"ဟုသာ ဆိုလိုက်နိုင်တော့သည်။

〃〃〃〃〃〃

"တိုတိုပဲဆိုကြပါစို့စာရေးဆရာရယ် သူတို့သွားပြီး သိပ်မ ကြာဘူး။သတင်းဆိုးကိုကြားလိုက်ရတယ်"

"ဘာများပါလိမ့်အရှင်ဘုရား"

"ထွန်းလူပေါ့ရွာထိပ်ရောက်တော့သာခင်တို့ဆိုင်မှာဝင်မော့ သေးဆိုပဲ။ ကားပေါ်ပါလာတဲ့ကာလ သားတွေလည်းမော့နဲ့ကားထွက် တော့ တစ်စီးလုံးကို ဟေးလားဟားလားနဲ့ ပွက်လော ရိုက်နေတယ် ဆိုပဲ။ သိပ်မကြာပါဘူး။ ပုဇွန်ချောင်းရွာ အလှူကို မရောက်ခင် ချောက်ကြီးထဲကို ထွန်းလူရဲ့ထော်လာဂျီတစ်စီး လုံးအရှိန်နဲ့ ထိုးကျ သွားလိုက်တာ ကျိုးတဲ့သူကျိုး၊ပဲ့တဲ့သူပဲ့၊သေတဲ့သူ သေနဲ့။ ဪ ... ဒုက္ခ...ဒုက္ခ..."

"အဲဒီမှာ သေတဲ့အထဲဘယ်သူတွေ ပါသွားကြလဲဘုရား"

"ဘယ်သူတွေရှိရမလဲ ။ကျုပ်စကားကို နားမထောင်တဲ့ ထွန်းလူနဲ့မြညိုတို့ပေါ့"

"ကျုပ်လည်းအဲဒီမှာတင်ဘယ်အရာမှမမြဲပါကလားဆိုတာ သတိသံဝေဂရပြီး သံယောဇဉ်တွေအားလုံးဖြတ်တောက်တဲ့အနေနဲ့ရှိ တာတွေအကုန်လုံးရောင်းချလှူဒါန်းလို့ ရာသက်ပန် ဘုရားရိပ်ကို ခို

ဖြစ်တော့တာပဲစာရေးဆရာ"

"ကြားရတဲ့ အဖြစ်အပျက်တွေက ရင်နာစရာကောင်းလှပါတယ်ဘုရား . . . သည်အကြောင်းတွေကို တပည့်တော်စာတစ်ပုဒ်အဖြစ်ရေးမယ်ဆိုရင် ခွင့်ပြုစေချင်ပါတယ်ဘုရား"

"ခွင့်ပြုပါတယ် စာရေးဆရာ ... ခွင့်ပြုပါတယ်။ သင်ခန်းစာတော့ ပါပစေကွယ်နော်"


"စိတ်ချပါဘုရား။နေလည်းညိုပြီမို့တပည့်တော်ကိုပြန်ခွင့်ပြုပါဘုရား"

"ကောင်းပါပြီ။သွားပေတော့...သွားပေဦးတော့"

စာရေးသူသည် ဆရာတော်ကို ဝတ်ဖြည့်ပြီးသည့်နောက်လာ လမ်းအတိုင်းပြန်လှည့်လာခဲ့ပါ၏။ ဘာရယ်မဟုတ်။သူငယ်ချင်းတစ်ယောက်၏ ဖိတ်ခေါ်မှုဖြင့် သည်ရွာကလေးသို့ ရောက်ရှိပြီးသကာလကြုံတွေ့သိရှိလိုက်ရသည့် အဖြစ်အပျက်ကလေး။ဒါကိုကိုယ့်ရပ်ဌာနေပြန်ရောက်လျှင်ဖြင့်စာတစ်ပုဒ်တော့ရေးဖွဲ့နိုင်ကောင်းပါရဲ့လေ။

နန္ဒာမိုးကြယ်

□ □ □


ပြည်တွင်းဖြစ်ရုပ်စုံမှုခင်းမဏ္ဍိုင်
ပန်းကလေးတွေတောင်ကြွေကျနေပြီ
မြတ်နိုးရှင်း

## ၁၁။ မြတ်နိုးရှင်း
## ပန်းကလေးတွေတောင်ရှက်နေပြီ

ခြံထဲမှာပွင့်နေတဲ့ ပန်းတချို့ဘာပန်းလဲကျွန်တော်မသိ။ အမျိုးစုံလှတဲ့ပန်းတွေကလှမှလှ။ ထိုလှသောပန်းတွေထဲမှာ မွှေးတာလည်းရှိ၊မမွှေးတာလည်းရှိရဲ့။ဘာဖြစ်ဖြစ် ထိုပန်းတွေက ကျွန်တော့်ဘဝနဲ့ဘာမှမဆိုင်။ ဘာမှမပတ်သက်။မြေကြီးပေါ်လမ်းလျှောက်နေတဲ့ ကျွန်တော်နဲ့ မြေကြီးပေါ် ပေါက်ရောက်နေတဲ့ ပန်းတို့ဟာ မြေပေါ်ရပ်တည်နေတာချင်းတူပေမယ့် ပန်းတို့သည် ကျွန်တော်မမီနိုင်သော ပင်မြင့်မှာသာ။

တကယ်လို့များ ထိုပန်းတွေကို ကျွန်တော်မီပြားအံ့ ကျွန်တော်ခူးဖြစ်မည်မဟုတ်ပါ။ ဘာကြောင့်လဲဆို ထိုလှသောပန်းတွေသည်ကျွန်တော့်အတွက် ဘယ်နေရာမှအသုံးမဝင်လို့ပဲဖြစ်တယ်။

"မင်းအတွက် အသုံးမဝင်ပေမယ့် အပျင်းပြေဆော့ကစားဖို့ ယူပါလား" ပြောလာရင်လည်းကျွန်တော်မယူလိုပါ။

ပွင့်ဖတ်အထပ်ထပ်နဲ့အရောင်အသွေးအမျိုးမျိုးကြားမှာ စွင့်ကားလှပနေကြတဲ့ပန်းတွေကိုသူ့အပင်မှာ သူ့သဘာဝလှပလန်းဆန်းနေတာကိုပဲ ကျွန်တော်အလိုရှိခဲ့တယ်။ ကျွန်တော်ဟာ ကျွန်တော်နင်းလျှောက်ကျက်စားနေတဲ့ မြေကြီးပေါ်တောင် အညစ်မစွန့်ချင်သူပါ။ ဒါပေမယ့် မြေကြီးဟာ သူတကာညစ်ပတ်သမျှ သည်းခံပေးရမယ့်သဘာဝဒဏ်ကိုပိုင်ဆိုင်ထားရသလို။ ကျွန်တော်တို့မှာလည်းလကမ္ဘာတက်ပြီးအညစ်စွန့်ရင်တောင်မှ မြေကြီးပေါ်ပဲကျမယ်ဆိုတဲ့ သဘာဝတရားပါပြီးသားဖြစ်နေတော့ မတတ်သာခဲ့ဘူး။

တစ်ခုပဲ ကျွန်တော်တတ်နိုင်တယ်။ ကျွန်တော်အညစ်အကြေးမစင်တွေစွန့်ခါနီးတိုင်း နေရာပေးသည်းခံရှာတဲ့မြေကြီးကိုမမေ့မလျော့အစဉ်တောင်းပန်ဦးချဖြစ်ခဲ့တယ်။ကျွန်တော့်ဖေဖေကပြောခဲ့ဖူးတယ်...

"သား ဖေဖေတို့ကို နားနေခွင့်ပေးပြီး ဖေဖေတို့ညစ်ပတ်သမျှသည်းခံတဲ့ မြေကြီးက တစ်နေ့နေ့မှာ ဖေဖေတို့ကို ပြန်ပြီး ဝါးမျိုသွားလိမ့်မယ်"တဲ့။

အဲဒီတုန်းက ဖေဖေ့စကားကို သိပ်နားမလည်ခဲ့ဘူး။ ကျွန်တော်အရွယ်လေးရောက်လာလို့ ဖေဖေဟာ တခြားအဆွေအမျိုးအသစ်တစ်စုနဲ့အတူ ဖျားခြင်းနာခြင်းမရှိပါပဲ အရှင်လတ်လတ်ကြိုးတုပ်ပြီးအရောင်းစားခံလိုက်ရတဲ့အချိန်မှာ ကျွန်တော်ကောင်းစွာ သဘောပေါက်ခဲ့တယ်။

"ထမင်းအစာအာဟာရကျွေးသော လက်ကိုပြန်မကိုက်ပေ

မယ့်ထိုလက်ကပဲ ကျွန်တော်တို့ကို ပျက်စီးစေပါလား" ဆိုတဲ့ အသိက ကျွန်တော့်ကိုကြီးစွာ သံဝေဂရစေခဲ့တယ်။ အဲ့ဒီသံဝေဂကြောင့်ပဲ ပန်းပွင့်တွေ သူ့အပင်မှာ သူ့သဘာဝ စွင့်စွင့်ကားကား တင့်တင့်တယ်တယ်နဲ့ လှပလန်းဆန်းနေတာကို စင်စင်ကြယ်ကြယ် ကျေကျေနပ်နပ်နဲ့ ကျွန်တော်လိုလားစွာ ကြည့်နေနိုင်ခဲ့တယ်။ မကြည့်နေလို့လည်း မရဘူးလေ။ ကျွန်တော်က ကိုယ့်ဘဝကိုယ့်အခြေအနေကို သိနားလည်ထားရသည်ကိုး။

*//////*

"ဟော…သားကဒီပန်းတောထဲ ရောက်နေတာပဲ"

အသံကြောင့် ကျွန်တော်လှည့်ကြည့်မိတယ်။ မေမေရယ်လေချိုသောမျက်နှာနဲ့ ကျွန်တော့်အနားရောက်လာခဲ့တယ်။

"ဟုတ်ကဲ့မေမေ ဘာရယ်မဟုတ်ပါဘူး၊ လမ်းလျှောက်ရင်း ဒီဘက်ရောက်တော့ အေးအေးရှိတာနဲ့ထိုင်နေမိတာပါ"

"သိပါဘူး . . . မေမေက ငါ့သားတစ်ယောက် ပန်းတောထဲလာပြီးစိတ်ကူးများယဉ်နေသလားလို့"

"အဟား…မေမေကလဲ စိတ်ကူးယဉ်တယ်ဆိုတာ လူတွေအလုပ်ပါဗျာ…ဒါနဲ့မေမေသားကို တမင်လာရှာတာလားဟင်"

ကျွန်တော့်အမေးကြောင့် စောစောကချိုနေတဲ့မေမေ့မျက်နှာလေး သိသာစွာညှိုးကျသွားတာကို သတိထားမိလိုက်တယ်။ ကျွန်တော့်စိတ်ထဲ စိုးရိမ်စိတ်က အလျှင်ဝင်လာခဲ့တယ်။ မေမေ့အနား

တိုးကပ်သွားပြီး မေမေ့ပခုံးသားကိုကြင်နာစွာ သိုင်းဖက်လိုက်မိတယ်။

"မေမေ ဘာဖြစ်လို့လဲဟင်...။ သားမေမေ့အပေါ် ဘာအမှားများလုပ်ခဲ့ပြီလဲ...။ သားကို ဆူပါမေမေ"

"အိုကွယ်...မေမေ့သားက လိမ္မာတဲ့သားပါကွယ်။ အခုသားကို မေမေပြောမှာက မေမေမကြာခင်မှာ ဒီလောကထဲက ထွက်သွားရဖို့ များနေပြီသား"

"ဟင်...ဘာ ဘာဖြစ်လို့လဲ၊ ဘာကြားခဲ့လို့လဲ မေမေ"

ကျွန်တော့်ရဲ့တုန်လှုပ်သွားတဲ့ဟန်အမူအရာကြောင့် မေမေက ကျွန်တော့်ဦးခေါင်းကို တယုတယ ပွတ်သပ်ပြီး တည်ငြိမ်စွာ စကားဆိုလာတယ်။

"သား... ဟိုးပင်မြင့်ကို ကြည့်လိုက်စမ်း၊ ကြွေနေလိုက်ကြတဲ့သစ်ရွက်တွေ အဝါရောင်လဲရှိရဲ့၊ အစိမ်းရောင်လဲရှိရဲ့...။ ဒါတောင်မှ သူတို့က သက်မဲ့တွေနော်...။ မေမေတို့လို မြေမှာလိုမ့်နေရတဲ့ သက်ရှိတွေအဖို့ သာတောင်မှ အကြွေမြန်ရပါသေးတယ် သားရယ်။ ဒါတွေဟာဖြစ်ရိုးဖြစ်စဉ်တွေမို့ ထူးပြီးဝမ်းနည်းတုန်လှုပ်နေစရာ မလိုတော့ပါဘူးကွယ်။ မေမေမရှိရင်သာ သားမမတွေနဲ့ ညီမလေးကို အထူးဂရုစိုက်စောင့်ရှောက်ဖို့ လိမ္မာရေးခြားရှိတဲ့ သားလေးကို မေမေမှာချင်တာပါသားရယ်"

"ဟုတ်ဟုတ်ကဲ့ပါမေမေ၊ ဒါ...ဒါပေမယ့် မေမေက ကျန်းမာသန်စွမ်းနေတုန်းပဲ..။. အဲဒီအချိန်ကျရင် ရောင်နေကြည့်ပါလားဟင်...မေမေ"

"ဪ...သားရယ်၊ သေခြင်းတရားဆိုတာ အရွယ်လဲမရွေး

ဘူး။အချိန်လဲ သတ်မှတ်ချက်မရှိဘူး။ပုန်းရှောင်ထွက်ပြေးလို့လဲမရဘူးဆိုတာ သားလဲသိသားနဲ့ကွယ်။ဘာဖြစ်ဖြစ် မေမေမရှိရင် သားလေး ပိုလိမ္မာစွာနေနော်...။ ဆွေမျိုးကိုလဲစောင့်ရှောက်။ပတ်ဝန်းကျင်ကိုလဲ လိုက်လျောမျှတအောင်နေ။မမနဲ့ညီမလေးကိုလဲ ချစ်ခင်စည်းရုံးစွာ စောင့်ရှောက်၊အကျိုးမပြုသူရန်လိုသူဆိုလျှင်အင်အားကြီးသူဖြစ်ဖြစ် အင်အားနည်းသူဖြစ်ဖြစ် ဦးစွာ ရှောင်ပါ သားရယ်၊ ကျေးဇူးရှင်ဆိုရင် တော့ သူအလိုရှိတဲ့အခါ လည်စဉ်းပေးဖို့ အဆင်သင့်ဖြစ်ပါစေလို့ မေမေမှာကြားပါရစေကွယ်"

ရင်ကိုလှိုက်တက်လာတဲ့ဆို့နစ်ကြေကွဲမှုတွေက ယူကျုံးမရစွာမေမေ့ကို ဖက်ငိုခြင်းနဲ့ ပြေပျောက်စေမတဲ့လား။ဒါပေမယ့် ကျွန်တော်မေမေ့ကိုတင်းကျပ်စွာဖက်ပြီးငိုနေမိတယ်။ မတရားဘူးလို့ အော်ပြောချင်ပေမယ့်ကျွန်တော်ဘယ်သူတစ်ဦးတစ်ယောက်ကရော ကျွန်တော့်ရဲ့ဘာသာဗေဒကိုနားလည်ခံစားပေးနိုင်မလဲ။

တစ်ခါတစ်လေလောကကြီးမှာကိုယ်တတ်နိုင်တဲ့အရာရှိရင် တောင်မှ အခွင့်အရေးမပေးလို့ နောက်ချန်နေခဲ့ရတဲ့ အဖြစ်တွေက မလှူးသာမလွန့်သာခဲ့။ အခုဖြစ်နိုင်မယ်ဆိုရင် မေမေအသက်ဆက် လက်ရှင်သန်ခွင့်ရမယ်ဆိုရင် ကျွန်တော့်အသက်ကိုပေးချင်ပါတယ်။ ဒါကျွန်တော် တတ်နိုင်တဲ့ကိစ္စပါ။ဒါပေမယ့် သဘာဝက လက်မခံဘူး လေ။ကျွန်တော် အံကြိတ်တင်းခံထားရုံမှတစ်ပါး ဘာများတတ်နိုင်မှာ လဲဗျာ။

⸻

အစည်းမပြေအောင်ထိန်းသိမ်းနေတဲ့ကြားက ညီမလေးက ပျောက်ပျောက်သွားတယ်။ တစ်ကိုယ်လုံးဖြူဖွေးပြီး ချောမောလှပလွန်းတဲ့ ညီမလေးကို ကျွန်တော်တို့တစ်ဆွေမျိုးလုံးက ချစ်ကြတယ်။ အရွယ်လည်း ရောက်လာပြီမို့ ဂရုလည်းစိုက်ရတယ်။ အစ်မသုံးယောက်ကအသီးသီး အိမ်ထောင်ကျပြီး ပျော်ရွှင်စွာ နေကြပေမယ့် ညီမလေးကိုတော့ ဂရုစိုက်ကြတယ်။ ကျွန်တော်ဆိုရင် ကျွန်တော့်ချစ်သူ "အညိုလေး" ကို သိပ်အလေးမထားဖြစ်ဘူး။ ညီမလေးကိုပဲ အချိန်ပြည့်နီးနီး စောင့်ကြည့်နေရတယ်။ကျွန်တော်တို့က သခင့်ရဲ့ ခြံဝန်းခြံ ကျယ်ကြီးထဲမှာ လှည့်ပတ်ကျင်လည်ပျော်ပါးတယ်။ ခြံအပြင်ကိုထွက် လည်ချင်ရင်လည်း ညီအစ်ကိုမောင်နှမဆွေမျိုးညာတိကာအားလုံးနဲ့စုစုစည်းစည်း သွားတတ်ကြတယ်။ညီမလေးက ဒီလိုမဟုတ်ဘူး။ လစ်ရင်လစ်သလို သူ့တစ်ဦးတည်းထွက်သွားလေ့ရှိတယ်။ တစ်နေ့ကလည်း စားသောက်ပြီးအားလုံးအနားယူ အိပ်စက်နေချိန်မှာ သူပျောက်သွားလို့ကျွန်တော့်မှာမနားနိုင်ဘဲ လိုက်ရှာတော့ ဟိုဘက်ခြံစပ်မှာ သူနဲ့ရွယ်တူငတိတစ်ယောက်နဲ့ ပြုံးပျော်နေတာ တွေ့လိုက်ရတယ်။ ထိုငတိ နဲ့ထိုခြံပိုင်ရှင်က ကျွန် တော်တို့ သခင်ရဲ့ ရန်သူတွေဖြစ်တယ်။ထိုခြံစပ်နားကို ကျွန်တော်တို့ အားလုံးမသွားရဘူး။ သခင်ပြောတာတော့ အဲ့ဒီခြံ ပိုင်ရှင်က စိတ်ဓာတ် မကောင်းတဲ့ သူနိုးဆိုပဲ။ကျွန်တော်တို့ကိုလည်း "မင်းတို့ အမျိုးမပြုတ်ချင်ရင် အဲ့ဒီဘက်မသွားရဘူး" ဆိုလို့ ကျွန်တော်တို့အားလုံးလည်း သတိနဲ့ မှတ်သားခဲ့တယ်။ မမှတ်တာက ညီမလေး။

"ညီမလေးလာသွားမယ်၊ သခင်သိရင် နင်မလွယ်ဘူး" ဆိုပြီး အတင်းဆွဲခေါ်ခဲ့ရတယ်။ ဟိုလည်ပင်းရှည်ရှည် နှာခေါင်းနီနီ ငတိကြီး ကတော့ ဘုကြည့်ကြည့်ကျန်ခဲ့တယ်ပေါ့။ ညီမလေးကိုယ်တိုင်က လည်းကျွန်တော့်ကိုရှိသေလို့မဟုတ်ဘဲ သခင်ကိုကြောက်လို့လိုက်ခဲ့ တယ်ဆိုတာ ကျွန်တော်ကောင်းစွာ နားလည်တာပဲ။

"အင်း...ဘာဖြစ်ဖြစ်မိဘတွေမရှိတော့တဲ့နောက် ညီမလေး ကိုအတတ်နိုင်ဆုံး သည်းညည်းခံ စောင့်ရှောက်ရမှာပဲလေ" လို့လည်း တွေးတောနေမိတယ်။

"အား . . . အမယ်လေး ကြောက်ပါပြီ . . . အစ်ကိုကြီးရေ မမတို့ရေ...ကယ်ပါဦး"

ညီမလေးရဲ့စူးစူးဝါးဝါးအော်သံကြောင့် အစာကိုလုယက်စား နေရာက ကျွန်တော်တို့ဆွေမျိုးတစ်စုလုံးအထိတ်အလန့်နဲ့ အသံလာ ရာကိုခေါင်းထောင်ကြည့်မိတယ်။

"...မအစာစားချိန်မတွေ့လို့လိုက်ရှာပါတယ်။ သူကဟိုဘက် ခြံစပ်သွားပြီး ခရာနေတယ်။ မအောကျော်မ . . . ဖို့ပဲသိတယ်။ သူများ ဟင်းအိုးထဲရောက်မှာ နားမလည်ဘူး။ ကဲ...သွားချင်ဦး ရှည်ချင်ဦးဟဲ့"

"ဘုံး . . . ဘုံး"

"အား...ကယ်ကြပါဦး...ကြောက်ပါပြီ...အား"

"အို...တော်ပါတော့ကိုသားလှရယ်...တိရိစ္ဆာန်ပဲဘယ်သိ မလဲ"

ညီမလေးကျောပေါ်တစ်ဘုံးဘုံးကျနေတဲ့ ဝါးခြမ်းပြားရဲ့ရိုက်

သံတွေ။ ညီမလေးရဲ့မချိမဆံ့အော်သံတွေ။ သခင်မရဲ့အသံတွေ။ ကမ္ဘာပျက်မတတ်ပါပဲ။ ကျွန်တော်တို့ဆွေမျိုးတစ်စုမှာ မစားနိုင် မသောက်နိုင်နဲ့ စိုးရိမ်ပူပန်စွာ ခြံထောင့်လေးမှာစုပြီး ငြိမ်နေကြရတယ်။

"တိရစ္ဆာန်မို့သူများသတ်စားမှာစိုးလို့ပြောနေတာပေါ့ကွ၊ လူတစ်ချို့ပါးစပ်ပေါက်တွေက စည်းကမ်းရှိတာမဟုတ်ဘူး။ ကိုယ့်အိမ်ကဟာကိုသာ မလုပ်လိုကြတယ်။ သူများအိမ်ကဟာကို အလစ်ကိုချောင်းလို့"

"ကဲ...ရှင့်ဒေါသတွေတော်ပါတော့၊ ဟိုကကြားရင်မကောင်းဘူး။ တိရစ္ဆာန်အတွက်နဲ့ လူလူချင်းရန်ဖြစ်ကြတာ ရှက်ဖို့ကောင်းတယ်ကိုသားလူရယ်"

သခင်နဲ့ သခင်မစကားကို နားကကြားနေရပေမယ့် ကျွန်တော့်မျက်လုံးက ညီမလေးဆီမှာစူးစိုက်နေခဲ့တယ်။ မလှုပ်မယှက်ငြိမ်သက်နေတဲ့ ညီမလေးကိုကျွန်တော်ပြေးကြည့်ချင်လာမိတယ်။

"ကိုကိုအညီကြောက်တယ်"

ကျွန်တော့်လက်မောင်းကို ဆုပ်ကိုင်ပြီးပြောလာတဲ့ ချစ်သူအညိုကို သာသာလေးပြန်ဖက်ထားလိုက်တယ်။ အားလုံးကမျက်နှာမကောင်းကြဘူး။ နေရာကလည်း မရွေ့ရဲကြဘူး။ သခင့်ဒေါသက ကျွန်တော်တို့ဆီလှည့်လာမှာစိုးကြတယ်လေ။

"မောင်လေး မမတို့တော့ ကိုယ်ကျိုးနည်းပြီထင်ရဲ့ကွယ်။ ညီမလေးကိုကြည့်ပါဦး၊ အသက်မှရှုသေးရဲ့လား အဟင့်အဟင့်"

"ဟော့...ဟိုအကောင်တွေအသံမထွက်ကြနဲ့၊ စားစရာရှိတာ စားကြစမ်း"

ကျွန်တော်တို့ဆီ ကြည့်ပြီးအော်လိုက်တဲ့ သခင်ရဲ့အသံကြောင့် မမကြီးကိုမငိုဖို့အားလုံးက ဝိုင်းချော့ရပြန်တယ်။

"ကိုသားလူကြည့်စမ်းပါဦး၊ ဖြူတုတ်လေးသေပြီထင်တယ်။ ရှင်ဟာလေ ဘာမှမသိတဲ့ တိရစ္ဆာန်ကိုဒေါ်နဲ့မောနဲ့ လုပ်ရက်တယ်"

"ငါရိုက်တာ ဖြည်းဖြည်းလေးပါကွာမသေနိုင်ပါဘူး။မေ့နေတာဖြစ်မှာ"

"ဘာဖြည်းဖြည်းလေးလဲ၊ ရှင့်လို ဒေါသထွက်နေတဲ့ ယောကျ်ားတစ်ယောက်ရဲ့အားကို တိရစ္ဆာန်သေးသေးလေးက ခံနိုင်မတဲ့လား...။ ဟင်း ရှင်တော်တော်လူစိတ်မရှိတာပဲ"

"အေး...နင့်...မကအကောင်သေးတယ်သာဆိုတယ် သူ့အကောင်က ဆင်လောက်ရှိတဲ့ အမျိုးဘာသာမတူတာကြီးကို သွားမက်တယ်...သေလဲအေးတာပဲ...ထွီ"

ပြောပြောနဲ့သခင်က ညီမလေးရဲ့ကိုယ်ထည်ကိုသေချာစွာလှည့်ပတ်ကိုင်ကြည့်လိုက်တယ်။ သခင်မကတော့ နံဘေးကနေစိတ်မကောင်းဟန်နဲ့ညီမလေးကိုတစ်လှည့် သခင်ကိုတစ်လှည့်ကြည့်နေလေရဲ့"

"သူ့ကိုယ်ထည်မှာ ဒဏ်ရာလဲမတွေ့ဘူး။ဒါပေမယ့်သူသေသွားပြီ။ကဲ...မိန်းမ ရေချွေးအိုးကျိုတော့...ကိုယ်ခြံထဲကဟာသူများကျွေးရမှာနဲ့စာရင် ကိုယ့်ဘာသာစားပစ်တာ ပိုကောင်းတယ်"

ကျွန်တော် စိတ်ကိုထိန်းပြီး နားနှစ်ဖက်ကို ပိတ်ထားလိုက်တယ်။ တိုးတိုးတိတ်တိတ် ထွက်လာတဲ့ရှိုက်သံတွေက ကျွန်တော့်ရင်ကိုပူလောင်စေတယ်။ အလည့်လွန်တဲ့ ကြယ်တစ်ပွင့်ဘာကြောင့်အကြွေစောရသလဲလို့မည်သူ့ကိုမျှမမေးချင်တော့။ တစ်ဦးတစ်ယောက်ကိုကောင်းစေလိုစိတ်ရှိပေမယ့် ထိုတစ်ဦးတစ်ယောက်ကိုယ်တိုင်က လက်မခံရင် စေတနာထားသူလည်း ဘာမှမတတ်နိုင်ပါ။ ဒီအတွက် ဘယ်သူ့ကိုအပြစ်တင်ရမလဲ။ လူတွေပြောပြောနေတဲ့ဝဋ်ကြွေးဆိုတာ ဒါလားမသိ။ ခုချိန်မှာတော့ ငိုကြွေးခြင်းသောကတွေနဲ့ကျွန်တော်တို့ မောင်နှမတစ်စုရဲ့ရင်မှာ ဖြေမဆည်နိုင်စွာ အပူလုံးကြွပြီး ဝမ်းနည်းပူဆွေးနေရုံကလွဲပြီး ဘာမှမတတ်နိုင်တော့ဘူးလေ။

ᴎ ᴎ ᴎ ᴎ ᴎ ᴎ

"တစ်ကိုယ်လုံး အမွှေးလည်းပြောင်သွားပြီး ဒဏ်ရာကို ဘယ်မှာမှ မတွေ့ဘူး။ ဒီကောင်မလန့်ပြီးများ သေသွားလားမသိဘူး"

"မှန်း...ကျွန်မကြည့်စမ်းမယ်...။ ဟောဒီမှာကြည့်စမ်းသွေးစို့နေတယ် ကိုသားလူ"

"ဟင်ငါရိုက်တာ ခေါင်းကိုထိပြီးဦးနှောက်သွေးကြောပြတ်သွားတာဖြစ်မယ်"

"ဟင်း...ရှင်လဲသတိထား၊ အမူးလွန်ပြီးလဲတဲ့အခါ ခေါင်းထိပြီးဦးနှောက်သွေးကြောပြတ်သေနေဦးမယ်"

"ဟာ ... ဒီမိန်းမ ငါလုပ်လိုက်ရင် သေတော့မှာပဲ။ သွားစမ်း

ငါ့ရှေ့က"

အိမ်ပေါ်မှ သခင်ကြီးနဲ့သခင်မပြောနေကြတဲ့ စကားကို နား မထောင်ချင် မကြားချင်တော့တာမို့ကျွန်တော်အိမ်နဲ့ဝေးရာကိုထွက်ခဲ့ တယ်။ သခင်စိုက်ထားတဲ့ ပန်းတောထဲရောက်လာခဲ့တယ်။အဲ့ဒီဘက် ကို ကျွန်တော်တို့ သွားခွင့်မရှိပေမယ့်ကျွန်တော့်ရင်တွေ ပူလောင်လာ တိုင်းထိုမြေနုနုအေးအေးလေးမှာ ပြားပြားဝပ်ပြီး စိတ်ဖြေနေကြမို့ "သူ့ဥစ္စာ မဖျက်ဆီးရင်ပြီးတာပဲ" လို့ခံယူရင်း သတ္တိရှိရှိပဲ သွားလာခဲ့ တယ်။

"ကိုကို"

"ဟင်...အညိုလေး ဘာလို့လိုက်လာတာလဲကွယ်"

"ကိုကိုတစ်ယောက်ထဲစိတ်မချလို့ပေါ့...။ပြီးတော့သခင်က ခြံပတ်ပတ်လည် အတွင်းအပြင်အားလုံး ကာလိုက်တော့ အပြင်လဲမ ထွက်ရနဲ့ ပျင်းတယ်ကိုကိုရာ"

"အင်း...ရှေ့က အနေမတတ်တဲ့ညီမလေးကြောင့်သခင်က ကိုကိုတို့ကို စိတ်မချဖြစ်ပြီး ချုပ်ချယ်ပြီပေါ့ကွာ။ ဒါကလဲကိုကိုတို့ အတွက် အန္တရာယ်ဘေးကင်းရအောင်လို့ပါအညိုလေးရယ်"

"ဟုတ်မယ်ကိုကို မေမေကလဲပြောတယ်။လွတ်လပ်အား ကြီးရင် ပျက်စီးတတ်တယ်တဲ့ သိလားကိုကို"

"မှန်တာပေါ့ကွယ်။ညီမလေးဖြူတုတ်ကိုပဲကြည့်လေ။လွတ် လပ်ချင်လွန်းလို့ အစောကြီးပျက်စီးသွားတာ၊ အင်းလေ...ဖြစ်ပြီးတဲ့ ကိစ္စတွေအတွက် ကိုကိုတို့ဘာတတ်နိုင်မလဲ။ ကိုကို့မေမေပြောခဲ့သလို

သေခြင်းတရားက ကြီးငယ်ရွယ်လတ်မရွေးဘူးဆိုတာ အဓိကက ကိုကိုတို့အသက်ရှင်ရနေတဲ့ကာလလေးမှာအပြင်ရန်ကြောင့်စိုးရိမ်ပူပန်ခြင်းသောက ရင်မအေးခြင်းတွေ မခံစားရဘဲ အေးအေးချမ်းချမ်း စားသောက်နေထိုင်ပြီးအန္တရာယ်ကင်းဖို့အရေးကြီးပါတယ်ကွယ်"

"ကိုကိုသခင်ကအညီျတို့ကိုဘာလို့ဂရုစိုက်လဲဟင်"

"ကိုကိုတို့ အညီျတို့က ချောမောလှပတယ်။ ကျန်းမာသန့်ရှင်းကြတယ်။ကြံ့ခိုင်သန်စွမ်းမှုလဲရှိတယ်။ မျိုးရိုးလဲသန့်တယ်။ ကိုကိုတို့မျိုးရိုးနာမည်တောင် "မန်ဒါလီ" တဲ့။ ဘယ်လောက်ကျက်သရေရှိတဲ့ နာမည်လဲ။ ကိုကိုတော့ နောက်ဘဝတွေမှာ "ဘဲ"ဖြစ်ရင်တောင်မှ မန်ဒါလီပဲဖြစ်ချင်တယ်ကွယ်"

"ကျွန်မကတော့လွတ်လပ်ချင်တယ်"


"ဟင်...ဘယ်...ဘယ်လိုလွတ်လပ်ချင်တာလဲအညီျ"

"ကိုကို့ရင်ခွင်မှာလေ...အဟင်းဟင်းဟင်း

ဆိုးလွန်းတဲ့အညီျလေးကိုတင်းကျပ်စွာလှမ်းဖက်မိချိန်မှာ ဖြင့်စောစောက သောကတွေ ကျွန်တော့်ရင်ထဲမှာ လုံးဝမရှိတော့။ ပန်းကလေးတွေမှာခေါင်းငုံ့လို့။

မြတ်မိုးရှင်း

□ □ □


ပြည်တွင်းဖြစ်ရပ်စုံမှုခင်းမှတ်တိုင်
ဟပြုလာတော်ကြီး
မောင်ညီဦး (ကာလ)
၁၉၄

## ၁၂။ မောင်ညီဦး(က.စ.လ)
## ပေါ်ပြူလာကျော်ကြီး

ရာသီမရွေးမြို့သို့ သွားလာနိုင်ရန်အတွက် ရွာတွင်းမှတာဆုံ အထိကိုယ်ထူကိုယ်ထလမ်းဖောက်လုပ်မည်ဖြစ်သဖြင့် ကျေးရွာဘုန်းကြီးကျောင်းတွင် စုပေါင်းညှိနှိုင်းတိုင်ပင်နေကြ၏။ညှိနှိုင်းပွဲအပြီးတွင် ကျေးရွာကိုယ်ထူကိုယ်ထ လမ်းဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌအဖြစ် ဦးကျော်ကြီးကိုတညီတညွတ်တည်း တင်မြှောက်လိုက်ကြသည်။

ဦးကျော်ကြီးဟုဆိုလျှင် ရစ်ကန်ကြီး ရစ်ကန်လေး စသည့်ရွာနစ်ရွာအပြင် ပတ်ဝန်းကျင်ရွာများမှပါ မသိသူဟူ၍ မရှိသလောက်ဖြစ်၏။လူသိများသလောက်လည်း အားလုံးက လေးစားကြ၏။ သာရေးနာရေးကိစ္စရှိကြသည့် မည်သည့်အိမ်ထောင်စုမဆို ကိုကျော်ကြီးကို တိုင်ပင်အကူအညီတောင်းပြီးမှသာ ဆောင်ရွက်တတ်ကြ၏။

ရွာသားဦးမောင်ထွေး၏အိမ်တွင် အလှူဒါနပြုလုပ်သောနေ့ ဖြစ်၏။ ဦးထွန်းရွှေနှင့် ဦးလှအောင်တို့နှစ်ယောက် အလှူအိမ်ထဲသို့

လှမ်းဝင်လိုက်သည်နှင့် အလှူရှင်ဖြစ်သူဦးမောင်ထွေးက ကြိုဆိုနှုတ်ဆက်ရင်းမေးလိုက်၏။

"ဦးထွန်းရွှေနဲ့ ဦးလှအောင်တို့ ကြွကြွပါခင်ဗျာ၊ဒါနဲ့ဦးကျော်ကြီးတစ်ယောက်ကော မမြင်ပါလား"

"ခင်ဗျားအလှူကိုကိုကျော်ကြီးနဲ့ ကျွန်တော်တို့နှစ်ယောက်အတူတူလာတာဗျ၊ကွင်းစပ်မှာ သန်းထွေးရဲ့သား လှစိုးနဲ့ချစ်စိန်ရဲ့သား မြအေးတို့ ရိုးတစ်ခုမှာ ငါးဖမ်းရင်းစကားများရန်ဖြစ်နေကြတာမြင်လို့ ကိုကျော်ကြီး သူတို့နှစ်ယောက်ကိုဇက်ပိုးတစ်ယောက်တစ်ချက်စီအုပ်ပြီးအိမ်ကို သူကိုယ်တိုင် လိုက်ပို့ပေးနေတယ်။ကျွန်တော်တို့နှစ်ယောက်ကို သွားနှင့်ကြ၊ သူနောက်ကလိုက်ခဲ့မယ်တဲ့"

ဦးလှအောင်က ပြန်ဖြေလိုက်ခြင်းဖြစ်၏။ သို့နှင့်အလှူရှင်ဦးမောင်ထွေးက ဆက်၍...

"အေး....လူငယ်တွေကလည်းကိုကျော်ကြီးဆိုရင် အားလုံးကလေးစားကြတယ်၊အမြင်မတော်လို့ရိုက်ပုတ်ဆုံးမလိုက်ရင်လည်း ဘယ်သူ့မိဘကမှ ကိုကျော်ကြီးကို အပြစ်မတင် စိတ်မဆိုးကြဘူးဗျ"

အလှူအိမ်တွင် ဦးထွန်းရွှေနှင့်ဦးလှအောင်တို့ ထမင်းသုံးဆောင်ပြီးသည်အထိ ဦးကျော်ကြီးမရောက်လာသေးသဖြင့် ဦးထွန်းရွှေသည်ဦးကျော်ကြီးအလာကိုခြံအပြင်သို့ခဏခဏထွက်၍တမျှော်မျှော်ဖြင့် လှမ်းကြည့်နေ၏။ ထို့ကြောင့် ဦးမောင်ထွေးက မိတ်ဆွေရင်းပီပီနောက်ပြောင်သလိုလိုဖြင့် မေးလိုက်၏။

"ဦးထွန်းရွှေ.....ခင်ဗျား ခမည်းခမက်မလာသေးလို့မျှော်နေ

တာလား။ လာမှာပေါ့ဗျာ"

ဦးမောင်ထွေးက ပြောလိုက်သည်နှင့် အနီးအနားရှိ အသိမိတ်ဆွေများ ဝိုင်းရယ်ကြ၏။ သို့နှင့်ဦးလှအောင်နှင့်ဦးထွန်းရွှေတို့နှစ်ယောက် ရေနွေးသောက်ရင်း အလ္လာပ သလ္လာပ စကားပြောနေကြ၏။

"ဒါနဲ့ ခင်ဗျားသားက ကိုကျော်ကြီးသမီးကို တောင်းမယ့်ကိစ္စ ဘယ်တော့လဲ။ ကိုကျော်ကြီးတို့ဇနီးမောင်နှံကိုကော ပြောပြထားပြီးပြီလား"

"ကိုကျော်ကြီးကိုတော့ ကြိုမပြောရသေးပါဘူး၊ သူ့သမီးလည်း ကျောင်းမပြီးသေးဘူးမို့လား၊ကိုကျော်ကြီးရဲ့ဇနီး မမြင့်နိုင်ကိုတော့ ကျွန်တော်တို့ ဇနီးမောင်နှံက အရိပ်အမြွက် ကြိုပြောထားပါတယ်"

"ဟိုဘက်ရွာက ဦးထွန်းခင်ကလည်း သူ့သားကိုကိုကျော်ကြီးသမီးနဲ့ အိမ်ထောင်ချပေးချင်လို့ဆိုပြီး ဒေါ် လုံးကို ရှေ့ပြေးလွှတ်ထားတယ်လို့ သတင်းကြားတယ်၊ ခင်ဗျားတို့သားအဖ လက်မနှေးနဲ့နော်"

"ကိုကျော်ကြီးသမီး ဒီနှစ်နောက်ဆုံးနှစ်ဖြေပြီးတာနဲ့ပဲခူးမြို့က ကျွန်တော့်အစ်ကို တရားသူကြီးနဲ့အတူတူ ကိုကျော်ကြီးအိမ်ကို သွားပြီး နားဖောက်မလို့ တိုင်ပင်ထားပါတယ်"

"ခင်ဗျားသားနဲ့ ကိုကျော်ကြီးသမီး မင်္ဂလာကိစ္စပြီးရင် ခင်ဗျားဘက်က ဘာလက်ဖွဲ့မှာလဲ"

"ကျွန်တော့်မှာ ဆန်စက်နှစ်လုံးရှိတာပဲ၊တစ်လုံးလက်ဖွဲ့မှာ

ပေါ့"

"တာဆုံထိပ်က ဦးဘိုမြင့်ကလည်း သူ့သမီးနဲ့ကိုကျော်ကြီး သားအိမ်ထောင်ကျရင်ပဲရူးနဲ့သဏ္ဍာလပြေးနေတဲ့သူပိုင်ကားသုံးစီးထဲ က တစ်စီးလက်ဖွဲ့မယ်လို့ကျွန်တော့်ကိုပြောဖူးတယ်။ ကိုကျော်ကြီးက သားရှင်ဖြစ်ရဲ့သားနဲ့တစ်နှစ်နှစ်နှစ်လောက်စောင့်ပါဦးဆိုလို့စောင့်နေ ရတာတဲ့"

ᴎ ᴎ ᴎ ᴎ ᴎ ᴎ

ကျေးရွာ ကိုယ်ထူကိုယ်ထလမ်းဖြစ်မြောက်ရေးအတွက် ဒုတိယအကြိမ် ညှိနှိုင်းဆွေးနွေးနေချိန်ဖြစ်၏။ ဆရာတော်သည် ဘဏ္ဍာရေးမှူးတာဝန်ယူရသူဦးသက်နိုင်ကို အမိန့်ရှိလိုက်၏။

"ဒကာကြီးဦးသက်နိုင် အလှူငွေကောက်ခံထားတာ ဘယ် လောက်ရပြီလဲ"

"ရွာထဲမှာလိုက်အလှူခံလို့ရတာက ငါးသိန်း၊ ကိုကျော်ကြီး လှူတာက သုံးသိန်းဆိုတော့ အားလုံးရှစ်သိန်းရထားပါပြီဘုရား"

"ဒကာကျော်ကြီးက သုံးသိန်းတောင်လှူသလား"

"တင်ပါ့ဘုရား။ နောက်ထပ်လိုသေးရင်လည်း ထပ်လှူဦး မယ်လို့ပြောပါသေးတယ်ဘုရား"

"အေး...တို့ရွာမှာလည်းဒကာကျော်ကြီးလိုလူတစ်ယောက် ရှိနေတာကိုက တစ်အားပဲ၊ သာရေးနာရေးဆိုရင်လည်း ဘယ်တော့မှ လက်မနေးဘူး၊ သဒ္ဓါတရားလည်းရှိတယ်၊ အသောက်အစားလည်းမ ရှိဘူးဆိုတော့ တစ်ရွာလုံးကလည်း လေးစားကြတာပေါ့၊ သူ့စေတနာ

အရင်းခံကိုက ကောင်းတော့သူလုပ်သမျှ "အင်း" လုပ်ငန်းတွေအပြင် သူလေလံဆွဲတဲ့ အခြား "အင်း" လုပ်ငန်းမှန်သမျှလည်း တစ်ခါမှရှုံးတယ်လို့ မကြားရဘူးစီးပွားဖြစ်တယ်၊ စီးပွားဖြစ်လို့လည်း လှူနိုင်တယ်၊ လှူနိုင်တန်းနိုင်လို့လည်း အသိမိတ်ဆွေပေါများတော့ ဒကာကျော်ကြီးရဲ့ဇနီးနဲ့သားသမီးတွေလည်း မျက်နှာပွင့်ကြတာပေါ့"

"မှန်လှပါဘုရား"

"ဒါနဲ့ဒီနေ့ ဒကာကျော်ကြီးတစ်ယောက် မလာပါလား"

"ကိုကျော်ကြီး မြို့တက်ပြီး လမ်းခင်းဖို့ဂဝံကျောက်တွေသွားဝယ်နေပါတယ်ဘုရား၊ နောက်လမှာ မြေသားလမ်းပေါ် ဂဝံကျောက်စခင်းမယ်လို့ပြောပါတယ်ဘုရား"

"ဒါဆိုရင် နောက်သုံးလလောက်ဆို တို့ရွာကနေ မြို့အထိ ဆိုင်ကယ်တွေ စက်ဘီးတွေ သွားလို့ရတော့မှာပေါ့"

"မှန်လှပါဘုရား"

// // // // // //

ကိုကျော်ကြီး လှူသတ်မှုဖြင့် အဖမ်းခံလိုက်ရပြီဟူသော သတင်းကတစ်နယ်လုံးသို့ပျံ့နှံ့သွားတော့၏။ ကိုယ်ထူကိုယ်ထကျေးရွာလမ်းသစ်ဖွင့်ပွဲပြုလုပ်ရန်ပြင်ဆင်နေကြသည့်နေ့ဖြစ်သည်။ နောက်တစ်နေ့တွင် ကျင်းပပြုလုပ်မည့် ကိုယ်ထူကိုယ်ထ လမ်းသစ်ဖွင့်ပွဲအတွက် အခမ်းအနားပြင်ဆင်နေကြသူ လူငယ်များမင်္ဂလာပ်တွင်ညအိပ်စောင့်ရင်း မင်္ဂလာပ်နှင့် မနီးမဝေးတစ်နေရာတွင် ပျော်ပျော်ပါးပါး အရက်သောက်စားနေကြ၏။ ထိုအချိန်တွင် ကိုကျော်ကြီးရောက်လာ

သည်နှင့် လူငယ်ကာလသားများက ကိုယ်ထူကိုယ်ထလမ်းသစ်ဖောက်လုပ်ခြင်းပြီးမြောက်မှုအတွက် ပျော်ပျော်ပါးပါး သူတို့နှင့်အတူအမှတ်တရအရက်တစ်ခွက်လောက်သောက်ပါရန် ပိုင်း၍တောင်းဆို၏။ ကိုကျော်ကြီးကသူအရက်လုံးဝမသောက်ဖူး၍ မသောက်ချင်ကြောင်း အတန်တန်ငြင်းဆန်၏။ နောက်ဆုံးတွင် လူငယ်များကကိုကျော်ကြီးအနေဖြင့် သူတို့နှင့်အတူ အရက်တစ်ခွက် လောက်မှမသောက်ဖူးဆိုရင် သူတို့လည်းမကျွာပ်မှာ မစောင့်တော့ဘဲ ကိုယ့်အိမ်ကိုယ် ပြန်ကြမယ်ဟုပြောဆိုလာကြသဖြင့် ကိုကျော်ကြီး လည်းမလွှဲမရှောင်သာတော့ဘဲ လူငယ်များဆန္ဒကို လိုက်လျောပြီး အရက်တစ်ခွက်ကိုမော့သောက်ပြလိုက်တော့၏။

ကိုကျော်ကြီးအရက်တစ်ခွက်ကိုမော့သောက်ပြလိုက်သည်နှင့် လူငယ်များအားရဝမ်းသာဖြစ်ပြီး သီချင်းဆိုသူဆို၊ ကသူကနှင့်အား လုံးပျော်ရွှင်ကုန်ကြ၏။ ထို့နောက် အရက်တစ်ခွက်ကိုငှဲ့၍ကိုကျော်ကြီးကို ပေးလိုက်ရာ ကိုကျော်ကြီးလည်း နောက်တစ်ခွက်သောက်ဖြစ်သွားတော့၏။ သို့နှင့် ကိုကျော်ကြီးနှင့်အတူ လူငယ်များပျော်ရွှင်စွာကခုန်နေကြတော့၏။

ထိုစဉ်မိမိမွေးရပ်ရွာတွင်ကိုယ်ထူကိုယ်ထ လမ်းသစ်ဖွင့်မည်ကို သတင်းကြားသဖြင့် လမ်းဖွင့်ပွဲအမီ ရန်ကုန်မြို့မှ ခေတ္တပြန်လာသူကိုစည်သူသည် လမ်းဖွင့်ပွဲပြုလုပ်မည့် မကျွာပ်နှင့်မလှမ်းမကမ်းတွင်ကခုန်နေကြသော လူငယ်များကို တွေ့သဖြင့် အနားသို့လာရောက်ကြည့်ရှုအားပေးရာ ငယ်သူငယ်ချင်းဖြစ်သူ ကိုကျော်ကြီးမှာ အရက်မူးပြီး လူငယ်များနှင့်အတူ ကခုန်နေသည်ကို အံ့သြစွာမြင်လိုက်ရ၏။

ထို့နောက် ကိုစည်သူသည် ကိုကျော်ကြီးကို လက်ဆွဲနှုတ်ဆက်ပြီး "ကျော်ကြီး" ဟု ခေါ်လိုက်သည်နှင့် ကိုကျော်ကြီးသည် ကိုစည်သူကို မည်သည့်စကားမှပြန်မပြောဘဲ ခတ်တည်တည်ဖြင့် စိုက်ကြည့်နေ၏။ ထိုစဉ် ကိုစည်သူက "ငါ့ကိုမမှတ်မိဘူးလား" ဟု မေးလိုက်သည်နှင့် "သိပ်မှတ်မိတာပေါ့စည်သူရာ" ဟုဆိုပြီး အနီးရှိ အရက်ပုလင်းဖြင့် ကိုစည်သူ၏ခေါင်းကို ရိုက်လိုက်ရာ ပုလင်းအောက်ပိုင်းကွဲသွား၏။ ပြီးနောက်လက်တွင်ကိုင်ထားသောပုလင်းကွဲဖြင့်ကိုစည်သူ၏ဗိုက်ကို ထိုးစိုက်လိုက်တော့၏။

ကိုစည်သူလာရောက်ခြင်းမှာ လျှပ်စစ်မီးမရှိသောကျေးရွာတွင် သာရေးနာရေးကိစ္စအတွက် မီးစက်လိုအပ်ပါက အသုံးပြုနိုင်ရန် မီးစက်တစ်လုံးဖိုး ငွေငါးသိန်းကို ဆရာတော်ထံ လာရောက်လှူဒါန်းခြင်းဖြစ်သည်။ ကိုကျော်ကြီးနှင့် ကိုစည်သူသည် ငယ်စဉ်ကတည်းက တစ်ရွာတည်းသား သူငယ်ချင်းလည်းဖြစ်ကြ၏။ လူပျိုဘဝက ကိုကျော်ကြီးနှင့်ကိုစည်သူတို့သည် တစ်ရွာတည်းသူ မမြင့်နိုင်ကို အပြိုင်ပိုးရာမှ မမြင့်နိုင်၏အချစ်ကို ကိုကျော်ကြီးက ရရှိလိုက်၏။ ကိုကျော်ကြီးနှင့် မမြင့်နိုင်တို့ မင်္ဂလာဆောင်ပြီး တစ်နှစ်ခန့်အကြာတွင် ကိုစည်သူနှင့် သူ၏မိဘများ ရန်ကုန်မြို့သို့ ပြောင်းသွားပြီးသည်နှင့် မကြာမီမှာပင် ကိုစည်သူလည်းအစိုးရဌာန ဝန်ထမ်းတစ်ယောက်ဖြစ်ခဲ့သည်။

အခင်းဖြစ်ချိန်တွင် ကိုစည်သူတွင် ဇနီးမချိုမာနှင့်အတူ သမီးနှစ်ယောက်လည်းရှိ၏။ နှစ်စဉ်နှစ်တိုင်းကိုစည်သူတို့ မိသားစုရွာသို့ လာလည်တိုင်း ကိုကျော်ကြီးနှင့် ကိုစည်သူတို့ခင်မင်မပျက်ရင်းရင်းနှီးနှီး ပြောဆိုဆက်ဆံနေကြသူများလည်းဖြစ်၏။ အကြောင်းတစ်ခုတော့

ရှိ၏။ လွန်ခဲ့သည့်(၃)နှစ်ခန့်က ကိုစည်သူတို့မိသားစု ရွာသို့လာရောက်လည်ပတ်ချိန်တွင် ရွာ၏စုပေါင်းဘုံကထိန်ပွဲနှင့်ကြုံကြိုက်သဖြင့် ဧည့်ခံကျွေးမွေးသော ကထိန်မဏ္ဍာပ်တွင် ကိုစည်သူတို့မိသားစုနှင့် မမြင့်နိုင်တို့သားအမိသုံးယောက် တစ်ဝိုင်းတည်း ထမင်းအတူတူစားနေကြသည်ဟု ကထိန်ပွဲမှတ်တမ်းဓာတ်ပုံတွင် ကိုကျော်ကြီး တွေ့မြင်လိုက်ရ၏။ ထိုကထိန်ပွဲနေ့က ကိုစည်သူတို့ မိသားစုနှင့် မမြင့်နိုင်တို့သားအမိသုံးယောက် ထမင်းစားနေချိန်တွင် ကိုကျော်ကြီးနှင့် လူငယ်အချို့ ကထိန်ပစ္စည်းများကို ဘုန်းတော်ကြီး ကျောင်းသို့သွား၍ ပို့ဆောင်ပေးနေသည့်အချိန်လည်းဖြစ်၏။

ဓါတ်ပုံရိုက်သူမှာ ကိုစည်သူ ကိုကျော်ကြီးနှင့် မမြင့်နိုင်တို့၏ ငယ်စဉ်ကဖြစ်ရပ်များကိုလုံးဝသိသူမဟုတ်။ လွန်ခဲ့သော နှစ်နှစ်ခန့်က မှဒီရွာသို့ပြောင်းလာသူဖြစ်သည်။ ဓါတ်ပုံရိုက်သူအနေဖြင့်လည်း စည်ကားသောရွာ၏ စုပေါင်းကထိန်ပွဲကို ဝမ်းသာကြည်နူးမှုအပြည့်ဖြင့် အမှတ်တရ ဓါတ်ပုံများရိုက်ရာတွင် ဆရာတော်၏မှာကြားချက်အရ ကထိန်ပွဲလာသူများကိုတစ်ယောက်မှမကျန်ရလေအောင် ပြည့်ပြည့်စုံစုံ ရိုက်ကူးပေးခြင်းသာဖြစ်၏။ ထိုဓါတ်ပုံကို ကိုကျော်ကြီးမြင်သော်လည်း မည်သို့မျှစိတ်စနိုးစနောင့်မဖြစ်ခဲ့သည့်အပြင် နောင်နှစ်များ၌ ကိုစည်သူတို့မိသားစုရွာသို့လာရောက်လည်ပတ်ရာတွင်လည်း ခင်မင်မပျက်ရှိခဲ့၏။ ယခုအရက်မူးနေစဉ်တွင် ကိုကျော်ကြီးသည် ကိုစည်သူကိုမြင်လိုက်သည်နှင့် မည်သို့စိတ်ရိုင်းဝင်သွားသည်ကို မည်သူမျှမသိနိုင်ပါပေ။

တရားရုံးမှ အမှုအတွက် ဆုံးဖြတ်ချက်မချသေးမီအချိန်အထိ ကိုကျော်ကြီးမှ သူမှား၍နောင်တရကြောင်း အမျိုးမျိုးပြောသော်

လည်းကျူးလွန်ပြီးသောပြစ်မှုအတွက်တရားဥပဒေကိုတောင်းပန်၍ မရနိုင်တော့၏။

ကိုကျော်ကြီး ထောင်ကျသွားသည်နှင့် သူ၏မိသားစုကို လည်းရွာသူရွာသားများကပြောဆိုဆက်ဆံမှုနည်းသွား၏။ ကိုကျော်ကြီး၏သားဖြင့်လည်းကောင်း၊ သမီးဖြင့်လည်းကောင်း သဘောတူ၍ နည်းအမျိုးမျိုးဖြင့် ချဉ်းကပ်ထားကြသော သားရှင်သမီးရှင်တို့သည် ပင်လျှင်ရပ်တန်းကရပ်ကုန်ကြတော့၏။ သို့ဖြင့်ကိုကျော်ကြီး၏မိသား စုမှာအားငယ်ပြီးပဲခူးမြို့ဘက်သို့ပြောင်းရွှေ့သွားကြလေတော့သည်။

ကိုကျော်ကြီးသည် အရက်နှစ်ခွက်ကြောင့် ပင်ကိုယ်စရိုက် ပျောက်ကာစိတ်ရိုင်းဝင်သွားပြီး လူသတ်မှုကျူးလွန်မိသည်အထိဖြစ် ခဲ့ရသည်။ သို့ဖြစ်၍မိမိကြောင့်ဂုဏ်ရှိန်တက်ခဲ့ရသောဇနီးနှင့်သားသ မီးများပင်လျှင် မိမိကြောင့်ပြန်၍ ဂုဏ်ငယ်နေကြရပြန်သည်ကို ကိုကျော်ကြီးတွေးလျက်ကြေကွဲဝမ်းနည်းစွာခံစားနေရပေပြီ။

တစ်ချိန်က ကိုကျော်ကြီးတစ်ယောက် ရပ်ရွာအတွက် နှစ်ရှည်လများ အစစအရာရာ အနစ်နာခံကာ အကူအညီပေးလုပ် ဆောင်ခဲ့သည့် ကောင်းသတင်းများ မှေးမှိန်သွားပြီး လမ်းသစ်ဖွင့်ပွဲ အတွက် တစ်ရွာလုံးပျော်မြူးနေချိန်တွင် ကိုကျော်ကြီးအရက်မူးပြီး လူသတ်မှုဖြစ်လိုက်ခြင်းကြောင့်အရက်သမားလူသတ်သမားကျော် ကြီးဟူ၍တစ်နယ်လုံးတွင်သတင်းဆိုးအဖြစ်ကျော်ကြားကာပေါ်ပြူ လာဖြစ်သွားခဲ့ရလေတော့သည်။

မောင်ညီဦး(က.ဓ.လ)

❐ ❐ ❐

# လောက်လေးဂွဖြင့် ပစ်ခတ်သဖြင့် ဒဏ်ရာရမှုနှင့်

# ဥပဒေပြဋ္ဌာန်းချက်များယှဉ်တွဲလေ့လာတင်ပြခြင်း

## မောင်သွင်မင်း(ဥပဒေ)



## ၁၃။မောင်သွင်မင်း(ဥပဒေ)
## လောက်လေးဂွဖြင့်ပစ်ခတ်သဖြင့်ဒဏ်ရာရမှုနှင့် ဥပဒေပြဋ္ဌာန်းချက်များယှဉ်တွဲလေ့လာတင်ပြခြင်း

လောက်လေးဂွဖြင့်ပစ်ခတ်သဖြင့်ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ (၃၂၀)ပြဋ္ဌာန်းချက်အတွင်းအကျုံးဝင်သော ပြင်းထန်ဒဏ်ရာ **(Grievo us hurt)** ရစေသော အမှုများတွင် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ(၃၂၆)အရလည်းကောင်း၊ သာမန်ဒဏ်ရာရစေမှုတွင် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ (၃၂၄)အရလည်းကောင်း ငြိစွန်းကြောင်းကို အောက်ပါအတိုင်းလေ့လာ သုံးသပ်တင်ပြပါသည်။

၁။ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ၃၂၆တွင်ဘေးဖြစ်စေတတ်သော လက်နက်များ**(dangerous weapons)**ဖြစ်သည့်ကိရိယာ/အရာဝတ္ထုများကိုပြဋ္ဌာန်းထားပါသည်။ထိုလက်နက်/ကိရိယာ/အရာဝတ္ထုများကိုကိုင်ဆောင်သုံးစွဲ၍တစ်ဦးတစ်ယောက်သောသူအားမိမိအလိုအလျောက်နာကျင်စေမှုဖြစ်စေရာတွင်ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ၃၂၀

ပါပြဋ္ဌာန်းချက်အတွင်း အကျုံးဝင်သော အပြင်းအထန်နာကျင်စေမှု ဖြစ်ပွားကြောင်းထင်ရှားလျှင်ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၂၆ဖြင့်ပြီးစွန်း မည်ဖြစ်ပါသည်။

၂။ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ၃၂၆ပြဋ္ဌာန်းချက်တွင် ဘေးဖြစ်စေတတ်သောလက်နက်များအဖြစ် "ပစ်ခတ်ရန်ကိရိယာ" (instrument for shooting)ဟုဖေါ်ပြပါရှိရာ၊လောက်လေးဂွသည်ပစ်ခတ်ရန် ကိရိယာတစ်ခု (ဆိုလိုသည်မှာဘေးဖြစ်စေတတ်သည့်ပစ်ခတ်ရန်အ တွက်တမင်ရည်ရွယ်ပြုလုပ်ထားသောလက်နက်ကိရိယာတစ်ခု)ဖြစ် ကြောင်းအငြင်းပွားစရာမရှိထင်ရှားပါသည်။

၃။ဦးမောက်နှင့် နိုင်ငံတော်ပါ(၂)၁၉၉၀ပြည့်နှစ်၊ပြစ်မှုဆိုင် ရာအထူးအယူခံမှု၊အမှတ်၁၂။၁၉၉၁ခုနှစ်မြန်မာနိုင်ငံစီရင်ကုံး၊စာ မျက်နှာ၉၈တွင်လောက်လေးရဂွသည်ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ၃၂၆၌ ဖေါ်ပြထားသော ပစ်ခတ်ရန်လက်နက်ဖြစ်သည် ဟူ၍ တရားသေ မမှတ်ယူသင့်ပေဟု ယင်းစီရင်ထုံး၏ ပထမစာပိုဒ်တွင်ဖေါ်ပြထား သည်ကို လေ့လာတွေ့ရှိပါသဖြင့် တရားသေမမှတ်ယူသင့် လျှင် မည်သည့်အခြေအနေမျိုး၌ တရားသေမှတ်ယူသင့်သည်ဟူ သော အငြင်းပွားစရာအကြောင်းများပေါ်ပေါက်လာနိုင်မည်ဖြစ်ပါသည်။

၄။ထို့ပြင်တစ်ဖန် ယင်းစီရင်းထုံး၏ဒုတိယစာပိုဒ်၌ (လောက် လေးဂွသည်)ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ၃၂၆တွင် ဖေါ်ပြထားသော လက်နက်အမျိုးအစားတွင် ပါဝင်ခြင်းမရှိကြောင်းဟူ၍ဖေါ်ပြသုံးသပ် လျက် ဆုံးဖြတ်ထားသည်ကို တွေ့ရှိရပါသည်။ သို့သော်ဥပဒေတွင်

ယင်းသို့သတ်မှတ်ပြဋ္ဌာန်းထားခြင်းမရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

၅။လောက်လေးဂွ၏သဘာဝသည်လက်ဖြင့်ကောက်ကိုင်၍ပစ်ပေါက်ခြင်းမျိုး(throwing)မဟုတ်ဘဲ၊အရှိန်ရရန်အတွက်၊သားရေမျှော့ကြိုးတပ်၍ ဆွဲအား အရှိန်ဖြင့်ပစ်ခတ်ခြင်း (shooting) ပြုသောကိရိယာ(instrument)ဖြစ်ကြောင်းအငြင်းပွားနိုင်စရာမရှိသဖြင့် ပစ်ခတ် ရန်ကိရိယာတစ်ခုဖြစ်ကြောင်း သိသာထင်ရှားလှပါသည်။

ဥပဒေပြဋ္ဌာန်းချက် တစ်ရပ်ရပ်တွင် ပါဝင်သောစကားရပ်များသည် သာမန်နေ့စဉ်သုံးအနက်အဓိပ္ပာယ်ကို ဆောင်စေရမည်ဟု ၁၉၇၃ခုနှစ်၊ စကားရပ်များအနက်အဓိပ္ပာယ်ဖွင့်ဆိုရေး ဥပဒေပုဒ်မ၃(က)တွင် ပြဋ္ဌာန်းထားရာ၊ “လောက်လေးဂွဖြင့်ပစ်ခတ်သည်”ဆိုသည့် စကားသည် လူတို့သာမန်နေ့စဉ်သုံးနှုန်း ပြောဆိုနေသော ‘ပစ်ခတ်ခြင်း’ အဓိပ္ပာယ်ကို ဆောင်နေကြောင်း အငြင်းပွားစရာမရှိ ရှင်းရှင်းလင်းလင်းသိမြင်နိုင်ပါသည်။ ထို့ပြင် ယင်းဥပဒေပုဒ်မ၃(က)တွင်တစ်ဆက်တည်းပြဋ္ဌာန်းထားသည်မှာ ..... သို့ရာတွင် ရှေ့နောက်စကားတို့၏ အဓိပ္ပာယ်နှင့်အညီ သီးခြားအဓိပ္ပာယ်ဖွင့်ပေးရန် လိုအပ်သောစကားရပ်သည် ယင်းသီးခြားအနက်အဓိပ္ပာယ်ကို ဆောင်စေရမည်ဟု ပြဋ္ဌာန်းထားရာ၊ ပြစ်မှုဆိုင်ရာဥပဒေ(ရာဇသတ်ကြီး)တွင် မည်သည့်ကိရိယာများသည် ပစ်ခတ်ရန် ကိရိယာဖြစ်

ကြောင်း(ဝါ)လောက်လေးဂွသည် ပစ်ခတ်ရန် ကိရိယာ မဟုတ်ကြောင်း အနက်အဓိပ္ပာယ်ဖွင့်ဆိုထားခြင်းလည်း မရှိပါ။

၆။ဤသည်ကိုယင်းစီရင်ထုံး၏ ပထမစာပိုဒ်၌ သေစေတတ်ရာသောဒဏ်ရာရရှိစေရန် အရာဝတ္ထုတစ်ခုခုကို လောက်လေးဂွ၌ ထည့်သွင်းပစ်ခတ်ခြင်းဖြင့် သေစေတတ်ရာသော ဒဏ်ရာရရှိကြောင်း ပေါ်လွင်ထင်ရှားလျှင် သေစေတတ်ရာသော လက်နက်ဟူ၍ ဆိုရန်သာ ရှိပေသည်ဟု ဖော်ပြထားသည်ကိုလည်း တွေ့ရှိရပါသည်။

၇။အဆိုပါစီရင်ထုံး၌ ဆုံးဖြတ်သည့်အမှုတွင် ဒဏ်ရာရသူသည် ဘယ်ဘက်မျက်လုံးဒဏ်ရာရရှိပြီး မျက်လုံးထုတ်ပစ်ခဲ့ရကြောင်း ဖော်ပြထားရာ မျက်လုံးထုတ်ပစ်ရခြင်းသည် ပြစ်မှုဥပဒေပုဒ်မ ၃၂၀ ဒုတိယပိုဒ်တွင် လူ၏မျက်စိတစ်ဖက်ဖက်ကို အမြဲမမြင်အောင်ပြုခြင်း **(permanent privation of the sight of either eye)**ဟု ပြဋ္ဌာန်းထားသော အချက်နှင့်အကျုံးဝင်သဖြင့် အပြင်းအထန် နာကျင်စေမှု ဖြစ်ပါသည်။ ထို့ကြောင့်မျက်လုံးကန်းသွားခြင်းသည် သေစေတတ်ရသောဒဏ်ရာ(ရရှိစေခြင်း) မဟုတ်နိုင်ပါ။

ဆိုလိုသည်မှာ မျက်လုံးတစ်ဖက်အမြဲမမြင်အောင်ဖြစ်တိုင်း သေစေတတ်ရာသောဒဏ်ရာဟုမဆိုနိုင်ပါသဖြင့် သေစေတတ်ရာသည် အထိ သုံးသပ်ရန်လိုအပ်မည်မဟုတ်ဟုယူဆပါသည်။

၈။ထို့ပြင်လောက်လေးဂွမှာ မလိုလားအပ်သော ကိရိယာ တစ်ခုဖြစ်သည်ဟု ဖေါ်ပြထားပြီးလောက်လေးဂွ(လောက်စအိမ်)၌

ထည့်သွင်းပစ်ခတ်သော အရာဝတ္ထုကိုထည့်သွင်းစဉ်းစားရန် လိုအပ်မည်မဟုတ်ပါ။ ဥပမာတင်ပြရသော် – သေနတ်ဖြင့်ပစ်ခတ်ခြင်းတွင် သေနတ်သည် ပစ်ခတ်ရန်ကိရိယာအဖြစ် ထင်ရှားပြီးဖြစ်နေရာ သေနတ်တွင်ထည့်သွင်းပစ်ခတ်သောအရာသည်ကျည်ဆံသာဖြစ်ပါသည်။ ဤသည်ကိုတဆင့်တက်၍ကျည်ဆံ(ထိပ်ဖူး)သည် ခဲနှင့်လုပ်ထားသလား၊ ကြေးနန်းနှင့်လုပ်ထားသလား ချွန်သလား၊ လုံးသလားအထိ ထပ်ဆင့်လေ့လာ သုံးသပ်ရန် လိုအပ်မည်မဟုတ်ပါ။ သို့ပါ၍ လောက်လေးဂွဖြင့်ပစ်ခတ်ရာတွင် လောက်လေးဂွ၏လောက်စအိမ်တွင် ထည့်သွင်းပစ်ခတ် သောအရာသည် သံဖြစ်သည်၊ ကျောက်ခဲဖြစ်သည်၊ရွှံ့ခဲဖြစ်သည်ဟူ၍ရှာဖွေစဉ်းစားရန် မလိုပါ။ ထို့ပြင်အသုံးပြုသော လက်နက်ကိရိယာ သည်ချွန်သည်/ထက်သည်/ တုံးသည်/လုံးသည်ဟုလည်းပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၂၆တွင်ပြဋ္ဌာန်းထားခြင်းမရှိပါ။ ထိုးရန်၊ခုတ်ဖြတ်ရန် ကိရိယာဟုသာ ပြဋ္ဌာန်းထားခြင်းကြောင့်၊ထိုးခြင်း(**Stabbing**)၊ခုတ်ဖြတ်ခြင်း(**Cutting**) ပြုတိုင်းချွန်သည်/ထက်သည်ဟုသတ်မှတ်၍မရနိုင်ပါ။

ဤနေရာတွင်အလျဉ်းသင့်၍တဆက်တည်းဖေါ်ပြလိုသော ကိစ္စရပ်တစ်ခုမှာ –

နံချပ်ကူ(တုတ်)သည် တုံး၍လုံးနေသော သစ်သားလက်ကိုင်လုံးဖြစ်ပါသည်။ နံချပ်ကူဖြင့်ရိုက်ပါက အသက်သေသွားနိုင်သည်အထိ အနေအထားရှိသဖြင့် သေစေတန်ရာသောကိရိယာ အမျိုးအစားဖြစ်ပါသည်။သေစေတန်ရာသော ကိရိယာဖြစ်သည့် နံချပ်ကူ

ဖြင့်ရိုက်ပါက ပြင်းထန်ဒဏ်ရာရလျှင် ပုဒ်မ ၃၂၆ နှင့်ငြိစွန်းမည်ဖြစ်ပြီး၊ သာမန်ဒဏ်ရာရလျှင် ပုဒ်မ ၃၂၄ နှင့်ငြိစွန်းမည်ဖြစ်ပါသည်။

၉။ စီရင်ထုံးတစ်ရပ်သည် သက်ဆိုင်ရာအမှုတွင် ပေါ်ပေါက်သောဖြစ်ရပ်အတွက်သာ အခြေဖြစ်သည်။ အမှုအားလုံးတွင် တရားသေအသုံးပြုရန်မဟုတ်ချေ။[၁]

အဖြစ်အပျက်နောက်သို့သာ စီရင်ထုံးကလိုက်ရခြင်း၊ စီရင်ထုံးနောက်သို့ အဖြစ်အပျက်က လိုက်ရသည်မဟုတ်ခြင်း၊ စီရင်ထုံးတစ်ရပ်ကို အမှုတစ်ခုစီ၏ အဖြစ်အပျက်နှင့်ယှဉ်၍ သုံးစွဲရန်ဖြစ်ခြင်း။[၂]

ဥပဒေဆောင်ပုဒ်(Legal Maxim)၊ စီရင်ထုံးစသည်တို့ကို ပုံသေလက်ခံကျင့်သုံးရန်မဟုတ်။[၃]

ဥပဒေကိုအဓိပ္ပါယ်ဖွင့်ဆိုရာ၌လည်း စကားပြေအရ အများနားလည်လက်ခံ၍ သဘာဝကျသော အဓိပ္ပါယ်ကိုကောက်ယူခြင်းက ပို၍မှန်ကန်တတ်သည်။ ဥပဒေပါ စကားရပ်များကို ရှိသည့်အတိုင်း အကျိုးသက်ရောက်စေရမည်။[၄]

၁။ နိုင်ငံတော်နှင့်ဦးမြင့်နိုင်ပါ(၄၀)။ ၁၉၉၁ ခုနှစ်စီရင်ထုံး၊ စာ - ၅၃

၂။ အထူးရာဇဝတ်ရုံး။ အယူခံအဖွဲ့၏စီရင်ထုံးများစာအုပ်။ စာ - ၃၆၂

၃။ မခင်မြင့်နှင့်နိုင်ငံတော်အထူးရာဇဝတ်ရုံးအယူခံအဖွဲ့ ၁၉၇၀ ခုနှစ် စီရင်ထုံး - ၁၈

၄။ ဦးထွန်းအောင်သာနှင့်နိုင်ငံတော် ၁၉၆၉ (ရုံးချုပ်) စာ - ၁၈

၅။ ဦးထွန်းပါ - ၂ နှင့် ဒေါ်သိန်းငွေပါ - ၂၊ ၁၉၇၁ (ရုံးချုပ်) စာ - ၈၃

၆။ဗိုလ်ကြီးအောင်ဝင်းနှင့်နိုင်ငံတော်

တရားစီရင်ထုံးဟူသည် မှန်ကန်မျှတ၍တရားဥပဒေနှင့်ညီညွတ်မှသာ လမ်းညွှန်တစ်ရပ်ဖြစ်နိုင်သည်။[၅]

၁။နိုင်ငံတော်နှင့်ဦးမြင့်နိုင်ပါ(၄၀)၁၉၉၁ စာ - ၅၃

၂။အထူးရာဇဝတ်ရုံးအယူခံအဖွဲ့၏စီရင်ထုံးများစာအုပ်စာ - ၃၆၂

၃။မခင်မြင့်နှင့်နိုင်ငံတော် အထူးရာဇဝတ်ရုံးအယူခံအဖွဲ့၁၉၇၀ စာ - ၃၀၂

၄။ဦးထွန်းအောင်သာနှင့်နိုင်ငံတော်၁၉၆၉(ရုံးချုပ်)စာ - ၁၈

၅။ဦးထွန်းပါ - ၂နှင့်ဒေါ်သိန်းငွေပါ - ၂၊၁၉၇၁(ရုံးချုပ်)စာ - ၈၃

၁၀။အထက်ဖော်ပြပါစီရင်ထုံးများပါ သဘောတရားများ (Doctrine of precedent)အရခြုံငုံသုံးသပ်ပါက "စီရင်ထုံးသည် မှုခင်းများ ဆုံးဖြတ်ရာတွင် တွေးခေါ်ယူဆခြင်း၏လမ်းညွှန်မျှသာဖြစ်ခြင်း။"[၆]ကြောင့်၊အတိအကျလိုက်နာကျင့်သုံးရန်လည်း မလိုအပ်သကဲ့သို့ စီရင်ထုံးပါပြဆိုချက်များကို ပုံသေထား၍ လိုက်နာကျင့်သုံးရန်မလိုအပ်ဟု ညွှန်ပြထားသည်ကိုပါလေ့လာတွေ့ရှိရပါသည်။

၁၁။ပြစ်မှုဥပဒေပုဒ်မ ၃၂၆ သည်အာမခံမပေးနိုင်သောပြစ်မှု (non-bailable offence)ဖြစ်ခြင်းကြောင့်အမှုတစ်ခုတိုင်ကြားသည်ကို အရေးယူရာ၌ ဦးစွာပထမ တိုင်ကြားခံရသူအပေါ် အာမခံပေးနိုင်ခြင်း၊မပေးနိုင်ခြင်းသည်လည်း လွန်စွာ အရေးကြီးလှပါသည်။ "ဦးမောက်"စီရင်ထုံးပါအမှုကိုဥပမာဆောင်၍ဖော်ပြရသော်၊တရားခံ၏ပြုလုပ်မှုကြောင့် တစ်ဘက်လူတွင် မျက်လုံးတစ်လုံး ပျက်စီးကာ

အမြဲမမြင်အောင် ဆုံးရှုံးပြီးကွယ်ပျောက်သွားစေရာတွင် ပစ်ခတ်သူအားဖမ်းဆီးချုပ်နှောင်(ရီမန်ရယူ)ခြင်းမပြုဘဲ အာမခံပေးထားမည်ဆိုပါက တရားမျှတမှုရှိစေမည် မဟုတ်ဟုလည်း ရှုမြင်သုံးသပ်မိပါသည်။

၁၂။သို့ဖြစ်ပါ၍လောက်လေးဂွဖြင့်ပစ်ခတ်ခြင်းကြောင့်ပစ်ခတ်ခံရသူတွင် မျက်လုံးပျက်စီးသွားခြင်း(မျက်လုံးကန်းသွားပြီး) အပါအဝင်၊ပြစ်မှုဥပဒေပုဒ်မ၃၂၀ပါပြဋ္ဌာန်းထားသော အပြင်းအထန်နာကျင်စေမှုအခြေအနေပေါ်ပေါက်ပါကပြစ်မှုဥပဒေပုဒ် မ-၃၂၆ဖြင့်ငြိစွန်းသည်ဟု သုံးသပ်ရရှိပါသည်။ ပြစ်မှုဥပဒေပုဒ်မ၃၂၅သည် အပြင်းအထန်နာကျင်စေမှုကိုပြဋ္ဌာန်းရာတွင်လက်နက်/ကိရိယာ/အရာဝတ္ထုတစ်ခုတစ်ခုကိုအသုံးပြုရကြောင်းလုံးဝ ဖော်ပြထားခြင်းမရှိသဖြင့်ယေဘုယျ အားဖြင့်လက်နက်မဲ့၊ကိရိယာမဲ့အရာဝတ္ထုမဲ့ပြုလုပ်မှု ဖြစ်ပြီးသို့မဟုတပြစ်မှုဥပဒေပုဒ်မ၃၂၆တွင်ပြဋ္ဌာန်ထားသော လက်နက်/ကိရိယာ/အရာဝတ္ထုမဟုတ်သော အခြားပစ္စည်းတစ်စုံတစ်ခုဖြင့်ပြုလုပ်မှုကိုတားမြစ်ခြင်းဖြစ်ကြောင်းသရုပ်ခွဲ၍ သိမြင်နိုင်ပါသည်။

၁၃။ထို့ကြောင့် "ဦးမောက်"စီရင်ထုံးပါ ဆုံးဖြတ်ချက်တွင် လောက်လေးဂွကိုအသုံးပြုခဲ့၍အပြင်းအထန်ဒဏ်ရာရကြောင်းထင်ရှားနေခြင်းကြောင့်ပြစ်မှုဥပဒေပုဒ်မ၃၂၅ပါပြဋ္ဌာန်းချက်ထက်ပြစ်မှုဥပဒေ၃၂၆ပါပြဋ္ဌာန်းချက်နှင့်သာလျှင် အကျုံးဝင်ကိုက်ညီမှုရှိပြီး တရားမျှတမှုလည်းရှိစေမည်ဟု သဘောရရှိပါသည်။

၁၄။ထို့ပြင် တဆက်တည်းလေ့လာတင်ပြရသော်၊ လောက်လေးဂွဖြင့်ပစ်ခတ်သဖြင့် ပြစ်မှုဥပဒေပုဒ်မ ၃၂၀အတွင်း ကျရောက်ခြင်းမရှိသော သာမာန်ဒဏ်ရာတစ်စုံတစ်ခု ရရှိစေခဲ့ပါကပြစ်မှုဥပဒေပုဒ်မ ၃၂၄နှင့်ငြိစွန်းမည်ဟုလည်း သုံးသပ်ရရှိပါသည်။

၁၅။လောက်လေးဂွဖြင့် ပစ်ခတ်သဖြင့် ပစ်ခတ်ခံရသူတွင် အပြင်းအထန်ဒဏ်ရာရစေသည်ကိုပြစ်မှုဥပဒေပုဒ်မ၃၂၅သာ လျှင်ဖြစ်သင့်သည်ဟုသဘောထားပါကသာမာန်ဒဏ်ရာရရှိစေသည့် ကိစ္စအတွက် ပြစ်မှုဥပဒေပုဒ်မ ၃၂၃ဖြစ်ပြီးရဲအရေး မပိုင်သောပြစ်မှု **(Non-Cognizable Offence)**ဖြင့်ပိတ်သိမ်းရမည့်အခြေအနေသို့ရောက်ရှိ၍ တိုင်ကြားသူသို့မဟုတ် ဒဏ်ရာရသူ အနေ ဖြင့် ရဲစခန်းသို့တိုင်ကြားနိုင်သည့် အခွင့်အရေးအထိပါ ဆုံးရှုံးနစ် နာမှုကို ဖြစ်စေပါမည်။တစ်နည်းအားဖြင့် တင်ပြရသော်၊ လောက်လေးဂွဖြင့် ပစ်ခတ်ခံရသဖြင့် သာမာန်ဒဏ်ရာရရှိသူအတွက် ရဲစခန်းမှ အရေး ပိုင်မှု**(Cognizable Offence)**ဖြင့် အရေးယူပေးနိုင်သည့် အခွင့် အလမ်းမရှိတော့ဘဲ တရားရုံးသို့ သွားရောက်၍ ဦးတိုက်**(Direct complaint)**လျှောက်ထားမှ ဖြစ်တော့မည့် အခြေအနေမျိုးအထိ ဆိုက်ရောက်သွားမည့်အကြောင်း လေ့လာသုံးသပ်၍ ဖော်ပြအပ်ပါ သည်။

၆။ပိုလ်ကြီးအောင်ဝင်းနှင့်နိုင်ငံတော်၁၉၆၉(အထူး)စာ - ၂၉၂

မောင်သုင်မင်း(ဥပဒေ)

B.A(Law);LL.B